# ဂေါတမဗုဒ္ဓ၏ဘဝဖြစ်စဉ်အကျဉ်း

ဗုဒ္ဓစာပေ သက်ချွေးစင်

ရခြင်းအတွက်

၁အုပ်

# ဗုဒ္ဓဖြစ်စဉ်အကျဉ်း

ပြုစုသည်။

ကဝိရတနာ

စာပေတိုက်

ပထမ အကြိမ်

၁၉၇၇ - ဇူလိုင်လ

---

အုပ်ရေ (၂၀၀၀)

---

မျက်နှာဖုံးပန်းချီ
ပန်းချီမောင်ငွေထွန်း

---

မျက်နှာဖုံးရိုက်
ချင်းတွင်း ရောင်စုံပုံနှိပ်တိုက်

---

မျက်နှာဖုံးနှင့် အတွင်းဘလောက်
သောင်းလှရောင်စုံဘလောက်တိုက်
ရောင်းဈေး ၁၅ ကျပ်


ထုတ်ဝေသူ။ ။ဦးဘလွင်(မြဲ-၀၉၄၀) နတ်သျှ[illegible]
၄၃၇၊ ကုန်သည်လမ်းသွယ်(၂)၊ ၉-ရပ်ကွက်။
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်တင်လှ (မြဲ ၀၂၀၃၀)
နေလင်းပုံနှိပ်တိုက်၊ အမှတ် ၁၁၊ ၁၂၅ လေး
ကန်တော်ကလေး၊ ရန်ကုန်မြို့။

၁၀၁၂၄

ဂေါတမ

# ဗုဒ္ဓ၏ဘဝဖြစ်စဉ်

အကျဉ်း

# ပြည်လုံးကျွတ်ဖြန့်ချိရေး

ရန်ကုန်
နတ်သျှင်နောင်စာပေ
မြောက်ဥက္ကလာပစာတိုက်၊
ရန်ကုန်မြို့။

နှ[illegible]
ကဝိရတ[illegible]
၂၀၄၊ [illegible]
ရန်[illegible]။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျမ်းပြုစုသူနှင့် ထုတ်ဝေသူတို့၏ အာသီသ .... | |
| ပုံတော်များ .... | |
| ၁။ ဂေါတမ ဘုရားလောင်း ဘုရားဆုပန်ခန်း။ .... | ၂ |
| ၂။ ဘုရားလောင်း "သေတကေတု" နတ်သားက မယ်တော် သီရိမဟာမာယာ မိဖုရားဝမ်း၌ ပဋိသန္ဓေ ယူခန်း .... | ၆ |
| ၁။ သိကြား၊ သုယာမ၊ သန္တုသိတ၊ သုနိမ္မိတ၊ ဝသဝတ္တီ နတ်မင်းများနှင့် မဟာဗြဟ္မာမင်းတို့က လူ့ပြည်တွင် ဘုရားအဖြစ်ဦးဆောင်တော်မူရန်တောင်းပန်ခြင်း .... | ၆ |
| ၂။ နတ်ဘဝမှ စုတေ၍ ကပိလဝတ်ပြည့်ရှင် သိရိသုဒ္ဓောဒနမင်းကြီး၏ မိဖုရားခေါင် သိရိ မဟာမာယာ ဝမ်း၌ ပဋိသန္ဓေယူခြင်း၊မဟာပထဝီမြေနှင့် ရေအပေါင်းတို့ ပြင်းထန်စွာ တုန်လှုပ်ခြင်း .... | ၈ |
| ၃။ ပုဗ္ဗနိမိတ် သုံးဆယ့်နှစ်ပါး ထင်ပေါ်ခြင်း .... | ၁၀ |
| ၄။ မယ်တော်၌ ကြီးစွာသော အိပ်မက်ကို မြင်ခြင်း | ၁၃ |
| ၃။ ဘုရားအလောင်း မီးရှူးသန့်စင် ဘွားမြင်တော် မူခန်း .... | ၁၄ |
| ၁။ မီးရှူးသန့်စင် အခါတွင်း လောကဓာတ် အားလုံး ကျူးမြိုင့်ကြိုဟီးလျက် မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း .... | ၁၄ |
| ၂။ သုံးခွန်းသောစကားဖြင့် ကြုံးပါးတော်မူခြင်း .... | ၁၇ |


---

ကဝိရတနာစာပေ

၃။ ခမည်းတော်မင်းကြီး ပထမအကြိမ် ဦးညွှတ်
ရှိခိုးခြင်း .... ၁ဂ
၄။ ဘုရားလောင်း၏ လက္ခဏာတော်များကို
ရှုလျက် အမည်မှည့်ခြင်း .... ၂၂
၅။ ဖွားပြီး တလမြောက်သောနေ့ လယ်ထွန်
မင်္ဂလာပွဲစဉ် ခမည်းတော်မင်းကြီး ဒုတိယအကြိမ်
ဦးညွှတ်ရှိခိုးခြင်း .... ၂၅
၆။ အလောင်းတော်အတွက် သိကြားမင်း၏
အာနုဘော်ဖြင့် နတ်ရေကန် ဖန်ဆင်းပေးခြင်း.... ၂၆
၄။ အလောင်းတော်မင်းသား လေးအတတ်ကိုပြခန်း.... ၂၉
၅။ ဘုရားအလောင်း မင်းသားအား နိမိတ်လေးပါး
ထင်၍ သံဝေဂ ရခန်း .... ၃၆
၁။ ပထမအကြိမ် ဥယျာဉ်တော်သို့ ထွက်တော်မူစဉ်
သံဝေဂ ရခြင်း .... ၃၆
၂။ ဒုတိယအကြိမ် ဥယျာဉ်တော်သို့ထွက်စဉ်
သံဝေဂ ရခြင်း .... ၃ဂ
၃။ တတိယအကြိမ် ဥယျာဉ်တော်သို့ထွက်စဉ်
သံဝေဂ ရခြင်း .... ၃ဂ
၄။ စတုတ္ထအကြိမ် ဥယျာဉ်တော်သို့ ထွက်စဉ်
သံဝေဂ ရခြင်း .... ၃၉
၅။ ဘုရားအလောင်း၏ ဆန္ဒပြည့်ရန် သိကြားမင်း
က နတ်ပတ်တန်ဆာ ပေးလှူခြင်း ၃၉
၆။ ကိသာဂေါတမီ၏ ဥဒါန်းစကားကို ကြားသဖြင့်
သံဝေဂ ရခြင်း .... ၄၀

---

၆။ ဘုရားအလောင်းမင်းသား တောထွက်တော်မူခန်း .... ၄၂

၁။ နန်းပြသာဒ်ထက်ဝယ် အချေအရံ ကချေသည် မိန်းမတို့ ကာလနွေမဲ့ အိပ်စက်နေကြခြင်းကို မြင်ရသဖြင့် ကာမဂုဏ်တွင် အလွန် ငြီးငွေ့ပြန်ခြင်း .... ၄၂

၂။ ဘွားဘက်တော် ကဏ္ဍကမြင်းထံ အကူအညီ တောင်းခံ၍ မြို့တော်မှ ထွက်ခွာခြင်း .... ၄၄

၃။ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်လာ၍ ဟန့်တားခြင်း .... ၄၅

၄။ မကိုဋ်နှင့် ဆံတော်ကို ပယ်ခါ ဘုရားဖြစ်ရန် အဓိဋ္ဌာန်ဖြင့် ကောင်းကင်သို့ လွှင့်မြှောက်တော်မူခြင်း .... ၄၇

၅။ ဃဋိကာရမြဟ္မာမင်းက ကမ္ဘာဦး ကြာပွင့်မှ ပါလာသော ပရိက္ခရာရှစ်ပါး လာကပ်ခြင်း .... ၄၇

၆။ ဝတ်လဲတော်ကို ဗြဟ္မာပြည် အကနိဋ္ဌဘုံ၌ ဒုဿစေတီ တည်ထားခြင်း .... ၄၈

၇။ ရာဇဂြိုလ်ပြည်တွင်း ဆွမ်းခံ ဝင်တော်မူခြင်း .... ၄၉

၇။ ဘုရားအလောင်း ဒုက္ကရ စရိယာ ကျင့်တော်မူခန်း .... ၅၁

၁။ ပဉ္စဝဂ္ဂီ ငါးဦးဖြင့် ပထမအကြိမ် တွေ့ဆုံခြင်း .... ၅၁

၂။ အာဟာရကိုဖြတ်ခါ ကမ္မဋ္ဌာန်းစီးဖြန်းစဉ် မူးလဲတော်မူသည်ကို မနှစ်ခြိုက်သော နတ်တို့သည် ဖခင် သုဒ္ဓေါဒနမင်းကြီးအား သားတော် သေပြီဟု ပြောကြားခြင်း .... ၅၂

၃။ အာဟာရကို မျှတစွာမှီဝဲပြီး ကမ္မဋ္ဌာန်းစီးဖြန်းမှ
ကာယလက္ခဏာတော်များ ပြန်ပေါ်လာခြင်း။.... ၅၃
၄။ အိပ်မက်ကြီးငါးပါး မြင်မက်ခြင်း .... ၅၃
၅။ သူကြွယ်သမီး သုဇာတာ၏ နို့ဆွမ်းကို ခံယူ
ခြင်း .... ၅၅

၈။ အလောင်းမင်းသား ဘုရားအဖြစ်သို့ ရောက်
တော်မူခန်း .... ၅၇
၁။ အပရာဇိတပလ္လင် ပေါ်ပေါက်လာခြင်း။ .... ၅၈
၂။ ဝသဝတ္တိမာရ်နတ်မင်း လာရောက်တိုက်ဖျက်ခြင်း.... ၅၉
၃။ မြတ်စွာဘုရား သဗ္ဗညုတ ဉာဏ်တော်ကို ရစဉ်
စကြာဝဠာဝတသောင်းလုံး တုန်လှုပ်ခြင်း (တတိယ
အကြိမ် လှုပ်ခြင်း) .... ၅၉

၉။ မြတ်စွာဘုရား သတ္တ သတ္တာဟ စံတော်မူခန်း .... ၆၀
၁။ မြတ်စွာဘုရား ပထမ သတ္တာဟ စံတော်မူခြင်း .... ၆၀
၂။ မြတ်စွာဘုရား ဒုတိယ သတ္တာဟ စံတော်မူခြင်း .... ၆၁
၃။ မြတ်စွာဘုရား တတိယ သတ္တာဟ စံတော်မူခြင်း .... ၆၁
၄။ မြတ်စွာဘုရား စတုတ္ထ သတ္တာဟ စံတော်မူခြင်း .... ၆၂
၅။ မြတ်စွာဘုရား ပဉ္စမ သတ္တာဟ စံတော်မူစဉ် .... ၆၂
(က) မြတ်စွာဘုရားအား မာရ်နတ်သမီး
သုံးယောက် ဖျားယောင်းခြင်း .... ၆၄
(ခ) ဟုံဟုံက ပုဏ္ဏားအား တရားပြခြင်း.... ၆၆
၆။ မြတ်စွာဘုရား ဆဋ္ဌမ သတ္တာဟ စံတော်မူစဉ်
မုစလိန္ဒ နဂါးမင်း ကိုယ်ဖြင့် ပူဇော်ခြင်း .... ၆၇
၇။ မြတ်စွာဘုရား သတ္တမ သတ္တာဟ စံတော်မူခြင်း.... ၆၈

၁၀။ သဟမ္ပတိဗြဟ္မာမင်းက တရားဟောရန် တောင်းပန်ခြင်း .... ၇၀

၁၁။ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရား ဟောတော်မူခြင်း .... ၇၅

(က) တရားဒေသနာ ဟောအပြီး ပထဝီမြေကြီး တုန်လှုပ်ခြင်း .... ၇၅

(ခ)သာတာဂိရိနတ်နှင့် ဟေမဝတနတ်တို့ တရားနာရန် လာခြင်း .... ၇၆

၁၂။ နာဠက မထေရ်၏ မောနေယျ အကျင့်ကို ကျင့်ခြင်း .... ၇၇

၁၃။ ဥရုဝေလကဿပ စသောရသေ့ညီနောင်တို့ကို ချွတ်ခြင်း .... ၇၈

၁။ ဥရုဝေလတောမှ နဂါးကြီး၏ အခိုးအလျှံများကို တေဇောကသိုဏ်းဖြင့် နှိမ်နင်းခြင်း .... ၇၈

၂။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ဖူးမျှော်လာခြင်း .... ၈၀

၃။ သိကြားမင်း ဖူးမျှော်လာခြင်း .... ၈၁

၄။ ရသေ့တို့၏ မဖွယ်ရာအကြံ။ .... ၈၂

၅။ လက်ဘဲဒီပမည်သော သင်္ဘိုင်္ဃကျွန်းသို့ ကြွ၍ ဆွမ်းတော်သုံးခြင်း .... ၈၂

၆။ ပံ့သကူသင်္ကန်း ကောက်တော်မူ၍ မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း .... ၈၄

ကဝိရတနာစာပေ

၇။ တန်ခိုးတော် အတန်တန်ပြရခြင်း .... ၈၅
၈။ ဥရုဝေလကဿပရသေ့အား နှုတ်တော်ဖြင့်ဆုံးမ
တော်မူခြင်း .... ၈၉
၉။ ရသေ့တသောင်း ဧဟိဘိက္ခုရဟန်းဘောင်
ရောက်ခြင်းနှင့် ပြာဋိဟာပေါင်း (၁၅၀၆) ပါး
ပြရခြင်းများ .... ၉၁

၁၄။ မြတ်စွာဘုရား ရာဇဂြိုလ်ပြည်သို့ ကြွတော်မူ
ခန်း .... ၉၃
၁။ ယုံမှားခြင်းကို ပယ်စေပုံ .... ၉၄
၂။ ဗိမ္ဗိသာရမင်းကြီးနှင့် တသိန်း တသောင်း
သော လူတို့ သောတာပန် တည်ခြင်း .... ၉၆
၃။ ဗိမ္ဗိသာရ မင်းကြီး၏ ချင်ခြင်း ငါးပါး
အကြောင်း .... ၉၆
၄။ သိကြားမင်း၏ ကြွေးကြော်သံ .... ၉၇
၅။ ဝေဠုဝန်ကျောင်း လှူဒါန်းရာ မဟာပထဝီ
မြေကြီး တုန်လှုပ်ခြင်း .... ၉၈

၁၅။ ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်အလောင်း
တို့ သိဉ္စည်းထံ ဆီးကပ်ခြင်း .... ၉
၁။ အရှင်သာရိပုတြာအလောင်း(ဥပတိဿ)၏
သံဝေဂ .... ၉၉
၂။ အရှင်မောဂ္ဂလာန်အလောင်း (ကောလိတ)၏
သံဝေဂ .... ၁၀၀
၃။ သိဉ္စည်းဆရာအား မေးမြန်းခြင်း .... ၁၀၁
၄။ ဥပတိဿနှင့်ကောလိတတို့ တရားရှာထွက်ခြင်း.... ၁၀၂
၅။ ဘုရားစစ် ဘုရားမှန်အား စူးစမ်းခြင်း .... ၁၀၃

၆။ ဥပတိဿ သောတာပန် ဖြစ်ခြင်း .... ၁၀၆
၇။ ကောလိတ၏ စူးစမ်းချက် ၁၀၆
၈။ ကောလိတ သောတာပန် တည်ခြင်း .... ၁၀၇
၉။ မြတ်စွာဘုရားထံ သွားရန် တိုင်ပင်ကြခြင်း .... ၁၀၇
၁၀။ သိဥ္စည်းဆရာကို ခေါ်ကြခြင်း .... ၁၀၈
၁၁။ သိဥ္စည်းဆရာ သွေးအံခြင်း .... ၁၀၉
၁၂။ မြတ်စွာဘုရားထံ ရောက်ခြင်း .... ၁၁၀
၁၃။ ကောလိတ ရဟန္တာ ဖြစ်ချိန် .... ၁၁၀
၁၄။ ဥပတိဿ ရဟန္တာ ဖြစ်ချိန် .... ၁၁၁

၁၆။ မြတ်စွာဘုရား ကပိလဝတ်ပြည်တော်သို့ ကြွတော်မူခန်း .... ၁၁၃
၁။ ဘုရားအား ပင့်ဖိတ်ရန်သုဒ္ဓောဒနမင်းကြီး စေသော အမတ်များ ရဟန္တာဖြစ်သွားခြင်း .... ၁၁၄
၂။ ဒဿမအကြိမ် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်ခြင်း .... ၁၁၅
၃။ ကာဠုဒါယီ ရဟန္တာ ဖြစ်ပြီးနောက် လျှောက်ထားခြင်း .... ၁၁၅
၄။ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း။ .... ၁၁၆
၅။ ကာဠုဒါယီထေရ် ရှေးဦးကြွချီခြင်း။ .... ၁၁၆
၆။ အစိန္တေယျ ဂုဏ်တော် ကျူးမြွက်တော်မူခြင်း .... ၁၁၇
၇။ ကာဠုဒါယီထေရ်အား ကုလပ္ပသာဒ ဧတဒဂ် သတ်မှတ်ခြင်း .... ၁၁၈
၈။ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းသို့ ရောက်ခြင်း .... ၁၁၉

---

ကဝိရတနာစာပေ

၉။ သာကီဝင် ဆွေတော်မျိုးတော်များ၏ မာန်
မာန .... ၁၁၉
၁၀။ တန်ခိုးတော်ပြလျက် မာန်မာန ကျစေခြင်း .... ၁၂၀
၁၁။ ခမည်းတော်မင်းကြီး၏ သုံးကြိမ်မြောက်
ရှိခိုးခြင်း .... ၁၂၀
၁၂။ ပေါက္ခရဝဿမိုး သွန်းဖြိုး ရွာစေခြင်း .... ၁၂၁
၁၃။ အိမ်စဉ်အကျ ဆွမ်းခံကြွခြင်း။ .... ၁၂၂
၁၄။ ယသော်ဓရာ ချီးကျူးသံနှင့် ကြည်ကွဲသံ .... ၁၂၃
၁၅။ သုဒ္ဓောဒနမင်းကြီးအား လျှောက်ကြား
ချက် .... ၁၂၃
၁၆။ ဘုရားမိန့်ဟ မဟာဝံသ .... ၁၂၄
၁၇။ ခမည်းတော် မိဒွေးတော်တို့၏ အရိယာ
စခန်း .... ၁၂၅
၁၈။ ယသော်ဓရာ၏ ပူသောက .... ၁၂၆
၁၉။ ခမည်းတော်က ယသော်ဓရာ၏ ဂုဏ်
လျှောက်ထားပုံ .... ၁၂၇

**၁၇။ ညီတော်နန္ဒမင်းသားအား ရဟန်းပြုခန်း .... ၁၂၈**

၁။ ဇနပဒကလျာဏီ၏ မှာတော်ပုံ .... ၁၃၀
၂။ ညီတော်၏ ဇနီးသည်အား မျောက်မနှင့်
နှိုင်းပြခြင်း .... ၁၃၁
၃။ တာဝတိံသာသို့တက်၍ နတ်ကညာတို့နှင့်
နှိုင်းပြခြင်း ၁၃၂
၄။ နန္ဒမင်းသား ရဟန္တာဖြစ်ပုံ .... ၁၃၃
၅။ မြတ်စွာဘုရား၏ ဥဒါန်းတော် .... ၁၃၄

၁၈။ သားတော် ရာဟုလာ အမွေတောင်းသဖြင့်
ရှင်ပြုပေးခန်း။ .... ၁၃၆

၁။ လောကုတ္တရာ မွေအမွေပေးခြင်း .... ၁၃၇
၂။ သုဒ္ဓောဒနမင်းကြီး နှလုံးမသာဘဲ လျှောက်
ထားခြင်း .... ၁၃၈
၃။ သိက္ခာပုဒ်တော်ကို ပညတ်ခြင်း .... ၁၄၀
၄။ သုဒ္ဓောဒနမင်းကြီး အနာဂါမ်တည်ခြင်း .... ။

၁၉။ မြတ်စွာဘုရား တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ
ကဏ္ဍက သရက်ဖြူပင်ရင်း၌ တန်ခိုးပြာဋိဟာ
ပြတော်မူခန်း။ .... ၁၄၂

၁။ တန်ခိုးတော်ပြင့် ဘဏ္ဍက သရက်ပင် ရှည်ချည်း
ပေါက်ခါ သီးပွင့်စေခြင်း ....
၂။ သိကြားမင်း၏စေတားချက်အရ မိုးသည်းနတ်
သားက လေပြင်းတိုက်ခတ်လျက် တိတ္ထိတို့
၏ မဏ္ဍာပ်များ ပြိုပျက်စေခြင်း ....

၃။ ဘုရားရှင်တော် ကိုယ်စား တန်ခိုးပြာဋိဟာ
ပြပေးလိုသော သာဝက (၁) ဥပါသိကာ
မဃံရဏီက သော်ရင်း၊ (၂) စူဠအနာထပိန်
သော်ရင်း၊ (၃) ပဉ္စသမ္ဘ ဒါပတ္တာ ဖြစ်
သော ခုနစ်နှစ် အရွယ်ရှိသော "စိရ"
သာမဏေက သော်ရင်း၊ (၄) ပဥ္စသမ္ဘ
ဒါပတ္တာဒိဟော သာဝကဖြစ်သော ခုနစ်
နှစ်အရွယ်ရှိ "စုန္ဒ" သာမဏေက သော်

ရင်း၊ (၅) အဂ္ဂသာဝိကာဘိက္ခုနီမ ဥပ္ပလဝဏ်က သော်ရင်း၊ (၆) လက်ဝဲရံ အဂ္ဂသာဝက မောဂ္ဂလာန်ထေရ် တို့က မိမိတို့ စွမ်းနိုင်မည့် တန်ခိုး အာနုဘော်များကို ဖေါ်ထုတ်လျှောက်ထားတောင်းပန်ခြင်း။

၄။ မြတ်စွာဘုရားကိုယ်တော်တိုင် စတုတ္တစျာန်ကို ဝင်စားလျက်၊ မီးအလျှံ ရေအလျှံနှင့် ပြိုးပြိုးပျက်သော ရောင်ခြည်တော်တို့ဖြင့် နည်းမျိုးစုံ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း။

၂၀။ မြတ်စွာဘုရား သိတင်းသုံးတော်မူရာ ဝါဆိုစဉ်ကိုပြခန်း .... ၁၅၁

၂၁။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရန် အာယုသင်္ခါရ လွှတ်တော်မူခန်း .... ၁၅၈

၁။ မာရ်နတ်သား ဘုရားထံကပ်၍ အာယုသင်္ခါရလွှတ်ရန် တောင်းခြင်း။ .... ၁၆၀

၂။ အာယုသင်္ခါရလွှတ်စဉ် မြေလှုပ်ခြင်းကြောင့် အရှင်အာနန္ဒာ မြတ်စွာ ဘုရား ထံသို့ လျှောက်ထားခြင်း .... ၁၆၂

၃။ အရှင်အာနန္ဒာ တောင်းပန်ခြင်း .... ၁၆၇

၄။ ရဟန်းတို့ကို ဆုံးမတော်မူ၍ ဝေသာလီပြည်ကို အဆုံးစွန် ကြည့်တော်မူခြင်း။ .... ၁၆၉

၂၂။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခန်း .... ၁၇၃
၁။ စုန္ဒ၏ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း .... ၁၇၄
၂။ ဘုရားရှင် ဝမ်းတော်လားခြင်း .... ၁၇၆
၃။ သားပြွမ်းဆွမ်း၌ သက်သာကင်းရန် ဟော တော်မူခြင်း .... .... ၁၇၉
၄။ ပရိနိဗ္ဗာန်ပြုတော်မူရာ၌ အာမိသ ဓမ္မပူဇာ နှစ်ပါးကို ပြခြင်း။ .... ၁၈၂
၅။ မလ္လာမင်းတို့အား အကြောင်းကြားစေတော် မူခြင်း .... ၁၈၃
၆။ သုဘဒ္ဒပရိဗိုဇ် (တိတ္ထိဂိုဏ်းဝင်) ဘုရားရှင်ထံ ဆည်းကပ်ခြင်း .... ၁၈၅
၇။ သုဘဒ္ဒပရိဗိုဇ် ဘုရားရှင်ကို ပြဿနာမေးခြင်း .... ၁၈၇
၈။ သုဘဒ္ဒပရိဗိုဇ် ရဟန်းပြုပေးရန် တောင်းပန်ခြင်း ၁၉၁
၉။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မမူမီ နောက်ဆုံး ဩဝါဒ ပေးတော်မူခြင်း .... ၁၉၄
၁၀။ ငါးပါးသောဓိဋ္ဌာန် ပြုတော်မူခြင်း .... ၁၉၈
၁၁။ ပရိနိဗ္ဗာန် ပြုတော်မူခြင်း .... ၂၀၀
၂၃။ ပရိနိဗ္ဗာန်ယူပြီးနောက် ထူးခြားချက်များ .... ၂၀၃
၂၄။ အလောင်းတော်ကို ခုနှစ်ရက်ထား၍ ပူဇော်ဝါ မီးသင်္ဂြိုဟ်ရန် ဆောင်ရွက်ခန်း .... ၂၀၈
၁။ ထင်းပုံပေါ်၌ ခုနှစ်ရက်ထား၍ ပူဇော်ဝါ စိမ့် သော်လည်းမအောင်မြင်နိုင်ခြင်း .... ၂၁၁
၂။ နတ်များအလိုသို့ လိုက်လျောဝါ သင်္ဂြိုဟ်ရန် စီစဉ်ခြင်း .... ၂၁၂
၃။ စကြာဝတေးမင်း၏ အလောင်း၌ ပြုကျင့်သလို

ဆောင်ရွက်ရန် စီစဉ်ခြင်း .... ၂၁၅
၄။ နတ်တို့ အလိုမကျ၍ အလောင်းတော်ကို မီးစွဲ မလောင်ခြင်း .... ၂၁၆
၅။ ရှင်မဟာကဿပ ရောက်မှ အလောင်းတော်ကို တေဇောဓာတ် အလိုလို လောင်ကျွမ်းခြင်း .... ၂၁၉

**၂၅။ ဘုရားရှင်၏ ကိုယ်မှ ကြွင်းသော ဓာတ်တော်များ .... ၂၂၅**

**၂၆။ ဓာတ်တော်များအတွက် ခုနှစ်ပြည်ထောင်မင်းတို့ စစ်မက်ပြင်ခြင်းနှင့် ဒေါဏပုဏ္ဏားက ဓာတ်တော် များဝေခန်း .... ၂၂၈**
၁။ အဇာတသတ်မင်း ယူကြုံးမရ ကြေကွဲတ,သခြင်း ၂၃၀
၂။ ဓာတ်တော်ယူရန် စစ်ချီလာခြင်း .... ၂၃၄
၃။ ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခြင်း .... ၂၃၇
၄။ မြတ်စွာဘုရား၏ သာရီရိကစေတီ၊ ပါရိဘောဂိက စေတီတို့ကို ပြခြင်းနှင့် ရာဇဂြိုလ် ပြည့်ရှင် အဇာတသတ်မင်းက ထူးကဲစွာ ကြည်ညိုပုံကို ပြခြင်း .... ၂၄၂

**၂၇။ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ အမွေး တော်တို့ ကျိန်းဝပ်ရာဒေသ .... ၂၄၇**

**၂၈။ ပရိဘောဂ စေတီတော်များ .... ၂၄၉**

**၂၉။ အရှင်မဟာကဿပထေရ်နှင့် အဇာတသတ် မင်းတို့ ဓာတ်တော်များကို စုရုံး၍ ဌာပနာခန်း .... ၂၅၂**

---

**ကဝိရတနာစာပေ**

၃၀။ သီရိဓမ္မာသောကမင်း(အာသောကမင်း)ကြီး က မြတ်စွာဘုရား၏ ဓာတ်တော် များကို ဖော်ထုတ်၍ စေတီ ရှစ်သောင်းလေးထောင် တွင် ဌာပနာကာ ပူဇော်ခန်း .... ၂၅၉
၁။ ရေအောက်နေသော ကာလနဂါးကို ခေါ်၍ မြတ်စွာဘုရားသဏ္ဌာန်ကို ဖန်ဆင်းခိုင်းခြင်း.... ၂၆၁
၂။ လျှပ်ပေါ်သော တိတ္ထိ ပုရိဗိုဇ်တို့ကို ပယ်၍ မြတ်သောအလှူခံပုဂ္ဂိုလ်ကိုစိစစ်ရှာဖွေခြင်း.... ၂၆၃
၃။ ယန္တရားစက်ကို ဖျက်၍ သရီယ ဓာတ်တော်ကို ထုတ်ယူခြင်း .... ၂၇၅
၄။ စေတီပေါင်း ရှစ်သောင်းလေးထောင် အတွက် ခုနစ်လ ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲကြီး ကျင်းပရန် စီစဉ်ခြင်း .... ၂၇၆
၅။ မာရ်နတ်၏ရန်ကို နှိမ်နင်းရန် တာဝန်ပေးထားသော (ရှင်ဥပဂုတ္တတိဿနာဂထေရ်) အား မင်းကြီးက မုန်ယစ်သောဆင်ဖြင့် တန်ခိုးစမ်းခြင်း....၂၈၀
၆။ ရှစ်သောင်းလေးထောင်သော ကျောင်း၊ စေတီတော်များ ပူဇော်ပွဲကို မာရ်နတ်မင်း ဖျက်ဆီးခြင်း .... ၂၈၁
၇။ မာရ်နတ်မင်း၏ လည်တွင် ခွေးသေကောင်ပုတ် ဆွဲလျက် ရှင်ဥပဂုတ္တတိဿ နာဂထေရ်က ဒဏ် ခတ်ခြင်း .... ၂၈၃
၈။ ရှင်ဥပဂုတ်၏ တောင်းဆိုချက်အရ မာရ်နတ်က မြတ်စွာဘုရားဟန် ဖန်ဆင်း၍ပြခြင်း .... ၂၈၅
၉။ သီရိဓမ္မာ သောကမင်းကြီး မိမိကိုယ်ကို သမီး အဖြစ် ပူဇော်ခြင်း .... ၂၈၇

---

၃၁။ ဂေါတမဗုဒ္ဓနှင့် ပတ်သက်၍ သိမှတ်စရာ
အဖြာဖြာ .... ၂၇၉

က။ နေ့မြတ်ခုနစ်နေ့ ဘုရားရှိခိုး
ခ ။ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းလင်္ကာနှင့် ရှစ်လုံးဘွဲ့ကဗျာ
ဂ။ တေဇောဓာတ် လောင်တော်မူခြင်း ရှစ်လုံးဘွဲ့ကဗျာ
ဃ ။ ဗုဒ္ဓဝင်အခါတော်နေ့ ခုနစ်ပါးအကျဉ်းပြ
င။ ထေရဝါဒ ပထမ သံဂါယနာပြုခြင်းအကြောင်း
စ။ ထေရဝါဒ ဒုတိယ သံဂါယနာပြုခြင်းအကြောင်း
ဆ။ ထေရဝါဒ တတိယ သံဂါယနာပြုခြင်းအကြောင်း
ဇ။ ထေရဝါဒ စတုတ္ထ သံဂါယနာပြုခြင်းအကြောင်း
ဈ။ ထေရဝါဒ ပဉ္စမ သံဂါယနာပြုခြင်းအကြောင်း
ည။ ထေရဝါဒ ဆဋ္ဌမ သံဂါယနာပြုခြင်းအကြောင်း
ဋ။ ဗုဒ္ဓ၏ ထူးမြတ်သော ဒေသများသို့ ခရီးလမ်းညွှန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓံ ဓမ္မံ သံဃံ မာတာပိတု အာစရိယာနံ အဟံဝန္ဒာမိ သဗ္ဗဒါ

# ဂေါတမ ဗုဒ္ဓ၏ အနွယ်တော်နှင့် ဘဝစဉ်အကျဉ်း

## (ပြုစုသူ၏ အာသီသ)

မြန်မာဗုဒ္ဓဘာသာဝင်များမှာ အများအားဖြင့် မိရိုးဖလာအလျောက်၊ ကိုးကွယ်မှုများကနေပြီး၊ ဗုဒ္ဓဘာသာ၏ အထွဋ်အထိပ် မြတ်စွာဘုရားများ၏ အနွယ်တော် ဖွားမြင်ရာဒေသ၊ နေ့ရက်၊ ဖြည့်တင်းခဲ့ရသော ပါရမီတော်များနှင့် ကျင့်ကြံ အားထုတ်ခဲ့ရသော လမ်းစဉ်နှင့် ပြိုင်ဘက် ဖြစ်သော မာရ်နတ်မင်း၏ ရန်များကို မည်ကဲ့သို့ခွင်းလျက် အပရာဇိတ ရွှေပလ္လင်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်ရရာဒေသ၊ နေ့ရက်၊ အချိန်နှင့် နတ်ပြဟ္မာအပေါင်း၏ ဗုဒ္ဓသာသနာတော်ကို အားပေးစောင့်ရှောက်ချက် အံ့ဘနန်းများနှင့်၊ တိတ္ထိ အဖွဲ့ဝင်များအား လမ်းမှန်တရား ဟောပြချက်များကို လေ့လာသူ နည်းလာသည်ကို၊ မိမိ(ကျမ်းပြုသူ)ကိုယ်တိုင် အသက်(၅၀) ကျော်မှ ဘာသာတရားဘက် ပိုမိုကိုင်းရှိုင်းကာ လေ့လာ၍ သိရှိရသဖြင့် နောင်လာ နောက်သားများ အတွက် မိမိတို့ ကိုးကွယ်သည့် ဗုဒ္ဓဘာသာ၏ ဦးဆောင်ဖြစ်သော ဂေါတမ မြတ်စွာဘုရား

အလောင်းတော် သိဒ္ဓတ္တမင်းသား သံဝေဂ ရကာ၊ တောထွက်၍၊ ဒုက္ကရစရိယာ ကျင့်ကြံကြိုးကုတ်လျက် မာရ်နတ်မင်း၏ ရန်အပေါင်း အောင်မြင်ခြင်း၊ နတ်ဗြဟ္မာအပေါင်းက အံ့ဘွယ်သရဲ ကူညီစောင့်ရှောက် ပူဇော်ချက်များနှင့် သီတင်းသုံးရာ ဝါကပ်ရာဒေသများ၊ ဓမ္မစကြာတရား၊ အဘိဓမ္မာတရားတော်များကို ထူးခြားစွာဟောတော်မူခြင်း၊ ညီတော် နန္ဒမင်းသားနှင့် သားတော် ရာဟုလာတို့အား သာသနာတော်ဘောင်သို့ အတင်းသွတ်သွင်းခြင်း၊ တိတ္ထိ အဖွဲ့ဝင်များအား အယူမှန်အောင် တရားပြ ဟောကြား ချက်များနှင့် နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူပြီး ဓာတ်တော် လောင်ကျွမ်းခါ၊ ကြွင်းခဲ့သော သရီယ ဓာတ်တော်များ ဖြန့်ဝေသည့်တိုင်သော အတ္ထုပ္ပတ္တိများမှ သိသင့်သိထိုက်သော၊ အတုယူသင့်သည်များကို အလွယ်ဖြင့် ဘတ်ရှု နားလည်နိုင်ကြ စေရန် အတွက် ပုံတော်များပါ ဖော်ပြလျက် စေတနာမှန်ဖြင့် သာသနာပြုရန် ရည်သန်လျက် (၁) ကျီးသဲလေးထပ်ကျောင်း ဆရာတော် ရေးသားပြုစုခဲ့သော (ဇိနတ္တပကာသနီကျမ်း) နှင့် ဒီပဲရင်းမြို့ သီရိသဒ္ဓမ္မာဘိလင်္ကာရ ထေရ်ဆရာတော် ပြုစုရေးသားတော် မူခဲ့သော (တထာဂတ ဥဒါန ဒီပနီကျမ်း) များမှ၊ ဗုဒ္ဓဘာသာဝင်များ သိသင့်သိထိုက်သော အကြောင်းအချက်များကို ဆရာတော်ကြီးများ၏ ရေးမူ မပျက်စေဘဲ၊ မြန်မာ အဓိပ္ပါယ်များကို အလေးထားလျက် ကောက်နုတ်ဖော်ပြချက်များကို တောင်ငူမြို့ ဝိသုဒ္ဓါရုံ သိမ်ဦးကျောင်းတိုက် ဆရာတော် ဦးဝိသာရဒ ပဏ္ဍိတက တည်းဖြတ် ပေးထားပါသည်။

---

ကဝိရတနာစာပေ

ဖော်ပြပါ ကျမ်းပြုဆရာတော်ကြီးများအားရင်း၊ ယခု စိစစ် တည်းဖြတ်ပေးတော်မူသော တောင်ငူမြို့ ဝိသုဒ္ဓာရုံ သိမ် ဦးကျောင်းတိုက် ဆရာတော် ဦးဝိသာရဒပဏ္ဍိတနှင့် လိုအပ်သည့် ကျမ်းစာအုပ်များကို ထုတ်ပေး ကူညီတော် မူသော ရင်းကျောင်းတိုက် စာချဦးပဥ္စင်း ဦးကုန္ဒောဘာသ တို့အား ဦးထိပ်တင်လျက် မိမိဆောင်ရွက်ချက်တို့၏ ကုသိုလ်အဘိုဘာဂ များကို အကြိမ်ကြိမ် အမျှပေးဝေကာ ဆရာတော်များ ဘေး ဘယာ ကင်းဝေးစွာဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ပိုမိုပြုနိုင် ကြပါစေကြောင်း မေတ္တာပို့ဆက်ပါသည်။

ဤကျမ်းပြုစုရာတွင် လိုအပ်သော စာအုပ်များဖြင့်ရင်း၊ ပုံတော်များဖြင့်ရင်း၊ ကူညီအားပေးကြသော (၁) ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီး စာတိုက်မှူးကြီး ဦးကျော်ငြိမ်း။ (၂) ဗန္ဓုလ ပန်းခြံ မြို့မစာတိုက်မှူး ဦးအေးကြည်၊ (၃) ရန်ကုန်မြို့ နိုင်ငံ ခြားရေးဌာန သံတမန်အဖွဲ့ဝင် ဦးဘငွေး။ (၄) ကျောက် တံခါးမြို့၊ မြို့မမူလတန်းကျောင်း ကျောင်း အုပ် ဆရာကြီး ဦးဟန်တင့်နှင့် ဆေးနှင့် လက္ခဏာဆရာ ဦးလှမင်းနှင့် ကုန်သည် ဒေါ်တင်တင်၊ ရင်းပြင် လိုအပ်သည့်ပုံတော်များပေးကာ စာတန်း သုံးသပ်ပေးသော တောင်ငူမြို့ အငြိမ်းစားကျောင်းဆရာကြီး ဦးကျင်စိုးနှင့် သမီး ဒေါ်ခင်ကြည် (လုပ်အား ကူညီသူ) ရင်းနောက် တောင်ငူမြို့ မြောက်ပိုင်း သစ်တောရုံးစာရေး ကိုလှရွှေနှင့် စာရေးကြီး ဦးလှိုင်တို့အားလည်း ကျေးဇူးတင်ရှိ

လျက် ဘေးဘယာ ကင်းဝေးစွာဖြင့် ဗုဒ္ဓဘာသာ သာသနာ ရေးကို အမြဲ အားပေးနိုင်ကြပါစေကြောင်း မေတ္တာပို့ပါ ကြောင်း။ ။

ဦးဘထွန်း
ပြုစုသူ
အငြိမ်းစားထောင်ပိုင်ဝန်၊
၂၇၃၊ မြို့ကြီးလမ်း၊ တောင်ငူမြို့။

## ထုတ်ဝေသူ၏ အာသီသ

ဤစာစောင်ကို ပြုစုသူ၏ အာသီသနှင့် ထပ်တူစွာ မြန်မာ ဗုဒ္ဓဘာသာဝင် အပေါင်း တို့က မိမိတို့ ကိုးကွယ်သည့် ဘာသာ၏ ဇစ်မြစ် ဖြစ်ရပ် အံ့ဘွယ် သရုပ်များကို လေ့လာ သိမြင်ကြစေရန်အတွက် ဤစာအုပ်ကို ထုတ်ဝေရာတွင် အမြတ် အစွန်းကို ပဓာန မထားဘဲ၊ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိကာ သာသနာ ပြုလိုသော ဆန္ဒဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ။

ထုတ်ဝေသူ။

ကဝိရတနာစာပေ



ဗုဒ္ဓဂါယာ မဟာဗောဓိ စေတီတော်ကြီး



ဇေတဝန်ဥယျာဉ် ရှုခင်း



မိဂဒါဝုန်တောတွင်းရှိ ဓာတ်တော်တိုက်



တက္ကသိုလ်ပြည် ဓမ္မရာဇိက ထူပါရုံ



မဟာပရိနိဗ္ဗာန စေတီတော်



သီရိလင်္ကာကျွန်း (သီဟိုဠ်ပြည်) ကန္ဒီမြို့ရှိ မြတ်စွာဘုရား၏စွယ်တော်တိုက်



ကမ္ဘောဒီးယား ပြည် အန်ကောဘုရားတွင် တည်ထားကိုးကွယ်
နေသော မြတ်စွာဘုရား၏ ခြေတော်ရာပုံ



မဟာသေန သူကြွယ်၏သမီး သုဇာတာ
ဃနာနို့ဆွမ်းကပ်နေပုံ(စာမျက်နှာ ၃၅)



ပဉ္စမသတ္တာဟအတွင်း အဇပါလညောင်ပင်ရင်း၌ သမာပတ်
ဝင်စားခါစမှပါယ်နေစဉ်မာရ်နတ်မင်း၏ သမီးများ (တဏှာ၊
အာရတိ- ရာဂါ) တို့က မိန်းမတို့၏ မာယာအစွမ်းဖြင့်
ဖျားယောင်းနေပုံ။ (စာမျက်နှာ ၆၄)



မုစလိန္ဒာအိုင် (ဆဋ္ဌမသတ္တာဟ)၊ စာမျက်နှာ ၆၇။



ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာခေါ် ကျောက်လိုဏ်ဂူတော်



ယသော်ဓရာ၏ ဇာတိ၊ ဒေဝဒဟပြည် နီပေါနိုင်ငံရှိစေတီပုံ
(စာမျက်နှာ ၁၅။)



ရွှေခွက်မျှော်ရာနေရဉ္ဇရာမြစ် (စာမျက်နှာ ၅၇)



လူနတ်ဗြဟ္မာသတ္တဝါများအတွက် ဆင်းရဲစွာ ဒုက္ကရစရိယာ၊
ကျင့်နေပုံ (စာမျက်နှာ ၅၂)



လုမ္ဗဏီရှိ အာသောက ကျောက်တိုင်ပုံ။



ညီတော်အာနန္ဒာ ရေကြည်တော်ရှာရာဋ္ဌာန
(စာမျက်နှာ ၁၇၈)



ဆဌမ သတ္တာဟအတွင်း မုစလိန္ဒာအိုင်အနီး၊ ဖလသမာပတ်
ဝင်စားစံမှုပါယ်တော်မူစဉ် အခါမဲ့ မိုးကြီးစွာရွာသွန်း
နေသဖြင့် မုစလိန္ဒာနဂါးမင်းက မိမိကိုယ်ဖြင့် ရစ်ပတ်ခါ
ကြာကွယ်ပေးနေပုံ(စာမျက်နှာ ၆၇)



မြတ်စွာဘုရား၏ ပုံတော်အား ကြည်ညိုဖွယ်ရာ
ဖူးတွေ့ရပုံ။

နမော ဗုဒ္ဓာယ သိဒ္ဓံ

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်အကျဉ်း၊ (ရွှေတောင်မြို့-ကျီးသဲရွာ-လေးထပ်ကျောင်း ဆရာတော်ဘုရားကြီး စီရင်အပ်သော ဇိနတ္ထပကာသနီကျမ်း)မှ-

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရားအလောင်းတော်သည်၊ ဂေါတမ မြတ်စွာဘုရားအဖြစ်သို့ရောက်ရှိအောင် ဘဝပေါင်း လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ကျင့်ကြံကြိုးကုတ်- အားထုတ်ခါ ပါရမီဖြည့်ခဲ့ရသည်။

---

ကဝိရတနာ့စာပေ

## ၁။ ။ဂေါတမဘုရားအလောင်းဆုပန်ခန်း။

စိန္တိတံသတ္တသင်္ချေယျံ၊ နဝသင်္ချေယျံ၊ ဝါစကံ၊
ကာယဝါစိံ၊ စတုချာတံ၊ ဗုဒ္ဓတ္တံ၊ သမုပါဂမိ။

ဟူသော ပါဠိနှင့်အညီ ဤမြွေ့ဤမျှဟု တွက်ဆမှတ်သားခြင်းငှာ၊ မတတ်ရာသော မဟာကပ်ပေါင်း အသင်္ချေယျတို့တွင် နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ— ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဍရိကအသင်္ချေ— တည်း ဟူသော ခုနစ်အသင်္ချေတွင်း၌ ပွင့်တော်မူကုန်သော ပြဟ္မဒေဝ အစရှိသော တသိန်းနှစ်သောင်းငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သောစိတ်တော် ရှိလှ၍ ဒသပါရမီ (ပါရမီဆယ်ပါး) ငါးလီသော ပရိစ္စာဂ တို့ကို တစတစ ဖြည့်တော်မူသည်။ ထို့နောက် သဗ္ဗဘဒ္ဒအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ ခန္ဓုတ္တမအသင်္ချေ၊ မာဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ပဒုမအသင်္ချေ၊ သဗ္ဗဘုလ္လအသင်္ချေ—တည်းဟူသော ကိုးအသင်္ချေထက်၌ပွင့်တော်မူကြကုန်သော ပေါရာဏသကျ ဂေါတမ အစရှိကုန်သော သုံးသိန်း ရှစ်သောင်း ခုနစ်ထောင် ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံပြန်လျှင်လည်း ထိုဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် မြှောက်စားပူဇော်ကာ တရားတော်ကိုနာ၍ နောင်သောအခါ ငါလည်း လူတွင်ထင်ရှား ဘုရားစင်စစ်ဖြစ်စေသောဟု နှုတ်ရောစိတ်ပါ ပတ္တနာ၍၊ ပါရမီသုံးဆယ်၊ ငါးသွယ်သော

ပရိစ္စာဂစရိယတို့ကို နိစ္စကြိုးကုတ် အားထုတ်တော် မူသဖြင့် ဆောက်ဦးရင့်မာ၍ သုမေဓါရှင်ရသေ့အဖြစ်သို့ ရောက်တော်မူသည်။

ထိုမှစ၍ သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိယအသင်္ချေတည်းဟူသော လေးအသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ခုနှစ်ဆူကုန်သော ဘုရားရှင်တို့တွင် ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ နိယတဗျာဒိတ်(ဧကန်ဧကန်ဧကန် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟူသော မြွက်ကြားတော်မူခဲ့သည့် စကားတော်) ကို ခံရလျက် ဗောဓိသမ္ဘာရ( ဒါန-သီလ—စသော ဘုရားဖြစ်ကြောင်းပါရမီ အဆောက်အဦး)အပေါင်းတို့ကို ဖြည့်တော်မူခဲ့ ........ဤဘဒ္ဒကမ္ဘာဝယ်...........

| | | | |
|---|---|---|---|
| ၁။ | ။ | မဟာသမ္မတမင်း | တကြိမ် |
| ၂။ | ။ | သုဒဿနဝရမန္ဓာတ်မင်း | ။ |
| ၃။ | ။ | မဃဒေဝမင်း | ။ |
| ၄။ | ။ | နေမိမင်း | ။ |
| ၅။ | ။ | တေမိမင်း | ။ |
| ၆။ | ။ | သိဝိရာဇ်မင်းကြီး | ။ |
| ၇။ | ။ | စန္ဒကုမာရမင်း | ။ |
| ၈။ | ။ | မဟာဂေါဝိန္ဒသူဌေး | ။ |
| ၉။ | ။ | အကိတ္တိပြဟ္မာဏ | ။ |
| ၁၀။ | ။ | သင်္ခပြဟ္မာဏ | ။ |
| ၁၁။ | ။ | ဓနဉ္စယ သူဌေးကြီး | ။ |

၁၂။ ။ သသရာဇယုန်မင်းကြီး ။
၁၃။ ။ ဟတ္ထိပါလ ရသေ့ကြီး ။
၁၄။ ။ ဘူရိဒတ္တ နဂါးမင်း ။
၁၅။ ။ စမ္ပေယျ နဂါးမင်း ။
၁၆။ ။ စူဠဗောဓိမင်း ။
၁၇။ ။ မဟိံသကျွဲမင်း ။
၁၈။ ။ ဂုရုမိဂဆတ်မင်း ။
၁၉။ ။ မာတင်္ဂဒွန်းစန္ဒား ။
၂၀။ ။ ဓမ္မဓဇမင်း ။
၂၁။ ။ ဇယဒိသမင်း ။
၂၂။ ။ သင်္ခပါလ နဂါးမင်း ။
၂၃။ ။ ယုဓဉ္ဇယမင်း ။
၂၄။ ။ သောမနဿမင်းသား ။
၂၅။ ။ အယောဃရမင်းသား ။
၂၆။ ။ သောဏနန္ဒ ။
၂၇။ ။ ကပိရာဇမြောက်မင်း ။
၂၈။ ။ သစ္စယုဝ ။
၂၉။ ။ ဝဋ္ဋပေါတက ငုံးမင်း ။
၃၀။ ။ မစ္ဆရာဇ ငါးရန့်မင်း ။
၃၁။ ။ ကဏှဒီပါယန ရသေ့ ။
၃၂။ ။ မဟာသုတသောမမင်း ။
၃၃။ ။ သုဝဏ္ဏသာမ ရသေ့ ။
၃၄။ ။ ဧကရာဇမင်း ။


---

၃၅။ ။ မဟာလောမဟံသ ပုဂ္ဂိုလ်မြတ်အဖြစ် တကြိမ် သို့အားဖြင့် သုံးဆယ့်ငါးပါးသောဘဝ ဖြစ်တော်မူပြီး–ရင့်မာသဖြင့် ဝေဿန္တရာမင်း၏ အဖြစ်သို့ ရောက်တော်မူသည်။

၁။ ။ပါရမီဆယ်ပါးမှာ....ဒါနပါရမီ၊ သီလပါရမီ၊နိက္ခမပါရမီ၊ ပညာပါရမီ၊ဝီရိယပါရမီ၊ခန္တီပါရမီ သစ္စာပါရမီ၊အဓိဋ္ဌာန်ပါရမီ၊ဥပေက္ခာ ပါရမီ၊ မေတ္တာပါရမီ-များဖြစ်၏။

၂။ ။ပရိစ္စာဂငါးသွယ်မှာ....ဓနပရိစ္စာဂ ( ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း၊ စကြာမင်းတို့၏စည်းစိမ်ဥစ္စာကိုစွန့်လှူခြင်း။) ပုတ္တပရိစ္စာဂ (၊ သားသမီးတို့ကို စွန့်လှူခြင်း- )။ ဘရိယပရိစ္စာဂ- (မယားကို စွန့်လှူခြင်း)။ အင်္ဂပရိစ္စာဂ (ခြေ-လက်-နား-နှာခေါင်း စသော ကိုယ်အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း)။ ဇီဝိတ ပရိစ္စာဂ- (မိမိ၏အသက်ကို စွန့်လှူခြင်း)။

၃။ ။ပါရမီပေါင်းသုံးဆယ်မှာ....ပါရမီဆယ်ပါးမှသည့်အနက် ပါရမီတပါး တပါးတွင် (၁)ဒါန ပါရမီ၊ (၂) ဒါန ဥပ ပါရမီ (၃)ဒါနပရမတ္ထ ပါရမီဟူ၍ သုံးပါးစီပြား၏။ သို့ဖြစ်၍ ဆယ်ပါးအတွက် အသေးစိတ်(၃၀) ဖြစ်၏။

ထိုသို့ ဘဝစဉ်များအနက် အကျင့်ရင့်မှာ တကျိပ်ဘဝစဉ်မှာ- အတိုနည်းအားဖြင့်၊ တေ- ဇ- သု- နေ- မ- ဘူ -စံ၊ နာ၊ ဝိ၊ ဝေ၊ ဟု ဆောင်ပုဒ်ဖြင့် မှတ်ယူသည်။

(၁) တေမိမင်း (၂) ဇနက္ကမင်း (၃) သုဝဏ္ဏသျှရှသေ့ (၄) နေမိမင်း (၅) မဟောသဓာ သုခမိန်အမတ် (၆) ဘူရိဒတ္တ နဂါးမင်း (၇) စန္ဒကုမာရမင်း (၈)နာရဒ ဗြဟ္မာကြီး (၉) ဝိဓူရသုခမိန် အမတ်ကြီး (၁၀) ဝေဿန္တရာမင်း- ဘဝတို့ပေတည်း။

(အကြောင်း ညီညွတ်ပါက- ဤဇာတ်တော် များကိုလည်း ဘတ်ရှုလွယ်ရန် အကျဉ်းအားဖြင့် ရေးသားခါ စာအုပ်ထုတ်ပါမည်)။

## ၂။ ဘုရားအလောင်း နတ်သား ပဋိသန္ဓေယူခန်း။

(၁)။ သိကြား၊ သုယာမ၊ သန္တုသိတ၊ သုနိမ္မိတ၊ ဝသဝတ္တီ နတ်မင်းများနှင့်- မဟာဗြဟ္မာမင်းတို့က- လူ့ပြည်တွင် ဘုရားအဖြစ် ဦးဆောင်တော်မူရန် တောင်းပန်ခြင်း။

ဝေဿန္တရာမင်း အဖြစ်မှ စုတေလေသော်- တုသိတာနတ်ပြည်ဝယ်- သေတ ကေတု အမည်ရှိ နတ်မင်းဖြစ်ခါ- နတ်တို့အရေအတွက်အားဖြင့် နှစ်ပေါင်း လေးထောင် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၅၇ကုဋေ(၆) သန်း) စေ့အောင် နတ်မင်း၏ စည်းစိမ်ကို ခံစား၍ နေတော်မူသည်တွင်- လူ့ပြည် လူ့ဘုံ တွင် အနှစ်တထောင်ကပင် လူတွင်ထင်ရှား ဘုရား

ဖြစ်လတံ့ ဟူသော ဗုဒ္ဓ ကောလာဟလ ဖြစ်နေသည့် အတိုင်း စကြာဝဠာ တသောင်းတိုက်၌ ရှိကုန်သော သိကြား (နတ်တို့၏ ဘုရင်) သုယာမ (ယာမနတ်မင်း) သန္တုသိတ (တုသိတာ နတ်မင်း)သုနိမ္မိတာ (နိမ္မာရတိနတ်မင်း) ဝသဝတ္တိ (ဝသဝတ္တိ နတ်မင်း)၊ မဟာဗြဟ္မာ (ဗြဟ္မာမင်း) အပေါင်းတို့သည် ရှုမျှော်ငံ့ ညောင်း ကြကုန်သော် တုသိတာနတ်ပြည်ရှိ အလောင်းတော် နတ်သားဖြစ်သော သေတကေတုနတ်မင်း ကိုမြင်၍ အလောင်း တော်နတ်မင်းထံ ချဉ်းကပ်လျက် ဘုရား ဖြစ်ရန် ချိန်တန်ပါပြီ ဟူ၍ လူ့ပြည်သို့သွားခါ သတ္တဝါ အပေါင်းတို့ကို ကောင်း မြတ်သော တရားဓမ္မဖြင့် ညွှန်ပြ ဦးဆောင်တော်မူရန် ဘုရား ဖြစ်တော်မူပါ ဟု တောင်းပန်ကြကုန် သဖြင့် ဘုရားအလောင်း တော်နတ်သားလည်း ဖြစ်ထိုက်သောကာလ ဖြစ်ရာဒီပ ဖြစ်ရာ အရပ်ဒေသ ဖြစ်ရအံ့သော အမျိုးအနွယ် မယ်တော်၏ အာယု ပရိစ္ဆေဒ (ကံကုန်မည့်နေ့) တည်းဟူသော ကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်တော်မူ၏။

(ကြည့်ပုံကား)

၁။ လူတို့၏ အသက်အသချေ နေသည်မှ တသိန်းတန်း၏ အထက် တိုင်အောင်သော ကာလသည်ဇာတိ (ပဋိသန္ဓေတည် ခြင်း) ဇရာ (အိုမင်းခြင်း)။ ဗျာဓိ (နာမကျန်းဖြစ်ခြင်း) မရဏ (သေဆုံးခြင်း) တို့ ကာလကွာဝေး၍ လက္ခဏာရေး သုံးပါးနှင့် စပ်သော တရားစကားကို ဟောပြောသော်လည်း တရားကို မယုံကြည်ပေရာ၊ အကျိုးမဲ့သာ ဖြစ်လေရာ သောကြောင့်၊ မြတ်စွာဘုရားတို့ ဖြစ်မြဲကာလ မဟုတ်ချေ။ လူတို့၏ အသက်

တရားနေသည်မှ ဆုတ်ယုတ်သောအခါလည်း၊ သတ္တဝါတို့ ကိုလေ
သာပြန့်ပြော၍ လောဘ ဒေါသ မောဟ တရားအားကြီးရကား
ဆုံးမ ဟောကြားသော တရား ဒေသနာကို လိုက်နာ၍ မကျင့်
လိုကုန်၊ အကျိုးမဲ့သော ဖြစ်လေရာသောကြောင့်၊ မြတ်စွာ
ဘုရားတို့ ဖြစ်မြဲကာလမဟုတ်ချေ၊ အသက်တသိန်း နေသည်မှ
ရှေ့ကာ တရာတန်းတိုင်ရှိသော ကာလသည်သာလျှင် ဘုရား
ဖြစ်ထိုက်သောအခါ ဖြစ်သည်။ ယခုလည်း လူတို့အသက်တရာ
ရှည်သောအခါဖြစ်၍ ဘုရားဖြစ်ခြင်းငှာ သင့်ပေသည်။

၂။ ဖြစ်ရာဒီပလည်း ဝိတ္ထာရ အချင်းအားဖြင့် ယူဇနာ
တသန်း နှစ်သိန်း သုံးထောင် လေးရာငါးဆယ် ကျယ်သော
စကြာဝဠာ၏ အတွင်း၌ သင်းပင်းငါးရာစီ၊ ငါးရာစီ ဝန်းရံ
သော ကျွန်းငယ်နှင့်တကွ၊ လေးရပ်သော ဒီပါတွင် မြင့်မိုရ်
တောင်မှ လက်ျာဝယ် ယူဇနာတသောင်းရှိသော ဇမ္ဗူ သပြေ
ပင်ရှိရာ ဇမ္ဗူဒိပ်ကျွန်းသည်သာ ဘုရားမြတ်စွာတို့ ပွင့်ရာဒီပ
ဖြစ်သည်။

၃။ ထိုကျွန်းတွင်မှာလည်း တောနေသုံးထောင်၊ ရေနေ
လေးထောင်၊ လူနေသုံးထောင် ရှိသည်တွင်၊ လူနေသုံးထောင်
၏ အလယ်၌ တောင်မြောက် အလျားအားဖြင့် ယူဇနာ သုံးရာ
အရှေ့အနောက် အနံအားဖြင့် ယူဇနာ နှစ်ရာငါးဆယ် အဝန်း
ယူဇနာ ကိုးရာရှိသော အရှေ့သို့လားသော် ဂဇင်္ဂလနိဂုံး၊
ရွာ၊ အရှေ့တောင်သို့ လားသော် သလ္လဝတီမြစ်၊ တောင်သို့
လားသော် သေတကဏ္ဏိကနိဂုံးရွာ၊ အနောက်သို့ လားသော်
ထူဏမည်သော ပုဏ္ဏားရွာ၊ မြောက်သို့ လားသော် ဥသီရဒ္ဓဇ

တောင်၊ ဤနယ်နိမိတ် ငါးရပ်တို့ဖြင့် သတ်မှတ်အပ်သော မဇ္ဈိမဒေသ ဌာနသာလျှင် ဘုရားတကာတို့ ပွင့်ရာအရပ် ဖြစ်ပေသည်။

၄။ လူမျိုးလေးမျိုး တို့တွင်လည်း အကြွင်မင်း ပုဏ္ဏား မျိုးတို့သည် လူတို့ အမြတ်တနိုး ကိုးကွယ်ရှိသေရာဖြစ်၍ ဤဇာတ် နှစ်မျိုး၌သာ ဘုရားဒကာတို့ ဖြစ်ကြကုန်သည်၊ ထိုအမျိုး နှစ်စု တွင်လည်း ယခုအခါ မင်းမျိုးသာလျှင် လွန်ကဲစွာ သင့်မြတ် ချေသည်၊ ထိုမင်းမျိုးတွင်မှလည်း သက္ကတိုင်း ကပိလဝတ်ပြည် ကို အစိုးရသော သုဒ္ဓေါဒန မင်းကြီးသည် မဟာ သမ္မတမင်းမှ စ၍ သုံးသိန်းသုံးသောင်း လေးထောင် ငါးရာ ခြောက်ကျိပ် ခုနှစ်ပါးသော ဥက္ကာဝံသ မဟာဝံသ အသမ္ဘိန္နခတ္တိယ (အခြား သောအမျိုးနှင့် မရောယှက်သော မင်းမျိုး) အစစ် ဖြစ်ပေ သည်။

၅။ ထိုမင်း၏ မိဘုရားသည်လည်း လော်လီခြင်း ငါးပါး မာန်မူခြင်း ကိုးပါး အယုတ်တရားတို့မှ ကင်းလျက် မကျိုး မပျက်သော ပဥ္စသီလမွာရှိရကား ငါ၏အမိဖြစ်ခြင်းငှာ သိုက် သည် အာယုပရိစ္ဆေဒလည်း ဆယ်လ၏အထက်၌ ခုနှစ်ရက်သာ ကြွင်းတော့သည် ဟု ကြည့်ရှုတော်မူ၍ မြင်လေ၏။

## ၂။ နတ်ဘဝမှစုတေ၍ သိရိမဟာမာယာ ဝမ်း၌ ပဋိသန္ဓေယူခြင်း။

ဤသို့ပြည့်စုံစွာ သိမြင်ပြီးမှ ထက်ဝန်းကျင်က တောင်း ပန်နေကြသော နတ်ဗြဟ္မာ အပေါင်းတို့အား ကောင်းပြီဟု

ဝန်ခံပြီးနောက်၊ နတ်အပေါင်း ခြံရံလျက် နန္ဒဝန်အမည်ရှိသော နတ်ဥယျာဉ်သို့ဝင်၍ စုတေခဲ့ပြီးသော် အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသအချက် သက္ကတိုင်းက ကပိလဝတ်ပြည်၊ အာဒိစ္စဝင် (နေမျိုးနွယ်) မင်းမျိုးဖြစ်သော သိရီသုဒ္ဓေါဒန မင်းကြီး၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သော သိရီမဟာမာယာ မိဖုရားကြီး၏ ဝမ်း၌ (ဘိုးတော် အဥ္စနမင်းကြီးက ဖြိုပစ်သည့် ရှစ်ထောင်ခြောက်ရာ လေးဆယ်ငါးနှစ်၊ နောက်မှ ရေတွက်သော)သက္ကရာဇ် ခြောက်ဆယ့်ခုနှစ်ခု၊ ဝါဆိုလပြည့် ကြာသာပတေးနေ့ ဥတ္တရာသနက္ခတ်နှင့် ယှဉ်စံသော သန်းခေါင်ယံ အချိန်တွင် သန္ဓေယူတော်မူသည်။

## (၃) ပုဗ္ဗနိမိတ်သုံးပါး ထင်ပေါ်ခြင်း။

ယင်းသို့ သန္ဓေယူစံသောအခါဝယ် အောက်ဖော်ပြပါ ပုဗ္ဗနိမိတ် သုံးဆယ်နှစ်ပါးတို့ ထင်ပေါ်ကုန်၏။

၁။ တသောင်းတိုက်သော စကြာဝဠာမှမြေ၊ ရေအပေါင်းတို့သည် တပြိုင်နက် ဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန်သည်။

၂။ ပူခြင်း,ချမ်းခြင်း ဟူသော ဥတုနှစ်ဝ ကင်းငြိမ်းမျှတသည်။

၃။ လောကဓာတ် အားလုံး ဆိတ်ငြိမ်လျက် အသံမရှိ အနှောက်အယှက် ကင်းသည်။

၄။ လေပြင်း မုန်တိုင်းမလာ၊ လေသာ လေပြေမျှုးသည်။

၅။ ဂင်္ဂါ, ယမုနာစသော မြစ်ခပင်းတို့၌ ရေစီးခြင်းမရှိ ရပ်တန့်သည်။

၆။ မြေအပြင်၌ မြင်မြင်သမျှသော ပန်း, သစ်ပင် အပေါင်းတို့ နှာမောင်း ဆင့်ကာဆင့်ကာ ပွင့်ကုန် သီးကုန်သည်။

၇။ ကောင်းကင်ထက် ကွန့်မြူးကာ တည်သော အာကာသဌ ရတနာ (ကောင်းကင်၌ တည်ရှိသော ထူးမြတ်သည့် ရတနာ) တို့သည် လွန်စွာ အရောင်ထွက်ကုန်သည်။

၈။ လူ့ပြည်၊ နတ်ပြည်၌ရှိကုန်သော စည်,စောင်း,ပတ်သာ, တူရိယာ အသီးသီးတို့သည် မတီး မမှုတ်ဘဲ မည်ကုန်သည်။

၉။ နတ်ပြည်၌ ရှိကုန်သော ပန်းနံ့သာ မိုးတို့သည် ဖွိုးဖွိုးမျှ ရွာကုန်သည်။

၁၀။ စကြာဝဠာ ကောင်းကင် မြေပြင် ရိုက်ဟီးလျက် တော်ပဲ့ တင်လည်းသည်။

၁၁။ ရှစ်ထပ်သော ငရဲဘုံ၌ မီးဟုန် အပူငြိမ်းသည်။

၁၂။ မီးခိုး သူရိန် မြူတိမ် မိုးလျှံကင်းလျက် နေမင်း၏ အရောင် တောက်ပသည်။

၁၃။ နက္ခတာရာ ကြယ်တာရာတို့ကို နေ့အခါ၌ ညဉ့်မှာကဲ့သို့ မြင်ရသည်။

၁၄။ မြေညစ်ကြေးကို ဆေးလျှော်သည့်ပမာ မိုးမရွာဘဲပင် ရေယဉ် ဖွိုင်ဖွိုင် စီးသည်။

၁၅။ တာရာအပေါင်း သောကြာ၊ ဗုဒ္ဓဟူးစသော ဂြိုဟ် ကြယ်ဘုံဆောင်တို့ အရောင် အလွန်ထွန်းပသည်။

၁၆။ သတ္တဝါသနက္ခတ်တို့ ပြတ်သားစွာ ထင်မြင်သည်။

၁၇။ ငွေစင် စန္ဒာသည်ဝိသာခါနက္ခတ်နှင့် ယှဉ်သည်။

---

ကဝိရတနာစာပေ

၁၈။ တွင်း၊ ဂူ၊ လိုဏ်ခေါင်း မြေအောင်း သတ္တဝါတို့ ထွက်ကုန်သည်။
၁၉။ လူခပ်သိမ်းတို့ ရောင့်ရဲလွယ်ကုန်သည်။
၂၀။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှိသူတို့ ကျန်းခံသည်။
၂၁။ မွတ်သိပ် ဆာလောင်ခြင်း ငြိမ်းသည်။
၂၂။ ပြိတ္တာအပေါင်းတို့ ဝပြောသည်။
၂၃။ လောဘ, ဒေါသ, မာနထန်သူတို့ အလွန်ခေါင်းပါးသည်။
၂၄။ အပါယ် လေးရွာ၌ နှစ်ဆယ့်ငါးဖြာသော ဘေးအပေါင်းကင်းသည်။
၂၅။ ရေမှုန်, မြူညက်တို့ တက်လွင့်ခြင်းမရှိ စင်ကြယ်သည်။
၂၆။ မကောင်း ရနံ့ပျောက်သည်။
၂၇။ နတ်၏ ရနံ့သာလှိုင်၏။
၂၈။ အရူပ လေးရပ်ကိုထား၍၊ ခြောက်ပါးသော နတ်ရွာ၊ ပြဟ္မာ တဆယ့်ခြောက်ဘုံကို အကုန်မြင်သည်။
၂၉။ ငရဲကြီးရှစ်ဝတို့ဝယ် ခံရသူအပေါင်းတို့ကို မြင်ရကုန်၏။
၃၀။ တိုက်နံရံ၊ တံခါး၊ တောင်ဖြား၊ တိမ်တိုက်တို့ကို မကွယ်မကာ ဟင်းလင်းသာဖြစ်ကြကုန်သည်။

(က) အမိကျောကို တံကဲပြု၍ ရွှေမျက်နှာမူလျက်၊ ထက်ဝယ်ဖွဲ့ခွေနေတော်မူသော ဘုရားအလောင်းတော် ကိုလည်း မယ်တော်သည် အပြင်ကကြည့်၍ မြင်ရ၏။
(ခ) ဘုရားအလောင်း၏ အာနုဘော် တံခိုးကြောင့် ပဋိသန္ဓေနေတော်မူစဉ် စကြာဝဠာ တသောင်း၌ ရှိကုန်သော

စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်က မယ်တော်သို့ငှင်း၊ ဘုရားလောင်းသို့ငှင်း၊ ဘေးအန္တရာယ် မရောက်စေအောင် စောင့်ရှောက်ကြကုန်၏။

၃၁။ သတ္တဝါတို့ ခန္ဓာပျက်ကြွေ သေလွန်ရခြင်း မရှိကုန်။
၃၂။ သတ္တဝါတို့ သန္ဓေယူခြင်း၊ ဘွားမြင်ခြင်းမရှိကုန်။

## ၄။ မယ်တော်၌ ကြီးစွာသော အိပ်မက်ကို မြင်မက်ခြင်း။

အိပ်မက်ကား၊ စတုမဟာရာဇ် နတ်မင်း လေးယောက်တို့သည် မိဖုရားကြီးကို အိပ်ရာသလွန်နှင့်တကွ ချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ယူဇနာ ခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာကျောက်ဖြာ၏အပြင် အင်ကြင်းပင်ကြီး၏ အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရားလေးဦးတို့သည် လာကုန်၍ သီတာနဝတတ်ရေတို့ကို ချိုးစေပြီးလျှင် နတ်တို့၏ ပန်းနံ့သာ တန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွဋ်ထက်ရှိသော ရွှေဗိမာန်သို့ ဆောင်၍ အိပ်စေပြန်၏၊ ထိုအခါ ငွေသားခွာတောင်သို့သော ဆင်ပြောင် ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ျာနံပါးကို လှစ်၍ ဝင်သည်ဟု မြင်မက်၏။

ထိုသို့ သန္ဓေယူသောအခါမှစ၍ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် သံလျက် လက်စွဲကုန်လျက် ရွှေနန်းကြက်သရေတိုက်၌ စောင့်လာကုန်သည်။ ထက်ဝန်းကျင်သောစကြာဝဠာ တသောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည်

ကောင်းစွာစောင့်လာကုန်သည်။ ယင်းသန္ဓေတည်နေသည်မှစ၍ မယ်တော်မိဖုရားသည် ယောကျ်ားတို့၌ ညွတ်ငိုက်တတ်ငြိသော ရာဂရမ္မက်ဖြင့် နှောက်ယှက်ခြင်းမရှိ၊ အမြိုက်အတိဖြင့်ဝလျက် နှစ်သက်အပ်သော မင်းစည်းစိမ်ကိုခံ၍ ခြေရံသင်းပင်းနှင့် သာလျှင်သန့်ရှင်းစွာ စံတော်မူ၏။ ကြည်စွာသော ပတ္တမြား ရတနာ၌ သီသော သန္တာနီကြိုးကဲ့သို့၎င်း၊ တရားဟော ပလ္လင်ထက် ထိုင်နေသော တရားဟော ပုဂ္ဂိုလ်ကဲ့သို့၎င်း၊ မယ်တော်၏ ဝမ်းဝယ်ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့မြင်ကုန်သတည်း။

## ၃။ ဘုရားလောင်း မီးဖွားသန့်စင် ဘွားမြင်တော်မူခန်း။

### (၁) မီးရှုးသန့်စင်အခါတွင်း လောကဓာတ် အားလုံး ကျူးမြည်ရိုက်ဟည်းလျက် မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း။

ယင်းသို့ သန္ဓေတည်နေတော်မူ၍ ဆယ်လစေ့သော် မိဖုရားကြီးသည်၊ ခမည်းတော်၊ မယ်တော်၊ ဆွေတော်၊ မျိုးတော်တို့၏ နေရာဖြစ်သော၊ ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒပြင်းလှ၍ သိရိသုဒ္ဓေါဒန မင်းကြီးအား ကြားလျှောက်လေရာ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏ အကြား ငါးယူဇနာရှိသော အရပ်ကို ခတ်အပ်သော တလင်းအသွင် သန့်စင်စွာ သိညွတ်၍ ကြာသွတ်အိုး၊ ရေချမ်း၊ ကွန်းထောက်၊ မဏ္ဍပ်၊

စရပ်၊ ကန္နား၊ ကုက္ကား၊ တံခွန် စသည်တို့ဖြင့် ခင်းကျင်း ပြုပြင် တန်ဆာဆင်၍ စစ်အင်္ဂါလေးပါး ဝန်းရံစေလျက် ရွှေထမ်းစင် စီးပြီးလျှင် ထွက်စေတော်မူ၏။

ယင်းသို့ ထွက်ကြ၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟ ပြည်၏ အကြား၌ နှစ်ပါးသော ပြည်သူတို့ကို ဆွတ်ခူးသုံးဆောင်ရာ သာယာနှုပျို ကြည်ညိုဘွယ်ရှိလှသော လုမ္ဗိနီအင်ကြင်း တောသို့ ရောက်၍ ပင်လုံးကျွတ် ပွင့်လျက် သားငှက်ပိတုံး အပေါင်းတို့ဖြင့် တင့်တယ်သော အင်ကြင်းပင်စည်ကို မြင်တော်မူလျှင် ပျော် ရွှင်ဝင်နား ကစားမြူးတူးလိုသော နှလုံးတော်ရှိလှ၍ ရွှေထမ်းစင်ထက်မှ သက်ဆင်းပြီးသော် အင်ကြင်းပင် အောက်သို့ ဝင်ကြတော်မူ၏။

ယင်းသို့ ဝင်ကြတော်မူလျှင်၊ မင်္ဂလာရှိသော အင်ကြင်း ပင်ကြီး၏ အခက်သည် ညွှတ်လျက်ခံလာ၏။ ထိုသို့ ခံလာသော မင်္ဂလာ အင်ကြင်းခက်ကို ရပ်လျက် လှမ်းတော်မူလျှင်၊ စကြာ ဝဠာ တသောင်းသည် ကောင်းချီးပေးသကဲ့သို့ ဧကြည်ကြည် ကျူးမြည်ရိုက်ဟည်းလျက် မြေကြီးတုန်လှုပ်ခြင်း (ဤကား ဒုတိယအကြိမ် မြေတုန်လှုပ်ခြင်းတည်း)။ ဥက္ကာပြန်ပြီး မိုးရွှေ ရောင်ဝေ လနေကြယ်စုံထွက်၍ တပြိုင်တည်း ထွန်းလင်းခြင်း အစရှိသော သုံးဆယ့်နှစ်သွယ်သော အံ့ဘွယ်သရဲ လွန်ကဲသော တိတ်နိမိတ်တို့ကို ထပ်မံ၍ ထင်ရှားစွာပြလျက် ကမ္ဘာလေ လှုပ်လပ်သော် အထိမ်းအယ မောင်းမ ကိုယ်လုပ်တို့အား အကြောင်းကို ကြား၍ ထိုအင်ကြင်ပင်၏ အပါးတွင် တင်းတိမ် အရံဖြင့် ကာရံခယလျက် မ,စပြုပြင် ကုန်စင်သန့်ရှင်း လွန်ကဲ

သော ပုလဲမှည့် ရတနာသည် အာကာတိမ်ညွန့်မှ မြူးကွန့်ထွက် ဆင်းသကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံ သော အလောင်းတော် မင်းသားကို မဟာသက္ကရာဇ် ၆၈ ခု၊ ဥတုဂိမန္တ ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တည်း အချိန် သိဟ်လက်ဗြိစ္ဆာစန်း၊ ဝိသာခါ နက္ခတ်နှင့် ယှဉ်လျက် ဘွားမြင်တော်မူ၏။

(ခရာဇ်မပေါ်မီ သက္ကရာဇ် ၆၂၃ ခု၊)။ ယင်းသို့ ဘွားမြင်တော်မူလျှင် ကောင်းကင်ပြင်မှ ရေယဉ် နှစ်သွယ်တို့ သည် မယ်တော်ဦးရင်း၊ အလောင်းတော် မင်းသားဦးရင်း၊ ချမ်းမြကြည်သာ ဝေဒနာမရှိစေခြင်းငှါ သက်ဆင်းသွန်းဖျန်း လာကုန်၏။ အလောင်းတော် မင်းသားသည်လည်း၊ တပါး သော သူတို့ကဲ့သို့ လိမ်းကျံရစ်ထွေး ညစ်ကြေး သမ်းမိုးခြင်း မရှိ၊ ပကတိသွန်းသစ်သော ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဘွားမြင်တော်မူလာ၏။

ထိုအခါ ရဟန္တာဖြစ်ပြီးသော ဗြဟ္မာကြီးလေးယောက် တို့သည် ရတနာ ရွှေကွန်ရက်ဖြင့် ဖြန့်လျက် ခံလာကုန်သည်၊ ထိုနောက်မှ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် အလွန် မင်္ဂလာရှိသည်ဟု သမုတ်အပ်သော နုထွ၍ချောမွေ့ သိမ်မွေ့ပြေပြစ်သော သစ်ကနက်ရေဖြင့် ခံလာကုန်သည်။ ထို့နောက်မှ လူမင်းသားလေးယောက်တို့သည် အဘိုးအတိုင်း မသိထိုက်သော ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်သည်။ ထိုလူတို့လက်မှ မြေကြီးထက်သို့သက်၍အရှေ့ကို မျက်နှာပြုလျက် ရပ်တော်မူ သော် တခဲနက်သော စကြာဝဠာအပေါင်းသည် ကောင်းစွာ

ထင်လာကုန်သည်။ အဘိုင်းမသိ ရှိနေကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်း သိန်းသောင်းကုဋေဖြင့် တွက်ဍေရမဆုံး အားလုံးစုံသော လောကဓါတ်၊ ခေတ်သုံးရပ်အတွင်းတွင် အလောင်းမင်းနှင့် တူသောသူကား မရှိပြီ။ အရှင့်ထက်သာလွန်သောသူကို အဘယ်မှာရှာဘွယ်ရာ ရှိတော့အံ့နည်းဟု ကောင်းကြီးပေးကုန်လျက် ဦးယုက်တိုက်ကြကုန်သည်။ ထိုအခါ ဗြဟ္မာကြီးသည် ထီးဖြူအုပ်ကာလျက်– သုယာမနတ်မင်းသည် သားမြီးယပ်ခပ်လျက် တပါးသော နတ်တို့သည် သန်လျက်ခြေနင်း သင်းကျစ်စွဲကုန်လျက် ကောင်းချီးကြွေးကြော် ပူဇော်ကြကုန်သည်။ အလောင်းမင်းမြတ်လည်း———အရှေ့အရပ်မှ မြောက်သို့လှည့်တော်မူလျက် ခုနှစ်ဖဝါးသွား၍ မတ်မတ်ရပ်တန့်ပြီးသော်........

## (၂) သုံးခွန်းသောစကားဖြင့် ကြုံးဝါးတော်မူခြင်း။

အဂ္ဂေါဟမသ္မိလောကဿ – လောကမှာ ငါသည်အမြတ်ဆုံး။
ဇေဋ္ဌောဟမသ္မိလောကဿ– လောကမှာ ငါသည် အကြီးဆုံး။
သေဋ္ဌောဟမသ္မိလောကဿ– လောကမှာ ငါသည် အချီးမွမ်း
အပ်ဆုံး ဟူ၍ သုံးခွန်းသောစကား
ဖြင့် ကြုံးဝါးတော်မူ၏။

ထိုသို့သွားစဉ် အလောင်းမင်းသားသည် သွားတိုင်းသောကိုယ်ဖြင့် သွားသည်ကို မြင်ကုန်သော လူနတ်အပေါင်းတို့ကား ဝတ်စားဆင်ယင်လျက် သွားသကဲ့သို့ရင်း၊ ငယ်သော

အရှယ်ဖြင့် သွားသည်ကို ထဆယ့်ခြောက်နှစ်အရှယ်ဖြင့် သွားသကဲ့သို့ ထင်မြင်ကြကုန်၏။

(ဤဒေသတွင် နောက်သောအခါ သီရိဓမ္မာသောကမင်းတရားက ကျောက်တိုင် ထူတည်ခဲ့သည်။)

ဘုရားလောင်းကို ဘွားသည်နှင့်တပြိုင်နက် ဒေဝဒဟပြည်ကိုအစိုးရသော သုပ္ပဗုဒ္ဓမင်းနှင့် အမိတာ မိဖုယားတွင် ဘဒ္ဒကစ္စနာမင်းသမီး (ယသော်ဓရာဗိမ္ဗာဒေဝီ)ကို ဘွားမြင်သည်။ ဘထွေးတော် အမိတောဒနတွင်လည်း အာနန္ဒာ မင်းသားကို ဘွားမြင်သည်။ ဆန္နအမတ်၊ ကာဠုဒါယီ၊ကဏ္ဍကမြင်းတို့လည်း ဘွားကုန်သည်။ မဇ္ဈိမ ဒေသမြေများ အချာ၌လည်း မဟာဗောဓိပင်ပေါက်သည်။ ရွှေနန်းတော်အတွင်း၌ ရွှေအိုးကြီးလေးလုံးပေါ်သည်။(ဆောင်ပုဒ်) (ကာဠု၊ယသော်၊ညီတော်အာနန္ဒာ ဆန္န၊ကဏ္ဍက၊သောဏ္ဍ၊ဗုဒ္ဓဟော၊ ဘွားဘက်တော်မြတ် ခုနစ်ရပ်) ယင်းသို့ အလောင်းတော်မင်းသားကို ဘွားမြင်တော်မူပြီးသော် ပြည်ကြီးနှစ်ပြည်မှ ရောက်လာကြကုန်သော ဆွေတော်မျိုးတော် အပေါင်းတို့သည် ကောင်းစွာညီ၍ ကပိလဝတ်ပြည်သို့ပြန်ပို့ကြကုန်၏။

## (၃) ခမည်းတော်မင်းကြီးက ပဉ္စပအကြိမ် ဦးညွတ်ရှိခိုးခြင်း။

ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ ဆရာသမာပတ် ရှစ်ပါးကိုရသော ကာဠုဒေဝိလမည်သော ရသေ့သည် မိမိ၏နေရာ

သခ်မ်းမှ နေ့သန့်တော်မူခြင်းငှါ၊ တာဝတိံသာ နတ်ပြည်သို့ ကြွလည်လေသော် နတ်အပေါင်းတို့သည် သောင်းသောင်း အုတ်အော်ကြွေးကြော်ရှင်ပြလျက် ကပိလဝတ်ပြည်ကြီး၏အရှင် ဘုရင် သုဒ္ဓေါဒန မင်းတရားဝယ် ဘုရားအလောင်း ဖြစ်သော သားကောင်းရတနာကို ရလာပေသည်။ ထိုမင်းသားဘုရားဖြစ် သောအခါ ငါတို့ဖူးရတော့မည်။ တရားတော်ကို နာရတော့ မည်ဟု နာရတော့မည်ဟု ရုံးစုပြောကြား ကစား မြူးခုန်ကြ သည်ကိုမြင်၍ ကြောင်းအင် စုံစမ်း မေးမြန်းလေလျှင် နတ်တို့က အကြောင်းကို လျှောက်ထား၍ကြားသိရသဖြင့် ထိုကာဠဒေဝိလ လည်း အားရဝမ်းသာစွာ တာဝတိံသာ နတ်ပြည်မှ လျင်စွာ သက်ခဲ့ပြီး၍ မင်းကြီး၏နန်းတော်သို့ ကြွရောက်လေ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ခရီးဦးကြိုဆိုခြင်း၊ နေရာခင်း ခြင်းစသော ပဋိသန္ထာရကိုပြုပြီးသော် ရသေ့၏ အနီး၌နေ၏။ ကာဠဒေဝိလ ရသေ့လည်း တကာတော် မင်းတရား၌ ဘုရား လောင်းဖြစ်သော သားကောင်းရတနာကို ဘွားမြင်သည်ဟု တာဝတိံသာနတ်တို့ပြောစကားကို ငါကြားသိရသောကြောင့် တကာတော်ထံ ကြွလာသည် ဟုတ်မှန်ပါ၏လောဟု မေး၏။ မင်းကြီးက ဟုတ်မှန်ကြောင်းကို လျှောက်ကြားသော အခါ ထိုသားရတနာကို ငါရှုမြင်လိုသည်ဟု ဆိုလေသော် သားတော် ကို ယူဆောင်ခဲ့စေ၍ မင်းကြီး၏ရင်ခွင်၌ထားပြီးမှ ရသေ့အား ရှိခိုးစိမ့်သောငှါ လက်နှစ်ဘက်ကိုယှက်စေသော်- "**အလောင်း တော်မင်းသား၏ ဘဝါးပေါ်အစုံသည် လျှပ်ခြည်စက်ကဲ့သို့ ပျံတက်၍ ရသေ့၏ဦးထိပ်ပြင်ထက်၌** တည်လေ၏" ဤသို့သော

အံ့ဘွယ်သရဲ ထူးကဲစွာဖြစ်သည်ကိုမြင်လျှင် ရှင်ရသော့သည်ထ၍ ညွတ်ကျိုးရှိခိုးဦးတိုက်၏။ ဘခင် မင်းတရားကြီးလည်း သား တော်မြတ်ကို တုပ်ငံပ်ရိုကျိုးရှိခိုးလေသတည်း။

(ဤကား ပဌမအကြိမ်ရှိခိုးခြင်းတည်း)။

ရှေ့နောက် ကမ္ဘာလေးဆယ်စီ မြင်နိုင်သော ပုဗ္ဗေနိ ဝါသ အနာဂတံသဉာဏ်နှင့် ပြည့်စုံသော ထိုကာဠဒေဝီလ ရသော့လည်း ယနေ့ဘွား စသော ဘုရားလောင်း၏ လက္ခဏာ ကြီးငယ်ကို မြင်လျှင် စင်စစ်မချွတ် ဘုရား ဖြစ်လတ္တံ့သော သူမြတ်ကို ထက်ကြပ်ဖူးမြင်ရသည်ဟု ရှင်ကြည်လှသော နှလုံး ဖြင့် ပြုံးရယ်တော်မူ၏။ ထိုနောက်မှ ဤမင်းသား ဘုရား ဖြစ်သောအခါ ငါဖူးတွေ့ရပ့ါအံ့လောဟု မိမိ၏ အာယုပရိစ္ဆေဒ အသက်အပိုင်းအခြားကို ဆင်ခြင်ပြန်လျှင် ဘုရားမဖြစ်ခင်သေ လွန်၍ အထက်အရူပဘုံ၌ ဖြစ်လတ္တံ့သည်ကိုသိ၍ တွေ့ခဲရလှစွာ သော အစ္ဆရိယ ပုရိသကို တွေ့ရငြားလျက် ဘုရားဖြစ်သည် တိုင်အောင်မျှ ငါမနေရပါဟု မိမိကံကြမ္မာကို ဝမ်းနည်း၍ သည်းစွာ ငိုပြန်၏။

ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီး မေးလျှောက်လေ သော် ဒကာတော်မင်းကြီး၏ သား၌ ဖြစ်ထိုက်သော အန္တရာယ် သည် စိုးစဉ်းမျှမရှိပေ၊ ကေန်စင်စစ် ဘုရားဖြစ်လတ္တံ့သူ မှန်ပေသည်။ ထိုသို့သောသူကို တွေ့ရ၍ ဝမ်းမြောက်လှသော ကြောင့် ငါရယ်မိသည်၊ ဤသို့ တွေ့ပါငြားလျက် ဘုရားဖြစ် သောအခါ ငါမဖူးမြင်ရပြီ၊ တရားတော်ကို မနာရပြီ၊ ဘုရား

မဖြစ်မှီ အကျိုးမဲ့ စုတေရမည်ကို ငါမြင်၍ ငါ၏အဖြစ်ကို ဝမ်းနည်းသဖြင့် ငိုမိသည်ဟု ပြောဆို၏။

မင်းတရားကလည်း အကျွန်ုပ်သားသည် အဘယ်အရွယ် ရှိမှ ဘုရားဖြစ်လတ္တံ့နည်းဟု လျှောက်ပြန်သော် သုံးဆယ့်ငါး နှစ်တိုင်မှ ဖြစ်မည်ဟုဆို၏၊ ထိုသို့ပြောဟောပြီးမှ ကာဠဒေဝိလ ရသေ့လည်း မိမိနေရာသို့ ကြွလေ၍ နှစ်မတော်၏ သားဖြစ် သော နာဠကသူငယ်ကို ခေါ်ပြီးသော် ငါ့တူ နာဠကသူငယ် သုဒ္ဓေါဒနမင်းကြီး၏ သားသည် သုံးဆယ့်ငါးနှစ် တိုင်လျှင် စင်စစ်မချွတ် ဘုရားဖြစ်လိမ့်မည်၊ ထိုအခါတရားတော်ကို နာ၍ ကျင့်သဖြင့် ချမ်းသာတကာတို့၏ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန် ချမ်းသာကိုရအောင် ယနေ့ပင် သင်ရဟန်းပြုလေလော့ ဟု တိုက်တွန်း၏။

ထိုစကားကိုကြားသော် တူတော်နဠကလည်း ငါ့ဦးရီး တော်သည် အကျိုးမဲ့ကို မဆိုပေရာ ကောင်းကျိုးရှိသည်သာ ဖြစ်လတ္တံ့ ဟု ယုံကြည်သည်ဖြစ်၍ ရှစ်ဆယ် လေးကုဋေ ကြွယ် ဝသော ရွှေငွေဥစ္စာ လယ်ယာကျွန်းနွား သားမယားတို့ကို စွန့်ပစ်၍ ထိုနေ့ပင် ရဟန်းပရိက္ခရာတို့ကို ဖွေရှာလျက် ဘုရား လောင်းရှိရာ အရပ်သို့ ရည်မှန်းရှိခိုးကာ ရဟန်းပြုလေ၏။ ထိုနာဠကကား ဘုရားပွင့်သောအခါ ဓမ္မစကြာ တရားတော်ကို ဟောကြား ပြီးသည့်နောက် ခုနှစ်ရက်မြောက်သော နေ့တွင် ဘုရားသခင်နှင့်တွေ့၍ မောနေယျ အကျင့်ကို လျှောက်ထား ပြီးလျှင် ဘုရားရှင်ဟောကြားတိုင်း အားထုတ်၍ ကျင့်သဖြင့် တခုသော ရွှေတောင်ကို မှီလျက် ပရိနိဗ္ဗာန်ပြုလေ၏။

(ဘုရားတဆူတဆူတွင် မောနေယျကျင့်သူ တယောက်သာရှိမြဲ၊ ဤနာဋကထေရ်ကား ဥက္ကဋ္ဌကျင့်သောကြောင့် ကျင့်သည့်နေ့မှ ခုနှစ်လသာ အသက်ရှည်သည်၊ မဇ္ဈိုကျင့်သော် ခုနှစ်နှစ်၊ မုဒုံကျင့်သော် တဆယ့်နှစ်နှစ် အသက်ရှည်သည်)။

## (၄) ဘုရားအလောင်း၏ လက္ခဏာတော်များကို ရှုလျက် အမည်မှည့်ခြင်း။

အလောင်းတော်ကို ဘွားပြီးနောက် ငါးရက်မြောက်၌ အမည် မှည့်အံ့သောနေ့သို့ ရောက်သောအခါ အလုံးစုံသော မင်းအိမ်တော်ကို အကျော်ဇလပ် ပရပ် စန္ဒကူး ဟူသော နံ့သာမျိုးလေးပါး ထူးပြားသော အခိုးအထုံတို့ဖြင့် လိမ်းကျံ ပက်ဖျန်း၍ ဇလပ်ပန်း မုလေးပန်း ပေါက်ပန်း နေဇာမာလာ ကျိုကျူ စသော ပန်းမျိုးတို့ကို ဖြိုးဖြိုးပြည့်မျှ ကြဲစေလျက် သားတော်ကို နံ့သာရေတို့ဖြင့် ခုနှစ်ကြိမ်ချိုးလျက် ကိုးပါးသော ရတနာအစုထက်နေစေ၍ ဗေဒင်သုံးကျမ်း ကမ်းတဘက် သို့ရောက် တတ်မြောက်သော ပုဏ္ဏား တစ်ရာရှစ်ယောက်ကို ခေါ်၍ အဖျော်ယမကာ ဃနာထမင်းတို့ဖြင့် ကျွေးမွေးပြီးသော် ပူဇော်သက္ကာရ အများဆောင်နှင်း၍မင်းသား၏လက္ခဏာ နိမိတ်ကို စစ်ဆေးမေးတော်မူ၏၊ ထိုအခါ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ထင်ရှား တတ်မြောက်စွာသော ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဗောဓ၊ သုယာမ ဟူသော ပုဏ္ဏား ခုနစ်ယောက်တို့က လက်နှစ်ချောင်းကို

မြော်က၍ အရှင့်သားတော်မြတ်သည် ကျွန်းရပ်လေးမည်ကို လှည့်လည်ပိုင်နင်းသော စကြာမင်း သော်လည်း ဖြစ်လတ္တံ့၊ လူတင်ထင်ရှား ဘုရားသော်လည်း ဖြစ်လတ္တံ့၊ ဟူ၍ လျှောက်ထားကြ၏။

ကောဏ္ဍည အနွယ်ဖြစ်သော သုဒတ္တအမည်ရှင် ပုဏ္ဏားငယ်တယောက်မူကား အရှင့်သားသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးရှစ်ဆယ်သောလက္ခဏာတော်ငယ် အခွဲ့ဘွယ် တစ်ဆယ့်နှစ်ဖြာ တရာ့ရှစ်ကွက်သော စက်တော်အစုံ ပါပေသည်။ သုံးဆယ့်တစ်ဘုံဝယ်တစုံတယောက်သူမျှ အတုမရှိ အသဒိသအစစ်မွှာရာဇ်ထွဋ်ထား ဘုရားကေန်ဖြစ်ပါလိမ့်မည်၊ လူတို့ဘောင်တွင် တည်အံ့သောငှာ မဟုတ်ပါဟုလက်ညှိုးတချောင်းကိုသာမြော်ကြားလျှောက်၏။(ထိုကောဏ္ဍညကား ပစ္ဆိမဘဝ၌ တည်သောသူဖြစ်၍ စင်စစ် သိနိုင်လေ၏)။

ထိုစကားကိုကြားလေသော် ခမည်းတော် မင်းတရားသည်လည်း ငါ၏သားသည် ဘုရားဖြစ်လတ္တံ့ဟူ၍ ဆိုသော်အဘယ်အကြောင်းကိုမြင်၍ လူ၏ဘောင်တွင် မရှင်ပျော်ဘဲရှောင်လွှဲတောထွက်လတ္တံ့ နည်းဟု မေးတော်မူ၏၊ ကောဏ္ဍညပုဏ္ဏားလည်း အရှင့်သားသည် ကြီးမားရင့်မာသော ပါရမီသမ္ဘာပညာသတ္တိ ရှိပါသည်။ တဏှာရမ္မက် ငေါ်ငေါ်ခြင်းကင်းပါလိမ့်မည်၊ သူအို သူနာ သူသေ ရဟန်းတည်းဟူသော

နိမိတ်ကြီးလေးပါးကို မြင်သိ၍ သတိသံဝေဂရသဖြင့် မုချ ဆက်ဆက် တောထွက်ပါလိမ့်မည်ဟု လျှောက်၏။

ထိုစကားကို ကြားသော် ခမည်းတော် သုဒ္ဓေါဒန မင်းဟာရာကြီးသည်လည်း သား၏ ရဟန်းဖြစ်ခြင်းကို မနှစ်သက် စကြာရတနာတို့ ရှေ့ဆောင်၍ နှစ်ထောင်ရံဝန်းသော ကျွန်းတော်နှင့်တကွ ဒီပလေးမည်ကို လှည့်လည်ပိုင်နင်းသော စကြာမင်းဖြစ်သည်ကို မြင်လိုရကား သားတော်၏ သံဝေဂ ရခြင်ခြင်းအကြောင်း ကင်းအောင် ပြည်တွင်းပြည်ပ တဂါဝုတ်မျှသော အရပ်၌ အစောင့်အရှောက် ထားလျက် သူအို သူနာ သူသေ ရဟန်း အသွင်ကို မြင်ရမည်ကို မဆိုထားဘိ သတင်းစကားမျှ မကြားရအောင် ကြံဆောင် အားထုတ်တော်မူသတည်း။

မင်းသား၏ အမည်နာမကို ရွေးချယ်ကြကုန်သော် အလုံးစုံသော လူနတ်တို့၏ အလိုခပ်သိမ်းကို ပြီးငြိမ်းစေတတ်ရကား သိဒ္ဓတ္ထကုမာရ ဟူသော အမည်ကိုမှည့်ကုန်၏။ ထိုမင်္ဂလာ အခါနေ့ရက်၌ စုဝေးလာသော မဟာဆွေတော်မျိုးတော် အပေါင်းတို့မှလည်း တယောက်တယောက်သော မင်းသားကို နှံထားဆောင်နှင်းကြရ၏၊ အသောင်းအသိန်း မကသော အထိန်းအယ မောင်းမကိုယ်လုပ်တို့လည်း အပ်နှင်းတော်မူ၏။ အတိုင်းမသိသော အခြံအရံနှင့်တကွ ကြီးပွားရ၏။ အလောင်းတော်မင်းသားကို ဘွားမြင်တော်မူသည်မှ နောက် ခုနစ်ရက်မြောက်သောနေ့ဝယ် မယ်တော် သိရိမဟာမာယာ မိဖုရားသည် ဓမ္မတာဝန်အားဖြင့် အိပ်ပျော်သော ယောကျ်ား

ကဲ့သို့ များစွာသောအန္တရာယ် မတွေ့ဘဲ စုတေခဲ့ပြီးသော် ဘုရားမယ်တော်တို့၏ ဖြစ်ရာ တုသိတာနတ်ပြည်ဝယ် သန္တုသိတ အမည်ရှိသော နတ်မင်းဖြစ်လေ၏။

မယ်တော် နတ်ပြည်စံခဲ့သော် မိထွေးတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီ မိဖုရားသည် သားတော်နန္ဒမင်းသားကို နို့ထိမ်းတို့အား အပ်နှင်း၍ အလောင်းတော်မင်းသားကို မိဖုရားကိုယ်တိုင် နို့တိုက်၍ မွေးမြူတော်မူ၏။

## (၅) ခမည်းတော်မင်းကြီး ဒုတိယအကြိမ် ဦးညွတ်ရှိခိုးခြင်း

ဤသို့ သိဒ္ဓတ္ထမင်းသားကို ဘွား၍ တလမြောက်သော အခါ ခမည်းတော် မင်းတရားသည်လည်း များစွာသော မှူးမတ် ဗိုလ်ပါ အခြံအရံ တို့နှင့် ထွက်စံမှ ယ်၍ လယ်ထွန်မင်္ဂလာ ပြုတော်မူသည်။ ထိုအရပ်၏အနီး ကြီးစွာသော ဇမ္ဗူသပြေ ပင်ရင်းဝယ် ခင်းကျင်းကာရံ စီမံအပ်သော ကောင်းမြတ်သော နေရာ၌ အလောင်းတော်မင်းသားကို ထားပေ၏။

အထိန်းအရံ မိန်းမတို့လည်း မင်းကြီး၏ လယ်ထွန် သဘင်ကိုရှုမျှော်လျက်မေ့လျော့၍နေစဉ်တွင် အလောင်းတော် မင်းသားသည် သိပ်ထားသော နေရာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးသော် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်း သဖြင့် ပဌမစျာန်ကို ဝင်စားတော်မူ၏။ ထိုအလောင်းတော်မင်း သား၏အာနုဘော်ကြောင့်ဇမ္ဗူသပြေပင်ရိပ်သည် နံနက်ကာလ မှစ၍ ညနေ မွန်းစောင်းသည့် တိုင်အောင် မပြောင်းမယွန်းဘဲ

ထီးဝန်းအုပ်သကဲ့သို့ တည်၏။ နို့ထိန်းမိန်းမတို့သည် သတိရသဖြင့်တင်းတိန်တွင်းသို့ဝင်၍ကြည့်ရှုကြသော် အလောင်းတော်မင်းသား၏ သမာပတ်ဝင်နေသော အခြင်းအရာကို မြင်၍အလျင်တစော သုဒ္ဓေါဒနမင်းကြီးအား လျှောက်ပေ၏။ မင်းကြီးလည်း လျင်စွာလာ၍ ရှုမျှော်သော် သားတော်မြတ်၏အခြင်းအရာကို မြင်သဖြင့် ရှင်ကြည်ညွတ်တုပ် လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်တော်မူ၏။(ဤကား ဒုတိယအကြိမ်မြောက်သော ခမည်းတော်၏ ရှိခိုးခြင်း။)

## (၆) အလောင်းတော်အတွက် သိကြားမင်း၏ အာနုဘော်ဖြင့် နတ်ရေကန် ဖန်ဆင်းပေးခြင်း။

ဤမှသည် အစဉ်အတိုင်း ကြီးပွား၍ ဘုရားလောင်းခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ခမည်းတော်မင်းမြတ်သည် မှူးမတ်အပေါင်းတို့ကို စည်းဝေးတော်မူစေ၍ ခုနစ်နှစ်ရှိသော သူငယ်တို့မည်သည် အဘယ်အမှုအရာကို လွန်စွာ မြတ်နိုးတတ်ကုန်သနည်းဟု မေးတော်မူ၏။ ဤအရွယ်သို့ရောက်သော မင်းသားတို့သည် ရေပွဲသဘင် ပျော်ရွှင်ခြင်းကို အလိုရှိတတ်ပါသည်ဟု လျှောက်ကြကုန်လျှင် ဘခင်မင်းတရားလည်း မှို့ပုပြင်သော သက်သမားတို့ဖြင့် ရေကန်ကို ပြုပြင်ကြစေကုန်၊ ယနေ့ အကာလ ဖြစ်ပြီး နက်ဖြန်နံနက်မှ ပြုလုပ်ကြရန်ဟု အမိန့်ရှိထား၏။

နေဝင်ချိန်တွင် သိကြား၏နေရာပဏ္ဍုကမ္ဗလာသည် တင်းမာဘိသဖြင့် အတ္ထုပတ္တိကို ရှုမျှော်သော် အလောင်းတော်

မင်းသား၏ ပျော်ပါးရန် ရေကန်ပြုလိုကြောင်းကို သိ၍ ဝိသုကြုံ နတ်သားကို သင်သွား၍ ဖန်ဆင်းခြေဟု စေတော်မူ၏။ ထိုနတ်သားလည်း လျင်စွာ လာပြီးသော် မြို့လေးမျက်နှာ၌ တဂါ ဝုတ်မျှကျယ်သော ရေကန်ကိုဖန်ဆင်း၍ ပေး၏၊ ထိုရေကန်သည် ကား သန္တာရစ်၊ ပုလဲရစ်၊ ဥဿဖယားရစ်၊ ပတ္တမြားရစ်၊ ကြောင်းမျက်ရွှဲရစ်၊ ဝံသဝဏ်ရစ်၊ ရွှေဖလံနီရစ် တို့ဖြင့် ခုနစ်ဆစ်၊ ခုနစ်ကန့် ကန့်လျက် ပြိုးပြိုးပျက်ပျက်မျှရှိ၏။ ရေ၏ အစ၌ လုပဖြူစင်ထိန်လင်တောက်ပသော ရွှေသလဲ၊ ငွေသလဲ တို့သည် ကြဲဖြန့်ကာ တည်ကုန်၏။ ရတနာ ခုနစ်ပါး အတိပြီး သော အုဋ္ဌ ကျောက် နံရံ သုံးတန် ဝန်းပတ်လျက် ပြင်အထပ်မှ ရွှေပွတ်လုံး၊ ရွှေပွတ်တိုင်တို့သည် အဆိုင်အဆိုင် ခြံရံကာ တည်ကုန်၏။ ပန်းစုံရုပ်စုံ ထည့်လုပ်အပ်သော သန္တာအနီအဆင်း ရှိသော စောင်းတန်း လှေခါးတို့ဖြင့် ခင်းထားအပ်သော ရေဆိပ် ခုနစ်သွယ်တို့သည် ပတ်လည်ရံကာ ရှိကုန်၏။ ရွှေကြာ သွတ်အိုးတို့ဖြင့် စိုက်ပျိုး ပြီးစီး ထားသကဲ့သို့ တဘို့ တကန့်စီ ပေါက်ရောက်သော ကြာမျိုးခုနစ်ပါးတို့သည် ထွားထွားဖွံ့ဖွံ့ အညွန့်အညှောင့် ပေါက်ရောက်ပြည့်စုံလျက် ငုံကာပွင့်ကာရံခါ မလပ် မပြတ်သော ရနံ့တို့ဖြင့် လှိုင်လျက် တကြိုင်ကြိုင် တကြူ ကြူ ဖြစ်၏။

ထိုကန်ဦး၌ ကွန့်မြူး ပျံသွားကုန်သော ကျေးငှက် အပေါင်းတို့သည်လည်း ပြောင်းကာ ပျံကာ တွန်သာရစ်ကြွေး သော အသံတို့ဖြင့် တရံမပြတ် နတ်တူရိယာကဲ့သို့ သာယာစွာ ဖြစ်၏။ ထိုကန်မြတ်ဝယ် လှော်ခတ်ပျော်ပါးစေခြင်းငှာ ရတနာ

ခုနစ်ပါးအတိပြီးသော လှေဘောင်၊ ကတ္တူ၊ သရဂူ သမ္ဗာန်တို့ကိုလည်း ဖန်ဆင်းပြုထား၏။ ထိုဘောင်လှေတို့တွင် ရွှေအတိပြီးသော လှေ၌ ငွေဖြင့်ပြီးသော ထီးဖြူရာဇပလ္လင် ဥကင်ကနက် တင်လျက် ငွေအတိပြီးသော လှေ၌ ရွှေဖြင့်ပြီးသော ထီးဖြူ ရာဇပလ္လင် ဥကင်ကနက် တင်လျက် နှစ်သက်စဖွယ် မင်းဆောင် မင်းခမ်း ကျင်းပကာ ကောင်းစွာ စီမံပေ၏။

ဤသို့လျှင် လူတို့ရပ်၌ မမြင်စဘူး လွန်ကြူးတင့်တယ် အံ့ဘွယ်ရှိလှသော နတ်ရေကန်ကို ညဉ့်သုံးယံ အတွင်း၌ ဖန်ဆင်းခဲ့ပြီးမှ မိမိနေရာ နတ်ပြည်သို့ ပြန်ပေ၏။ နံနက်ကာလ လူတို့ မြင်ကြကုန်သော် အံ့ဘနန်း ရှုမခန်းသော ရေကန်သည် ညဉ့်သုံးယံအတွင်း အလိုအလျှောက် မြေမှပေါက်၍ ဖြစ်မြောက်လာပေသည်ဟု အံ့သြချီးပ၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားကြကုန်၏။ မင်းတရားလည်း အားရ ဝမ်းသာ ထွက်သွားကာ ရှုမြော်၍ ငါ့သားတော်၏ ဘုန်းကံကြောင့် နတ်ဖန်၍ ပေးလာသည်ဟု ဝမ်းသာလှရကား သားတော်အား ဆောင်နှင်းပေး၏။ အလောင်းတော် မင်းသားလည်း နတ်သိကြားကဲ့သို့ များစွာသော အခြွေအရံဖြင့် ရေကန်ဝယ် စံပယ်ပျော်ပါးတော်မူ၏။

ယင်းသို့ အစဉ်သဖြင့် ချမ်းသာစွာကြီးပွား၍ မင်းသား တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာသော် ဘေးတော် ဘိုးတော် အဆက်ဆက်တို့သည် တကြိမ်တရံမျှ မစံစဘူး ထူးမြတ်လှသော ကာလသုံးစု ဥတုသုံးရပ်နှင့် လျော်သော ရမ္မ (ဆောင်းရာသီစံရန်)၊ သုရမ္မ (နွေရာသီစံရန်)၊ သုဘ (မိုးရာသီ

စံရန်) အမည်ရှိသော ရွှေနန်းပြဿဒ် သုံးဆောင်ကို တည်ဆောက်လုပ်၍ ပေးအပ်တော်မူ၏။ ရမ္မပြဿဒ်ကား ဘုံငါးဆင့်ရှိသည်၊ သုရမ္မပြဿဒ်ကား ဘုံခုနစ်ဆင့် ရှိသည်၊ သုဘပြဿဒ်ကား ဘုံကိုးဆင့်ရှိသည်၊ထိုပြဿဒ်သုံးဆောင်တို့သည် အစောက်အားဖြင့် အပိုင်းအခြားမရှိ မြင့်သည်။ အပြန့်အားဖြင့် ချွေရံရှစ်သောင်းကျော် နေပျော်လောက်သည်၊အဆန်းတကျယ် အားဖြင့် ပြောပ ချီးမွမ်း၍ မကုန်နိုင်အောင်တင့်တယ်သတည်း။

## ၄။ ။အလောင်းတော်မင်းသား လေးအတတ်ကို ပြခန်း

ရွှေနန်းသုံးရပ်ကို အပ်နှင်းတော်မူပြီးမှ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ ကြံတော်မူ၏၊ ငါ၏ သားတော်မြတ်သည် လျှောက်ပတ်သောအရွယ်သို့ ရောက်ချေပြီ၊ အတိုင်းမသိသော မင်း မိဖုရားတို့ ခစား ဝန်းရံလျက် နိုင်ငံတိုင်းကားကို စိုးမိုးအုပ်ချုပ်၍ မင်းလုပ်စိမ့်မည်။ မယား သားတို့နှင့် ပျော်ပါးတန်ငြိခြင်းရှိမှ သတိသံဝေဂမသက်တောထွက်၍ ရဟန်းမပြုဘဲ လူ့စည်းစိမ်၌ မွေ့လျော်ကာ စကြာမင်းဖြစ်သည်ကို ငါမြင်ရချိမ့်မည်ဟု ကြံရည်တော်မူပြီးသော် အသီးသီးသော ဆွေတော်မျိုးတော်တို့၏အထံသို့ ရာဇသံရွှေပေနှင့်စေလွှတ်၍ သမီးရတနာပို့ဆက်လာရမည့်အကြောင်းနှင့် တောင်းတော်မူ၏။

ထိုရာဇသံကို ကြားသော် ဒေဝဒဟပြည်၊ ကပိလဝတ်

ပြည့်၌ ရှိနေကုန်သော သုပ္ပဗုဒ္ဓမင်း အစရှိကုန်သော အချို့သော ဆွေတော် မျိုးတော် အပေါင်းတို့သည် ဤသို့ ဆိုကြကုန်၏။ ဤသိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်လတ္တံ့ဟု ပုဏ္ဏားတို့ မြှောက်စားသော စကားကိုမှီ၍ ဂုဏ်မာန်တက်သဖြင့် မည်သည့် အတတ်ကိုမျှ မသင်ကြား၊ ကိုးစား ယုံမှတ်လောက်အောင် အဋ္ဌာရသိပ္ပတွင် တခုခုမျှ မတတ်ချေ၊ အဆင်း အာဝါသလှပ၍ စွမ်းပကား ပညာကင်းရကား မြိုင်တွင်း၌ရောက်သော ပေါက်ပင်ကဲ့သို့သာ ဖြစ်ချေသည်၊ ပြည်ထောင်အချင်းချင်း မင်းတပါးတို့ အကယ်၍ ရန်မူလာကလည်း ဝါဂွမ်းကဲ့သို့ လွင့်ဘို့ရာသာဖြစ်ချေသည်၊ ငါတို့ရင်သွေးကိုပေး၍ မလျော်ဟု ဆိုကြကုန်၏။ ထိုမင်းတို့ဆိုလိုက်သည့် စကားကို မှူး,မတ်တို့ ပြန်ကြားလျှောက်ထား၍ သုဒ္ဓေါဒန မင်းကြီး ကြားလေသော် သားတော်၏ အစွမ်းကိုလည်း မသိရသေးရကား၊ ဘုရားလောင်း ထံသို့သွား၍ မင်းတပါးတို့ ကဲ့ရဲ့လိုက်သော အကြောင်းကိုကြားပြီးမှ အဋ္ဌာရသိပ္ပကို သင်စိမ့်သောငှာ တိုက်တွန်း၏။ အလောင်းတော် မင်းသားလည်း သင်ကြားဘွယ်မရှိ ပဋိသန္ဓေက တတ်မြောက်ပြီး ဖြစ်ပါသည်၊ မည်သည့်အတတ်ကို ရှုလိုသည်ဟု မိန့်တော်မူပါ၊ ရှေ့တော်တွင် ပြပါမည်ဟုပြန်လျှောက်၏။ ယင်းသို့ လျှောက်ကြားသော် ခမည်းတော် မင်းကြီးလည်း အားရဝမ်းသာတော်မူ၍ မင်းယင်ပြင်ဝယ် ကြီးကျယ်သော တလင်း မင်းကွင်းကို ပုံပြီးလျှင် ဗိုလ်တထောင် တင်ထိုက်သော လေးကိုအပ်၍ လေးအတတ်ကို ပြစေ၏။

ထိုအခါ အလောင်းတော် မင်းသားသည်လည်းကပိလဝတ်ပြည်တော်တွင်ထက်ဝန်းကျင်မှကျော်ဇောကုန်သောအက္ခာဝေမိ၊ ဝါလဝေမိ၊ သရဝေမိ၊ သဒ္ဒဝေမိ အမည်ရှိသော လေးသမားတို့ကို ခေါ်၍ မင်းရင်ပြင်၌ စည်းဝေး စေပြီးသော် အလောင်းတော်မြတ် မူကား ပတ္တမြားပြောက်ဖြင့် ပြီးသော ချမိန်းညို၊ မျည်းတို၊ မျည်းရှည် စသည်တို့ကိုဝတ်၍ နဝရတ်ကိုးပါးဖြင့် စီတတ်သော သင်းကျစ်မကိုဋ်ကို ဦးခေါင်း၌ စွပ်လျက် တခဲနက် ရတနာခုနစ်ပါးဖြင့် ချုပ်အပ်သော ခါးကြိုးကို ပန်း၍လခြမ်းသဏ္ဍာန်ရှိသော သားချိုလေးဝယ် သန္တာအဆင်းရှိသော ညို့ဖြင့် သွဲ့လျက် မြအဆင်းကဲ့သို့သော တောင့်ကို လွယ်ပြီးလျှင် "မြေကြီးမှခွဲ၍ ထွက်သော နဂါးလိုင် စစ်သဘင်ကျင်းပရာသို့ ထွက်သော သိကြား" ကဲ့သို့ ပရိသတ်လေးပါး၏ အလယ်၌ တင့်တယ်စွာ ရပ်တော်မူပြီးလျှင် ယခင်လေးသမားကြီးတို့ကို လေးထောင့်ကံပမာ လေးမျက်နှာအရပ်က နေစေပြီးသော် မြှားကမ်းသူနှင့် တကွ သောင်း သုံးသောင်းမျှလောက်သော မြှားတို့ကိုအပ်၍ တညီတညွတ်တည်း ပစ်လွှတ်ကြကုန်ဟု ဆို၏။

ထိုလေးသမားတို့ကလည်း အရှင့်သား ကျွန်ုပ်တို့ အများကို မဆိုထားဘိ တယောက်တည်း ပစ်သော မြှားကို မြှားသားမြစ်ခြင်းငှာ မတတ်နိုင်ရာ၊ ပြုတော်မမူပါနှင့်ဟု လျှောက်ကြကုန်၏။ အလောင်းတော် မင်းသားက ငါ့အား သင်တို့ မစိုးရိမ်လင့် ကိုယ်စွမ်းရှိသမျှသာ ပစ်လွှတ်ကြကုန်ဟု မိန့်တော်မူ၍ မင်းကွမ်း၏ အလယ်ကျယ်လှသော အပြင်ဝယ် ရွှေခြသေ့

ကဲ့သို့ ရပ်တော်မူသည်။ လေးသမားတို့လည်း စွမ်းပကားရှိသမျှ အားထုတ်လျက် လျှပ်တပျက်လျှင် အချက် အရာ အထောင်ရှိသမျှ စေလွှတ်ကြ၍၊ လာသမျှသော မြှားတို့ကို အလောင်းတော်မင်းသားသည်ဝဇီရစိန်စဉ်းသွားတပ်အပ်သောမြှားတစင်းဖြင့်သာ ဆီးကာပုတ်ခတ်၍ ထိုထိုအရပ်သို့ ကျစေသည်။ ဤသို့မြှားအလာကို ဆီးကာဖယ်ရှားသော " သရပ္ပဋိက္ခိမ "အတတ်ကိုပြတော်မူရာတွင် ထက်ဝန်းကျင် မြေပြင်ပြည့်မျှ ရှုနေကုန်သောမင်းညီ မင်းသား၊ ပုဏ္ဏား၊ သူဌေးစသော ပရိသတ်တို့၏ရင်ပတ် လက်တီး အံ့ချီးပြောပသော အသံသည် မိုးအပြင်၌တော်ပဲ့သံဟီးလျက် မြေကြီးတုန်ဘနန်းမျှရှိ၏။

ထို့နောက်မှ ထိုလေးသမားတို့၏ နေရာ၌ စီစိုက်ထားအပ်သော ငှက်ပျောပင်တို့ကို တကြိမ်တည်း ပြစ်အပ်သောမြှားဖြင့် အားလုံးကို မှန်စေပြီးမှ လက်တွင်းသို့ မြှားကျလာသော "စက္ကဝေဓိ" အတတ်ကို ပြတော်မူသည်။ ထို့နောက် လျှပ်တပြက်ကို အချက် အသောင်း အသိန်း ပစ်ခြင်းတည်းဟူသော "အက္ခဏဝေဓိ" အတတ်၊ ခရမ်းသီးစသော အမှတ်ကို ချက်ရာမစပ်မှန်အောင် ပစ်ခြင်း၊ သားမြီးမွေးမှင်ကို ထက်ဝက်တွင်း အောင်ပစ်ခြင်းတည်းဟူသော " ဝါလဝေဓိ" အတတ်၊ ရှေ့ပစ်လိုက်သော မြှားကို နောက်မြှားဖြင့် မှန်အောင်ပစ်ခြင်းတည်းဟူသော "သရဝေဓိ "အတတ်၊ မျက်စေ့ဖြင့် မမြင်ဘဲအသံကို နားထောင်၍ မှန်အောင်ပစ်ခြင်းတည်းဟူသော "သဒ္ဒဝေဓိ" အတတ်၊ ဤလေးပါးသော မြှားရေးကြီးတို့ကိုငှင်း၊ နွယ်တန်းသကဲ့သို့ မြှားတန်းမပြတ်အောင် ပစ်ခြင်းတည်းဟူ

သော "သရလဋ္ဌိ" အတတ်၊ ကြိုးအစဉ်ကဲ့သို့ ပစ်ခြင်းတည်းဟူသော "သရရဇ္ဇု" အတတ်၊ မြှားပြဿဒ် ဆင့်တက်အောင် ပစ်ခြင်းတည်းဟူသော "ဘရပါသာဒ" အတတ်၊ စောင်းတန်း ဆင့်အောင် ပစ်ခြင်းတည်းဟူသော "သရသောပါန" အတတ်၊ မြှားကို မြှားဖြင့်ဆီးကာအောင် ပစ်ခြင်းတည်းဟူသော "သရပ္ပဋိဗာဟန" အတတ်၊ မဏ္ဍပ်အုပ်သကဲ့သို့ ပစ်ခြင်းတည်းဟူသော "သရမဏ္ဍပ်" အတတ်၊ မြှားတန်တိုင်း ဝိုင်းအောင်ပစ်ခြင်းတည်းဟူသော "သရပါကာရ" အတတ် လေးထောင့်ကဲ့သို့ တည်အောင် ပစ်ခြင်းတည်းဟူသော "သရပေါက္ခရဏီ" အတတ်၊ ပဒုမာပွင့်ချပ်ကဲ့ သို့မြှားအထပ်ထပ်အဆိုင်ဆိုင် တက်အောင် ပစ်ခြင်းတည်းဟူသော "သရပဒုမ" အတတ်၊ မြှားမိုဃ်းရွာစေခြင်း တည်းဟူသော "သရဝဿ" အတတ်၊ မြှားစက်ဝန်း သွားအောင် ပစ်ခြင်းတည်းဟူသော "စက္ကဝိဒ္ဓ" အတတ်၊ မြှားရဟတ်လည်အောင် ပစ်ခြင်းတည်းဟူသော "သရဝဋ္ဋန" အတတ်၊ ဤကဲ့သို့ သူတပါးနှင့် မဆက်ဆံသော တဆယ့်နှစ်ပါးသော မြှားရေးငယ်တို့ကိုငင်း၊ လက်တဆယ့်နှစ်သစ်ထုသော ရေသဖန်းပျဉ်ကို ထုတ်ခြင်း ထွင်းအောင်ပစ်ခြင်း၊ လက်ရှစ်သစ်ထုသော ပိတောက်နှစ်ပျဉ်ကို ထုတ်ချင်း ထွင်းအောင်ပစ်ခြင်း၊ လက်လေးသစ်ထုသော ကြေးနီပြားကို ထုတ်ချင်း ထွင်းအောင်ပစ်ခြင်း၊ လက်နှစ်သစ်ထုသော သံပြားကို ထုတ်ချင်း ထွင်းအောင်ပစ်ခြင်း။ ဗိုလ်တရာဝန်တင်သော လှည်းကို နောက်မှရှေ့၊ ရှေ့မှနောက် ထွင်းပေါက်အောင်ပစ်ခြင်း၊ သဲအပြည့်တင်သော လှည်းကို ထွင်း

ပေါက်အောင်ပစ်ခြင်း၊ တည်းဟူသော ခုနစ်ပါးသော အားစွမ်းတို့ကိုရှင်း ပြတော်မူသည်။

ဗိုလ်ချေတထောင်တင်သော လေးကိုလက်ဝဲလက်ဖြင့်ချီ၍ လကျာလက်ဖြင့် ဖြန့်အပ်သော အသံသည် မိုးကြိုးပစ်တွင်၊ လျှင်တော် ဟိန်းသကဲ့သို့ လန့်ကြောက် ကြိမ်းမက်ဘွယ်ဖြစ်၍ ကပိလဝတ်ပြည်အလုံး ထိတ်လန့်တုန်လှုပ်၏၊ ဝဇီရ **စိန်စဉ်းသွား**တပ်အပ်သော မြှားရတနာကို လကျာလက်ဖြင့် ဆွဲ၍ လက်ဝဲလက်သန်းအသည်းဖြင့် စဉ်းကို ခတ်အပ်သော အသံသည် ပဥ္စင်း ဒုံမင်း၊ လင်းကွင်း၊ စည်းဆုပ်ကို တီးမှုတ်သောအခါကဲ့သို့ သာယာနာပျော်ဘွယ်ရှိ၏၊ မြှားတော်ကို ရေထဲသို့လွှတ်သည်ရှိသော်၊ လေးဥသဘတိုင်အောင် ရောက်သည်၊ အထက်သို့ အစောက်ပစ်သော်ရှည် ရှစ်ဥသဘတိုင်အောင် ရောက်သည်၊ ဖိလာအားဖြင့်ပစ်သော် တယူဇနာအရပ်သို့ ရောက်သည်၊ (ဤကား ပကတိပစ်သောအစွမ်းတည်း) အလိုတော်ရှိ၍ အားထုတ်တော်မူသော စကြဝဠာမဟာရာဇ်သို့ စေသော်လည်းရောက်ရာ၏၊ ထိုမှတပါး မင်းသားတကာတို့ **တတ်ရာသမျှ**သော ဆင်စီး၊ မြင်းစီး၊ စက်မီး၊ ဓါးတင်၊ ကာငင် လှံထိုး အစရှိသော အတတ်မျိုးပေါင်းတို့ကိုလည်း ကောင်းစွာပြသတော်မူ၏၊ ယင်းသို့မင်းအဆက်ဆက်တို့ လေ့ကျက်နိုင်မည်ကို မဆိုထားဘိ သတင်းစကားမျှ မကြားစဘူး ထူးမြတ်လွန်ကဲ အံ့အဲချီးမွမ်း၍မကုန်၊ လူတို့ဘုံတွင် တစုံတယောက်သောသူမျှ ပြိုင်တူ ဘက်ယှဉ်ခြင်းငှာ မတတ်နိုင်ရာသော အဋ္ဌာရသသိပ္ပ အပေါင်းကို

ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ အလယ်၌ ဆန်းကြယ်စွာ ပြတော်မူ၍ ပြည်သူအပေါင်းတို့ မြင်ရလျှင် ကြည်ရှင် ဝမ်းမြောက်ကြကုန်၍ ပုဆိုး မြှောက်ခြင်း၊ ဦးရစ်မြှောက်ခြင်း၊ ပန်းပေါက် ပေါက်ကြဲဖြန့်ခြင်း၊ ရွှေသလဲ့ငွေသလဲကြဲခြင်း ရင်သပ်၊ လက်တီး၊ ချီးမွမ်းအံ့သြခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကုန်သည်၊ ထက်ဝန်းကျင်သော အရပ်တို့၌ နတ်တို့ပန်းမိုးဆီး၊ နံ့သာမိုးရွာကုန်သည်၊ လူနတ်အပေါင်းတို့၏ ကောင်းချီးပေးကြသော အသံသည် မိုးယံအပြင်ဝယ် တော်ပဲ့တင်ကျော်ဟည်းလျက် မြေကြီးပြိုမတတ်ရှိလေသည်။

## ဘိသိက်ခံ စံတော်မူခြင်း။

ထိုအခါမှ မဟာဆွေတော်မျိုးတော် အပေါင်းတို့သည် ဦးခေါင်းနှိမ်ချ ချီးပမြှောက်စားလျက် သားကောင်း သမီးကောင်းနှင့်တကွ များစွာသော ပဏ္ဏာကာရကို ဆက်သလာကုန်သတည်း၊ ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းကလည်း ဘဒ္ဒကစ္စနာအမည်ရှိသော မင်းသမီးကို အထိန်းအယမ်နိးမကိုယ်ရံနှင့်တကွ ပို့သလေသည်။ ကပိလဝတ်ပြည်သို့ရောက်လျှင် အသီးအသီး ရွေးကောက်တော်မူ၍ လေးသောင်းသော မောင်းမတို့နှင့်တကွ ဘဒ္ဒကစ္စနာကို ယသော်ဓရာဗိမ္ဗာဒေဝီဟူသော အမည်ဖြင့် ဘိသိက်ခံ၍ အဂ္ဂမဟေသီထားတော်မူသည်။ ဤသို့လျှင် အလောင်းမင်းသား ကိုယ်

တော်မြတ်သည် ပြဿဒ်သုံးခုဝယ် ဥတုအလှည့်လှည့်အားဖြင့် ယောကျ်ား ကင်းလျက် စောင်းညှင်း ပတ်သာခရာအငြိမ့်၊ အစရှိသော အတီးအကခယမ်း စေပါးခြင်းတို့ဖြင့် မိန်းမအခြံ အရံဖြင့်သာလျှင် ပျော်စံတော်မူ၍ တဆယ့်သုံးနှစ်တိုင်တိုင် ရှိ၏။

## ဘုရားအလောင်း မင်းသားအား နိမိတ်လေးပါး ထင်၍ သံဝေဂရခန်း

### (၁) ပဌမအကြိမ် ဥယျာဉ်တော်သို့ ထွက်တော်မူစဉ် သံဝေဂရခြင်း။

ဤသို့ ရွှေနန်းသုံးရပ်ဝယ် နတ်စည်းစိမ်နှင့်မယှဉ်းသော လူမင်းချမ်းသာကို ကောင်းစွာ စံစားတော်မူ၍ သက်တော် နှစ်ဆယ့်ရှစ်နှစ်၊ သက္ကရာဇ် ကိုးဆယ့်ခြောက်ခုသို့ ရောက်သော အခါ ဥယျာဉ်တော်သို့ ထွက်စံတော်မူလိုသော စိတ်ရှိရကား ကိုးပါးသော နဝရတ်ဖြင့် ခြယ်တတ်စီမံသော ဝေဇယန်ရထား ဝယ် ကုမုဒြာကြာချပ်နှင့် အလားတူသော သိန္ဓောမြင်းလေးစီး ကစေလျက် မှူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ စစ်အင်္ဂါလေး ပါး ခင်းကျင်းလျက် ထွက်ကြွတော်မူ၍ ဥယျာဉ်တော်၏ အနီး သို့ ရောက်သောအခါ တုသိတာနတ်အပေါင်းတို့သည်အလောင်း မင်း၏ ရဟန်းပြုရသော အချိန်သင့်ပြီ သတိသံဝေဂရအောင် ငါတို့ပြုတော့မည် ဟု ကြံ၍ ဝေဇယန်ရထား၏ ရှေ့တူရူ၌

ဆံဖြူသွားကြွေ အရေတွန့်တို အိုမင်းစွာသော သူ၏အသွင်ကို ဘန်ဆင်း၍ပြ၏၊ အလောင်းတော် မင်းသားနှင့် ရထားမှူးတို့သာမြင်စေသည်၊ တပါးသော ဗိုလ်ပါပရိသတ်တို့ မမြင်ကြရကုန်၊ ဘုရားလောင်းလည်း ထိုသူအိုကိုမြင်လျှင် ရထားမှူးကိုခေါ်တော်မူ၍ အချင်းရထားမှူး ဤလမ်းဦး၌ ထူးကဲယိုယွင်းသောအဆင်းသဏ္ဌာန်ဖြင့် အလွန်ပင်ပန်းစွာ လာလပ်သည်ကားအဘယ်သူနည်း ဟု မေးတော်မူ၏။

ရထားမှူးကလည်း သူအိုဖြစ်ပါသည်ဟု လျှောက်၏၊ ငါတို့လည်း ဤကဲ့သို့အိုရဦးအံ့လော ဟု မေးတော်မူပြန်လျှင် အရှင်မင်းမြတ် လောကဓါတ် သုံးခွင်ဝယ် မြင်မြင်သမျှသော သတ္တဝါ အပေါင်းသည်ကား အကြောင်း သုံးပါးကြောင့် ဖြစ်၍ ခေတ်ကာလ သုံးရပ်နှင့်ယှဉ်သော သစ်ပင်၊ သစ်သီးတို့ ပမာ မာတာပီတ အမှီရ၍ ကလလရေကြည် တည်နေပေါက်ဖွားသော လူအပေါင်းသည် အကြောင်းသုံးပါးနှင့် ကြုံကိ၍ အခိုက်အတန့် သုံးရပ်ဖြင့် ပျက်စီးမြဲဓမ္မတာ ဖြစ်ချေသည်၊ ဇာတိရှိက ဇရာရ၍ ဒုက္ခဗျာဓိပရိဒေဝ မရဏာသဘော ရောက်သောဓမ္မတာ- ဤအရာကို သူငါမလွတ် တွေ့တတ်ရကား ရှင်မင်းဖျားလည်း မရှားရှောင်သာ၍ ဤခန္ဓာသည် အိုပါမည် ဆတ်ဆတ်ပင်ဘုရား ဟု နားတော်လျှောက်သော် အလောင်းတော်မြတ်လည်း အတ္တုပ္ပတ္တိကို ဆင်ခြင်လျက် ဘဝင်တုန်လှုပ် သည်းဆုပ်မျှပူဆွေး ကြောက်လန့်တော်မူ၍ ဉယျာဉ်သို့မဝင်ဘဲ မြင်ရာအရပ်ကပင် ရထားဦးလှည့်၍ ရွှေပြည်ဗိမာန်သို့ ပြန်ဝင်တော်မူလေ၏၊ ခမည်းတော်မင်းကြီးလည်း ထိုအကြောင်းကို သိ

တော်မူလျှင် စိုးရိမ်တော်မူလှ၍ ရှေးကထားသော အစောင့်အရှောက်ထက် လုံခြုံအောင် ထပ်မံကာတကာဝုတ် တိုးချဲ့၍ ထားတော်မူလေသည်။

## (၂) ဒုတိယအကြိမ် ဥယျာဉ်တော်သို့ ထွက်စဉ် သံဝေဂရခြင်း။

ထို့နောက် လေးလမြောက်သောအခါ မင်္ဂလာဥယျာဉ်သို့ ထွက်လိုသောဆန္ဒဖြစ်၍ ထွက်တော်မူပြန်လျှင် ယခင်နတ်တို့ပင် သူနာအဟန်ကိုဘန်ဆင်း၍ ပြပြန်သဖြင့် ရထားမှူးအား ရှေးနည်းမေးတော်မူသော် ဤသူနာကဲ့သို့ မချွတ်နာရဦးမည်ဟု လျှောက်တင်၍ သိမြင်တော်မူလျှင် ယနေ့နက်ဖြန်ပင် တွေ့ရအံ့သကဲ့သို့ အလွန်သံဝေဂ ရှိတော်မူသည်၊ ထိုအကြောင်းကို ခမည်းတော် မင်းတရားကြီး သိပြန်လျှင် ယခင်ရှေးကထက် တကာဝုတ် တိုးချဲ့၍ အစောင့်အရှောက် ထားတော်မူပြန်သည်။

## (၃) တတိယအကြိမ်ဥယျာဉ်တော်သို့ ထွက်စဉ် သံဝေဂရပြန်ခြင်း။

ထို့နောက်လေးလမြောက် တကြိမ် ထွက်တော်မူရာဝယ် ထိုတုသိတာနတ်တို့ပင် သူသေအဟန်ကို ဘန်ဆင်း၍ ပြပြန်သဖြင့်၊ တဖန်ရထားမှူးအား မေးတော်မူသော် “ ဤသူသေကဲ့သို့ မသေမလွဲအမြဲသေရပါဦးမည်”ဟုလျှောက်ထား၍ ကြားတော်မူလျှင်ပင် ယနေ့နက်ဖြန်ပင် သေရမည်ကဲ့သို့ထင်၍ အတိုင်းထက်အလွန် သံဝေဂရရှိတော်မူသည်။ ထိုအကြောင်းကို ခမည်းတော်မင်းကြီး သိပြန်လေသော် မှူးတော် မတ်တော်တို့အား စိစစ်မေးမြန်းတော်

မှုလျက် ရွေးကာထားသော အစောင့်အရှောက်ထက် တဂါဝ့ုတ် တိုးချဲ့ထားတော်မူပြန်သည်။

## (၄) စတုတ္ထအကြိမ် ဥယျာဉ်တော်သို့ ထွက်စဉ် သံဝေဂရပြန်ခြင်း။

ထို့နောက် လေးလမြောက် ဟကြိမ် ထွက်တော်မူပြန် လျှင် ယခင်နတ်တို့ပင် ရဟန်းအသွင်ကို ပြသဖြင့် ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို မေး၍ သိတော်မူရသော် ရဟန်းအဖြစ်၌ ညွတ် သောစိတ် ရှိတော်မူ၍ ဥယျာဉ်သို့ ဝင်တော်မူ၏။

## (၅) သိကြားမင်းက နတ်ဝတ်ဘန်ဆာ ပေးလှူခြင်း။

ယင်းသို့ ဥယျာဉ်သို့ ဝင်တော်မူ၍ မင်္ဂလာကျောက်ဖျာ ထက်ဝယ် စံပယ်တော်မူပြီးမှ တန်ဆာ ဆင်ယင်လိုသော စိတ်ရှိ လေသော် သိကြားမင်း၏နေရာ၊ ပဏ္ဍုကမ္ဗလာသည် တင်းမာ သောကြောင့် အရေးကို ရှုလေသော် အလောင်းတော်မြတ်သည် တန်ဆာ ဆင်ယင်လိုသော ဆန္ဒရှိကြောင်းကိုသိ၍ ဝိသုကြုံ နတ်သားအား " သင်သွား၍ တန်ဆာဆင်ချေ "ဟု စေတော် မူလိုက်၏။ ဝိသုကြုံနတ်သားလည်း မထင်မရှားသော အသွင်ဖြင့် လာ၍ နတ်တန်ဆာတို့ကို ကောင်းစွာ ဆင်ယင်ပေး၏။ ထို အခိုက်တွင် ဘဒ္ဒကစ္စနာ မိဖုရားဝယ် သားတော် ဖွားမြင်တော် မူကြောင်းကို လျှောက်လာ၍ ကြားသိတော်မူသော် အလောင်း တော်မြတ်လည်း ကျဉ်းကြပ်သော နှလုံးတော်ရှိလှ၍ လကိုရာဟု ဘမ်းသကဲ့သို့ မယားဟူသော အနှောင်အဖွဲ့တခုတွင် ယခု သား ထပ်မံ၍ နှောင်ဖွဲ့ပြန်ဘိသည်ဟု မိန့်တော်မူလိုက်၏။ ထိုစကားကို

သုဒ္ဓေါဒန မင်းကြီးအား လျှောက်ကြား သံတော်ဦးတင်လေသော် မြေးတော်ကို ရာဟုလာဟု မှည့်တော်မူ၏။ သိဒ္ဓတ္ထမင်းသည်လည်း ညချမ်းသောအခါ ဗိုလ်ပါအပေါင်း ဝန်းရံလျက် ဗိမာန်ရွှေနန်းသို့ ဝင်တော်မူ၏။

## (၆) ကိသာဂေါတမီ၏ ဥဒါန်း စကားကိုကြားရသဖြင့် သံဝေဂ ရခြင်း။

ထိုအခါ မင်းလမ်းမ၏အနီး ကြီးစွာသော အိမ်နန်းမှ ကိသာဂေါတမီသည်လေသာ ပြူတင်းကို ဖွင့်ရှုသဖြင့် ဘုရားလောင်း၏တင့်တယ်ခြင်းအသရေကိုမြင်လေသော် ရွှင်လန်းသော စိတ်ရှိလှ၍—

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ၊

နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ

ဟူသော ဥဒါန်းဖြင့် ချီးမွမ်းဆိုလင့်၏။

အဓိပ္ပာယ်ကား....အို....ခင်ပွန်းမတို့ လောက ဤရွာဝယ် ဘုန်းပညာအသရေ အခြေအရံတို့ဖြင့် စံမွာယ် တင့်တယ်ခြင်း အမှု၌ အတုမရှိ အသဒိသဖြစ်သော သားတော်မြတ်၏ မိခင်ဘခင်သည် အလွန်သာလျှင် ကြည်လင်ငြိမ်းချမ်း ရွှင်လန်းပေအံ့သည်တကား။ ဤကဲ့သို့သော လင်ကောင်းမယား ညာထား ငယ်ကြင်သည် အလွန်သာလျှင် ရှုမြင်မရဲ ယှဉ်နွဲ့ပျော်မြန်း ငြိမ်းချမ်းလေအံ့သည်တကား....ဟူလို....

ဤ ကိသာဂေါတမီ ဆိုအပ်သော ဥဒါန်း စကားကို အလောင်းတော် မင်းသားကြားတော်မူလျှင် ပုထုဇဉ်သား ဖြစ်

သေးသော ဤလူ၏ အတ္တဘောကို မြင်သဖြင့် မိခင် ဘခင် ငယ်ကြင် မယားတို့အား ငြိမ်းချမ်းခြင်းဖြစ်၏ ဆိုသည်မှာ ဇာတိ၊ ဇရာ၊ ဗျာဓိမရဏာ ဒုက္ခကင်းဝေးလျက် ဘေးအပေါင်းမှ ငြိမ်းနိုင်ရာသည့်တကား။ ထိုသို့ငြိမ်းအောင် ဆောင်သောသားမှ နိဗ္ဗုတာမည်ရာသည် တကားဟု ဉာဏ်တော်ဖြင့်ယူ၍ ဤသူ မချိုးမွမ်းအပ်သော သုတိမင်္ဂလာနှင့် မယှဉ်း ငြိမ်းချမ်းခြင်း သဘောကိုရှာရအောင် ယနေ့ပင်လျှင် ဤလူ့ ခွင်မှ ထွက်၍ တောနက်မြိုင်ဝှမ်း ရဟန်းပြုပြီးလျှင် နိဗ္ဗုတာကို ရှာမှီးတော့အံ့ဟု အကြံတော်ဖြစ်၍ လည်၌ ရစ်ဆင်သော အဘိုး တသိန်းထိုက်သည့် ပုလဲသွယ်ကို ကိသာဂေါတမီအား ဆရာစားပြု၍ ပို့စေ၏။ ထိုမင်းသမီးကလည်း သိဒ္ဓတ္ထမင်းသားသည် ငါ့ကိုမြင်၍သွားသဖြင့် ငါ့အား နှစ်သက်တက်မက် မြတ်နိုးခြင်းရှိ၍ လက်ဆောင်ပဏ္ဏာပို့ရောက်လာသည်။ ယသော်ဓယောမှုကား သားဖွား၍ အိုပြီ ငါ့ကိုထိမ်းမြားက ငါမိဖုရားကြီး ဖြစ်ရတော့မည်ဟု ကြံအောက်မေ့လျက် ဝမ်းမြောက် ဝမ်းသာ မျက်နှာ တရှင်ရှင်နှင့် စားမဖြောင့် စက်မပျော်ရှိ၏။

(ဤကိ သာဂေါတမီကား ဘုရားလောင်း၏ နှမတော်စပ်သူပင်တည်း)။

# ၆။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခန်း။

## (၁) အချေအရံ ကချေသည် မိန်းမတို့ ကာအိပ်မွေ့ အိပ်စက်နေခြင်းကို မြင်ရသဖြင့် ကာမဂုဏ်တွင် အလွန်ငြီးငွေ့ပြန်ခြင်း။

အလောင်း မင်းမြတ်သည်လည်း ရွှေနန်းပြသာဒ်သို့ တက်တော်မူ၍ ထီးဖြူကနက် ဖြန့်ကြက်လျက် ခင်းအပ်သော မင်းနေရာထက်၌ ထက်စံတော်မူလျှင် ထက်ဝန်းကျင်ရံခ၍ နေကြသော ကချေသည် မင်းသမီးတို့သည်လည်း အထူးထူးသော စည်း စောင်း၊ ညှင်း စသည်တို့ဖြင့် သီက မှုတ်တီးလျက် မငြီးငွေ့ကြောင်း ကောင်းစွာ ဖျော်ဖြေကုန်၏။ ဘုရားလောင်းလည်း ကိလေသာ၌ အာသာကင်းတော်မူ၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူ၏၊ အတီး အက မောင်းမအပေါင်းတို့သည်လည်း၊ စည်း၊ ဆောင်း၊ ညှင်းတို့ကိုပိုက်၍ အိပ်စက်ကြလေသော် ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးသည် ထွန်းညှိလျက်ပင်ရှိ၏။ ညဥ့်ဦးယံလွန်သော် အလောင်း ကိုယ်တော်မြတ် နိုး၍ နဝရတ်ကိုးပါးဖြင့် စီအပ်သော သလွန်တော်ထက်ဝယ်နေပြီးလျှင် အသီးသီး အိပ်ကျကုန်သော ကချေသည် မိန်းမတို့ကို ကြည့်ရှုတော်မူလျှင် အချို့ရှူလျက်၊ အချို့ဟောက်လျက်၊ အချို့စက်စက်ယိုသော အရည်အရည်ဖြင့် လိမ်းကျံလျက်၊ အချို့အံသွားကြိတ်လျက်၊ အချို့ယောင်ယမ်းကုန်လျက်၊ အချို့က မိမိခံတွင်းကို ဟင်းလင်းဖွင့်ကုန်လျက်၊ ထိုခံတွင်းမှ

မကောင်းသော ရနံ့လှိုင်လျက်၊ အချို့ကား ခါးဝတ်ကျွတ်ကုန်လျက် အိပ်စက်ကြသည်ကိုမြင်၍ မြတ်သော ပြဿတ်အပြင်ကို မစင်ဘင်ပုတ် စက်ဆုတ်ဘွယ်သော သူကောင်တို့ဖြင့် ပြည့်သော သုဿန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍ ကာမဂုဏ်တို့၌ အတိုင်းထက်အလွန် ငြီးငွေ့တော်မူလျက် "နှိပ်စက်လေစွတကား....နှိပ်စက်လေစွတကား၊ အယုတ်တရား၌ ကာလရှည်လျှား ပျော်ပါး၍သာ ငါနေမိချေ၏ တကား" ဟု မည်တမ်းလျက် ယခုပင် တောထွက်အံ့ဟု ကြံတော်မူပြီးသော် သလွန်ပေါ်ထက်မှ ဆင်းသက်တော်မူ၍ တံခါးခုံ၌ ခေါင်းဆိုက်လျက် အိပ်သော ဆန္နအမတ်ကို နှိုးခေါ်၍ ကဏ္ဍကမြင်းတော်ကို ယခု ကချေဟု စေတော်မူ၏။

ဆန္နအမတ်လည်း ဆင်အပ်သော တန်ဆာတို့ကိုပိုက်လျက် မြင်းတင်းကုတ်သို့သွား၍ မြင်းတော်ကို ကလေသော် ကဏ္ဍကမြင်းက ငါ့ကို အချိန်မဲ့ကခြင်းသည် အလောင်းမင်းသားတောထွက်တော်မူလိုသည်ဖြစ်လတ္တံ့ဟုကြံ၍ အားသန့်ရွှင်လန်းသော စိတ်ရှိရကား သည်းစွာဟည်လေ၏။ ထိုဟည်သံသည် ကပိလဝတ်ပြည်အလုံးကို လွှမ်း၍သွားသော်လည်း စောင့်ရှောက်နေသော နတ်တို့ပိတ်ပင်သောအားဖြင့် မည်သူတယောက်မျှ မကြားကြကုန်။ အလောင်းမင်းမြတ်သည်လည်း ဆန္နအမတ်ကိုစေလိုက်ပြီးလျှင် ဘွားမြင်သောသားတော်ရတနာ ရာဟုလာကို ရှုလိုသော အကြံတော်ရှိ၍ ယသော်ဓရာ မိဖုရားစံမြန်းသော ရွှေနန်းကြက်သရေဆောင်သို့ဝင်၍ ကြည့်တော်မူလျှင် နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် တအမွှာ (တစိတ်သားခန့်မျှ) လောက်သော

ပန်းတို့ဖြင့် မြွန်းသော ရတနာသလွန်ပေါ်ဝယ် သားတော် ရာဟုလာ၏ထိပ်ထက်၌ လက်ထား၍ စက်ပျော်သော ယသော်ဓိမိဖုရားကိုမြင်တော်မူ၏။ ထိုအခါငါသည် သားတော်ကိုယူ၍ ကြည့်ပြန်သော် ယသော်ဓိမိဖုရားနိုး၍ အားကြိုးရည်ဆောင်သော် ငါ၏တောထွက်အံ့သောအကြံသည် မမြောက်ရှိချေတော့မည်ဟု စုံ၍ ရပ်လျက်သာ ကြည့်တော်မူပြီးလျှင် လျှင်စွာပြန်ခဲ့၏။

## (၂) ဘုရားဘက်တော် ကဏ္ဍကမြင်းထံ အကူအညီတောင်းခံ၍ မြို့တော်မှထွက်ခွါခြင်း။

ကဏ္ဍကမြင်း၏အထံသို့ သွားပြီးသော် "ဘုရားဘက်တော် ကဏ္ဍက ယနေ့ငါ့ကိုကူပံ့လော့၊ သင့်ကိုမှီ၍ သုံးလီသောဘဝ နှောင်ချိုင့်မှ ငါထွက်မြောက်လျှင် သုံးခွင်သော လောက၌ ဝေနေယျသတ္တဝါတို့ကို ခေမာချပ်ခွင်သို့ ငါတင်ပေးအံ့"ဟု ဆို၍ မြင်းကိုလက်ဖြင့်သုံးကြိမ်သပ်ပြီးမှ အလျား တဆယ့်ရှစ်တောင်၊ အရပ်ရှစ်တောင်ရှိသော ခရုသင်းပွတ်သစ်ကဲ့သို့ မှုနစ်သော အဆင်းရှိသော ကဏ္ဍကမြင်းထက်သို့ တက်တော်မူ၍ ငယ်ဘော် ဆန္နကိုအမြီးကဆွဲစေလျက်၊သက်တော်နှစ်ဆယ့်ကိုးနှစ်သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံ အခါ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ရှင်သောအခိုက်တွင် တောထွက် တော်မူ၏။ မြင်းခြေသံကို နိုင်ငံသားတို့ကြားက အကြံပျက်ဘွယ် ဖြစ်မည်ကိုစိုးသောကြောင့် နတ်သား လေးယောက်တို့လည်း မြင်းခြေချတိုင်း လက်ဝါးဖြင့်ခံကုန်၏။

သုဒ္ဓောဒနမင်းကြီးသည် အမှတ်တမဲ့ သားတော် တော ထွက်မည်ကိုစိုးရိမ်သဖြင့် လုံခြုံစွာပူလုပ်အပ်သော အရပ်တဆယ့် ရှစ်တောင်ရှိ မြို့တံတိုင်းဝိုင်းလျက် တံခါးရွက် တခု တခုကို ယောကျ်ားတထောင်ဖွင့်မှ ပွင့်နိုင်သော တံခါးရွက် ပိတ်လျက် ရှိသည်ကို နတ်တို့ဖွင့်လျက် အသင့်ပင်ထွက်တော်မူရ၏။

## (၃) ဝသဝတ္တီနတ်ပြည်မှမာရ်နတ်လာ၍ဟန့်တားခြင်း။

မြို့တော်မှထွက်မိလျှင်ပင် ဝသဝတ္တီနတ်ပြည်မှမာရ်နတ် မင်းလာ၍ ခရီးဦး၌ရပ်ပြီးသော် "သိဒ္ဓတ္ထမင်းသား.... အဘယ် ကြောင့်ဆင်းရဲရန်ကိုရှာကြံဘိသနည်း၊ ယနေ့မှခုနစ်ရက်လွန်လျှင် စကြာရတနာရောက်လိမ့်မည်။ ကျွန်းငယ်နှစ်ထောင်ရံဝန်းသော ကျွန်းကြီးလေးကျွန်းကို အုပ်ကွပ်စိုးမိုးရလိမ့်မည်၊ နန်းသို့ပြန်၍ စံတော်မူဦး" ဟု ဆို၍ တားလင့်၏။ ထိုစကားကိုကြားသော် ဘုရားလောင်းကလည်း "ဟယ်.......... မကောင်းသောမာရ်နတ် ကျွန်းရပ်လေးမည်ကို လှည့်လည်နိုင်သော စကြာရတနာရောက် လိမ့်မည်ကို ငါသိသော်လည်း၊ မင်းအဖြစ်ကို ငါအလိုမရှိပြီ၊ လောကီချမ်းသာကို တံတွေးပေါက်ကဲ့သို့သာ ငါစွန့်မည်" ဆို၍ မတန့်မရပ်ထွက်တော်မူသဖြင့် မြို့နှင့်သင့်ရုံကွာလေသော် ဥက္ကာ မုခစသော အာဒိစ္စဝင် မင်းမျိုးတို့၏ နေရာ မဟာကပိလဝတ်ပြည် ကို လှည့်၍ ကြည့်တော်မူလိုသော ဆန္ဒဖြစ်စဉ် "အလောင်း မင်းမြတ်က လှည့်မနေရဘဲမိမိရှိရာပထဝီမြေကြီးမှာ အိုးထိန်းစက် ကဲ့သို့လည်ခါ ကပိလဝတ်ပြည်ကို ရှေ့ရှုတွေ့မြင်ရ၏*။(ထိုဒေသ

---

* ကဝိရတနာစာပေ

ဌာနေကို နောင်ကာလ၌ ကဏ္ဏကနိဝတ္တနစေတီ တည်ထား သည်)။

ထိုနောင်မှ အစဉ်အတိုင်း ထွက်တော်မူလေသော နတ် အပေါင်းတို့သည် လက်ဝဲလကျာ ရှေ့နောက်- ခြောက်သောင်း၊ ခြောက်သောင်းသော မီးရှူးတို့ကို ညီထွန်းလျက် တပါးသော နတ်တို့သည် စကြာဝဠာ အနားရေးအထိ မရေတွက်နိုင်သော မီးရှူးတို့ကို ညီထွန်းကုန်လျက် လေးဝန်းဖြင့်ရှာသော မိုးပေါက် ကဲ့သို့ ပန်းနံ့သာအထုံ အခိုးတို့ကို တဖွဲဖွဲကျစေလျက် နတ်၌ ဖြစ်သော စည်း-စောင်း-ညှင်း-တူရိယာတို့ဖြင့် သာယာစွာ မှုတ်တီး၍ ကြီးမြတ်သော မင်္ဂလာသဘင်ကို ဖြစ်စေလျက် ထက် ဝန်းကျင်မှ ပူဇော်၍ လိုက်ကြကုန်သည်။

အလောင်းမင်းသည်လည်း တည၌ချင်းတွင် ယူဇနာသုံး ဆယ်မျှသော ခရီးကိုလွန်၍ ရှစ်ဥသဘကျယ်သော အနော်မာ မြစ်ကို တွေ့လေလျှင် အချင်းဆန္န....ဤမြစ်ကား အဘယ်မည် တွင်သနည်း ဟု မေး၏။ အနော်မာမြစ်ဖြစ်ကြောင်းကိုလျှောက် လျှင် ငါ၏ရဟန်းပြုခြင်းသည် မယုတ်မာ မြင့်မြတ်ကောင်းမွန် ခြင်းသည်သာ ဖြစ်လတ္တံ့ ဟု နိမိတ်ယူ၍ မြစ်ကိုကူးစေသည်။ လေ၏လျင်ခြင်းကဲ့သို့ မြင်းတော်ကဏ္ဏကလည်း ဆန္နအမတ်နှင့် တကွသော ဘုရားလောင်းကိုဆောင်၍ အနော်မာမြစ်ကို ခုန် သဖြင့် ဟိုမှာဘက်ကမ်း၌တည်လေ၏။ ထိုအခါ ဘုရားလောင်း သည် မြင်းမှဆင်းသက်၍ ဆန္နအမတ်ကိုခေါ်ပြီးသော် ဆင်ဝတ် တော်မူသော တန်ဆာနှင့် မြင်းတော်ကိုအပ်၍ နေပြည်တော် သို့ သင်တို့ပြန်ကြလေဟု စေတော်မူ၏။

---

ကဝိရတနာခံဝေ

## (၄) မကိုဋ္ဌနှင့် ဆံတော်ကိုယ်ခါ ဘုရားဖြစ်ရန် အဓိဋ္ဌာန်ဖြင့် ကောင်းကင်သို့ လွှင့်မြှောက်တော်မူခြင်း။

ထို့နောက်မှ မကိုဋ္ဌနှင့် တကွသော ဆံကျင်တော်ကို စွဲတော်မူသော သန်လျက်ဖြင့်ဖြတ်၍ "ငါသည်စင်စစ်ဘုရားဖြစ်မည်မှန်မူ ဆံတော်သည် မြေသို့မသက်ဘဲ အထက်ကောင်းကင်၌ တည်စေသော" ဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့ လွှင့်မြှောက်တော်မူသော် တယူဇနာမျှလောက်သောအရပ်၌ ပန်းဆိုင်ဆွဲသကဲ့သို့ တည်၏။ ထိုဆံတော်ကို မြင်သော သိကြားမင်းသည် တယူဇနာရှိသော ရတနာပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာ၌ စူဠာမဏိပုထိုးတော်တည်၍ ကိုးကွယ်သတည်း။

## (၅) ဃဋိကာရ ဗြဟ္မာမင်း ပရိက္ခရာရှစ်ပါး လာကပ်ခြင်း။

ဘုရားအလောင်းလည်း ဤကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုးတို့သည် ရဟန်းတို့နှင့် မလျော်ကပတ်ချေ ဟု အကြံတော်ဖြစ်လေသော်၊ ကဿပဘုရားရှင်တော် လက်ထက်တော်က အဆွေ ဖြစ်ခဲ့ဘူးသော ဃဋိကာရ ဗြဟ္မာမင်းသည် **ပရိက္ခရာ ရှစ်ပါးနှင့်တကွသော ကြာသင်္ကန်း** အစုံကို ယူလာ၍ ဤကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူပါ ဟု ကပ်၏။ (ဤပရိက္ခရာရှစ်ပါးကား (၁) ကိုယ်ဝတ် (ကေသီ) (၂) ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး) (၃) သင်းပိုင် (ခါးဝတ်) (၄) ခါးပန်း (၅) အပ်။ (၆) ပဲကွပ်။ (၇) သပိတ်။ (၈) ရေစည်တို့မှာ ကမ္ဘာတည်စက ပဒုမ္မာနိမိတ်အဖြစ်ဖြင့် ပေါက်သော ကြာပွင့်တွင် အစုံပါလာသည်။

---

## (၆) ဝတ်လဲတော်ကို ဖြဟ္မပြည် အကနိဋ္ဌဘုံ၌ ဒုဿစေတီ တည်ထားခြင်း။

ဘုရားလောင်းလည်း အဘိုးအတိုင်း မသိထိုက်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးတို့ကိုချွတ်၍ ထိုပရိက္ခရာ ကြာ သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၏၊ ဃဋိကာရဗြဟ္မာလည်းလဲတော် မူသော ပုဆိုးကိုယူ၍ ဗြဟ္မပြည်သို့ ဆောင်ပြီးသော် အကနိဋ္ဌ ဘုံ၌ ကိုးပါးသောရတနာ အတိပြီးသော အဖွဲ့တို့ဖြင့် ဒုဿ စေတီ တည်၍ ကိုးကွယ်လေသတည်း။

ထိုသို့ရဟန်းပြုပြီးမှ ဆန္နအမတ်နှင့် ကဏ္ဍက မြင်းတော် သည် မပြန်ရပါမည့် အကြောင်းနှင့် တောင်းပန်လျက်နေသည် ကို ဖျောင်းဖျတော်မူ၍ ခမည်းတော် မယ်တော်တို့အား သတင်း စကား ကြားသိလေအောင် ပြန်ကြချေ ဟု စေတော်မူသဖြင့် ပြန်ကြလေသော် အနောမာမြစ် တဘက်သို့ ရောက်လျှင်ပင် ကဏ္ဍကမြင်းသေ၍ တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေ၏၊ ဆန္နအမတ်လည်း မြင်းတော်ကို အနောမာမြစ် သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီးမှ ကကြိုးတန်ဆာကို ထမ်းလျက် လမ်းတာ လျှောက်လုံး ငိုယိုကာ ပြန်လာသဖြင့် နန်းတော်သို့ရောက်သော် ခမည်းတော် မယ်တော် ယသော်ဓရာ စသော မောင်းမမိဿံ အပေါင်းတို့အား အကြောင်းကိုပြန်ကြား၍ နန်းသူနန်းသား အပေါင်းတို့သည် သောင်းသောင်းညံမျှ ငိုကြွေးကြကုန်၏။

---

**ကပိလဝတ္ထုနေပြ**

၇။ ရာဇဂြိုလ်ပြည်တွင်း ဆွမ်းခံ ဝင်တော်မူခြင်း။

ဘုရားလောင်းသည်လည်း ထိုရဟန်းပြုရာ အရပ်အနီး၌ အနုပိယမည်သော ကြီးလှသော သရက်တော၌ ပဗ္ဗဇ္ဇာသုခဖြင့် စံနေတော်မူ၍ ခုနစ်ရက်လွန်သော် ယူဇနာ သုံးဆယ်ရှိသော ခရီးကို နေ့ချင်းသွား၍ ရာဇဂြိုလ်ပြည်သို့ ဆွမ်းခံဝင်တော်မူသည်၊ ထိုအခါ နာဠာဂီရိဆင်လာ၍ မြို့အလုံး ချောက်ခြားသကဲ့သို့ရှင်း၊ အသုရာနတ်မင်းဝင်လာ၍ အသုရာပြည် ချောက်ခြားသကဲ့သို့ရှင်း၊ ဘုရားလောင်း၏ အဆင်းတော်ကိုမြင်လျှင် ကြည်ရွှင်ဝမ်းသာ အံ့အားသရဲရှိကြ၍ ပြည်အလုံး ချောက်ခြား၏၊ မင်းချင်းယောကျ်ားတို့မြင်၍ ဗိမ္ဗိသာရ မင်းကြီးအား ကြားလျှောက်လျှင် ပြာသာဒ်ပြင်ထက်ရပ်၍ လေသွန်း ပြုတင်းဖြင့် မင်းကြီးကြည့်တော်မူသော်၊ လူလော နတ်လော နဂါးလော ဂန္ဓဗ္ဗလော၊ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲတကား.... သွား၍ ကြည့်ချေကုန် ဟု မင်းချင်းတို့ကို စေတော်မူ၏။

အလောင်းမင်းသား ဆွမ်းခံပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့ရှေ့ ပဏ္ဍဝတောင်ရိပ်သို့ကပ်၍ အရှေ့သို့ မျက်နှာမူကာ ထိုင်တော်မူပြီးသော်၊ ဆွမ်းဘုဉ်းပေးတော် မူအံ့သောငှာ သပိတ်တော်ကို ဖွင့်၍ကြည့်လျှင်၊ အနီ၊ အဖြူ၊ အကြောင်၊ အကျား အရောရော ဆွမ်းကို မြင်တော်မူသဖြင့် အူအသဲ ပြောင်းပြန်လှန်၍ ပျို့အံ မည်ကဲ့သို့ ရှိတော်မူ၏၊ ထိုအခါ ကိုယ်တော်ကို အလိုလို ဆုံးမ တော်မူသည်ကား—သိဒ္ဓတ္ထမင်းသား....သင်သည် သန့်စင်ပြန့်မွေး လှသော သလေးထမင်းကို စွန့်ခွာ၍ ရလွယ်သော အဟာရဖြင့် မျှတမှီတင်းလျက် ဒသမင်းမတွေ့ရာ ဘာ၏ အဆုံးကို ရှာအံ့ဟု

ရည်မှတ်၍ ကြီးမြတ်သော မင်း၏ ချမ်းသာကို စွန့်ခွာခဲ့သည် မဟုတ်လော၊ အပုတ်အတိပြည့်သော ဤကိုယ်ကို တန်ဆာဆင် ခြင်း၌ အဘယ်ကြောင့် ရောင့်ရဲခြင်းမရှိသနည်းဟု ဆုံးမလျက် ဘုဦးပေးတော်မူ၏။

ထိုအကြောင်းကို မင်းချင်း ယောကျာ်းတို့ မြင်သဖြင့် အလျင် ပြန်၍ ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားလျှင် ပြည့်ရှင်မင်းကြီးလည်း စောစွာလာ၍ ဝမ်းမြောက် ဝမ်းသာ ပြောဟောကြသဖြင့် သုဒ္ဓေါဒနမင်းကြီး၏သား ဘုရားလောင်း ၏ အဖြစ်ကိုသိလေသော် "ပြည်တော် ထက်ဝက်ကို ပေးအပ်ပါ မည်၊ အသက်အရွယ် ငယ်ပါသေးသည်၊ တောမထွက်ပါနှင့် မင်းပြု၍ စံစားပါဦး"ဟု လျှောက်၏။ ထိုစကားကို ကြားလေ သော် အဆွေတော်မင်းမြတ် စံစားအပ်သောမင်း၏ စည်းစိမ် ချမ်းသာသည် ရေပေါ်၌တက်သော ရေပွက်၏ ပမာ တသက် လျှာမျှသာ ဖြစ်ချေသည်။ ထိုစည်းစိမ်ကိုမှီ၍ ကိုလေသာပွား သဖြင့် များသော အကုသိုလ် ဒုစရိုက်ဖြစ်၍ သံသရာ၌ နစ်မွန်း ရခြင်း၏ အကြောင်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏၊ စည်းစိမ်ကိုဘင် အိမ်၌လောက် တံထွေးပေါက်ကဲ့သို့ ရွံရှာ၏ ငါစွန့်ခွာထွက်ခဲ့ပြီဟု မိန့်တော်မူ၏။

ထိုစကားကိုကြားသောအခါ၊ ဗိမ္ဗိသာရ မင်းကြီးလည်း ဝမ်းမြောက် ဝမ်းသာစွာ သာဓုခေါ်ပြီးလျှင် "အရှင်သိဒ္ဓတ္ထ ဖြောင့်မတ်စွာသာ အားထုတ်ပါလော့၊ သို့ရာတွင် သင်ဘုရား ဖြစ်လျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ"ဟု လျှောက်၏။ ဘုရားလောင်းလည်း ကောင်းပြီဟု ဝန်ခံလေ၏။

---

## ၇။ ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်တော် မူခန်း။

ထိုအရပ်မှသည် အစဉ်သဖြင့် ကြွတော်မူလေသော် တခုသော တောအုပ်၌ လောကီစျာန်ကို စီးဖြန်း၍ နေသော ကာလာမ အမျိုး၌ဖြစ်သော အာဠာရ ရသေ့ထံသို့ ကပ်၍ စျာန်သမာပတ်ကို နှိုးနှော၍ အားထုတ်သဖြင့် လောကီစျာန် ခုနစ်တန်ကို ရတော်မူ၏။ ထို့နောက်မှ ဥဒက ရသေ့ထံသို့ ကပ်၍ အထက်စျာန်ကိုနှိုးနှော စီးဖြန်းပြန်သော် ရှစ်တန်သော သမာပတ်ကို ရတော်မူ၏။ ဤရှစ်ပါးသော သမာပတ်တို့သည် မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်း မဟုတ်ချေ၊ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချိမ့်မည်ဟု အကြံတော်ဖြစ်ပြန်၍ တဖန် ဥရုဝေလတောအုပ်သို့ ကပ်တော်မူသည်။ ထိုတောအုပ်သို့ ရောက်သော် ဤအရပ်ကား ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာ သင့်လျော်စွာသော အရပ်ပေတည်းဟု နှလုံးပြု၍ နေတော်မူစဉ် ပဉ္စဝဂ္ဂီတို့နှင့်တွေ့လေ၏။

### (၁) ပဉ္စဝဂ္ဂီငါးဦးဖြင့် ပဌမအကြိမ်တွေ့ဆုံခြင်း။

ထိုပဉ္စဝဂ္ဂီတို့၏ အကြောင်းကား....လက္ခဏာဘတ်ပုဏ္ဏား ခုနစ်ယောက်တို့သည် မိမိတို့၏အိမ်သို့ ပြန်သွားကြ၍ သားတို့ကို ခေါ်ပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ သားသည် ဘုရားစင်စစ် ဖြစ်လိမ့်မည်၊ ထိုမင်းသား ဘုရားဖြစ်သောအခါ အဆုံးအမခံ ဘည်၍ ရဟန်းပြုကြလေကုန်ဟု မှာခဲ့၍ ကံအားလျော်စွာ သေ

ကုန်ကြကုန်၏။ ကောဏ္ဍည အနွယ်ဖြစ်သော သုဒတ္တပုဏ္ဏား တယောက်သာ အသက်ရှည်၍ တည်ရပ်သတည်း။ ဘုရားလောင်း ရဟန်းပြု၍ ဥရုဝေလတောအုပ်သို့ ရောက်ပြီဟု ကြားလျှင် ကောဏ္ဍညနှင့်တကွ ပုဏ္ဏား လေးယောက်တို့သည် ရဟန်းပြု၍ ဥရုဝေလတောသို့ လာကြကုန်သဖြင့် ဘုရားလောင်းနှင့်တွေ့လေ သတည်း။

(ပဉ္စဝဂ္ဂီတို့၏ အမည်ကား....ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ တို့တည်း....)

ဘုရားလောင်းလည်း ထိုပဉ္စဝဂ္ဂီတို့ပင်လျှင် အလုပ် အကြွေးရှိသည်ဖြစ်၍ တနေ့လုံးကို ဆွမ်းတလုပ် ဖြင့်သာရင်း၊ နှမ်းတစေ့၊ ဆန်တစေ့ဖြင့်သာရင်း၊ နေ့ရက်ကို လွန်စေခြင်း အလျှင်းပင် အဟာရကို မမှီဝဲဘဲ ဖြတ်ခြင်းစသည်တို့ကို ကျင့် တော်မူသဖြင့် ကိုယ်တော် ကြုံလှီစွာရှိရာကား လက္ခဏာတော် ကြီး၊ လက္ခဏာငယ်များ ကွယ်ပျောက်၏။

## (၂) အဟာရချို့တဲ့သဖြင့် မူးလဲခြင်း။

အဟာရကို မှီဝဲခြင်း နည်းပါးသဖြင့် အလွန်ပင်ပမ်း လှရာကား အာနာပါနစျာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲ စင်္ကြံ၌ လဲတော်မူသည်။ ထိုသို့လဲသည်ကို မြင်သော် စိတ်ကျွမ်း မဝင်သော နတ်တို့သည် သုဒ္ဓေါဒနမင်းကြီးထံသွား၍ " သင်၏ သားသည် ဘုရားမဖြစ်ရရှာပြီ၊ ဒုက္ကရစရိယာကျင့်စဉ်တွင် စင်္ကြံ ဦး၌ ကမ္မဋ္ဌာန်းစီးမြန်းရင်းလဲသေပြီ "ဟု ကြားကြ၏။ ခမည်း

တော်လည်း အကြိမ်များစွာ နတ်တို့လာ၍ ကြားသော်လည်း "ဘုရားမဖြစ်ဘဲ ငါ့သားမသေနိုင်" ဟု ယူဆ၏။

(၃) ကာယလက္ခဏာတော်များပြန်ပေါ်လာခြင်း။

ဘုရားလောင်းသည်လည်း ယင်းသို့ ဒုက္ကရစရိယာ အကျင့်ကိုခြောက်နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ ပြင်းပြင်းစွာသော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ၊ သတ္တဝါတို့၏ဓမ္မတာလည်း သဒ္ဓါလွန်လျှင် ကန့်သည်။ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင် ပြန့်သည်။ သမာဓိလွန်လျှင် တွန့်သည်။ သတိသာလျှင် လွန်သည်မရှိလိုဘိသာ ဖြစ်သည်။ ထို့ကြောင့် ငါသည် အဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေတော့အံ့ဟု ကြံလျက်၊ ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကိုဘုဉ်းပေးတော်မူ၏။ ထိုသို့ဘုဉ်းပေးရာတွင်မှ မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြဲကြ ပြကတေ့ဖြစ်ပြန်သတည်း၊ ထိုအခါ ပဉ္စဝဂ္ဂီတို့က သိဒ္ဓတ္ထမင်းသားသည် အလွန်ခါးခြစ်စွာ ကျင့်သည်ကိုမျှ ဘုရားမဖြစ်နိုင်၊ ယခုအဘယ်မှာ ဖြစ်အံ့တော့နည်းဟု ဘုရားလောင်းကို စွန့်ခွာ၍ တဆယ့်ရှစ်ယူဇနာကွာသော ဣသိပတနမိဂဒါဝုန်တောသို့ သွားကြကုန်သည်။ ထိုနောက်မှ ကိုယ်တော်တယောက်ထဲ ကျင့်တော်မူ၍ လူတို့သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လဆန်း (၁၄)ရက်၊ အင်္ဂါနေ့ ညဉ့်တွင် အိပ်မက်ကြီး ငါးအင်ကို မြင်မက်တော်မူ၏။

(၄) အိပ်မက်ကြီး ငါးပါး မြင်မက်ခြင်း။

၁။ မြေအပြင်ကို အိပ်ရာပြု၍ ယူဇနာငါးရာရှိသော

ဟိမဝန္တာတောင်ကို ခေါင်းအုန်းလျက်၊ အရှေ့အနောက် သမုဒ္ဒရာအပြင်ထက် လက်တော်ကိုထားပြီး ခြေတော်တစုံကို တောင်သမုဒ္ဒရာ၌ ထားလျက် စက်တော်မူရသည်လည်း တပါး။

၂။ ဝင်ရိုးပမာ သန္တာနိ အဆင်းရှိသော တိရိယမည်သော မြက်သည် ချက်တော်မှပေါက်၍ ဘဝဂ်သို့ရောက်အောင် တက်သည်ဟု မြင်မက်သည်လည်း တပါး။

၃။ အဆင်းဖြူသော ပိုးမျိုးသည် ခြေတော်မှ ပုဆစ်တိုင်အောင် လွှမ်း၍ တက်သည်ဟု မြင်မက်သည်လည်း တပါး။

၄။ အထူးထူးသော အဆင်းရှိသော ငှက်အပေါင်းတို့သည် လေးမျက်နှာမှ လာကုန်၍ ခြေတော်ရင်းမှာ နေကုန်သော် အလုံးစုံ အဖြူချည်းသာဖြစ်သည်ဟု မြင်မက်သည်လည်း တပါး။

၅။ ကြီးစွာသော မစင်တောင်ထက်သို့ တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကပ်ခြင်းမရှိဟု မြင်မက်တော်မူသည်လည်း တပါး။

ဤငါးပါးသော အိပ်မက်ကို မြင်မက်တော်မူ၍ ဆင်ခြင်တော်မူလျှင် ငါသည် ယနေ့စဉ်စစ် ဘုရားဖြစ်အံ့သည်ဟု ကြံရည်ဆုံးဖြတ်၍ မိုးသောက်ယံ၌ ဆွမ်းခံသွားအံ့သော အချိန်ကို ငံ့လင့်တော်မူလျက် နံနက် စောစောကလျှင် လာတော်မူ၍

သေနနိဂုံး၏အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသော ကိုယ်ရောင်တို့ဖြစ်စေလျက် နေတော်မူလင့်၏။

(၅) သုဇာတာ၏ ဃနာနို့ဆွမ်းခံယူခြင်း။

ထို အခါ ကြုံကြိုက်သော လဒ်သည်ကား၊ ဥရုဝေလတော၏အနီး သေနနိဂုံး၌ မဟာသေနမည်သော သူကြွယ်၏သမီး သုဇာတာသည် အရွယ်သို့ ရောက်စကာလက ညောင်ပင်ရင်းသို့ကပ်၍ ကျွန်ုပ်သည် အမျိုးတူသော ယောကျ်ားနှင့်ပေါင်းမိ၍ အဝစ္စာသော သားယောကျ်ားကိုရပါအံ့ အသင်ရုက္ခစိုးအား တနှစ်တကြိမ် တသိန်းသော ဥစ္စာကို စွန့်၍ ပူဇော်ပါမည်။ အကျွန်ုပ်အား မစတော်မူပါဟု ဆုတောင်းဘူး၏။ ဆုတောင်းတိုင်းပြည့်စုံ၍ ကဆုန်လပြည့်နေ့တွင် ဗိလိနတ်စာကိုပြုလိုပါရကား မဆွကပင် နွားမတထောင်ကို နွယ်ချိုတော၌ကျောင်းစေ၍ ထိုတထောင်သော နွားကို ငါးစုပြု၍ ရှစ်ရာသော နွားတို့၏ နို့ရည်ကို နှစ်ရာသော နွားတို့၌ တိုက်သည်။ ၎င်းနှစ်ရာကို ငါးစုပြုပြန်၍ တရာ့ခြောက်ဆယ်သော နွားတို့၏ နို့ရည်ကို လေးဆယ်သော နွားတို့၌ တိုက်သည်။ ထိုလေးဆယ်သော နွားတို့ကို ငါးစုပြုပြန်၍ လေးစုသော နွားတို့၏ နို့ရည်ကိုရှစ်ကောင်သော နွားမတို့၌ တိုက်ပြန်သည်။ ထိုရှစ်ကောင်သော နွားမတို့၏ နို့ရည်ဖြင့်သာ ဃနာနို့ဆွမ်း ချက်လေသော် အလောင်းတော်မြတ် ဘုဉ်းပေးရမည်ကိုသိ၍ လောကပါလ နတ်မင်းကြီးလေးပါးတို့ စုံထောက် (ဖိုခနောက်)၌ စောင့်လာကုန်သည်။ ဗြဟ္မာကြီး ထီးဖြင့်ကာသည်။ သိကြားမင်းကလည်း ထင်းထိုး

သည်။တသောင်း စကြာဝဠာမှ နတ်,ဗြဟ္မာ အပေါင်းတို့သည် ကောင်းမြတ်သော နတ်သြဇာတို့ကို ထည့်ကြကုန်သည်။

ယင်းသို့ ထူးမြတ်စွာသော နို့ဃနာကိုချက်ပြီးမှ ပုဏ္ဏာ အမည်ရှိသော ကျွန်မကို ငါတို့ ညောင်စောင့်နတ်မင်း နေရာ ကို သုတ်သင်ပါချေဟုစေသဖြင့် ကျွန်မက သွား၍ကြည့်ရှုလေ သော် အလောင်းတော်၏ ကိုယ်တော်ရောင်ဖြင့် ညောင်ပင် အလုံးကို ထွန်းလင်းစေလျက် ညောင်ပင်ရင်း၌ အရှေ့လောက ဓာတ်သို့ ရှေ့ရှုနေတော်မူသော ဘုရားအလောင်းကို မြင်သဖြင့် ရွှင်လှစွာသော စိတ်ရှိလျက် မြက်မှိုက်တို့ကို သုတ်သင်ခဲ့ပြီးမှ အိမ်သို့လာ၍ သုဇာတာလည်း ပုဏ္ဏာ အမည်ရှိသော ကျွန်မ၏ စကားကိုကြားသော် အားရဝမ်းသာလှသည်ဖြစ်၍ အသပြာ တသိန်းထိုက်သော ရွှေခွက်၌ အလုံးစုံသော ဃနာဆွမ်းကို ထည့်၍ တခုသောရွှေခွက်ဖြင့် ဖုန်းလျက် ယူဆောင်လေသဖြင့် ညောင်ပင်ရင်းသို့ရောက်၍ ဘုရားအလောင်း၏ တင့်တယ်ခြင်းကို မြင်ပြန်လျှင် အတိုင်းထက်အလွန်ပင် နှစ်သက်ရကာ ရွှေခွက်ပါ ပူဇော်၏၊ ထိုအခါ တောထွက်စဉ်က **ဃဋိကာရဗြဟ္မာ** လှူသော သပိတ်တော်ကွယ်ပြီးဖြစ်၍ ဤရွှေခွက်နှင့်တကွ ခံတော်မူ၏။

(ဘုရားအလောင်းတို့သည် ဘုရားဖြစ်သည့်နေ့ အဘိုး တသိန်းထိုက်သော ရွှေခွက် ရမြဲမမှတာတည်း။)

## ၈။ အလောင်းတော် မင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူခန်း

ယင်းသို့ နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သော နေရဉ္ဇရာမြစ်သို့ ကပ်တော်မူ၍ ဘုရားအလောင်းတို့ ရေချိုးမြဲဖြစ်သော သုပ္ပတိဋ္ဌိတမည်သောဆိပ်၌ ရေချိုးတော်မူပြီးမှ ကမ်းခုံစတက် ထက်ဝယ်ဖွဲ့၍ အရှေ့အရပ်သို့ ရှေ့ရှု နေတော်မူလျက် ထန်းသီးမှည့် ပမာဏရှိသော ဆွမ်းလုပ်ဖြင့် လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူပြီးလျှင် ငါသည် ယနေ့ စင်စစ် ဘုရားဖြစ်မည်မှန်မူ ရေညာသို့ ဆန်စေသတည်းဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောတော်မူလျှင် ရွှေစင်ခွက်သည် ရေအယဉ်ကိုဖြတ်၍ မတ်မတ်ဆန်ပြီးမှ မြစ်လည်သို့ကျသောအခါ ရေညာသို့ အတောင်ရှစ်ဆယ်ခန့်ဆန်၍ မြုတ်လေသဖြင့် ကာလနဂါး၏ဗိမာန်အပါး ရှေးဘုရားတို့၏ ရွှေခွက်သုံးလုံးကို ထိ၍ ထိုရွှေခွက်တို့၏ အောက်၌ တည်လေ၏။ ဘုရားအလောင်းလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရဉ္ဇရာမြစ်၏ အနီးဖြစ်သော အင်ကြင်းတော၌ နေသန့်၍ မူလကမ္မဋ္ဌာန်းဟု ဆိုအပ်သော ကာယဂတာသတိ ဘာဝနာကို ကောင်းစွာစီးဖြန်း၍ ညချမ်းသောအခါ ကာဠနဂါးမင်းသည် ဘုရားခုတင်ခု ပွင့်လေသည်ဟု မည်တမ်းသော ကောင်းချီးသံကို နာခံ၍၊ ကုမ္ဘဏ်၊ ဂန္ဓဗ်

နတ်၊ အသူရာ၊ ဗြဟ္မာ၊ သိကြား စသော နတ်တို့သည် စိမ်းဖန်ဆင်းအပ်သည်ဖြစ်၍ ရှစ်ဥဿဖကျယ်သော ပန်းတို့ဖြင့် ပြွမ်းသော နတ်လမ်းမဖြင့် မဟာဗောဓိရှိရာသို့ ကြွတော်မူ၏။

## (၁) အပရာဇိတပလ္လင် ပေါ်ပေါက်လာခြင်း

ထိုအခါ သောတ္တိယအမည်ရှိသော မြက်ထမ်းယောကျ်ားသည် လမ်း၌ ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူ၍ မဟာဗောဓိပင်သို့ကပ်ပြီးမှ တောင်အရပ်က ရပ်တော်မူလျှင် ထက်ဝန်းကျင်သော မြေပြင်စကြာဝဠာတို့သည် စောင်းထောင်လာဘိသကဲ့သို့ ထင်မှတ်၍ ဤအရပ်ကား ဘုရားဖြစ်ရာအရပ် မဟုတ်ဟု ကြံလျက် တဖန် အနောက်အရပ် မြောက်အရပ်တို့ကို အစဉ်အတိုင်းလည်၍ ရပ်တော်မူပြန်လျှင် မြေပြင်စကြာဝဠာတို့သည် စောင်းသောင်၍သာ ထင်လာရကား ဘုရားဖြစ်ရန်မျက်နှာ မဟုတ်ချေသေးဟု ကြံတွေးတော်မူ၍ အရှေ့သို့လည်၍ ရပ်တော်မူလျှင် မြေပြင်ကြံ့ကြံ့ခိုင်ရကား ဘုရားဖြစ်ရာ ဌာန မှန်ပြီဟု နှလုံးပိုက်၍ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလျှင် တဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင် (သူတပါးတို့ မအောင်မြင်ရာသော ဗောဓိပင်နှင့် ပလ္လင်) ဖြစ်ပေါ်လာ၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဘွဲ့ခွေ နေတော်မူကာ အာနာပါနစျာန်ကို ဝင်စား၍ ဘုရားမဖြစ်သမျှကို ဤနေရာက ငါမထပြီဟု စတုရင်္ဂဝီရိယ (အရိုးကြွင်းပစေ၊ အကြောကြွင်းပစေ၊ အရေခြောက်ပစေ၊ အသွေးခန်းချင်ခန်းပစေ) အဓိဋ္ဌာန်ချက်ဖြင့် နေတော်မူသော်၊ သိကြား

မင်းသည် တကြိမ်မှုတ်လျှင် လေးလမှ အသံစဲသော အတောင် တရာ့နှစ်ဆယ်ရှိသော ဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်လျက်၊ ကာဠနဂါးမင်းသည် တထောင်သော ဂါထာတို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းကြီးကား သားမြီးယပ် ခပ်လျက်၊ သန္တုသိတနတ်မင်းကြီးကား ပတ္တမြားယပ်ဖြင့် ခပ်လျက်၊ ပဉ္စသိခ်နတ်မင်းသည် ဥသျှစ်မှည့် အဆင်းရှိသောဗေလုဝပဏ္ဍုမည်သော စောင်းကို တီးလျက် များစွာသော နတ်တို့သည် အထူးထူးသော ပူဇော်သက္ကာရဖြင့် ပူဇော်လျက် နေကြကုန်စဉ်....။

## (၂) ဝသဝတ္တီမာရ်နတ်မင်းတိုက်ဖျက်ခြင်း

ဝသဝတ္တီမာရ်နတ်မင်းလာ၍ လက်ဝဲတဆယ့်နှစ်ယူဇနာ လက်ျာ တဆယ့်နှစ်ယူဇနာ၊ နောက်မျက်နှာက စကြာဝဠာ တံတိုင်းထိ အထက်ကို ကိုးယူဇနာရှိသော နတ်စစ်သည်ဗိုလ်ပါ အပေါင်းတို့ ဝိုင်းရံလျက် ယူဇနာ တရာ့ငါးဆယ်ရှိသော ဂီရိမေခလာဆင်ထက်၌စီး၍ အသီးသီးလက်နက်စွဲကိုင်သော လက်ရုံးတထောင်ကို ဖန်ဆင်းလျက် တိုက်ဖျက်လာသည်ကို ပါရမီအဟုန်ဖြင့် နေမဝင်မီ အောင်မြင်တော်မူပြီးမှ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ် (ရှေးဖြစ်ဟောင်းဘွဲ့ သိမြင်ခြင်း)၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် (အဝေးနှင့် ကွယ်ဖုန်းအရာတွေကို သိမြင်တော်မူခြင်း)ကိုရ၍ မိုးသောက်ထသောအခါ....

(၃) စကြာဝဠာ တသောင်းကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ် မှစ၍အာနာပါန၊စတုတ္ထဈာန်ကို ဝင်စား၍ ဝိပဿနာ

ကို ပွားစေသည်တွင် အစဉ်အတိုင်းရအပ်သော အာသဝက္ခယ ဉာဏ်(အရဟတ္တမဂ်ဉာဏ်)ဖြင့် ကိုလေသာအပေါင်းကို ထောင်း ထောင်းပိုင်းဖြတ်လျက် မဂ်လေးတန် အစဉ်အတိုင်းရှု၍ ထိုရအပ် သော မဂ်ဖိုကို ဆင်ခြင်သော ပစ္စဝေက္ခဏာပီတိ (မပါယ်ရသေး သော ကိုလေသာတို့ကိုဆင်ခြင်သောဉာဏ်) တဆယ့်ကိုးချက် ၏အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော သဗ္ဗညုတဉာဏ် ကို ရ၍ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် နေအာရုဏ်တက်သည်နှင့်တပြိုင်နက် စန်းနှင့် ဝိသာခါအကြိုက် တွင် လောကသုံးပါး၏ အထွဋ်အထိပ် ဘဝိသာရအဖြစ်သို့ ရောက် တော်မူ၍ အနေကဇာတိသံသာရံ စသော ဥဒါန်းကို ကျူး တော်မူ၏။(ဤကား တတိယအကြိမ် မြေတုန်လှုပ်ခြင်း)

## ၉။ မြတ်စွာဘုရား သတ္တသတ္တာဟ စံတော်မူခန်း။

### (၁) ပဌမသတ္တာဟ စံတော်မူခြင်း။

ဘုရားအဖြစ်သို့ ရောက်တော် မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ၌ တည်သော ထိုရွှေပလ္လင်ထက် ၌ ထက်ဝယ်ဘွဲ့ခွေနေတော်မူ၍ ပဋိစ္စသမုပ္ပါဒဓမ္မကို အနုလောမ ပဋိလောမအားဖြင့် ဆင်ချင်ရှုကြံလျက် ကုဋေတသိန်းမကသော ဖလသမာပတ်ကို ဝင်စား၍ သိကြား သုရာမ သန္တုသိတ

မဟာယပြဟ္မာ စသောနတ်တို့၏ ပူဇော်ခြင်းကိုခံလျက် ခုနစ်ရက် ပတ်လုံး စံပယ်တော်မူ၏၊ ထိုအရပ်သည် **ပလ္လင်္ကသတ္တာဟမည်၏။**

## (၂) ဒုတိယသတ္တာဟ စံတော်မူခြင်း။

ထို့နောက် ထိုရွှေပလ္လင်မှ ထတော်မူ၍ ဗောဓိပင်၏ အရှေ့မြောက်ယံ တဆယ့်လေးလံ ကွာသော အရပ်၌ ရပ်တော်မူ၍ ငါသည် ဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်ကို ရပေသည်တကားဟု မမှိတ်သောမျက်စိဖြင့် ရှုကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာ အရပ်သည် **အနိမိသသတ္တာဟ မည်၏။**

## (၃) တတိယ သတ္တာဟ စံတော်မူခြင်း။

ထိုသို့ပလ္လင်တော်ကို စိမ့်စိမ့်မှည့်မှည့် ကြည့်တော်မူသောအခါ နတ်တို့ကို ဤသိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် စံပျော်ဘူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တောင့်တခြင်းမပြတ် ထပ်၍ပြုအပ်သော မင်္ဂကိစ္စ ရှိချေသေးသည်ဟု အကြံဖြစ်၏၊ ထိုအကြံကို သိမြင်တော်မူလတ်၍ နတ်တို့၏ သံသယကို ပါယ်ဖျောက်ခြင်းငှာ တယူဇနာမျှလောက်သော ကောင်းကင်သို့ ပျံတက်၍ ရေအစုံ မီးအစုံ ထွက်စေခြင်း အစရှိသော ယမိုက်ပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှ သက်တော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင် (၂၀) ရှိသောအရပ်ကို အလယ်ထား၍ တဖက်ငါးလံကွာ၌သာနတွင် အရှေ့မှ သည် အနောက်သို့ အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံကို ဖန်ဆင်းလျက် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူရာ အရပ်သည် **ရတနစင်္ကမသတ္တာဟ မည်၏။**

## (၄) စတုတ္ထသတ္တာဟ စံတော်မူခြင်း။

ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက် အတောင်လေးဆယ် ကွာတွင် ရတနာခုနစ်ပါး အတိပြီးသော နတ်တို့စီမံဘန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ထက်ဝယ်ဘွဲ့ခွေ နေတော်မူလျက် ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်တို့ကို သုံးသပ် ဆင်ခြင်တော်မူရာ **မဟာပကရဏ** ဖြစ်သောပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ထက်ဝန်းကျင် ကိုယ်တော်မှ အညို အရွှေ အနီ အဖြူ အမောင်း ပြိုးပြိုးပျက် အာဒဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော် တို့သည် ထွက်၍ အထက်အသို့အားဖြင့် ဘဝဂ်တိုင်အောင် အောက် အသို့အားဖြင့် သုံးပါးသောမြေထု ရေထု လေထုတို့ကိုဖေါက်၍ အောက် ကောင်းကင်တိုင်အောင် ဘီလာအားဖြင့် အနန္တ စကြာဝဠာတိုင်အောင် ပြန့်နှံ့စေလျက် ခုနစ်ရက်ပတ်လုံး စံပါယ် တော်မူရာအရပ်သည် ရတနါဃရသတ္တာဟ မည်၏။

## (၅) ပဉ္စမသတ္တာဟ စံတော်မူခြင်း။

ထို့နောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလမည်သော ညောင်ပင်ရင်းသို့ ကပ်တော်မူ၏။ ထိုအခါ မာရ်နတ်မင်းသည် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းကြီး၏ ယုတ်သောအဖြစ်ကို ကြည့်ရှုပါသော်လည်း တစုံတခုမျှ ချော်ချွတ်သည်ကိုမမြင်ချေ၊ ငါ၏နိုင်ငံကို လွန်ရပေ၏ ဟုနှလုံးမသာရှိလှ၍ ခရီးလမ်းမ၌ ငေးမှိုင်ကာ

ထိုင်လျက် တဆယ့်ခြောက်ကြောင်းသော အရေးကို ငင်၍ နေလေ၏။

## တဆယ့် ခြောက်ကြောင်းသော အရေး။

၁။ ရဟန်းကြီးသည် ဖြစ်လေရာဘဝ၌ပင် ဒါနပါရမီကို သူတထူးထက် ကြူးလွန်၍ ဖြည့်သောကြောင့် ဤရွှေပလ္လင်ကို ရပေသည်၊ ငါဤကဲ့သို့ မဖြည့်မိသောကြောင့် ဤရွှေပလ္လင်ကို မရချေ။
၂။ သီလပါရမီ။
၃။ နိက္ခမပါရမီ။
၄။ ပညာပါရမီ။
၅။ ဝီရိယပါရမီ။
၆။ ခန္တီပါရမီ။
၇။ သစ္စာပါရမီ။
၈။ မေတ္တာပါရမီ။
၉။ အဓိဋ္ဌာနပါရမီ။
၁၀။ ဥပက္ခာပါရမီ။
၁၁။ ဓနပရိစ္စာဂ။
၁၂။ အင်္ဂပရိစ္စာဂ။
၁၃။ ပုတ္တပရိစ္စာဂ။
၁၄။ ဘရိယပရိစ္စာဂ။
၁၅။ ဇီဝိတ ပရိစ္စာဂ။

---

ကဝိရတနာ၁စာပေ

၁၆။ လောကတ္တစရိယ၊ ဉာဏတ္တစရိယ၊ ဗုဒ္ဓတ္တစရိယတရား သုံးပါးတို့ကို သူတပါးနှောက်ယှက်၍မဖြစ် အားသစ်၍ သာလွန်ကဲစွာပြုသောကြောင့် ဤရွှေပလ္လင်ကို ရပေသည်၊ ငါ့ကြကဲ့သို့ မဖြစ်ခဲ့သောကြောင့် မရပေဟု တဆယ့်ခြောက်ကြောင်းသော အရေးကို ငင်၍နေ၏။

## (က) မြတ်စွာဘုရားအား မာရ်နတ်မင်း၏ သမီးသုံးယောက်က ဖြားယောင်းခြင်း။

ထိုသို့နေရာဝယ် တဏှာ၊ အရတိ၊ ရာဂါ၊ မည်သော သမီးသုံးယောက်တို့က ဘခင် အဘယ်ကြောင့် စိုးနှောင့်ပူဆာ မျက်နှာမရွှင် စားမဝင်ဘဲ မြေတွင် အကြောင်းခြစ်၍ နေဘိသနည်းဟု မေးလေသော်၊ သမီးတော်တို့–ဤဂေါတမရဟန်းသည် ငါမှန်းထားသော ရွှေပလ္လင်ဝယ် ငါ့အလျှင် သူဘုရားလုပ်ချေပြီ၊ ဤရဟန်းကြီး၏ ပျက်စီးကြောင်းကို ကြံပါသော်လည်း မကြံနိုင်၍ တွေမှိုင်ရတော့သည် ဟု အကြောင်းကို ပြောဆိုလေ၏၊ ထိုစကားကိုကြားလျှင် သမီးသုံးယောက်တို့က ဘခင် မစိုးရိမ်လင့် ငါတို့မိန်းမ မာယာအစွမ်းဖြင့် ဤရဟန်းကြီးကို ဖျောင်းဖျ၍ ဘခင်နိုင်ငံသို့ ပါအောင်ပြုအံ့ဟု ဝန်ခံကြ၍ တယောက်ကား တဆယ့်သုံးနှစ်အရွယ်၊ တယောက်ကား တဆယ့်နှစ်အရွယ်၊ တယောက်ကား တကြိမ်သားဖွားပြီးသော မိန်းမအရွယ်ဖြင့် တင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် ဘုရားရှိရာသို့ကပ်၍ ခြေတော်ရင်း၌ အလုပ်အကျွေး ပြုလုပ်လိုပါကြောင်း တောင်းပန်လာသည်ကို ပယ်ခွာတော်မူလျက်–

၁။ ယဿ ဇိတံ နာဝဇီယတိ
ဇိတမဿ နောယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓ မနန္တ ဂေါစရံ။
အပဒံ ကေန ပဒေန နေဿထ။

၂။ ယဿ ဇာလိနီ ဝိသတ္တိကာ။
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တ ဂေါစရံ။
အပဒံ ကေန ပဒေန နေဿထ။

ဟူသော ဂါထာကို မြတ်စွာဘုရားက ဟောတော်မူလေသည်။ အဓိပ္ပာယ်ကား မာရ်နတ်မင်း ရင်နှစ်ချစ် သမီးတို့ အကြင်မြတ်စွာဘုရားအား အောင်အပ် လှစွာသော ကိလေသာကို အောင်တော်မူသည်ဖြစ်၍ တဖန် မရှုံးနိုင်ပြီ ထိုမြတ်စွာဘုရားသည် အောင်ပြီးသော ကိလေသာ ရန်သူကို လောကသုံးပါး၌ တစုံတယောက်သော သူသည် တဖန် ထပ်ခါ ရန်မူလာအောင် မဆောင်နိုင်ချေ၊ တဏှာဟူသော အကြောင်းလည်း ကင်းထသော အဆုံး မထင် အကုန်မြင်သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော ထိုမြတ်စွာဘုရားကို အဘယ်အကြောင်းအားဖြင့် သင်နတ်သမီးတို့သည် ဆောင်နိုင်ကုန်လတ္တံ့နည်း။

မာရ်နတ်မင်း ရင်နှစ်ချစ်သမီးတို့ အကြင်မြတ်စွာဘုရားအားကုန်ယက်နှင့်လည်း တူထသော ငါးပါးအာရုံကာမဂုဏ်၌ ခိုမင်တတ်ငြိတတ်ထသောတဏှာသည်မရှိပြီ။ထိုမြတ်စွာဘုရားအား တစုံတရာ အယုတ်မာသို့ ဆောင်ခြင်းငှာ မတတ်နိုင်ရာ၊ တဏှာဟူသော အကြောင်းလည်း ကင်းပြီးထသော အဆုံးမမြင်

သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော ထိုမြတ်စွာဘုရားကို အဘယ် အကြောင်းဖြင့် ဆောင်နိုင်ကုန်လတ္တံ့နည်း။

ဤဂါထာများဖြင့် ကိလေသာ ရန်သူကို အောင်တော်မူသော အချင်းအရာကိုပြလျက် သင်တို့ ဖျောင်းဖျသော အမူအရာသည်၊ ရာဂ၊ ဒေါသ၊ မောဟ၊ အဘိဇ္ဈာစသော အညစ်အကြေး မကင်း သိမ်ဖျင်းယုတ်ညံ့သော သတ္တဝါသာလျှင် ဝမ်းသာ နှစ်သက် စုံမက်လိမ့်မည်၊ ငါဘုရားသည် ကိလေသာ တရားတို့ကို ပယ်ရှား အောင်မြင် အပ်ပြီးဖြစ်၍ သုသာန်၌ စွန့်ပစ်အပ်သော သူကောင်ပုတ်ကဲ့သို့ စက်ဆုပ်တော်မူသည်ဟု ကဲ့ရဲ့တော်မူသဖြင့် နတ်သမီး သုံးယောက်တို့သည် "လောက၌ မြတ်သော အလှူကို ခံတော်မူထိုက်ပေ၏။ ကောင်းသော အလာရှိပေ၏၊ လူအပေါင်းတို့တတ်အပ်သော အရာ၌လည်း ဆုံးမတော်မူနိုင်ပေ၏" ဟု ဆို၍ မာရ်နတ်မင်း အထံသို့ ပြန်ကြရလေသတည်း။

## (ခ) ဟုံဟုံကပုဏ္ဏားအား တရားပြခြင်း။

ထိုနောက် ဟုံဟုံကမည်သော ပုဏ္ဏားသည် ဘုရားထံသို့လာ၍ "အရှင်ဂေါတမ အဘယ်သို့သောသူသည် ဗြာဟ္မဏမည်ပါသနည်း" ဟု မေးလျှောက်သည်တွင် "ပုဏ္ဏား အကြင်သူသည် တဟုန်းဟုန်းတက်သော အမျက်ကင်းကွာလျက် သတ္တဝါတို့အား သနားချစ်ခင်ခြင်းလည်းရှိ၏၊ ရာဂ စသော ကိလေသာတို့ကိုလည်း ပယ်ခွာစွန့်ပစ်တတ်၏။ မြတ်သည်ဟု သမုတ်အပ်သော ပညာကြီးယဝတ္တာတို့၌သာ ပျော်၏၊ ထိုသူသာလျှင် မြတ်

ရာသို့ သွားအံ့သည်ဖြစ်၍ ဗြဟ္မကာမည်၏" ဟု ဖြေတော်မူသည်၊ ဤသို့ မာရ်နတ်မင်း၏ သမီးသုံးယောက်နှင့် ဟုံဟုံက ပုဏ္ဏားတို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာ အရပ်သည် အဇပါလသတ္တာဟ မည်၏။

## (၆) ဆဋ္ဌမ သတ္တာဟ စံတော်မူစဉ်—
## မုစလိန္ဒ နဂါးမင်း ကိုယ်ဖြင့်ပူဇော်ခြင်း။

ထိုနောက် မဟာဗောဓိပင်၏ အရှေ့တောင် မျက်နှာ ငါးဆယ့်တလံကွာတွင် မုစလိန္ဒ အမည်ရှိသော ရေအိုင်၏ အနီး ကျည်းပင်ကြီးရင်း၌သီတင်းသုံးနေတော်မူရာ စကြာဝဠာတိုက်အလုံးနှံ့အောင် ရွာသော အခါမဲ့မိုးသည်းကြီး စွေသည်တွင် မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားအား တစုံတခုသော ဖြုတ် ခြင် ယင်ရဲ စသည်တို့ မထိပါးစေခြင်းငှာ၎င်း၊ အပူအချမ်း လေကြမ်းမိုးဖွဲတို့သည် မညှဉ်းဆဲစေခြင်းငှာ ရတနာအထိပြီးသော ဗိမာန်ကိုဖန်ဆင်းလျက် လျှုံခြင်းငှာ တတ်နိုင်လျက်လည်း မိမိကိုယ်ဖြင့် ကုသိုလ်ပြုခြင်းငှာ စေတနာ ထက်သန်သဖြင့် ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ တပိုင်းတခွေကို ပလ္လင်ခင်းပြီးသော ကိုယ်တော်ကို ခုနစ်ရစ်ပတ်ရံလျက် ဦးခေါင်းတော်ထက်က ပါးပျဉ်းဖြင့် အုပ်မိုး၍ မိုးမစွပ်ရအောင် တည်နေသည်၊ မြတ်စွာဘုရားလည်း နဂါးမင်း၏ အခွေထက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်။ ခုနစ်ရက်နေ၍ မိုးစဲသောကာလမှ နဂါးမင်းသည် လုလင်ယောင် ဖန်ဆင်းလျက် ရှေ့တော်၌ ရှိခိုးလျက်နေလေသော်....။

သုခေါ ဝိဝေကော တုဋ္ဌဿ

သုတဓမ္မဿ ပဿတော။ စသော ဥဒါန်းစကားဖြင့် လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီးသော ရဟန္တာသည် လွန်စွာချမ်းသာ၏။ ထို့အတူ သတ္တဝါ အပေါင်းတို့၌ တိုက်ခိုက်ထိပါးတတ်သော ဒေါသ၏ ကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ်ငါးပါး၌ လိုက်စား တပ်ငြိတတ်သော ရာဂ၏ ကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏။ ငါဟူသော မာန်ယစ်ခြင်းကိုခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သီးခံခြင်းသည်လည်း အလွန်ချမ်းသာ၏ဟု ဟောတော်မူရာ၌ ဤအရပ်သည် မုစလိန္ဒသတ္တာဟ မည်၏။

## (၇) သတ္တမသတ္တာဟ စံတော်မူခြင်း

ထို့နောက် မဟာဗောဓိပင်မှ တောင်မျက်နှာ အလံ လေးဆယ်ကွာတွင် လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက်စေ့သော နံနက်၌ မျက်နှာ သစ်တော်မူလိုသော အကြံတော် ဖြစ်လေသော် သိကြားမင်းသည် ကြဖိုးသီး၊ ကွမ်းရိုးဒန်ပူ၊ အနောတတ်ရေ (အနောတတ် နတ်ရေအိုင်မှရေ) များကို ကပ်လှူလာ၍ သုံးဆောင်တော်မူပြီးစ အခါတွင် ရာမည တိုင်း၊ ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ ဘဖုံသနှင့် ဘလှ က ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်း ငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှင် ရှိရာအရပ်သို့ ရောက်လေသော် မိမိတို့၏ အဘွေ့ဖြစ်ဘူးသော နတ်က လှည်းကို မသွားနိုင်အောင် တန့်ရိုးဖြင့် တားဆီးထား

သဖြင့် ဗလိနတ်စာပူဇော်သောကာလမှ နတ်က ကိုယ်ထင်ပြလျက် "လောကသုံးပါးတွင် အတုမရှိသော ဘုရား ထင်ရှားဖြစ်တော်မူ၍ ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသည်၊ သင်တို့ အကျိုးစီးပွား များလိုမူကား တစုံတခုဖြင့် လှူဒါန်း ပူဇော်ချေ" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ညီနောင်နှစ်ယောက်တို့သည် အားရဝမ်းသာရှိ၍ မိမိတို့တွင်ပါသော ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကို ယူဆောင်၍ ကပ်လာ၏။

ထိုအခါ ရဟန်းပူဇကာ သဒ္ဒိကာရပြဟ္မာကြီးလှူခဲ့သော သပိတ်တော်သည် သဇာတာ နို့ဆွမ်းလှူစဉ်ကပင် ကွယ်ခဲ့၍ "အဘယ်ဝတ္ထုဖြင့် ခံယူသော် လျော်အံ့နည်း၊ နောင်တော်ဘုရားတို့သည် အဘယ်ဝတ္ထုဖြင့် ခံသနည်း" ဟုရှုတော်မူသော် နောင်တော်ဘုရားတို့သည် သပိတ်တော်ဖြင့်ခံတော်မူကြသည်ကို မြင်သဖြင့် သပိတ်တော်ကို အောက်မေ့လျက် ထိုမုန့်ကို ခံယူလိုသော အကြံတော် ဖြစ်လေသော် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် ဣန္ဒနီလာ ကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လာ၏။ ဘုရားသခင်လည်း ထိုသပိတ်ကို ခံတော်မမူ၊ ယင်းသို့ ခံတော်မမူသော် ပဲနောက် အဆင်း ရှိသော ကျောက်သပိတ် လေးလုံးကို လှူပြန်၏၊ ထိုကျောက်သပိတ်ကို ခံတော်မူလျက် လေးလုံးသော သပိတ်ကို ဓိဋ္ဌာန်၍ နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ် တလုံးတည်း ဖြစ်သဖြင့် ထိုသပိတ်နှင့် ခံတော်မူ၏၊ ထိုကုန်သည် ညီနောင်သို့အားလည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဟူသော ဒွေဝါစိက သရဏဂုံကို ပေးတော်မူသည်၊ ၎င်းနောက် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ခတ် တလက်ဆုပ်ကိုလည်း ပေးအပ်တော်မူလိုက်၏၊ ဤအရပ်သည် ရာဇာယတနသတ္တာဟ မည်၏။

## ၁၀။ သဟမ္ပတိဗြဟ္မာမင်းက တရားဟောရန် တောင်းပန်ခန်း။

ဤသို့သတ္တသတ္တာဟကျင့်စဉ် စေ့တော်မူလျှင် လင်းလွန်းပင်မှ သည်အဇပါလ ညောင်ပင်ရင်းသို့ တဖန် ကပ်တော်မူပြန်၍ နေတော်မူသောအခါ၌ ဤသို့သော အကြံတော်ဖြစ်၏၊ ငါသိအပ်သော တရားတော်သည်၊ မြင့်မိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ်သော မုံညင်းသီးကဲ့သို့ အလွန်သိမ်မွေ့နက်နဲ မြင်နိုင်ခဲ၏၊ ပဋိစ္စသမုပ္ပါဒမမှ သည်လည်း ပံသုပထဝီ၏ အောက်၌ ဖြစ်သော မြေဆီသြဇာကဲ့သို့ လွန်စွာနက်နဲခက်ခဲလှ၏၊ ဤလောက၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ပညာနည်းပါး၍ ကိလေသာ သာလျှင်များရကား စဉ်းစားခြင်း အလွန်နည်းပါးကြ၏။

ငါဟောကြား သော်လည်း တရားတော်ကို မမြင်နိုင်ကုန်ရာ၊ ငါပင်ပမ်းရုံသာ ရှိချိမ့်မည်ဟု တရားမဟောလိုသော အကြံတော်ဖြစ်လတ်လျှင် ကဿပဘုရားရှင် သာသနာ၌သဟာဿကမည်သော ပဋ္ဌမစျာနလာဘီ ရဟန်းသည် စုတေ၍ ပဋ္ဌမ

ဈာန်ဘုံ၌ ဖြစ်လေသော သဟမ္ပတိဗြဟ္မာမင်းသိလေ၍ "နဿတိ ဝတဘောလောကော" (အိုအချင်းတို့ လောကကြီး ပျက်စီး လတ္တံ့၊ ပျက်စီးတော့မည်) ဟူသောစကားဖြင့် ကြွေးကြော် လျက် နတ်ဗြဟ္မာအပေါင်းတို့ကို ခေါ်၍ ဘုရားသခင်ထံလာပြီး လျှင် မြင့်မိုရ်တောင်လုံးမျှလောက်သော ရတနာပန်းကုံးတို့ဖြင့် ပူဇော်လျက် "ဒေသေတု၊ ဘန္တေ၊ ဘဂဝါ၊ ဓမ္မံ၊ ဒေသေတု၊ သုဂတောဓမ္မံ" စသောဂါထာဖြင့် အရှင်ဘုရား တရားဟော တော်မူပါ၊ သတ္တဝါတို့အား တရားဟောရှုတ် ချွတ်ခြင်းငှာ လျှင် ပါရမီသုံးဆယ်ကို ဖြည့်တော်မူပါသည်၊

"ကိုယ်တော်ဘုရားမှ တရားမဟော ချေသော် ဘယ်သူ လာ၍ ဟောပါအံ့နည်း၊ ယခုအခါ မဂဓရာဇ်တိုင်း၌ **ပူရဏ ကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ အဇိတကေသကမ္ဗလသိဥ္စည်း၊** ဤခြောက်ယောက်သော သူတို့ သည် ဘုရားမဟုတ်ဘဲလျက်၊ ဘုရားဟု ဝန်ခံ၍ များစွာသော သတ္တဝါတို့ကို လှည့်ပတ်လျက် မိစ္ဆာဝါဒကိုပြ၍ နေကြချေပြီ၊ အပါယ်လေးပါး တံခါး ဟင်းလင်းပွင့်ချေပြီ၊ နတ်ရွာနိဗ္ဗာန် ဝင်ရန် တံခါးပိတ်ချေပြီ၊ တရားစည်ကြီး တီးတော်မူပါ၊ အပါယ် တံခါး ပိတ်တော်မူပါ၊ နတ်ရွာတံခါး ဖွင့်တော်မူပါ၊ ကျွတ်ထိုက် သော သတ္တဝါလည်း ရှိပါလိမ့်မည်၊ ထိုသူတို့အား တရားမိုးဖြင့် သွန်းဖြိုးတော်မူပါ" ဟု တောင်းပန်၏။ ထိုသို့ တောင်းပန်လျှင် အာသယာနုသယ၊ ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တည်းဟူ သော၊ ဘုရားရှေ့မျက်စေ့ဖြင့် ကျွတ်လတ္တံ့သောသူကို ရှု၍မြင် တော်မူသဖြင့် ပဋိညာဉ်ပေးတော်မူ၏။

---

(၁) ထိုနောက်မှ တရားဟောအံ့သောသူကို ရှုပြန်လျှင် ဝတ်ပြုပေးဘူးခြင်းအတွက် ကျေးဇူးရှိသော ပဥ္စဝဂ္ဂီတို့ကိုမြင်တော်မူ၍၊ ထိုသို့မြင်ပြီးမှ အဇပါလ ညောင်ပင်ရင်း၌ နှစ်ရက် သုံးရက်ခန့် စံတော်မူပြီးလျှင် အစဉ်အတိုင်း ဗာရာဏသီပြည်သို့ ရှေ့ရှု ကြွတော်မူလတ်သော်၊ မဟာဗောဓိနှင့် ဂယာသီသ၏ အကြား၌ ဥပက အမည်ရှိသော တက္ကထွန်းကိုတွေ့ရာ ထိုတက္ကထွန်းက "ငါ့ရှင် သင်၏ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဘွယ် ရှိပေ၏၊ သန့်ရှင်းစင်ကြယ် သပ္ပါယ်ပြည့်ဖြိုးလျက် ပြိုးပြိုးပျက်မျှ ထွက်ထွန်းသော အရောင်လည်း ရှိပေ၏၊ အဘယ်သူကို ရည်မှန်းလျက် ရဟန်းပြုဘိသနည်း သင့်ဆရာကား အဘယ်သူနည်း၊ သင်ကား အဘယ်အမည်ရှိသနည်း" ဟုမေး၏၊ မြတ်စွာဘုရားကလည်း "ချစ်သား ဥပက ငါကား ကိလေသာ ရန်သင်းကို နှိမ်နှင်းဖျက်ဆီး၍ တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ ဖြစ်သော တရားအပေါင်းကို သိတော်မူ၍ စတုဘုမက— ဓမ္မခပ်သိမ်းတို့၌ လိမ်းကျံကပ်ငြိခြင်းမှ ကင်းတော်မူ၏၊ အလုံးစုံသော အကုသိုလ် တရားကို ဖယ်ရှားစွန့်ခွာ၍ တဏှာ၏ကုန်ရာ၊ နိဗ္ဗာန်တာအောင် ဘုံကို အာရုံပြုဘိသဖြင့် ကိလေသာ အပေါင်းတို့မှ လွတ်၏၊ ချစ်သား ဥပက စတုဘုမက ဓမ္မအလုံးစုံကို အလိုလိုငါသိတော်မူရကား လောကသုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာရှိတော့အံ့နည်း၊ ငါ့အမည်ကား ငါးပါးသောမာရ်ကို ပယ်လှန်အောင်ဘိ၍ "အနန္တဇိန" မည်သတည်း ဟု ပြတော်မူခြင်းငှါ....

---

ကဝိရတနာစာပေ

သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗံ ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

အစရှိသောဂါထာကို မိန့်တော်မူလျှင် "အရှင်ဂေါတမ ဟုတ်ပေရာ၏။ သို့ရာတွင်သင်ကား ယခုအဘယ်သို့ ကြွအံ့နည်း" ဟု မေးပြန်၏၊ "ချစ်သား ဥပက သမုဒ္ဒြာ ဂင်္ဂါသဲလုံးမျှ ပွင့်ကုန်သော ဗုဒ္ဓတို့ဓမ္မတာ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောကြီးသို့ ငါကြွတော်မူအံ့" ဟုမိန့်တော်မူလေသော် "ဟုပေယျ၊ အာဝုသော" ဟူသော စကားကိုဆိုလျက် ခေါင်းငြိမ့်ပြီးလျှင် ခရီးလွှဲ၍ ဝင်္ဂမည်သော ဇနပုဒ်သို့ သွားလေ၏။ နောင်သောအခါ မြတ်စွာဘုရား၏ပေးအပ်သော ကမ္မဋ္ဌာန်းတရားတော်ကို ကြိုးစားအားထုတ်သဖြင့် ဥပကမှာ အနာဂါမိဖိုလ်၌ တည်ပြီးမှ စုတေခဲ့သော်၊ အဝိဟာဘုံ၌ ပဋိသန္ဓေနေလေ၏ (ထိုဘုံ၌ဖြစ်သော ခဏ၌ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏)။

## ၁၁။ မိဂဒါဝုန်တောသို့ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာ တရားဟောတော်မူခန်း။

ဘုရားသခင်လည်းအစဉ်အတိုင်း ကြွတော်မူ၍ မိဂဒါဝုန်တောသို့ ရောက်တော်မူလျှင် ပဉ္စဝဂ္ဂီတို့ကမြင်စဦး၌ပင် ကတိကဝတ် ထားကြသည်မှာ "ရှင်ဂေါတမသည် ဘုရားအဖြစ်ကို ရခြင်းငှာ ဒုက္ကရစရိယာ အကျင့်ကိုကျင့်သည်၊ မဖြစ်မှီကပင် ဤအကျင့်မှထွက်၍ ဆွမ်းသက်န်းများအောင် ရှာလျက် မြို့ရွာ အရပ်ရပ်သို့ လှည့်လည်သည်၊ အကျင့်ပျက်သူ ဖြစ်သည်၊ ခရီးဦးကြိုဆိုခြင်း၊နေရာခင်းခြင်း၊သောက်ရေသုံးဆောင်ရေတည် ထားခြင်း၊ စသောဝတ်ကို မပြုကြလင့်"ဟု ကတိကဝတ်ကို ထားကြလင့်၏၊ သို့သော် မြတ်စွာဘုရားအနီးသို့ ရောက်လာ သောကာလ ပြုထားကြသော ကတိကဝတ်၌ မတည်နိုင် ယိမ်းယိုင်တုန်လှုပ်သောစိတ် ရှိကြရကား ထားရင်း ကတိကဝတ်ကို ဖျက်၍ အချို့ကသပိတ် သင်္ကန်းကို လှမ်းယူသည်၊ အချို့က ခြေဆေးရေတည်လင့်သည်၊ အချို့က နေရာခင်းလင့်သည်၊ ဤသို့ ဝတ်ကြီးဝတ်ငယ်ပြု၍ ခင်းအပ်သောနေရာထက်၌ နေတော်မူပြီး သော် ကိုယ်တော်မြတ်က "ငါကား ဘုရားဖြစ်တော်မူပြီ အလုံးစုံ သော တရားထူးကိုသိတော်မူပြီ၊ သင်တို့အား အမြိုက်တရားကို ဟောကြားခြင်းငှာ ငါလာတော်မူသည်၊ ရိုသေစွာ တရားနာ ကုန်လော့"ဟု တိုက်တွန်း၏၊ ထိုအခါ ပဉ္စဝဂ္ဂီတို့က "ငါ့ရှင်ဂေါ

တမသင်သည် ငြိုငြင်လှစွာသော ဒုက္ခရစရိယာ အကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်၍မျှ သဗ္ဗညုတအဖြစ်သို့ မရောက်တုံ သေးဘဲ ယခုမူကား ဆွမ်း သကာန်း ကျောင်း စသောပစ္စည်းကို များအောင် လုံးလပြုကာ ဒါယကာ၊ ဒါယိကာမတို့ကို ရှာ၍ မြို့ရွာတိုင်း လှည့်လည်လျက် မင်္ဂလိုလ်ချမ်းသာကို အဘယ်မှာ ရချေအံ့နည်း၊ သင်ဝါကြွား၍ လှည့်ဖြားကာနှင့် ငါတို့မယုံနိုင် ချေ” ဟု သုံးကြိမ်တိုင်အောင် ပယ်ရှား၏။

## (က) တရားဦးဓမ္မစကြာဟောကြားခြင်း။

ထိုသို့ ပါယ်ရှားကြသော်လည်း အပြစ်ထားတော် မမူ၊ များစွာသော ပရိယာယ်စကားဖြင့် ဘုရားဖြစ်ကြောင်းကို သိစေ တော်မူလျက် သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် စနေနေ့ ညနေ နေဝင်စအချိန်တွင် “ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန သေဝိတဗ္ဗာ ” အစရှိသော ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော် မူသည်။ ထိုအခါလည်း စကြာဝဠာတသောင်း မြေအပေါင်း သည် ကောင်းချီး ကျူးသကဲ့သို့ အထူးသဖြင့် တုန်လှုပ်လေ သတည်း(ဤကား စတုတ္ထအကြိမ် မြေတုန်လှုပ်ခြင်း)။ ဒေသနာ တော်၏ အဆုံး၌ ပဉ္စဝဂ္ဂီများ အနက်မှ အရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ (ဤကား ဓမ္မစကြာဒေသနာ ကား ထိုနေ့ည ပထမယာမ်အဆုံး၌ ပြီးဆုံးသတည်း)

## (ခ) သာတာဂိရိနတ်နှင့် ဟေမဝတ နတ်တို့တရားနာရန် ရောက်လာခြင်း။

ပဌမယာမ် (သန်းခေါင်) သို့ ရောက်သောအခါ၊ ဟိမဝန္တာတောအတွင်းရှိ ဟေမဝတတောင်နတ်ဘီလူး၊ စစ်သူကြီးနှင့် မဇ္ဈိမဒေသအတွင်း သာတာဂိရိတောင် နတ်ဘီလူး၊ စစ်သူကြီးတို့သည် အသင်းအပင်းဖြစ်သော နတ်ဘီလူးစစ်သူကြီးတို့နှင့် ဘဆောင်သော နတ်ဘီလူးတို့နှင့်တကွ၊ တရားတော်ကို နာအံ့သောငှာ ရောက်လာကြ ကုန်သတည်း။ ဘုရားရှင်၏ အထံသို့ကပ်၍ လက်အုပ်ချီလျက်၊ အကွာတာရှိ...အစရှိသော ဂါထာဖြင့် မြတ်စွာဘုရားအား ချီးမွမ်းခြင်းကိုပြု၍ ဆယ်ခုသော ပြဿနာတို့ကို လျှောက်ကုန်သည်တွင် ဘုရားသခင်လည်း ဟေမဝတသုတ်ဒေသနာကို ဟောတော်မူလေ၏။ တရားတော်၏ အဆုံး၌ ထိုနတ်စစ်သူကြီး နှစ်ဦးတို့သည်၊ သောတာပန် တည်လေကုန်၏။ ကြွင်းကုန်သောနတ်ဘီလူးတို့သည် သရဏဂုံပဉ္စသီ တည်ကြကုန်သတည်း။ ထို့နောက် ဓမ္မစက္ကပဝတ္တနသုတ်ကိုပင် အကျယ်တဖန်ဟောတော်မူပြန်သဖြင့် ရင်းဝါဆိုလပြည့်ကျော် တရက်နေ့တွင် အရှင်ဝပ္ပ(ဝဂ္ဂီ)သည် သောတာပတ္တိဖိုလ်၌ တည်သည်။ နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ(ဝဂ္ဂီ)၊ သုံးရက်နေ့တွင် အရှင်မဟာနာမ(ဝဂ္ဂီ)၊ လေးရက်နေ့တွင် အရှင်အဿဇိထေရ်တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၍ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရကြကုန်သည်။ လပြည့်ကျော် ငါးရက်နေ့၌ ငါးဦးသော ရဟန်းတို့ကို စည်းဝေးစေ၍ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသဖြင့်

ငါးဦးလုံးပင် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ဤသို့ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်ကြပြီးလျှင် ဘုရားသခင်လည်း ထိုမိဂဒါဝုန် တော၌ပင် နန္ဒိယ–ဥပသကာ ဆောက်လုပ်သော ကျောင်း၌ သီတင်း သုံးလျက် ပထမဝါဆိုတော်မူသည်။

## ၁၂။ နာဠကထေရ်၏ မောနေယျ အကျင့်ကို ကျင့်ခြင်း။

လပြည့်ကျော် ခုနစ်ရက် နေ့သို့ ရောက်သောအခါ ဒေဝီလရသေ့၏ နှမတော် မန္တာနီ ပုဏ္ဏေးမ၏သား နာဠက ထေရ်ရောက်လာ၍ မောနေယျပဋိပတ်ကို ဟောကြားတော် မူသဖြင့် ကျင့်ရလေသည်။ နာဠက မထေရ်လည်း တောအုပ်သို့ ဝင်ပြီးသော် သစ်တပင်ရင်း၌ နှစ်ရက်မနေ၊တရွာတွင် နှစ်ရက် ဆွမ်းမခံ ဘတောမှသည်တတော၊ သစ်တပင်မှသည် သစ်တပင်သို့ တရွာမှသည် တရွာသို့ လှည့်ပတ်ခါသာ ခြိုးခြံစွာ ကျင့်သဖြင့် ခုနစ်လတိုင်လျှင် အရဟတ္တဖိုလ်ကိုရ၍ မိမိ၏ အာယုသင်္ခါရ ကုန်သည်ကိုလည်းသိ၍ ရေချိုးပြီးသော် သင်းပိုင်၊ ကိုယ်ဝတ်၊ ဒုကုဋ်၊ ခါးပန်းတို့ကို ရိုသေစွာ ဝတ်ရုံလျက်၊ ဘုရားရှိရာသို့ မျက်နှာပြု၍ တခုသော ဆေးဒန်းမြင်းသီလာတောင်ကို မှီလျက် ထိပ်ထက် လက်အုပ်ကိုထား၍ ရပ်လျက်ပင် ပရိနိဗ္ဗာန်ပြုလေ၏။ ဘုရားသခင်လည်း သံဃာတော် အပေါင်းတို့နှင့် တကွ ကြွ၍ သင်္ဂြိုလ်တော်မူ၏။ (ဘုရားတဆူတဆူတွင် မောနေယျကျင့်သူ တယောက်သာရှိမြဲ၊ ဤနာဠက ထေရ်ကား ဥက္ကဋ္ဌ ကျင့်သော ကြောင့် ခုနစ်လဖြင့် အရဟတ္တဖိုလ်ရ၏)။

---

ကဝိရတနာစာပေ

# ၁၃။ ဥရုဝေလ ကဿပ စသော ရသေ့ ညီနောင်တို့ကို ချွတ်ခန်း။

## (၁) ဥရုဝေလတောမှ နဂါးမင်း၏ အခိုးအလျှံများကို တေဇောကသိုဏ်းဖြင့် နှိမ်နင်းခြင်း။

ဘုရားသခင်လည်း မိဂဒါဝုန်တောအရပ်မှသည် ဥရုဝေလ တောသို့ ရှေ့ရှုကြွတော်မူ၏။ ထိုတောအုပ်၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင် သုံးဦးတို့ အကြီးအမှူးပြု၍ မြစ်ကွေ့ တခုတခုစီမှီလျက်။ ရသေ့တထောင် တို့နေကြကုန်၏။ ဥရုဝေလကဿပ၌ တပည့်ရသေ့ ငါးရာ၊ နဒီကဿပ၌ တပည့်ရသေ့သုံးရာ၊ ဂယာကဿပ၌ တပည့်ရသေ့ နှစ်ရာ အသီးသီးရှိကြကုန်၏။ ထိုသူတို့၏ အယူဝါဒကား ကိလေသာ ခြောက်ခမ်းမှ ရဟန္တာဖြစ်မည်။ ကိလေသာ ခမ်းအောင်ကိုလည်း၊ ပင်ပမ်းစွာ ကစားပျော်ပါးမှ တပါးသော အာရုံသို့ စိတ်မထွက်ရှိမည်ဟု နှလုံးပြု၍ နံနက် နေမထွက်မှီ ရေ၌ဆင်း၍ မြူးတူးသည်၊ ဆွမ်းစားချိန်တန်မှ တက်၍ ဆွမ်း စားပြီးလျှင် ကျေးသား၊ ဇယ်ပုံ၊ တန်ကျစ်ခုန် စသော ကစား ခြင်းတို့ဖြင့် ကစား၍ ကိုယ်ကို မီးကင်လျက်၊ ပူပင်လွှန်းမှ ကိလေသာကို ရေမှာ မျောအံ့ဟု ရေသို့သက်ပြန်၍ အိပ်ချိန် တန်မှ တက်သတည်း။ ဤသို့သော အကျင့်ကို ဆောက်တည်၍ ကြာမြင့်ရှည်စွာ နေကြကုန်၏။

ဘုရားသခင်လည်း၊ ဥရုဝေလကဿပရသေ့၏ သင်္ခမ်းသို့ ကပ်၍ "ကဿပ သင်သည် ဝန်မလေးမူ ကျောင်း၏အနီး မီးတင်းကုတ်၌ တည်းခိုပါရစေ" ဟု မိန့်တော်မူသောအခါ၊ "ရဟန်းကြီး ငါက ဝန်မလေး၊ ဤမီးတင်းကုတ်၌ ကြမ်းကြုတ် ခက်ထန် စောင်မာန် တန်ခိုးကြီးသော နဂါးမင်းသည် နေ၏။ ထိုနဂါးမင်းသည် သင့်ကို ညှဉ်းဆဲလတ္တံ့၊ ထို့ကြောင့် မတည်းလင့်" ဟု ဆို၏။ ဘုရားသခင်ကလည်း "ကဿပ ငါ့ကို နဂါး မညှဉ်းဆဲနိုင်ရာ သင်ကသာ ခွင့်ပေးလော့" ဟု မိန့်တော်မူ၏။ ကဿပရသေ့ကလည်း "နဂါးမင်းကို မကြောက်လျှင် နေလော့" ဟု ခွင့်ပြု၍ မီးတင်းကုတ်သို့ဝင်လျက်၊ မြက်အခင်းထက်၌ ထက်ဝက်ဘွဲ့ခွေကာ အာနာပါန ကမ္မဋ္ဌာန်းသို့ ရှေးရှုပြု၍ နေတော်မူ၏။ ထိုသို့ နေတော်မူသော် ဘုရားကို နဂါးမြင်လျှင် အမျက်ရဲရဲတောက်ဆဲသော မီးကဲ့သို့ ကြီးစွာသော အမျက် ရန်ငြိုးဖြင့် အခိုးအလျှံကို လွှတ်၏။ ထိုနဂါးမင်း၏ မာန်ကို ချိုးလှန်တော်မူခြင်းငှာ၊ မြတ်စွာဘုရားလည်း တေဇောကသိုဏ်းကို ဝင်စား၍ နဂါး၏ အခိုးအလျှံထက် လွန်ကဲသော အခိုးအလျှံကို လွှတ်တော်မူ၏။ နဂါး-ဘုရား ထိုနှစ်ဦးတို့၏ အခိုးအရှိန်သည် ထိန်ထိန်ပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကဲ့သို့ရှိ၏၊ ရသေ့တို့သည်လည်း မီးတင်းကုတ်ကို အဝေးက ဝိုင်းရံ၍ "အချင်းတို့ ရဟန်းကြီးသည် အလွန်အဆင်းလှလေစွ၊ နဂါးမင်းသည် ညှဉ်းဆဲပေါက်သတ်၍ ယနေ့ပင် သေရှာလေတော့မည်" ဟု ဆိုကြလေကုန်၏။ ဘုရားသခင်သည်လည်း ညဉ့်သုံးယာမ် ပတ်လုံး ထိုနဂါးကို နှိမ်နင်းတော်မူ၍ နံနက်မိုးသောက် ရောက်လေသော

အခါ၊ နဂါးကို သပိတ်တော်၌ ထည့်ပြီးလျှင် ငါ့ရှင်ဥရုဝေလ၊ ဤကား သင်တို့၏ နဂါးမင်းပေတည်း ”ဟု ပြောတော်မူ၏။ ထိုအခါ ဥရုဝေလကဿပသည် ဤသို့အကြံဖြစ်၏ ဂေါတမ ရဟန်းကား....အဟုတ်အဟတ် တန်ခိုးကြီးလေ၏။ ကြမ်းတမ်း ခက်ထန် စောင်မာန်တန်ခိုးကြီးသော နဂါးမင်းကိုပင် နှိမ်နင်း နိုင်ပေ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာတည်းဟု အကြံဖြစ်၏။

## (၂) စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ဖူးမျှော်လာခြင်း။

ဥရုဝေလကဿပသည်လည်း၊ ဤသို့သောဘုရားသခင်၏ တန်ခိုးတော်ကိုမြင်၍ ကြည်ညိုရကား....“ ရဟန်းကြီး ဤအရပ် ၌ပင် အစဉ်နေပါလော့၊ ငါတို့အမြဲ ဆွမ်းလုပ်ကြွေးပါအံ့”ဟု လျှောက်၏။ ဘုရားသခင်သည်လည်း ဝန်ခံတော်မူ၍ ဥရုဝေလ ကဿပ သခ်မ်း၏အနီး၊ တောအုပ် တခုတွင် နေတော်မူ၏။ ညဉ့်ဦးယာမ်သို့ ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင်မှ တောက်ပသော ကိုယ် ရောင်ကို ဖြစ်စေလျက် လေးမျက်နှာ အရပ်တို့မှ ခစားဖူးမျှော် လာကြကုန်၏။ နံနက်မိုးသောက် ရောက်သောကာလ ဥရု ဝေလလည်း ဘုရားအထံတော်သို့ကပ်၍ “ ရဟန်းကြီး ဆွမ်းစား ချိန်တန်ပြီ၊ ဆွမ်းပြင်၍လည်းပြီးပြီ၊ ကြွတော်မူပါလော့ ” ဟု ပင့်၍ လာခဲ့ကြသော် လမ်းတွင် ဤသို့မေး၏....။

---

"ရဟန်းကြီး....သင်၏ထံ၌ ညဥ့်ဦးယာမ်က မီးပုံကြီးကဲ့သို့သော တောက်ပသော ကိုယ်ရောင် ကိုယ်ဝါဖြင့် အရပ်လေးမျက်နှာမှ လာကြသောသူတို့ကား အဘယ်သူတို့နည်း" ဟု မေး၏။ ဘုရားသခင်က "ကဿပ....ထိုလေးယောက်သော သူတို့ကား စတုမဟာရာဇ် နတ်မင်းကြီးတို့တည်း။ ငါ့တရားကို ကြားနာခြင်းငှာရင်း၊ ငါ့ကို လုပ်ကျွေးခြင်းငှာရင်း ဆည်းကပ်လာကြကုန် သတည်း" ဟု မိန့်တော်မူလျှင်၊ ရဟန်းကြီးက တန်ခိုးကြီးပေ၏။ စတုမဟာရာဇ် နတ်မင်းကြီးတို့မှ ဝတ်စင်းလာရပေသည်။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာ တည်း ဟု အကြံဖြစ်ပြန်လေ၏။ ဘုရားသခင်လည်း ထိုအကြံကို သိလျက်နှင့် သည်းခံတော်မူ၍ ဥရုဝေလ၏ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ထိုတောအုပ်၌ပင် နေတော်မူ၏။

## (၃) သိကြားမင်း ပူးပျော်လာခြင်း

နောက်တနေ့၌ ညအခါ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဝပ်စင်းခစားလာပြန်၏။ ဥရုဝေလကဿပလည်း နံနက်မိုးသောက်ထကာ မြတ်စွာဘုရားအား ဆွမ်းစားပင့်ခဲ့ပြီးလျှင် ခရီးအကြား၌ ရှေးနည်း မေးပြန်၏။ ဘုရားသခင်ကလည်း "ကဿပ.... ယမန်နေ့ည သန်းခေါင်အခါက ရောက်လာသောသူကား သိကြားမင်းပေတည်း၊ ငါ့တရားကို နာအံ့သောငှာရင်း၊ ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်း ငှာ ရင်း၊ ဆည်းကပ်လာသတည်း" ဟု မိန့်တော်မူလျှင် ဥရုဝေလကဿပကလည်း ရဟန်းကြီးကား သိကြားမင်းပင်ခစားလာရပေသည်၊

တန်ခိုးအာနုတော် ကြီးပေ၏၊ သို့သော် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာဟု အကြံ ဖြစ်ပြန်၏။ နောက်တနေ့၌ ညဉ့်အခါ ဗြဟ္မာမင်း ခစားလာသည်ကိုလည်း ရှေးနည်းမေး၍ အကြောင်းကို မိန့်တော်မူလျှင် ဤနည်းပင် အကြံဖြစ်ပြန်၏။

## (၄) ရသေ့တို့၏မပွယ်ရာအကြံ

ဤသို့သောနည်းဖြင့် နေတော်မူလျက် ပြာသိုလပြည့်သို့ ရောက်တိုင်း များစွာသော အင်္ဂတိုင်း၊ မဂဓတိုင်းသူတို့သည် ကြီးစွာသော ပွဲလမ်းသဘင် ခင်းလျက် ဥရုဝေလရသေ့တို့အား ပူဇော်လှူဒါန်းမြဲဖြစ်၍ အဘိတ်နေ့ကပင် ဆွမ်းဘောဇဉ်တို့ကို စီရင်နှိုးဆော်လျက် အုတ်အုတ်ကြက်ကြက်ဖြစ်ကြ၏။ ထိုအခါ ကဿပရသေ့သည် ဤသို့ အကြံဖြစ်၏၊ နက်ဖြန်ငါတို့အထံသို့ ကြီးစွာသောပူဇော်သက္ကာရဖြင့် ဒါယကာတို့ ရောက်ကြလတံ့၊ ရဟန်းကြီးသည် အလွန်လည်း အဆင်းလှသည်၊ တန်ခိုးလည်း ကြီးသည် လူအပေါင်းတို့၏ အလယ်၌ ကြီးစွာသော တန်ခိုး ပြာဋိဟာကို ပြခဲ့လျှင် မြင်သမျှသောသူတို့သည် အလွန်ကြည်ညို ကြလိမ့်မည်၊ ငါတို့အားသဒ္ဓါတရားပြတ်၍ လာဘ်ပူဇော်သက္ကာရ နည်းလိမ့်မည်၊ နက်ဖြန် ငါတို့ထံသို့ ကြီးစွာသောပူဇော်သက္ကာရ ဖြင့် ဒါယကာတို့ ရောက်ရှိနေချိန်တွင် ရဟန်းကြီးမလာပါ မူကား ကောင်းရာ၏ဟု အကြံဖြစ်၏။

## (၅) သိဟိုဠ်ကျွန်းသို့ကြွ၍ ဆံတော်လှူခြင်း

ဘုရားသခင်လည်း ထိုရသေ့တို့၏အကြံကို သိတော်မူ

၍၊ ၁၀၃-ခု ပြာသိုလပြည့်နေ့နံနက် မြောက်ကျွန်းသို့ ဆွမ်းခံကြွ၍ အနော်တတ်အိုင်၏ အနီး၌ ဆွမ်းဘုဉ်းပေးခဲ့ပြီးသော်၊ နောင်သောအခါ သာသနာတော်၏ ထွန်းပရာ ဖြစ်မည်ကို မြင်တော်မူ၍ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ ကိုယ်တော်တည်း ကြွတော်မူ၍ နတ်ဘီလူးတို့ကို နှိမ်နင်းလျက် သုမန နတ်မင်းအား ဆံတော် တလက်ဆုပ်မျှ ပေးအပ်ခဲ့၍ အာရုဏ်မတက်မီ ပြန်ကြွသဖြင့် ဥရုဝေလ တောအရပ်သို့ ရောက်တော်မူသည်။

လပြည့်ကျော် တရက်နေ့ ဥရုဝေလရသေ့ ဆွမ်းစားပင့်လာသောအခါ ပျူငှာမသာစကားဖြင့် ဤသို့ ဆိုကြ၏။ "ရဟန်းကြီး.... ယမန်နေ့က သင် အဘယ်ကြောင့် မလာသနည်း၊ ငါတို့ အလှူတောင့်တ မျှော်ခေါ်ပါသည်၊ ဆွမ်းဘောဇဉ် များစွာထားပါသည်၊ သင်မလာနေဘိ၏" ဟု ဆိုလေလျှင် ဘုရားသခင်ကလည်း "ကဿပ....သင်သည် ဤသို့အကြံဖြစ်သည် မဟုတ်လော၊ သင်၏ စိတ်အကြံကို ဧကန်ငါသိတော်မူ၍ ဥတ္တရကုရုမည်သော မြောက်ကျွန်း၌ ဆွမ်းခံတော်မူပြီးလျှင် စန္ဒကူးမြိုင်တွင် ဝင်၍ နေ့သန့်တော်မူသည်" ဟု မိန့်တော်မူ၏။

ထိုအခါမှ ကဿပရသေ့လည်း ရဟန်းကြီးသည် အလွန်တန်ခိုးကြီး၏၊ ငါကြံတိုင်းကိုပင် သိပေသည်၊ အံ့ဘွယ်ရှိစွ၊ သို့သော် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာဟု အကြံဖြစ်ပြန်၏။ ဘုရားသခင်လည်း ကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုအရပ်၌ပင် နေတော်မူ၏။

## (၆) ပံ့သကူ သင်္ကန်း ကောက်တော်မူခြင်း

တနေ့သောအခါ ဒေသစာရီ ကြွချီတော်မူရာ သေနနိဂုံးရွာမှ သူဋ္ဌေးရဲ့ ကျွန်မ ပုဏ္ဏာ၏အသေကောင်ကို ထုတ်၍ပစ်သော ပိုက်ဆံလျှော် ပုဆိုးကို တွေ့၍ အရိယဝံသတရားကို ရှေ့ရှုလျက် (ဆွမ်း၊ သင်္ကန်း၊ ကျောင်း တို့၌ ရောင့်ရဲခြင်းနှင့် ကမ္မဋ္ဌာန်း၌ မွေ့လျော်ခြင်း) တကုံ (တပြည်သား) မျှလောက်သော ပိုးလေခက်ကိုပယ်၍ ပံ့သကူ ကောက်တော်မူ၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် ယောဉ်စက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ (ဤကား ပဌမအကြိမ် မြေတုန်လှုပ်ခြင်း)။

ယင်းသို့ ပံ့သကူ ကောက်တော်မူပြီးသော် သင်္ကန်းကို အဘယ်အရပ်၌ ဖွတ်လျှော်အံ့နည်းဟု အကြံတော်ဖြစ်လျှင် သိကြားမင်း လာ၍ လေးထောင့် ကန်တူးပြီးလျှင် "အရှင်ဘုရား.... ဤရေကန်၌ ဖွတ်လျှော်တော်မူပါ" ဟု လျှောက်၏။ ဖွတ်သောအခါလည်း မဟာပထဝီမြေကြီးသည် သည်းစွာ တုန်လှုပ်၏။ (ဤကား ဆဋ္ဌမအကြိမ် မြေတုန်လှုပ်ခြင်း)။

ဖွတ်လျှော်ပြီးလျှင် ဤသင်္ကန်းကို အဘယ်အရပ်၌ လှမ်းရပါအံ့နည်းဟု အကြံတော်ဖြစ်ပြန်၍ သိကြားမင်း သိလေလျှင် ကျောက်ဖျာကြီးကို အနီး၌ ထားလာ၍ "ဤကျောက်ဖျာ၌ လှမ်းတော်မူပါ" ဟု လျှောက်၏။ လှန်းတော်မူပြီးသော် ဤသင်္ကန်းကို အဘယ်မှာ ဆွဲရပါအံ့နည်းဟု အကြံတော်ဖြစ်ပြန်၍ ရေခံတက်ပင်စောင့်နတ် သိလေလျှင် ရေခံတက်ကိုင်းကို

ညွတ်စေ၍ "အရှင်ဘုရား.... ဤ၌ တန်းဆွဲတော်မူပါ" ဟု လျှောက်၏၊ ထို့နောက် အဘယ်မှာ ဖြန့်ရအံ့နည်း၊ အဘယ်သို့ ဆိုးရည်ကို ကျိုရအံ့နည်းဟု အကြံတော်ဖြစ်လျှင် ကြံတော်မူ တိုင်း ပြည့်စုံရအောင် သိကြားမင်း ဖန်ဆင်းပေး၏။

ထိုညဉ့် ကုန်မြောက်၍ မိုးသောက်သော ကာ လ ကဿပရသေ့လည်း မြတ်စွာဘုရားထံ သွား၍ ဆွမ်းစားပင့် လေသော် ရေကန်၊ ကျောက်ဖျာ၊ ရေခံတက်ပင် စသည်တို့ကို မြင်၍ " ရှင်ကြီး ဂေါတမ ရှေးကာလ၌ ဤအရပ်တွင် ရေကန် ကျောက်ဖျာ မရှိစဖူး၊ ဤခံတက်ပင်လည်း မညွှတ်စဖူး ယခု အခါ အဘယ်သူ ပြုပြင်လာသနည်း " ဟု မေး၏။

ဘုရားသခင်လည်း ပံ့သကူသက်န်းကို ကောက်ယူသည်မှ စ၍ အလုံးစုံ ဖြစ်လာသော အကြောင်းအရာများကို မိန့်ကြား တော်မူ၏။ ထိုသို့ မိန့်တော်မူသော် ဥရုဝေလကဿပလည်း ရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေသည်၊ သိကြားမင်း သော်မှ ခြေရင်း အလုပ်အကျွေးဖြစ်သော **သာမဏေ** ကဲ့သို့ အမှုကြီးငယ်တို့ကို ဆောင်ရွက်လာရပေသည်၊ အံ့ဘွယ်ရှိပေစွ၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာဟု ကြံ၏။ ဘုရားသခင်လည်း ထိုကဿပရသေ့တို့၏ ဆွမ်းကို ဘုဉ်းပေး တော်မူ၍ နေမြဲသော တောအုပ်၌ပင် နေတော်မူ၏။

## (၇) တန်ခိုးတော် အတန်တန်ပြရခြင်း။

နောက်နေ့ နံနက် ဆွမ်းစား ပင့်လာသော ကာလ " ကဿပ....သွားနှင့်လော့၊ ငါလာခဲ့အံ့"ဟု ဆို၍ ရသေ့ကို

လှတ်လိုက်ပြီးမှ ဇမ္ဗုသပြေသီးကို ယူဆောင်ခဲ့၍ ရှေးဦးစွာ ကြွလာခါ၊ မီးတင်းကုတ်၌ နေတော်မူလင့်၏။ ကဿပ ရသေ့ မြင်လေသော် " ရှင်ကြီးဂေါတမ၊ ငါရှင်သည်၊ ငါတို့နောက်မှ လာလျက် အဘယ်ကြောင့် ရှေးဦးစွာရောက်သနည်း။ အဘယ် ခရီးဖြင့် လာသနည်း "ဟု မေး၏။

" ကဿပ... ငါသည် ဇမ္ဗူဒိပ်ကျွန်းဦး၌ ပေါက်ရောက် သော ဇမ္ဗုသပြေပင် အောက်ဝယ်၊ သပြေသီးကို ကောက်ခဲ့၍ လာသဖြင့် ရှေးဦးစွာ မီးတင်းကုတ်သို့ ရောက်သတည်း။ ကဿပ သင်တို့ သပြေသီးကို မသုံးဆောင်ဘူးမူ ယူ၍ သုံးဆောင်လော့၊ အလှန်ကောင်းမြတ်သော အနံ့ အရသာနှင့် ပြည့်စုံ၏"ဟု မိန့် တော်မူ၏။ ကဿပရသေ့လည်း "ဤသပြေသီးသည် အကျွန်ုပ် တို့နှင့် မထိုက်ပေ၊ ရှင်ရဟန်းကြီးသည်သာ သုံးဆောင်လော့" ဟု လျှောက်၏။ " ဤရှင်ကြီး ဂေါတမကား စင်စစ် တန်ခိုး ကြီးလှပေသည်။ ငါတို့ကို ရှေးဦးစွာ လှတ်လိုက်ပြီးမှ သပြေသီး ကိုလည်း ဆောင်ခဲ့သေး၏။ ငါတို့အလျင်လည်း ရောက်သေး၏။ မကြံကောင်းဘွယ်ပင် ဖြစ်ပေသည်။ သို့ရာတွင် ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာတည်း "ဟု အကြံဖြစ်၏။

ဘုရားသခင်သည်လည်း၊ ကဿပ၏ ဆွမ်းကို ဘုဉ်းပေး တော်မူ၍ ထိုတောအုပ်၌ နေတော်မူ၏။ နောက်တနေ့ ဆွမ်းစား ပင့်လာသောကာလ " ကဿပ....သွားနှင့်လော့"ဟု လှတ်လိုက် ပြီးသော် ကိုယ်တော်မြတ်သည် ကျွန်းဦးဇမ္ဗုသပြေပင်၏ အနီး သရက်ဖူသီးကိုဆောင်၍ ရှေးနည်းအတူ နေတော်မူလင့်၏။ တနေ့သ၌လည်း ထိုသပြေပင် အနီးရှိ ရှားသီးကို ဆောင်၍

နေတော်မူလင့်သည်။ တနေ့လည်း ထိုသပြေပင်၏ အနီး ကြံ့ဇုသီးကို ဆောင်၍ နေတော် မူလင့်သည်။ တနေ့လည်း တာဝတိံသာ နတ်ပြည်မှ ပင်လယ်ကသစ်ပွင့်ကို ဆောင်ယူ၍ နေတော်မူလင့်သည်။ ဤသို့ အံ့ဘွယ်သရဲ ပြာဋိဟာကိုပြ၍ မြင်သမျှကိုပင် ရှင်ကြီးဂေါတမကား တန်ခိုးအာနုဘော် ကြီး ပေ၏။ သို့ရာတွင် ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာဟု အကြံ ဖြစ်၏။ ဘုရားသခင်လည်း၊ ထိုရသေ့တို့၏ အကြံကို ရွှေဉာဏ် တော်ဖြင့် သိလျက် သိဝှက်သည်းခံတော်မူကာ ထိုသူတို့၏ ဆွမ်းကို ဘုဉ်းပေးနေမြဲ နေတော်မူ၏။

တနေ့သောအခါ၊ ထိုရသေ့တို့ မီးကို လုပ်ကြွေးခြင်းငှာ ထင်းခွဲပါသော်လည်း မတတ်နိုင်ကြကုန်၊ ထိုအခါ ဥရုဝေလ ကဿပက ရှင်ကြီးဂေါတမသည် တန်ခိုးလည်း ကြီးလှ၏။ ငါ့ကိုလည်း ကြင်နာ၏။ ဤထင်း ငါးရာကို ခွဲစေရသော်၊ ကောင်း၏ဟု ကြံ၍ ဘုရားထံသို့သွားကာ လျှောက်ကြားသော် "ကွဲစေသတည်း"ဟု ဘုရားရှင် မိန့်တော်မူလျှင်၊ ထင်း ငါးရာလုံး တကြိမ်တည်းဖြင့်သာ ကွဲ၏။ ထိုထင်းကို မီးညှိပါ သော်လည်း တောက်စေခြင်းငှာ မတတ်နိုင်ပြန်လျှင်၊ ဘုရား သခင်ကို လျှောက်ကြား၍ ဘုရားသခင်က "မီးညှိစေ"ဟု မိန့်တော်မူလျှင် တပြိုင်နက်ပင်တောက်ကုန်၏။ တောက်ပြီးသော မီးကို ငြိမ်းစိမ့်သောငှာ မတတ်နိုင်ပြန်လျှင် ဘုရားသခင်ကို လျှောက်ကြား၍၊ ဘုရားသခင်က "မီးငြိမ်းစေ"ဟု မိန့်တော် မူလျှင် တပြိုင်နက်ပင် ငြိမ်း၏။ ရေကစားရာမှ ချမ်း၍ တက် လာလျှင် မီးလှုံစိမ့်သောငှာ မီးမယ်ဖျူး(မီးလင်းဖို) ငါးရာတို့ကို

လည်း ဘန်ဆင်း၍ ပေးတော်မူ၏။ ဤသို့သော ပြာဋိဟာကို မြင်လျှင် ရှင်ကြီးဂေါတမကား ကြီးမြတ်သော အာနုဘော် ရှိပေသည်။ ထင်းငါးရာကိုလည်း တပြိုင်တည်း ကွဲစေနိုင်သည်။ မီးကိုလည်း တောက်စေနိုင်သည်။ လောင်ပြီးသော မီးကိုလည်း ငြိမ်းစေနိုင်သည်။ မီးမယ်ဖျူး ငါးရာကိုလည်း တပြိုင်နက် ဘန်ဆင်း၍ ပေးနိုင်သည်။ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော သူပါပေတည်း။ သို့ရာတွင် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာ တမင့်ဟု အကြံဖြစ်၏။

ဆောင်းလအခါ သည်းထန်စွာ ရွာသော မိုဃ်းကြီးရွာ လတ်၍ အရပ်ထက်ဝန်းကျင်မှ ရေအယာဉ်တို့သည် သွင်သွင် ဒိုးဒိုး စီးလတ်ကုန်၍ အလုံးစုံသော နေရာ မြေတို့ကို ရေလွှမ်း မိုး၏။ ဘုရားသခင်လည်း၊ ထိုရေပြင်အလယ်၌ စင်္ကြံမှာယ်တော် မူရာ၊ ဘုရားသခင်တည်ရာ အရပ်ကို ရေမလွှမ်းစေဘဲ ဖုတ်တ ထောင်းထောင်း လွှင့်စေလျက်၊ ထိုမြေပြင်တွင် စင်္ကြံ ကြွတော်မူ၏။

ဉရုဝေလကဿပတို့သည်၊ ရှင်ကြီးဂေါတမသည် ရေ၌ မျော၍ ပါလေပြီ၊ ရေမွန်း၍ သေရှာတော့မည်၊ မသေပါစေ လင့်ဟု တပည့်တို့ကိုခေါ်၍ လှေလှော်ကာဖြင့် ဘုရားရှိရာ သွား လေသော် ရေအယာဉ်၏ ထက်ဝန်းကျင် အလယ်ထက်၌ ဖုတ် ငြက် တထောင်းထောင်းလွှင့်သော မြေ၌ စင်္ကြံကြွ၍ နေတော် မူသည်ကို မြင်လျှင်–"ရှင်ကြီးဂေါတမ ရေ၌ မျော၍ လာသည် မှတ်ထင်၍ သင့်ကို ယူဆောင်ရအောင် ငါတို့လာသည်။ သင့်မှာ ရေမထိဘဲ နေသည်တကား"ဟု လျှောက်၏။ ဘုရားသခင်လည်း

မြေအပြင်မှသည်၊ ရသေ့တို့၏ လှေထက်ပြန်တက်တော်မူပြန်၏။ ထိုအခါ ကဿပရသေ့က ရဟန်းကြီးသည် စင်စစ် တန်ခိုးကြီးသည်မှန်ပေ၏။ အဝီညာဏကဖြစ်သော ရေမှ မညှဉ်းဆဲနိုင်။ သဲသောင်ပေါ်၌ခံရပေသည်။ အံ့ဘွယ်သရဲရှိလှပေ၏။ သို့ရာတွင် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာ တမင့်ဟု အကြံဖြစ်ပြန်၏။

(ဂ) ဥရုဝေလကဿပ ရသေ့အား နှုတ်တော်ဖြင့် ဆုံးမခြင်း။

ထိုအခါ၊ မြတ်စွာဘုရားက ဤရသေ့ကား ဤမျှလောက်သော တန်ခိုးတော်ကို မြင်၍မျှလည်း၊မာနကိုမလျှော့ဘဲ မိမိကိုယ်ကို ရဟန္တာပင် မှတ်ထင်၍ ရှိချေသည်။ ထိပ်လန့်ခြင်းသံဝေဂကို ယခု ဖြစ်စေတော့အံ့ဟု ကြံ၍ " ချစ်သား ကဿပ.... သင်၏ မာနကား ထောင်လွှား မြင့်စွင့်လေစွ၊ နေလတို့၏ အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေမင်းကို ဂုဏ်ပြိုင်နေသော ပိုးမြည်မြူးမိုက်ကဲ့သို့ မိမိသန္တာန်၌ ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်၊ ကိုယ်၏ အကျင့်ကိုလည်း မတွက်၊ မဂ်ဖိုလ်၏ အကြောင်းကိုလည်း မမြင်၊ သို့စဉ်မျှ ဖြစ်ပါလျက်၊ ငါကဲ့သို့သော ရဟန္တာမဟုတ်ဟူ၍ ယုတ်မာသော အကြံဖြင့် သာလျှင် သင်နေဘိ၏တကား "ဟု မိန့်တော်မူသော် ကဿပရသေ့လည်း သတိသံဝေဂကိုရ၍ ဘုရားသခင်၏ ခြေရင်း၌ ဦးခေါင်းဖြင့်ဝပ်၍ " အရှင်ဘုရား ... ကျွန်ုပ်သည် အရှင့်ထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏ "ဟု လျှောက်၏။ ဘုရားသခင်ကလည်း " ကဿပ....သင်သည် ရသေ့များကို သင်ကြားပြသဆုံးမတတ်သော ဂဏပါမောက္ခ(ဂိုဏ်း၏ အကြီးအမှူးဦးစီး)

ပုဂ္ဂိုလ်ဖြစ်ပေသည်။ ငါ့ထံ၌ ရဟန်းပြုလိုလျှင် သင်၏ တပည့်များကို ပန်ကြားဦးလော့”ဟု မိန့်တော်မူ၏။ ထိုကဿပရသေ့လည်း တပည့်တို့၏အထံသို့ကပ်၍ စည်းဝေးပြီးလျှင်“အချင်းတို့.... ငါသည် ရဟန်းဂေါတမ၏ အထံ၌ အဆုံးအမကိုခံ၍ မြတ်သောအကျင့်ကိုကျင့်လိုသည်။ ငါတို့ စာရိတ္တသည် မဂ်ဖိုလ်ရကြောင်း မဟုတ်ချေ၊ သင်တို့ကြံအောက်မေ့ကြလော့”ဟု ဆို၏။

တပည့်တို့ကလည်း “ ကျွန်ုပ်တို့ပါ ရဟန်းကြီး၏ အထံ၌ အဆုံးအမကိုခံ၍ ရဟန်းပြုလိုသည်ကား ကြာမြင့်ပြီ၊ ဆရာသည် အကယ်၍ ရဟန်းကြီးအထံ၌ ဆုံးမခံသည်ဖြစ်အံ့၊ ကျွန်ုပ်တို့လည်း အဆုံးအမကိုခံပါအံ့”ဟု လျှောက်၍ တညီတညွတ်တည်း ဘုရားသခင်ထံ၌ တောင်းပန်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားလည်း မှားယွင်းသောအကျင့်ကို ထင်စွာပြခြင်းငှာ—

န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လမုက္ကုဋိကပ္ပဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

အစရှိသောဂါထာဖြင့် ဟောကြား ဆုံးမတော်မူသည်။

အဓိပ္ပါယ်ကား.... ရှစ်ပါးသော အရာ၌ သင်္ကာမကင်း ယုံမှားခြင်းကို မလွန်နိုင်သော သတ္တဝါကိုအဝတ်မစည်း၊ အချည်းနှီးကျင့်သောအကျင့်ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်၊ အိမ်ယာစွန့်ပယ် ဆံကျစ်ထုံး၍ တော၌မွေ့လျော်သော ရသေ့အကျင့်

ဖြင့်လည်း မစင်ကြယ် စေနိုင်ကုန်၊ လူတို့၏ လောကီ အမှုကိစ္စများကို မသုတ်သင်ဘဲ ကျင့်သဖြင့်လည်း မစင်ကြယ် စေနိုင်ကုန်၊ ထမင်းမစား ဖြတ်ထားသော အကျင့်ဖြင့်လည်း မစင်ကြယ် စေနိုင်ကုန်၊ ဆူးပုံထက်၌ အိပ်စက်၍ ကျင့်သောအကျင့်ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်၊ မြူဖြင့်ပွမ်းလျက် ညစ်ညမ်းသောကိုယ်ရှိသော အကျင့်ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်၊ တုံးလုံးမစက် ရပ်လျက်မတည် သွားသည်မရှိ ပကတိ ဆောင့်ကြောင့်နေသော အကျင့်ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်၊ စင်စစ်သော်ကား ဝိစိကိစ္ဆာဟူသောငြောင့်ကို နုတ်ပယ်ပိုင်းဖြတ်၍ ကုသိုလ်ဆယ်ပါး တရားတို့၌ (၀၇) (ဗောဓိပက္ခိယတရား) တို့၌ လုံ့လပြုသော သူသည်သာလျှင် အမြိုက်ခေါ်ဆို မဂ်ဖိုလ်တရား၏ အဘို့ပေတည်း။

## (၉) ရသေ့တထောင် ဟေဘိက္ခု ရဟန်းဘောင် ရောက်ခြင်း။

ဤသို့သောတရားကို ဟောကြား ဆုံးမတော်မူ၍ "ဟေဘိက္ခုခေါ်တော်မူလျှင် ရဟန်းချည်း ဖြစ်ကြကုန်၏၊ ယင်းသို့ ရဟန်းအဖြစ်ကို ရပြီးသော် မီးမွှေးယောက်မ သစ်သားသုံးခွခြင်းတောက် တံချူ ဆံကျစ် ပြာစစ် ထမ်းပိုး အစရှိသော ရသေ့တို့၏ပရိက္ခရာကို ဂင်္ဂါမြစ်၌ မျှောလိုက်ကြလေ၏၊ အောက်မြစ်ကွေ့၌နေသော နဒီကဿပရသေ့လည်း ရေ၌ မျှောလာသော ရသေ့ပရိက္ခရာတို့ကို မြင်လေသော် ငါ့နောင်တော်၌ ရောက်ဆိုက်သော ဘေးအန္တရာယ်သည် ဖြစ်လတ္တံ့ဟု ကြံ၍

တမာန် စေလွှတ်သဖြင့် နှောင်တော်များသည် ဘုရားရှင်ထံ အဆုံးမခံ၍ ရဟန်းဖြစ်ကြောင်းကို ကြားသော် ညီတော်အငယ် ဂယာကဿပအား အကြောင်း ကြားခေါ်ပြီးလျှင် မိမိတို့၏ ပရိသတ်ဖြစ်သော ရသေ့ ငါးရာနှင့်တကွ လာ၍ မြတ်စွာဘုရား ထံ၌ ခွင့်ပန်၍၊ ရဟန်းပြုကြလေ၏။

## ပြာဋိဟာပေါင်း (၁၅၀၆) ပါး။

ဥရုဝေလကဿပ စသော ရသေ့တို့ကိုဆုံးမရာ၌ ပြာဋိဟာ ပေါင်း တထောင် ငါးရာခြောက်ပါးမျှရှိသတည်း၊ ဤရသေ့ တထောင် မျှမှောင်ဖယ်သန်း၍ ရဟန်းဖြစ်စေတော် မူပြီးလျှင် ထိုရဟန်းတထောင်နှင့်တကွ ပြာသိုလ် လပြည့်ကျော် ဆယ်ရက် နေ့တွင် ဥရုဝေလတောမှ ထွက်ကြွတော်မူ၍ ဂယာသီသသို့ ရောက်တော်မူလျှင် ရွာ၏အနီး ကြီးလှစွာသော ကျောက်ဖျာ ထက်၌စည်းဝေးစေ၍ "အာဒိတ္တဇာလပရိယာယ" သုတ်ကို ဟော တော်မူသည်၊ ဒေသနာ၏ အဆုံး၌ ရဟန်းတထောင်တို့လည်း ဧဟိဘိက္ခုရဟန္တာ ဖြစ်ကြကုန်၏။

## ၁၄။ မြတ်စွာဘုရား ရာဇဂြိုလ်ပြည်သို့ ကြွတော်မူခန်း။

ဘုရားဖြစ်လျှင် ကျွန်ုပ်ပြည်သို့ ရှေးဦးပဌမ ကြွတော်မူပါဟု ဗိမ္ဗိသာရမင်းကြီး ကြားလျှောက်ဘူးသော စကားကို နှလုံးထားတော်မူ၍ ရာဇဂြိုလ်ပြည်သို့ ရှေးရှုကြွတော်မူရာ မြို့၏ အနီး ကြီးစွာသော ထန်းတောဥယျာဉ်သို့ ရောက်တော်မူလျှင် ဥယျာဉ်၏အလယ် ကျယ်သော အရိပ်ရှိသော သစ်ပင်ရင်း၌ သီတင်းသုံး နေတော်မူ၏၊ ဗိမ္ဗိသာရမင်းကြီး ကြားလေလျှင် တသိန်းနှစ်သောင်း မျှလောက်သော မှူးမတ် သူဌေး ပုဏ္ဏားတို့ ခြံရံလျက် အထံတော်သို့ ကပ်လာ၏၊ ထိုတသိန်း နှစ်သောင်း မျှလောက်သော မှူးမတ် သူဌေး ပုဏ္ဏားတို့တွင် အချို့ကား မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် အချို့ကား မြတ်စွာ

---

ဝိကရတနာ၁စ၁၆ပေ

ဘုရားနှင့် ဝမ်းမြောက်ဝမ်းသာတသက်လျှာလုံး ယူကြုံးမှတ်ပိုက် အောက်မေ့ထိုက်သော စကားကို ပြောကြား ကုန်လျက် အချို့ကား အမျိုးအမည်ကို လျှောက်ကြား၍ ပစ္စည်း လေးပါးဖြင့် ဘိတ်ကုန်လျက် သင့်တင့်ရာ၌ နေကြကုန်၏။

## (၁) ယုံမှားခြင်းကို ပယ်စေပုံ။

ထိုအခါ ရောက်လာသမျှသော လူအပေါင်းတို့သည်၊ ဤသို့ အကြံဖြစ်ကြ၏၊ ငါတို့ဆရာကဿပ (ရသေ့ကြီး) သည် ဂေါတမရဟန်းကြီးထံ နည်းခံ၍ ကျင့်ရလေသလော၊ ထိုသို့မဟုတ် ရဟန်းကြီး ဂေါတမသည်ပင်လျှင် ကဿပ ရသေ့တို့၏ထံ နည်းခံ၍ ကျင့်ရလေသလောဟု တွေးတောကြံစည်ခြင်း ရှိကြ၏၊ ဘုရားသခင်လည်း ထိုသူတို့၏အကြံကို သိတော်မူ၍ ဥရုဝေလ ကဿပကို ခေါ်တော်မူလျက်–

ကိုမေဝ ဒိသွာ ဥရုဝေလဝါသိ၊
ပဟာသိ အဂ္ဂိံ ကိလကော ဝဒါနော။

စသော ဂါထာဖြင့် မေးတော်မူ၏၊ အဓိပ္ပါယ်ကား ဥရုဝေလဌာနပျော်မွေ့ တရားလေ့သည့် ရသေ့ ကဿပသည် အကျင့်ဖြင့် ကြုံလှီသော ကိုယ်ရှိသော ရသေ့ငါးရာတို့၏ ဆရာဖြစ်လျက် အဘယ်အကျိုးကိုမြင်၍ သင်တို့မပြတ် လေ့ကျင့် အပ်သော မီးပူဇော်ခြင်းကို စွန့်သနည်း ဟုမေးတော်မူသတည်း၊ ဤသို့ ဘုရားသခင် မေးတော်မူလျှင် ဥရုဝေလကဿပလည်း––

ရူပေ စသဒ္ဒေ စအထောရသေ စ၊

ကာမိတ္ထိယော စာ-ဘိဝဒန္တိ ယညာ။

စသော ဂါထာဖြင့် "ရှေးဘုန်းတော် ရှင်သခင်ဘုရား လူအများတို့ စံစားစုံမက် နှစ်သက်ကြသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ ဟူသော အလုံးစုံသော ဝတ္ထုကာမ လှပတင့်တယ် ငယ်ရွယ်သော မိန်းမအတွေ့ သိမ်မွေ့သော ကိလေသာကာမ ဤနှစ်ဝသော လောကီချမ်းသာသည် ယဇ် ပူဇော်ခြင်းကြောင့်သာ ပြည့်စုံ၏ဟု တပည့်စဉ်လာ ဆရာအဆက် ဆက်တို့ ဆိုမြွက်ဟောပြကြကုန်သည်၊ ထိုအကျိုးကို မြတ်နိုးမှား၍ နှစ်ပါးသော ယဇ်ကြီးယဇ်ငယ်ကို ကိုးကွယ် ပူဇော်မိလေသည်၊ ယခုမှာတ အလုံးစုံသော ထိုကာမချမ်းသာသည် ခန္ဓာဟူသော ဥပဓိတို့၌ ကပ်ငြိတတ်သော အညစ်အကြေးသာ ဖြစ်ချေသည်၊ ဟု ဒေသနာတော်ကို မှီ၍ သိသဖြင့် ကျင့်မိသော ယဇ်ပူဇော် ခြင်းကို စွန့်ပါသတည်း" ဟု လျှောက်၏။

ထို့နောက် တဖန်ထပ်၍ မေးတော်မူပြန်လျှင် အရှင် ကဿပလည်း နေရာမှထ၍ ဘုရားခြေတော်ကို ဦးဖြင့်တိုက်လျက် "အရှင့်ဘုရားကားဟောကြားဆုံးမပြသပေးသောဆရာ၊အကျွန်ုပ် ကား တပည့်ပါတည်း၊ ပြဿနာကို ဖြေဆိုခြင်းငှာ မဝံ့ပါ" ဟု လျှောက်၏။ ထိုအခါမှ များစွာသော လူအပေါင်းတို့သည် ကဿပရသေ့တို့ ဘုရားရှင်ထံ တပည့်ခံကြောင်းကို သိသတည်း။

---

ကဝိရတနာစာပေ

## (၂) ဗိမ္ဗိသာရမင်း သောတာပန်တည်ခြင်း

ထိုသို့ သိကုန်၍ ထိုရသေ့တို့အား ဆုံးမတော်မူသော အချင်းအရာကို လွန်စွာ ချီးမွမ်းကြသော စကားစပ်တွင် "ကဿပ စသောသူတို့ကို ယခုဘဝသာ ငါဆုံးမသည်မဟုတ်သေး၊ ရှေး သောဘဝ နာရဒ ရသေ့ ဖြစ်သောအခါ၌လည်း မိစ္ဆာဝါဒ ကင်းအောင် နှိမ်နင်းဆုံးမတော်မူဘူးပြီ" ဟု အတိတ်ဝတ္ထုကို ပြ၍ ဂါထာ တရာ့ကိုးဆယ်ရှိသော "နာရဒကဿပ" ဇာတ်ကို ဟောတော်မူသည်။ ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်း တသောင်း သောသူတို့သည် သောတာပန် တည်ကုန်သည်၊ တသောင်း သော သူတို့ကား သရဏဂုံ တည်ကုန်သတည်း။

## (၃) ဗိမ္ဗိသာရမင်း၏ ချင်ခြင်းငါးပါး

ထိုအခါ မဂဓတိုင်းကိုအစိုးရသော ဗိမ္ဗိသာရမင်းကြီး သည်၊ ဤသို့ နားတော်လျှောက်၏၊ "အရှင်ဘုရား အကျွန်ုပ် သည် အိမ်ရှေ့မင်းဖြစ်သော ကာလကပင် ချင်ခြင်းငါးပါး ဖြစ်ပါသည်၊ ငါသည် ရွှေထီးရွှေနန်းကို စိုးအုပ်၍ မင်းလုပ် ရပါမူကား ကောင်းလေစွဟူ၍ရှင်း၊ ငါမင်းပြုသောအခါ ငါ၏နိုင်ငံသို့ ဘုရားသခင် ကြွလာပါမူကား ကောင်းရာ၏ ဟူ၍ရှင်း၊ ဘုရားကြွလာသောအခါ၌ ငါဆည်းကပ်၍ တရား တော်မြတ်ကို နာရပါမူကား ကောင်းရာ၏ဟူ၍ရှင်း၊ မြတ်စွာ ဘုရား တရားဟောပြတိုင်း ငါသိရပါမူကား ကောင်းရာ၏ ဟူ၍ရှင်း၊ မိစ္ဆာဒိဋ္ဌိဖြစ်သော အယူဝါဒ ကင်းကွာလျက် ဟုတ်မှန်စွာသောတရားလမ်းကို ဖြောင့်တန်းစွာလိုက်ရပါမူကား

ကောင်းရာ၏ဟူ၍ငင်း၊ ဤငါးပါးသော တောင့်တခြင်းဖြစ်ပါ သည်၊ ယခုအကျွန်ုပ်ကား ငါးပါးသောဆန္ဒ ပြည့်စုံပါပြီ၊ ဤယနေ့မှစ၍ အကျွန်ုပ်ကို ဥပါသကာဟု မှတ်တော်မူပါ၊ နက်ဖြန်နံနက်လည်း သံဃာတော်နှင့်တကွ နန်းတော်သို့ကြွ၍ ဆွမ်းအလှူကို ခံတော်မူပါ" ဟု လျှောက်ပြန်လေ၏။

## (၄) သိကြားမင်း၏ ကြွေးကြော်သံ

မိုးသောက်သောကာလ ဆွမ်း ကွမ်း နေ့ရာ ပြင်ဆင် ပြီးလျှင် အမတ်တယောက်ကို ပင့်လျှောက်စေ၍ သံဃာတော် တထောင်နှင့်တကွ ဘုရားကိုယ်တော်မြတ်သည် ကြွတော်မူ၏။ ထိုအခါ သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်းလျက် ရှေ့ တော်မှ လာ၍ ဘုရားကျေးဇူးတော်ကို လှစ်ဖေါ် ချီးမွမ်း ခြင်းငှာ-

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ပရာဇဂဟံ ပါဝိသိ ဘဂဝါ။

အစရှိသော ဂါထာဖြင့် သာယာစွာ သီလျက် ကြွေး ကြော်၏။

## (၅) ဝေဠုဝန်ကျောင်းလှူဒါန်းခြင်း

ထိုအသံကို ကြား၍ ပြည်သားပြည်သူတို့သည် သောသောအုမျှ ပူဇော်ကြကုန်သတည်း၊ ဘုရားသခင် နန်းတော်သို့ တက်တော်မူလျှင် ဗိမ္ဗိသာရမင်းကြီးသည် ခရီးဦး ကြိုဆိုခြင်းစသော ဝတ်ကို ရှိသေစွာ ဆောင်ရွက်လျက် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ တရားတော်မြတ်ကို နာပြီးသော် ကိန်းဝပ်တော်မူရန် အကျိုးငှာ ဝေဠုဝန်ဥယျာဉ် အတွင်း၌ မင်း၏ နန်းတော်ကို အရံနှင့်တကွ ရေစက်သွန်းချ၍ လှူတော်မူ၏၊ ရေစက်သွန်းချသည်နှင့် တပြိုင်နက်ပင် စကြာဝဠာတိုက်ဘွဲ့ ဤမြေယူဇနာ နှစ်သိန်း လေးသောင်းထုသည် အိုးထိန်းစက်ကဲ့သို့ တုန်လှုပ်၏၊

(ဤကား သတ္တမအကြိမ် မြောက်မြေတုန်လှုပ်ခြင်း)

ဘုရားသခင်သည်လည်း ဗိမ္ဗိသာရမင်းကြီးအား တရားအနုမောဒနာ ပြုတော်မူ၍ ဝေဠုဝန်ဥယျာဉ်သို့ ပြန်ကြွတော်မူ၏။

## ၁၅။ ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန် အလောင်းတို့ သိဥ္စည်းထံ ဆည်းကပ်ခန်း။

ထိုရာဇဂြိုလ်ပြည်၌လည်း၊ သိဥ္စည်းမည်သော ပုရိဗိုဇ် ရဟန်းသည် တပည့် နှစ်ရာ့ငါးကျိပ်နှင့် တကွ ထင်ရှားစွာရှိ၏။ ထိုပုရိဗိုဇ်၏ထံ၌ ရှင်သာရိပုတြာ၊ရှင်မောဂ္ဂလာန်တို့ ဖြစ်လာမည့် ဥပတိဿနှင့် ကောလိတတို့သည် နှစ်ရာ့ငါးကျိပ်စီ ဖြစ်သော အခြံအရံနှင့်တကွ ရဟန်းပြုကြသတည်း။

### (၁) ရှင်သာရိပုတြာအလောင်း(ဥပတိဿ)၏ သံဝေဂ။

နှစ်စဉ်ပြုလုပ်သော တောင်ထွဋ်၌ သဘင်တွင် နေ့ရှည် ရက်များ ပျော်ပါးနေကြစဉ် ဥပတိဿ သတို့သားမှာ ရင့်မာ သော ပညာရှိခြင်းကြောင့် ဤသို့ အကြံဖြစ်၏....ဤလောက၌ ဖြစ်ကြသော လူအပေါင်းတို့ကား၊ ဖြစ်ကြောင်း အားဖြင့် အစာဟောင်း အတွင်းဝယ် ငြိတွယ်ကြီးပွားသော ပိုးလောက် အစုကဲ့သို့-အမိ၏ ဥတုသွေး၊ အဘ၏ သုတ်ရည်၊ဤနှစ်ထွေသော အညစ်အကြေးကိုမှီ၍ ဖြစ်ရာကား အလွန်စက်ဆုပ်ဘွယ်၏၊ မှီရာ အားဖြင့် အမိစားသော အစာဟောင်း၊ အစာသစ်တို့၏

အလယ်၌ နှစ်၍ တဆယ့် ရှစ်ထပ်သော အူခွေကြားဝယ်။ အိမ်ငယ်ကိုမှီ၍ တည်ရကာ အလွန်ဆိုးဝါး ညစ်ညမ်း၏။ ဘွား မြောက်လာလည်း များလှစွာသော အနာ ရောဂါတို့သည် လွန်စွာ နှိပ်စက်ခြင်းဖြစ်၏။ ရောဂါကင်းလျက် သန့်ရှင်းစွာ ကြီးပွားသောသူမှ လွန်စွအဆုံး အနှစ်တရာခန့်သာ နေရချေ သည်။ မသေမီအကြား၌လည်း စားရန်၊ ဝတ်ရန်၊ နေထိုင်ရန်ကို ရှာကြံခြင်းကြောင့်ဖြစ်သောဆင်းရဲ၊ မိဘ ဆွေမျိုး၊ သားမယား တို့ကြောင့် ဖြစ်သော ဆင်းရဲ၊ ဤဆင်းရဲ အပေါင်းနှင့်သာ များစွာတွေ့ရချေသည်။ ထိုသို့ဖြစ်၍ ပျော်မွေ့ ရွှင်မြူးခြင်း မရှိဘဲလျက် အုတ်အုတ်ကျက်ကျက် အားတက်ရွှင်လန်း၊ ရယ် သွမ်းသွေးကာ ပျော်နိုင်ရှာကြဘိလေသည်ဟု စိတ်အကြံဖြစ် လတ်၍ ရှေးရှေးသော နေ့ကဲ့သို့ ပျော်မွေ့ မြူးရွှင်ခြင်းမရှိ၊ ပကတိ ညှိုးခြောက်သော မျက်နှာဖြင့်လျှင် တောင်ထွ၍ သဘင်ကို ရှု၏။

## (၂) အရှင်မောဂ္ဂလာန် အလောင်း(ကောလိတ)၏ သံဝေဂ

ထိုသို့ ဥပတိဿ ညိုးနွမ်းလေသည်ကို အဆွေကောလိတ မြင်လေလျှင် “ အချင်း ဥပတိဿ....သင်သည် ရှေးအခါက တပါးကဲ့သို့ မြူးစားခြင်း အဘယ်ကြောင့် မရှိသနည်း ”ဟု မေး၏။ ထိုအခါ ဥပတိဿလည်း မိမိကြံဆသော အကြောင်းကို ပြန်ကြား၍ ပွဲသဘင်ပျော်ပါးခြင်း၌ အကျိုးမဖြစ်၊ အနှစ်မရှိ ကြောင်းကိုပြော၏။ ထိုစကားကို ကောလိတကြားလျှင် သံဝေဂ

ရ၍ " အဆွေ....သင်မြင်အပ်သော သဘောတရားသည် ဖြောင့်သား ဟုတ်မှန်လေစွ၊ သို့ရာတွင် သေခြင်းသဘောတရား၊ ဆင်းရဲခြင်း သဘောတရားသည် ထင်ရှားရှိခဲ့သော် ထိုသေခြင်း၊ ဆင်းရဲခြင်းတို့၏ ကင်းလွတ်ရာ ချမ်းသာတရားလည်းရှိတန်ပါ၏။ ငါတို့ရှာကြကုန်အံ့ဟုတိုင်ပင်၍ မိခင်, ဘခင်တို့အား ခွင့်တောင်းပြီးလျှင် မိမိတို့ အခြံအရံနှင့်တကွ၊ သိဉ္စည်း ပုရိပိုဇ်အထံသို့ လာ၍ ရဟန်းပြုခဲ့ကြခြင်းဖြစ်၏။ ထိုသူတို့ ရဟန်းပြုသည်မှစ၍ သိဉ္စည်းဆရာ၌လည်း များစွာသော လာဒ်ပူဇော် အခြံအရံတို့သည်ဖြစ်ကုန်၏။

## (၃) သိဉ္စည်းဆရာအား မေးမြန်းခြင်း။

ရဟန်းပြုပြီး နှစ်ရက်သုံးရက် မျှရှိလျှင် သိဉ္စည်းဆရာ၏ ဥာဏ်အမြင်သည်၊ ဤမျှပင်တည်းဟု သိကြ၍ လောက၏ အစ, အဆုံးကို မမြင်သောကြောင့် မေးကြကုန်၏။ "ဆရာ ယခုပြသောနည်းနာမှာ တပါး ဆရာတို့သိအပ်သော အနှစ်သာရရှိသော အတတ်သည် ရှိသေးသလော "ဟု မေး၏။ သိဉ္စည်းဆရာကလည်း " တပည့်တို့....မရှိချေပြီ၊ ဤမျှကိုသာ ငါသိမြင်သတည်း"ဟု ဆို၏။

## (၄) နှစ်ဦးတိုင်ပင်ကာ တရားရှာထွက်ခြင်း။

ထိုစကားကိုကြားလျှင် ဥပတိဿ ဤသို့ဆို၏။ "အရှင်ကောလိတ....ဤမျှသော အကျင့်ဖြင့် အမြိုက်တရားကို မရပေရာ၊ ဤဆရာဝါဒကား အနှစ်သာရမရှိ၊ ဤဆရာကိုမှီ၍သာနေသဖြင့် သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ရာ၊ ငါတို့ ဇမ္ဗူဒိပ်ကျွန်းသည် ကျယ်ဝန်းပါသေး၏။ ထိုထိုမြို့ရွာ၌ ပညာရှိဟု ကျော်စောသော သူတို့ကို ဖွေရှာ၍ စုံစမ်း မေးမြန်းကြဦးအံ့၊ သို့ရာတွင် မူကား၊ ငါတို့နှစ်ဦးတွင် အကျင်သူသည် တရားအထူးကို ရှေးဦးစွာမြင်အံ့ ထိုသူသည် တဦးအား ကြားစတမ်း"ဟု ကတိကဝတ် ထားကြ၏။

ထို့နောက်မှ မိမိတို့၏ ပရိက္ခရာကို မိမိတို့ဆောင်လျက်၊ တပါးမြို့သို့ လှည့်လည်ပြီးလျှင် ပညာရှိတို့ကို ရှာ၍ ပြဿနာ မေးကြသည်။ ထိုသူနှစ်ဦးတို့၏ ပြဿနာကို တစုံတယောက်သော လူ၊ ရဟန်း၊ ပုဏ္ဏားတို့သည် မဖြေဆိုနိုင်ကုန်၊ ထိုထိုရပ်ခန်း၌ ရဟန်း၊ ပုဏ္ဏားတို့၏ ပြဿနာကို ထိုသူနှစ်ဦးကသာ ဖြေဆို၍ လာရကုန်သတည်း။ ဤသို့အားဖြင့် ဇမ္ဗူဒိပ်ကျွန်း အလုံးကို လှည့်ပတ်၍ မတွေ့သဖြင့် နေရာဌာန သိဉ္စည်းဆရာ အထံသို့ ပြန်လာကြ၏။

## (၅) ဘုရားစစ် ဘုရားမှန်အား စူးစမ်းခြင်း။

ထိုအခါ မြတ်စွာဘုရားလည်း၊ ဝေဠုဝန်ကျောင်းကို အလှူခံစံတော်မူ၍ သုံးရက်မြောက်သောနေ့၌ ပဥ္စဝဂ္ဂီတို့တွင် အကြိုးဝင်သော အရှင်အဿဇိသည် နံနက်ထအခါတွင် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်ပိုက်လျက် ငြိမ်သက်မြတ်မွေ့သော ဣန္ဒြေဖြင့် ရှိသေ ကြည်သွက်ဘွယ်ရှိသော ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ သပိတ်သင်္ကန်းလှုန်းယူခြင်း စသည်နှင့် ပြည့်စုံလျက်၊ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်၏။ ထိုအခါ အရှင်သာရိပုတြာ အလောင်းဖြစ်သော ဥပတိဿပုရိဗိုဇ်သည် မြို့တွင်းမှဆွမ်းစားပြီး ကျောင်းသို့ ပြန်လာသည်နှင့် အခန့်သင့်တွေ့မြင်လေလျှင်၊ ဤသို့ အကြံဖြစ်၏။

ဤအရှင်ကဲ့သို့ ယဉ်ကျေး ငြိမ်သက်သော ဣန္ဒြေအမူ အရာနှင့် ပြည့်စုံသော ရဟန်းကို ငါမမြင်စဘူး ထူးမြတ်တင့်တယ် ပေစွ၊ ဤလောကတွင်၊ ဤအရှင်က အမြိုက်တရား၏ တည်ရာ ရဟန္တာ သော်လည်း ဖြစ်လတ္တံ့၊ ရဟန္တာ ဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသော သူသော်လည်း ဖြစ်လတ္တံ့၊ ဤရဟန်းထံသို့ ကပ်၍ ကျင့်အပ်သော စာရိတ္တနည်းဖြင့် ပြသော ဆရာတို့ကို ငါမေးရသော် ကောင်း၏ဟု ကြံ၏။

ထို့နောက်မှ ဤသို့ကြံပြန်၏ ယခုအခါ ရွာတွင်းသို့ ဝင်ဆဲဖြစ်ပေသည်။ မေးမြန်းခြင်းငှာ အခါမဟုတ်သေးချေ။ သူ့နည်းကိုခံလိုမူ သူ၏ပရိက်ကိုပြုဦးမှ သင့်ချိမ့်မည် ဟု ကြံ

ဆင်ခြင်၍ အရှင်အဿဇိလည်း ဆွမ်းရပြီးသော် ဘုဉ်းပေးခြင်းငှာ သင့်တင့်စွာသော ဇရပ်တခုသို့ကပ်၏။ ထိုသို့ကပ်သည်ကိုမြင်လျှင် မိမိတွင်ပါသော ပုရိုဟိုတ်တို့၏ အင်းပျဉ်ကို ခင်းလျက် ခရားမှ ရေကိုပေး၍ ဆွမ်းစားရေး၌ ပြုထိုက်သမျှသော အာစရိယဝတ်ကိုပြု၍ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးလျှင် ရွှင်ပဝမ်းသာ ပဋိသန္ထာရ စကားပြောဟောပြီးမှ ထိုဥပတိဿက "ငါ့ရှင်.... သင်၏ ဣန္ဒြေအမူအရာတို့သည် လွန်စွာနှစ်သက်ဘွယ်ရှိ၏။ ဖြူစင်သန့်ရှင်းသော အဆင်း အသရေလည်းရှိပေ၏။ သင်သည် အဘယ်ကို ရည်မှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာက အသူနည်း၊ အဘယ်သူ၏ တရားစကားကို သင်ကား နှစ်သက်သနည်း အဘယ်သူ၏ ဩဝါဒကို သင်ရဘိသနည်း" ဟု မေး၏။

အရှင်အဿဇိလည်း "ငါ့ရှင် ငါကားသာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ကိုးပါးသောဂုဏ်နှင့် ပြည့်စုံတော်မူသော နယ်နှင့်တကွသော လူတွင်အတုမရှိ အသဒိသပုဂ္ဂိုလ် ဖြစ်တော်မူထသော သာကီဝင်မင်းသား ဘုရားသခင်ကိုရည်မှန်း၍ ရဟန်းပြုသတည်း၊ ထိုဘုရားသည် ငါ၏ဆရာပေတည်း၊ ထိုဘုရားသည် ဟောကြားအပ်သော တရားကိုသာ ငါနှစ်သက်၍ မိန့်မြွက်သော ဩဝါဒကိုခံသတည်း" ဟု ဆိုပေသော် "ငါ့ရှင်.... သင်တို့ဆရာမြတ်စွာဘုရားသည် အသို့အယူရှိသနည်း၊ အသို့သော တရားကိုဟောကြားသနည်း၊ ငါ့အားဟောပါလော့" ဟု ဆိုပြန်လျှင် အရှင်အဿဇိလည်း ထိုပုရိုဟိုတ်ရဟန်းတို့သည် သာသနာတော်၏ ရန်သူကွန်ယက် ဆန့်ကျင်ဘက်ဖြစ်ကုန်သည်၊ သာသနာတော်၏ နက်နဲ ကျယ်ဝန်းကြောင်းကို ဆိုဦးမှသင့်မည်ဟု အကြံရှိ၍

"ငါ့ရှင်.... ငါကား သာသနာတော်၌ ရဟန်းပြု၍ မကြာမြင့်ပါသေး၊ လေးပါးသော ဂမ္ဘီရဂုဏ်ဖြင့် ပြည့်စုံသော တရားတော်ကို အကျယ်ဟောခြင်းငှာ မစွမ်းနိုင်ပါ၊ စိုးစဉ်းမျှသာ ဟောနိုင်ပါသေးသည်" ဟု ဆိုလျှင် ဥပတိဿက "ငါ့ရှင်.... ငါတပ္မူကား ဇမ္ဗူဒိပ်ကျွန်းခွင်ဝယ် ပညာအရာ၌ လွန်စွာ ကျော်ဇောသော သူတယောက်ပင်တည်း၊ အရှင်၏ အစွမ်းအားရှိသမျှပင် ငါ့အား ဟောပါလော့၊ နည်းအရာ နည်းအထောင်တို့ဖြင့် ကုန်အောင်ချဲ့ထွင်၍ သိမြင်ခြင်းငှာ အကျွန်ုပ်တာဝန်ရှိစေသတည်း" ဟု ဆိုလျှင် အရှင်အဿဇိလည်း–

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။ ဟူသော ဂါထာကို ဟောပေ၏။

အမိပ္ပါယ်ကား.... အကြောင်ဇာတိဇရာ၊ ဗျာဓိ– မရဏာ အစရှိသော ဒုက္ခသစ္စာတရားတို့သည် (ဒုက္ခဒုက္ခ– သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ) တဏှာဟူသော သမုဒယသစ္စာ နှစ်ပါးတို့၏ ဖြစ်ရာ ဖြစ်ကြောင်း– ချုပ်ရာ ချုပ်ကြောင်းသော မဂ္ဂသစ္စာ တရားကိုလည်း ငါတို့ဆရာ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုအလုံးစုံသော တရားတို့၏ ချုပ်ရာဧကန် နိဗ္ဗာန်တရားကို ဟောတော်မူ၏၊ ရဟန်းမြတ်စွာတို့ဆရာသည် ဤသို့ အယူတော်ရှိ၏ (ဝါ) ဤသို့ ဟောတော်မူလေ့ရှိ၏၊

## (၆) ဥပတိဿ သောတာပန်ဖြစ်ခြင်း။

ဤဂါထာကို ဟော၍ နှစ်ပါဒကိုကြားလျှင် အရှင်ဥပတိဿသည် နည်းတထောင်ဖြင့် တန်ဆာ ဆင်အပ်သော သောတာပတ္တိမဂ်သို့ ရောက်တော်မူ၏၊ နောက်နှစ်ပါဒကို ဖလဋ္ဌာန်ဖြစ်မှနာရသတည်း၊ ဤဂါထာဆုံးလျှင် လေးအင်သော သစ္စာကိုမြင်၍ "အရှင်ဘုရား.... အရှင်ဘုရား၏ တရားဒေသနာကို မပွားပါလင့်လော ဤမျှတည်းဖြင့် ဆိုင်းသင့်သော အကြောင်းသည်အကျွန်ုပ်၌ရှိပါသည်၊ သို့ရာတွင်အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်မှာနေပါသနည်း" ဟုမေး၏၊ အရှင်အဿဇိလည်း ဘုရားသခင် ဝေဠုဝန်ကျောင်းတွင် ရှိကြောင်းကို ဆိုလျှင် "အရှင်ဘုရား ကြွတော်မူလင့်ပါလော့၊ အကျွန်ုပ်မှာ အထက်ကကတိကဝတ် ရှိဘူးကြသော အဆွေတယောက် ရှိပါသည်၊ ထိုအဖော်ကို ခေါ်၍ ဘုရားအထံတော်သို့ လာပါအံ့" ဟုလျှောက်လိုက်၍ အရှင်အဿဇိ ကြွလေလျှင် အရှင်ဥပတိဿလည်း မိမိ၏နေရာသို့ ပြန်ခဲ့၏။

## (၇) ကောလိတ၏ စူးစမ်းချက်။

ထိုသို့လာသည်ကို ကောလိတပုရိဗိုဇ် အဝေးကမြင်လျှင် အရှင် ငါ့အဆွေ၏ ဣန္ဒြေအမူအရာတို့သည် ယနေ့ ထူးခြားစွာရှိ၏၊ မြတ်သောတရားကို ကြားနာခဲ့ရသည်ဖြစ်လတ္တံ့၊ ငါမေးရသော် ကောင်းမည်ဟု ကြံနေသည်နှင့် အနီးသို့ ရောက်လျှင်

"ငါ့ရှင်.... သင်ယနေ့ကား နေ့တိုင်းတပါးထက် ထူးခြားစွာ ဖြစ်သော ဣန္ဒြေအမူအရာ၏ လပြည့်လ (ဝါ) ထန်းမှည့်ညှာ ကဲ့သို့ သာယာရှင်လန်းသော မျက်နှာအဆင်းရှိ၏၊ အကြောင်း အသို့နည်း အမြိုက်တရားကို ကြားနာရပြီလော" ဟု မေး၏။

## (ဂ) ကောလိတ သောတာပန်ဖြစ်ခြင်း။

ဥပတိဿလည်း အရှင်အဿဇိကိုတွေ့သည်မှစ၍ တရားကို နာရသည်တိုင်အောင် အလုံးစုံသော အတ္ထုပတ္တိကို ပြန်ပြောင်း၍ ပြော၏၊ ကောတိတလည်း "သင်နာခဲ့ရသောတရားကို ငါ့အား ဟောပါ" ဟု ဆိုသော်.... ယေဓမ္မာ ဟေတုပ္ပဘဝါ- စသော ဂါထာကိုဟော၏၊ ထိုဂါထာဒေသနာ၏ အဆုံး၌ ကောလိတ ပုရိဗိုဇ်သည် သောတာပတ္တိဖိုလ်သို့ ရောက်၏။

## (ဃ) မြတ်စွာဘုရားထံ သွားရန် တိုင်ပင်ခြင်း။

ထိုသို့သောတာပန်ဖြစ်ပြီးလျှင် "ငါ့ရှင်.... ငါတို့ဆရာ မြတ်စွာ ဘုရားသည် အဘယ်မှာနေသနည်း၊ ဘုရားရှိရာသို့ လျင်စွာ သွားကြကုန်အံ့" ဟု ဆိုပေသော် ဥပတိဿလည်း ဤသို့ဆို၏၊ "ငါ့ရှင်.... ငါတို့သက်ဦးဆရာမြတ် အဿဇိထေရ် ပြောသည်မှာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေ သတည်း၊ သို့ရာတွင် ဤနှစ်ရာ့ငါးကျိပ်သော ပုရိဗိုဇ်တို့သည် ငါတို့ကိုမှီ၍ပင်နေကုန်သတည်း၊ ထိုသူတို့အားလည်း အကြောင်း

ကိုကြားဦးမှသင့်မည်ဆို၍ ထိုပုရိပိုဇ်တို့အား ဘုရားရှင်ထံသွားမည့် အကြောင်းကိုကြားလျှင်– အရှင်တို့နှင့်အတူ လိုက်၍ ဘုရား အဆုံးအမကို အကျွန်ုပ်တို့လည်း ခံပါအံ့” ဟု ဆိုကုန်၏။

## (၁၀) သိဉ္စည်းဆရာတော်ကို ခေါ်ကြခြင်း။

ထိုနောက် ဥပတိဿနှင့် ကောလိတတို့သည် သိဉ္စည်းဆရာတော်ထံ သွား၍ “အရှင်ဘုရား အကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟော ကြား ညွှန်ပြတတ်သော ဆရာမြတ်ကိုတွေ့ပါပြီ၊ ဤလောက၏ အစအဆုံးကိုမြင်၍ အဝိဇ္ဇာ၏စင်ခြင်းကို ပြုတတ်သော မြတ်စွာ ဘုရားသည် ထင်ရှား ဖြစ်တော်မူပေပြီ၊ တရားတော်သည်ရင်း သံဃာတော်သည်ရင်း၊ ထင်ရှား ဖြစ်ချေပြီ၊ ဆရာတို့သည် အနှစ်သာရမရှိ အကာအတိသာဖြစ်၍ စင်စစ် အချည်းနှီးသော သောအကျင့်ကို စွန့်ခွာလော့ မြတ်စွာဘုရားထံ ဆုံးမခံ၍ ကျင့်ရ အောင် သွားကြကုန်အံ့” ဟုဆို၏။ ထိုအခါ သိဉ္စည်းဆရာက “ငါသည် ဤရာဇဂြိုလ်ပြည်ကြီး၌ ထင်ရှားသော ဂိုဏ်းဆရာ တယောက်ပင်ဖြစ်သည်၊ အိုးစရည်းကြီးကို လက်ငင်းအိုးပြုချင်၍ အမြင်မတော်သကဲ့သို့ သူတပါးလက်အောက်ခံ၍ မလျှော်ကံရာ ပြီ၊ ငါတို့ပရိသတ်လည်းများပါ၏၊ ဆရာတပည့်သုံးဦးပင် ဤ သံဃာအပေါင်းကို ဆောင်ကြအံ့၊ သင်တို့လည်းမသွားလေလင့်” ဟုသုံးကြိမ်မြောက်အောင်တားမြစ်၏၊ ဥပတိဿနှင့် ကောလိတတို့ ကလည်း “ဤလောက၌ အတုမရှိအသဒိသပုဂ္ဂိုလ် ဖြစ်သော ဘုရားရှိကြောင်းကို လူအပေါင်းတို့ သိလျှင် မည်သည့်သူမျှ ဆရာ့အထံသို့ ကျိုးနွံပူဇော်ခြင်းငှာ မရောက်ပေရာ၊ ဘုရားရှင်

ထံသို့သာလျှင် ပန်းနံ့ သာလက်စွဲလျက် မှီဝဲဆည်းကပ်ကုန်လတ္တံ့၊ အနှစ်မရှိသော ဂုဏ်အရောင်ဖြင့် မထောင်လွှားလိုပါလင့်” ဟု ဆို၏။ သိဥ္စည်းဆရာကလည်း “ချစ်သားတို့ ဤလူ့ရွာ၌ ပညာရှိသောသူ များသလော ပညာနည်းသော သူများ သလော” ဟု မေး၏၊ “ဆရာ ပညာနည်းသော သူများသာ များ၏”ဟု ဆိုလေသော် “တပည့်တို့ ယုတ်ညံ့သော သတ္တဝါ သည် ယုတ်မာသော ခင်ပွန်းကိုသာ မှီဝဲသည်၊ ဆင်းရဲသော သတ္တဝါသည် ဆင်းရဲသော မိတ်ဆွေနှင့်သာ ယှဉ်နွဲ့သည်၊ မလိမ္မာ သော သတ္တဝါသည် မလိမ္မာသောဆရာကိုသာမှီဝဲသည်၊ ဤကား လူခပ်သိမ်းတို့၏ ဖြစ်မြဲဓမ္မတာတည်း၊ ထို့အတူ ပညာမရှိ ဂုဏ် အထူးကို မသိတတ်သောသူသည် ငါတို့အထံသို့ လာလတ္တံ့၊ ပညာရှိသောသူသည်သာလျှင် မြတ်စွာဘုရားထံသို့ ကပ်လတ္တံ့၊ ထိုကြောင့် လာဘ်ပူဇော်နည်းမည်ကို မစိုးရိမ်လင့် သင်တို့ သွားလိုသော် သွားကြလေကုန်” ဟု ဆို၏။

## (၁၁) သိဥ္စည်းဆရာ သေွးအန်ရှာခြင်း။

ထိုအခါ ဥပတိဿနှင့် ကောလိတတို့လည်း မိမိတို့၏ ပရိသတ်ငါးရာကိုခေါ်၍ ဝေဠုဝန်ကျောင်းတော်သို့ ရှေးရှု ထွက်၏၊ သိဥ္စည်းဆရာ၏ တပည့်ပေါင်းတို့လည်း လိုက်ကြလေ၍ သံဃာမရှိ အချိုးနှိုးသော ကျောင်းအာရာမ်တို့ကို သိဥ္စည်းဆရာ မြင်လျှင် ရင်ဝမှာဆူ၍ သွေးပူအန်သော ဝေဒနာသည်ဖြစ်၏၊ ထိုအကြောင်းကြောင့် တပည့်ပေါင်းတို့သည် ပြန်၍လုပ်ကြွေးရ ကုန်သတည်း။

---

ကဝိရတနာစာပေ

## (၁၂) မြတ်စွာဘုရားထံ ရောက်ကြခြင်း။

မြတ်စွာဘုရားသည်လည်း ပရိသတ် လေးပါးတို့အား တရားဟောလျက် နေတော်မူစဉ် နှစ်ရာ ငါးကျိပ်စီသော ပရိဗိုဇ် အခြံအရံနှင့်တကွ လာကြသော ဥပတိဿ၊ ကောလိတ တို့ကို အဝေးကမြင်တော်မူလျှင် သံဃာတော်တို့ကို ခေါ်တော် မူ၍ "ချစ်သားတို့.... ဥပတိဿ– ကောလိတဟူသော အဆွေ ခင်ပွန်းနှစ်ယောက်တို့သည် ယခုလာကြကုန်ပြီ၊ ဤသူ နှစ်ပါး ကား ငါဘုရား၏ တပည့်မြတ်အစုံဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။ ဘုရားအထံသို့ရောက်လာလျှင်ခြေတော်ဦးကိုတိုက်၍ "ဘုန်းတော် ကြီးသော အရှင်ဘုရား.... အကျွန်ုပ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပါ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ ကုန်၏" ဟု လျှောက်ကြလျှင် ဘုရားသခင်လည်း "ဧဟိ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ" ဟု ဧဟိဘိက္ခုခေါ်တော်၍ တန်ခိုးဖြင့် ပြီးသောသင်္ကန်း– သပိတ်– ပရိက္ခရာကို ရလျက် ရဟန်းဖြစ်ကြ လေကုန်၏၊ အရှင်ဥပတိဿနှင့် ကောလိတမှတပါး ငါးရာသော သူတို့သည် အစဉ်အတိုင်းသော မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

## (၁၃) ကောလိတ ရဟန္တာဖြစ်ချိန်

ထိုသူ နှစ်ဦးတို့ကား ကြီးမားသော သာဝကပါရမီဉာဏ် ၏ ပရိကံ မပြည့်စုံသေးသောကြောင့် ရရင်း သောတာပန်၏ အဖြစ်ဖြင့်သာ တည်၏၊ အရှင်ကောလိတသည် ရဟန်းဖြစ်သည့်

နောက် ခုနှစ်ရက်မြောက်သောနေ့၌ ဤရာဇဂြိုလ်ပြည်၏အနီး ကလ္လဝါဠဒွာကြီး၏အတွင်း သစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းရင်း ငိုက်မြည်း၍နေစဉ်ဘုရားသခင်လည်း "အချင်းကောလိတ သင်သည် အိပ်ခြင်းနာခြင်း သေခြင်းကို လွန်မြောက်ရာ အမြိုက်ချမ်းသာကို ဖွေရှာသောသူဖြစ်လျက် ထိနမိဒ္ဓ ပမာဒဟူသော မသူတော်တို့ နှင့် အဘယ်ကြောင့် ပေါင်းဖော်ပြန်သနည်း" ဟု မိန့်တော်မူ၍ ခါတုကမ္မဋ္ဌာန်းကို ဟောတော်မူသည်ကို နာရလျှင် သုံးအင် သော မဂ်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## (၁၄) ဥပတိဿ ရဟန္တာဖြစ်ချိန်

အရှင်ဥပတိဿကား ရဟန်းဖြစ်ပြီးနောက် လခွဲမြောက် သောအခါ "သူကရခါတ" မည်သော လိုဏ်၌ နေစဉ် ဘုရား သခင်သည် အရှင်ဥပတိဿ၏ တူဖြစ်သော ဒီဃနခ ပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟ လက္ခဏာသုတ်တော်ကို ဟောတော်မူရာဝယ် ကြားနာရ၍ သာဝကပါရမီဉာဏ်၏ အပြီးအဆုံးသို့ ရောက် သတည်း။

ဤသို့လျှင် အရှင်ဥပတိဿ ရဟန္တာ ဖြစ်ပြီး၍ ထိုသည့် နေ့ပင် ဘုရားသခင်လည်း ဝေဠုဝန်ကျောင်းတော်၌ တပည့် သံဃာတော် အားလုံးကို စုရုံးစည်းဝေးစေ၍၊ အရှင် ဥပတိဿ ကို "ဓမ္မသေနာပတိ သာရိပုတြာ" ဟူသောအမည်နှင့် လက်ျာရံ အဂ္ဂသာဝကအရာ၊ အရှင်ကောလိတကို "မဟာမောဂ္ဂလာန်" ဟူသော အမည်နှင့် လက်ဝဲရံ အဂ္ဂသာဝကအရာ ထားတော် မူသည်။

(ဤမြဝေရှ်ပ နှစ်ပါးတို့မှာ အနော်ရထာမင်းကြီး မြတ်စွာဘုရားထံတွင် ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုကံ၊ ဖြည့်ခဲ့ဘူးသော ပါရမီနှင့် တောင်းယူခဲ့သော ဗျာဒိတ်တော်ဆုအရ ဆော်လျင်စွာ အဂ္ဂသာဝက လက်ျာရံ လက်ဝဲရံများ ဖြစ်လာကြကြောင်း)

အကျယ်သိလိုပါက ဇိနတ္ထ ပကာသနီ ဒုတိယတွဲ တွင်ရှုပါ။

## ၁၆။ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း

ယင်းသို့ လူနတ်တို့အားတရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၍ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ ဘုရားသခင် သီတင်းသုံးတော်မူကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလေသော်၊ အမတ်တယောက်ကိုခေါ်၍ "အချင်းအမတ် သင်သည် ယောကျ်ားအခြံအရံ တထောင်နှင့်တကွ ရာဇဂြိုလ်ပြည်သို့သွား၍ ငါ့စကားဖြင့် သားတော်ဘုရားကို ပင့်လျှောက်ချေ၊ အရှင့်ခမည်းတော်သည် အိုမင်းသောအရွယ်သို့ ရောက်ချေပြီ၊ သားတော်ဘုရားကို မတွေ့မမြင်ရသည်လည်း ကာလရှည်လေပြီ၊ မသေခင်ကို ဖူးမြင်လိုပါသည်၊ မဖျား မနာ ကျန်းမာစဉ်က မွေးသည့်ဘခင်က ဖူးမြင်ရအောင် ကြွတော်မူပါဟု လျှောက်၍ ငါ့သားဘုရားကို ပင့်ဆောင်ချေ"ဟု စေလိုက်၏။

---

ကဝိရတနာစာပေ

## (၁) သုဒ္ဓေါဒနမင်းကြီး စေသောအမတ်များ ရဟန္တာဖြစ်သွား ကုန်၍ မှာကြားချက် မလျှောက်ထားမိခြင်း။

ထိုအမတ်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ဗိုလ်ရုံ တထောင်နှင့်တကွ သွား၍ ဘုရားရှေ့မှောက်သို့ ရောက်သော အခါ ရာဇဂြိုလ်ပြည်သားတို့ တရားနာခိုက်နှင့် ကြုံ၍ ပရိသတ် စွန်းက တရားတော်ကိုနာ၍ နေကြသော် ဒေသနာတော်၏ အဆုံး၌ အလုံးစုံသော ကိလေသာအစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ရဟန်းပြုလိုကြောင်းကို တောင်းပန်ကြလေလျှင်၊ ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန္တာဖြစ်ကြလေကုန်၏။ ယင်းသို့ ရဟန္တာဖြစ်ပြီးသော အခါမှစ၍၊ အရိယာတို့ သဘောသည် အလုံးစုံသော ကိစ္စ၌ လျစ်လျူရှုသည်သာ ဖြစ်ရကား သုဒ္ဓေါဒနမင်းကြီး မှာအပ်သော စကားကို မြတ်စွာဘုရားအား မလျှောက်ကြားဘဲနေလေကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း၊ သွားလေသော အမတ်တို့ ပြန်ချိန်သင့်၍ မပြန်သော် လိမ်မာသော အမတ်တယောက်ကို ခေါ်၍ ရှေးနည်းအတူ စေပြန်၏။ ထိုအမတ်လည်း ဘုရားထံသို့ ရောက်လျှင် ယခင်သူတို့ကဲ့သို့ ပရိသတ်နှင့်တကွ၊ ရဟန္တာဖြစ်ကြ ကုန်၍၊ ဘုရားသခင်အား မလျှောက်ကြားဘဲ ဆိတ်ဆိတ်သာ နေ၏။

## (၂) ဒသမအကြိမ် ကာဠုဒါယီ အမတ်ကြီးအား စေလွှတ်ခြင်း။

ဤသို့ ထပ်ခါ ထပ်ခါ ကိုးကြိမ်တိုင်တိုင် စေပါသော်လည်း၊ သတင်းစကားမျှ မရောက်လာ၊ ဆိတ်ဆိတ်သာ ဖြစ်လေကုန်လျှင်၊ ဘခင် သုဒ္ဓေါဒန မင်းကြီးသည်လည်း၊ ငါ၏ နန်းတော်နေပြည်တော်၌ ရှိကြကုန်သော လူအပေါင်းတို့သည်၊ ငါ၌ ချစ်ခြင်းပင် မရှိကြချေသောကြောင့် သတင်းစကားကိုမျှ မကြားလာကြကုန်၊ ယခုအခါ ဘယ်သူသာလျှင် ငါ့အား သတင်းစကားကို ကြားရအောင် ရွက်ဆောင်ပါမည်နည်း၊ ငါ့သား ဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်နည်း” ဟု မည်တမ်းလျက် ဗိုလ်ပါ အပေါင်းကို ကြည့်လတ်သော် ဘွားဘက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကိုမြင်၍ “အချင်း ကာဠုဒါယီ သင်သည် ငါ့သား ဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်မည်လော”ဟု မေးလတ်လျှင်၊ “အရှင်မင်းကြီး.... ကျွန်ုပ် ရဟန်းပြုပါရမူ တတ်နိုင်ပါ၏” ဟုလျှောက်လေ၏။

မင်းကြီးလည်း“ အချင်းအမတ်....သင်ရဟန်းပြုလိုလည်း ပြုလေ၊မပြုလိုလည်း မပြုဘဲနေစေ၊ ငါ့သားကိုသာ မြင်ရအောင် ကြံဆောင်ပါ”ဟု ဆို၏။

## (၃) ကာဠုဒါယီ ရဟန္တာဖြစ်ပြီးနောက် လျှောက်ထားခြင်း။

ကာဠုဒါယီအမတ်လည်း၊ ဗိုလ်ပါတထောင်နှင့် တကွ သွားလေ၍၊ ဘုရားခြေတော် ရင်းသို့ ရောက်လျှင် ပရိသတ်

တို့အား တရားဟောတော်မူခိုက် ကြုံသည်နှင့် ပရိသတ်စွန်းက တရားနာလေလျှင် အခြံအရံတထောင်နှင့်တကွ၊ ရဟန္တာအဖြစ်ကို ရ၍ ဧဟိဘိက္ခုချည်း ဖြစ်ကြလေကုန်၏။ ထိုသို့ ကာဠုဒါယီ ရောက်၍ ခုနစ်ရက်၊ ရှစ်ရက် မြောက်ရှိလျှင် အလုံးစုံသော ဆောင်းဥတုကုန်စေ၍ နွေဥတုအပြောင်း တပေါင်းလပြည့်နေ့ ကြိမ်၍ခြောက်ဆယ် မျှလောက်သော ဂါထာတို့ဖြင့် ကာလ သမယကို ချီးမွမ်း၍ သုဒ္ဓေါဒနမင်းကြီး မှာလိုက်သော သတင်း စကားများကို ဘုရားသခင်အား လျှောက်၍ ဆွေတော် မျိုး တော်တို့ကို ချီးမြှောက်ခြင်းငှာ၊ ကပိလဝတ်ပြည်သို့ ကြွတော် မူပါမည့် အကြောင်းကို ခွင့်တောင်း လျှောက်ထား၏။

## (၄) ကပိလဝတ်ပြည်သို့ ဘုရားသခင် ကြွတော်မူခြင်း။

ဘုရားသခင်လည်း သံဃာတော် အပေါင်းတို့အား ခရီးသွား ခြင်း၌ပြုထိုက်သော ဂမိယဝတ်ကိုပြည့်စုံစေလျက် မဂဓတိုင်းသား သံဃာ တသောင်း၊ ကပိလဝတ်ပြည်သား သံဃာ တသောင်း ခြံရံလျက် သက္ကရာဇ် ၁၀၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် တရက်နေ့ပင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

## (၅) ကာဠုဒါယီထေရ် ရှေးဦးကြွချီခြင်း။

ယင်းသို့ ဘုရားကြွတော်မူလျှင်၊ ကာဠုဒါယီ ထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကား ကြားသိစေခြင်းငှာ မြတ်စွာဘုရား အလျှင်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၍

သုဒ္ဓေါဒနမင်းကြီး၏ ရှေ့တွင် ထင်ရှားပြပေ၏။ မင်းကြီးလည်း ကာဠုဒါယီထေရ်ကို မြင်လျှင် ရွှင်လန်းသော စိတ်ရှိရကား " ငါ့သား ကာဠုဒါယီ....အမောင်တို့ ဆရာ၊ မြတ်စွာဘုရားလည်း ဤကဲ့သို့ပင် အသွင်အပြင်ရှိသလော၊ အသင်လိုပင် ကောင်းကင်ခရီးကို ပျံနိုင်သလော၊ ယခုအခါ ဘုရားအဘယ်မှာ ရှိသနည်း "စသည်ဖြင့် မေးမြန်း၏။

## (၆) အစိန္တေယျဂုဏ်တော် ကျူးမြွက်တော်မူခြင်း။

ကာဠုဒါယီထေရ်လည်း " တကာတော် မင်းကြီး၊ မီးပွားပမာဏရှိသော ပိုးမြီမျိုး၏ အရောင်နှင့် နေရောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့ငှင်း၊ နွားဦးချိုနှင့် မြင်းမိုရ်တောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့ငှင်း၊ ငါတို့မျှနှင့် ဘုရားအရှပ် အစာကို အဘယ်မှာ နှိုင်းခိုင်း ထိုက်မည်နည်း၊ တကာတော့်သား ဘုရားသခင်၏ အသွင်တော်ကား ခြောက်ပါးသော ရောင်ခြည်တော်အဝန်းဖြင့် ထွန်းပလျက်၊ တက်သစ်သော နေလုင် တထောင်၏ အရောင် အသရေထက်လည်း ကဲတက်လွန်မြတ်၏။ ဣသာရိယစသော ဘုန်းတော် ခြောက်ပါး၊ လောကီ တန်ခိုးရှစ်ပါး၊ လောကုတ္တရာ တခိုးရှစ်ပါး၊ တရားအပေါင်းနှင့် ပြည့်စုံသည် ဖြစ်၍ သုံးဆယ် တဘုံတွင် တစုံတယောက်သော သူမျှအတုမရှိ၊ အနန္တစကြာ၀ဠာ ဝိသယာ ခေတ်ကုန်အောင်ကို မျက်တောင် တခတ် လျှပ်တပြက်မျှဖြင့်

လည်း ကြွလည် ပြန်ခေါက် ရောက်တော်မူနိုင်၏။ ဤသို့ စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော် တန်ခိုးတော်ကို ချီးကျူးမြွက်ကြားလျက်၊ ဘုရားသခင်သည်၊ သင်မင်းကြီး ဖူးမြင်စေခြင်းငှာ သံဃာတော် နှစ်သောင်းနှင့်တကွ ကြွတော်မူလာပြီ၊ ယနေ့မည်သည့်စခန်းသို့ ရောက်ပြီ" ဟုကြား၏။

## (၇) ကာဠုဒါယီထေရ်အတွက် ဧတဒဂ်သတ်မှတ်ခြင်း။

မင်းကြီးလည်း၊ အလွန်အားရတော်မူ၍ မထေရ်အား ဘောဇဉ် ငါးပါးတို့ဖြင့် ကောင်းစွာ လုပ်ကျွေးပြီးသော် သားတော် ဘုရားအလို့ငှာ မွန်မြတ်စွာသော ဘောဇဉ်တို့ကို ပြင်ဆင်၍ ကပ်လှူပြီးသော် "သားတော်ဘုရားသည်၊ အကျွန်ုပ်တို့ မြို့သို့ရောက်သည့်တိုင်အောင် ကျွန်ုပ်၏ နန်းတော်က ဆွမ်းကိုသာ ဆောင်၍ လုပ်ကျွေးတော်မူပါ" ဟူ၍ လျှောက်လိုက်၏။ မထေရ်လည်း ဆွမ်းကိုဆောင်လျက် ကောင်းကင်ခရီးဖြင့် ကြွ၍၊ ဘုရားသခင်အား ကပ်ပေ၏။ ဤသို့နည်းဖြင့် ကာဠုဒါယီသည် နေ့တိုင်း နေ့တိုင်း၊ နန်းတော်မှ ဆွမ်းကိုဆောင်၍ လုပ်ကျွေးရကား ခရီးအကြား၌ ဘုရားသခင်သည်၊ ဘခင်မင်းကြီး၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏။ ထို့ကြောင့် ကာဠုဒါယီကို....။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ကုလပ္ပသာဒကာနံ၊ ယဒိဒံ ကာဠုဒါယိ။ ဟူ၍ "ကုလပ္ပသာဒက ဧတဒဂ်" အရာ၌ထားတော်မူသတည်း။ (ဒါယကာတို့၏ စိတ်ကို

သဒ္ဓါကြည်လင် ဖြစ်စေနိုင်သော ဘုရား၏ တပည့်သားတို့တွင် ထူးချွန် မြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်- ဟူသတည်း)။

## (၈) နိဂြောဓါရုံ ကျောင်းတော်သို့ ရောက်ခြင်း။

ဘုရားသခင်လည်း တနေ့ တယူဇနာစီကြွ၍ နှစ်လမြောက်သဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၏၊ ထိုအခါ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင် မင်းတို့သည်လည်း ဘုရားသခင်နှင့် လျော်သောနေရာကို ရွေးချယ်စီစစ်၍ နိဂြောဓ သာကီဝင်မင်းတို့၏ ဥယျာဉ်အလယ် မွေ့လျော်ဘွယ်ရှိသော အရပ်၌ လျောက်ပတ်ကောင်းမွန်စွာ ကျောင်းတော်ကို ဆောက်၍ လှူဒါန်းကုန်သဖြင့်၊ ထိုနိဂြောဓါရုံကျောင်း၌ နေတော်မူ၏။

## (၉) သာကီဝင် ဆွေတော်မျိုးတော်တို့၏ မာန်မာန။

သာကီဝင် မင်းသားတို့သည်လည်း မာန်မာနကြား၍ ဉာသိဒ္ဓတ္ထမင်းသားကား ငါတို့တူ ငါတို့သားသာ၊ ငါတို့အောက် ငယ်စွာ၏၊ ငါတို့ရှိခိုးခြင်းငှာ မထိုက်ဟု နှလုံးပြု၍ ငယ်ကုန်ငယ်ကုန်သော သူတို့ကိုသာ ရှေ့သို့တင်၍ သွားစေပြီးသော်- ကြီးသောသူတို့သည်၊ နောက်မှလိုက်၍ ရှိမခိုးဘဲပင် ရှေ့တော်တွင် ထိုင်နေကြကုန်၏။

## (၁၀) တန်ခိုးတော်ပြလျက် မာနကျစေခြင်း။

ထိုအကြောင်းကို မြင်တော်မူသော်- ဆွေတော် မျိုးတော်တို့၏ မာန်မာနကျစိမ့်သောငှာ စံတော်မူရာ ပလ္လင်ထက်၌ စတုတ္ထစျာန်ကို ဝင်စားတော်မူ၍ ကောင်းကင်ထက်သို့ တက်တော်မူပြီးသော် လက်ျာခြေတော်ကို ဆန့်၍ စင်္ကြန် ကြွတော်မူလျက် အထက်ကိုယ်တော်မှ မီးအလျှံ အောက်ကိုယ်တော်မှ ရေအယဉ်၊ လက်ဝဲဘဝါးတော်မှမီးအလျှံ၊ လက်ျာဘဝါးတော်မှ ရေအယဉ်၊ လက်ျာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှရေအယဉ်၊ ခံတွင်းတော်အပြင် နှာခေါင်းတော် အစဉ်တို့မှ မီးရေအစုံအစုံ အလုံးစုံသော ကိုယ်တော်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ အနက်၊ ပြိုးပြက်သော ရောင်ခြည်တော်ခြောက်သွယ်ကို လှယ်ကာ၊ လှယ်ကာအဇဋ္ဌာ (ရှုတ်ထွေးခြင်းမရှိသော ကောင်းကင်) ပြင်လုံးပြည့်မျှ ထွက်ထွန်း စေလျက် အံ့ဘွယ်ဘနန်း ရှုမခန်းသော ယမိုက်ပြာဋိဟာကို ရတနာစင်္ကြန်ထက်၌ ပြတော်မူ၍ သာကီဝင် မင်းအပေါင်းတို့၏ ဦးခေါင်းထက်၌ဘဝါးခြေမှုန့်ကို ကြဲဘိသကဲ့သို့ ဖြစ်စေတော်မူ၏ (ဤကား တတိယအကြိမ် ယမိုက်ပြာဋိဟာ တန်ခိုးပြခြင်း)။

## (၁၁) ခမည်းတော်မင်းကြီး၏ သုံးကြိမ်မြောက် ရှိခိုးခြင်း။

ထိုအံ့ဘွယ်သရဲ ထူးကဲလွန်မြောက်သော တန်ခိုးပြာဋိဟာကိုမြင်လျှင် ဘခင်သုဒ္ဓေါဒန မင်းကြီးလည်း ခြေတော်ကို ဦးဖြင့်တိုက်၍ "အရှင်ဘုရား.... ဘုရားတော်မူစက ဒေဝိလရသေ့၏

ထိပ်ထက်၌ ရွှေစက်စုံတင်သည်ကို မြင်၍ ဘခင်တကြိမ် ရှိခိုးပါသည်။ လယ်ထွန်မင်္ဂလာပြုသောအခါ ကြီးစွာသော ဇမ္ဗူသပြေပင်ရိပ်ဝယ် သိပ်ထားသည်တွင် သစ်ပင်အပေါင်း ပြန်ရိပ်ပြောင်းလျက် သားကောင်း စံနေသော သပြေပင်ရိပ်ဝန်းသည် မယွန်းမရွေ့ ပြကတေ့တည်သည်ကို မြင်၍လည်း ဘခင်တကြိမ်ရှိခိုးပါသည်၊ ဤယခုမှာ– တခါတုံမျှ မကြုံစဘူး မမြင်ဘူးအောင် ထူးမြတ်သော တန်ခိုးပြာဋိဟာကို မြင်ရပါ၍ ဘခင်ပူဇော်ပါသည်၊ ဤအခါကား သုံးကြိမ်မြောက်သော ရှိခိုးခြင်းပါတည်း"ဟုလျှောက်၏၊ ဤသို့မင်းကြီးရှိခိုးသည်ကို မြင်ကြလျှင် ရှိမခိုးဘဲ နေဝံ့သောသူကား မရှိပြီ အလုံးစုံသော သာကီဝင်မင်းအပေါင်းတို့သည်၊ဦးခေါင်းနှိမ်ချလျက်ရှိခိုးကြကုန်သတည်း။

## (၁၂) ပေါက္ခရဝဿမိုးသွန်းဖြိုးရွာစေခြင်း။

ဘုရားသခင်လည်း ကောင်းကင်မှ သက်၍ ရတနာပလ္လင်ထက်၌ စံနေတော်မူလျှင် ကောင်းကင်အလုံးမှချိ၍ ကြေးနီရည်ကဲ့သို့သော ပေါက္ခရဝဿ (အချို့စွတ်၍ အချို့မစွတ်သော) မိုးသည်းကြီး ရွာလတ်၍ အချို့သောသူကား စွတ်၏၊ အချို့သောသူကားမစွတ် ထိုသို့ စွတ်လိုသောသူကို စွတ်၍ မစွတ်လိုသောသူအား မစွတ်ရသော အချင်းအရာကိုမြင်လျှင် ထက်ဝန်းကျင်သော ပရိတ်သတ် အပေါင်းတို့သည် သောင်းသောင်းဖြဖြချီးကျူးအံ့မူး ပြောကြားကြကုန်၏၊ (အနှစ် ငါးဆယ့်ခုနစ်

ကုဋ္ဌေ (ခြောက်သန်းကျော်အကွာ- ဝေဿန္တရာမင်းကြီး ဘဝ ဖြစ်စဉ်ကလည်း အံ့ဘွယ်ဘနန်း ပေါက္ခရဝဿမိုးဃ်း ရွာသွန်း ဘူးကြောင်းကို ကဆုန် လပြည့်ကျော်တရက် အင်္ဂါနေ့ညချမ်း တွင် ဂါထာတထောင်ကျော်ဖြင့် ဟောကြားတော်မူ၏။)

## (၁၃) အိမ်စဉ်အကျ ဆွမ်းခံကြွခြင်း။

တရားဒေသနာကို နာကြားပြီးသော်- မဟာဆွေတော် အပေါင်းတို့သည် ဦးခေါင်းသွတ်ကြိုး ရှိခိုးပြီးလျှင် အသီးသီး ပြန်ကြကုန်၏၊ တယောက်သော သူကမျှ ဆွမ်းအလှူခံတော် မူပါဟု မပင့်မိကြကုန် ဘခင်မင်းတြားကြီးသည်လည်း ငါ့သား ဘုရားသည် ငါ၏နန်းတော်သို့ ဆွမ်းစားလာလတ္တံ့ဟု နှစ်လုံး ချင်း၍ မပင့်ဘဲပြန်လေ၏၊ ဘုရားကိုယ်တော်မြတ်လည်း ထိုည၌ ကုန်လျက် နံနက်သောအခါ များစွာသော နောင်တော်ဘုရား တို့သည် ဘွားတော်မူသောပြည်သို့ ကြွသောအခါ ဘခင်အိမ်၌ သာ ဆွမ်းခံ၍ ဘုန်းပေးကြကုန်သလော- သို့မဟုတ် အိမ်စဉ် လည်ပတ်၍ ဆွမ်းရပ်ကုန်သလောဟု ဆင်ခြင်တော်မူလျှင် အိမ်စဉ် လည်ပတ်၍ ဆွမ်းရပ်ခံတော်မူကြသော အဖြစ်ကိုမြင်၍- ငါဘုရား လည်း နောင်တော်များ၏ ပဋိပတ် (ကျင့်ဝတ်)ကို ချီးမြှောက် အပ်ပေသည် ဟု နှလုံးပြုတော်မူ၍ သံဃာတော် နှစ်သောင်းနှင့် တကွ မြို့တွင်းသို့ဝင်၍ အိမ်စဉ်တိုင်း ဆွမ်းခံတော်မူ၏။

## (၁၄) ယသော်ဓရာ ချီးကျူးသံနှင့် ကြည်ကွဲဟန်။

ထိုအခါ သာကီဝင် မင်းအပေါင်းနှင့်တကွ ကပိလဝတ်ပြည်အလုံးလည်း ရှန်းရင်းတက်မျှ အုတ်အုတ်ကျက်ကျက် လက်အုပ်ချီ၍ကိုယ်စီကိုယ်ငှပြောကြအံ့ဩကုန်သည်၊ ထိုအသံကိုယသော်ဓရာမင်းသမီး ကြားလတ်သော် မောင်တော် မင်းသားသည်သိကြားမင်း၏ အသရေးကဲ့သို့ ရွှေရွှေဝန်းရံလျက် ဆဒ္ဒန်ပြောင်သွင်ရွှေထမ်းစင်နှင့် အစဉ်သွားမြဲဖြစ်ပါလျက် ယခု ခွက်လက်ဆွဲ၍ ခွမ်းခံ၏ ဟူသည်မှာ တင့်တယ်ပါ၏လောဟု နန်းပြူတင်းကို ဖွင့်၍ မျှော်လင့်လေသော် ရောင်ခြည်တော် ခြောက်စိုင်သည် တပြိုင်တည်း ထွန်းလင်းလျက် သင်းကျစ်တော်ဖျားမှ ဘဝါးတော် အပြင်တိုင်အောင် မအံ့ဩနိုင်သော ဘုရား၏ အသရေကိုမြင်၍ 'နရသီဟ" မည်သော ဂါထာတို့ဖြင့် လွန်စွာချီးမွမ်းလျက် လွမ်းမောဆွတ်လွတ် ကြည်ညွတ် မြတ်နိုးလှသဖြင့် ပရိဒေဝသဘော ဖြစ်၏။

## (၁၅) သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားချက်။

ထိုနောင်မှ သုဒ္ဓေါဒနမင်းကြီးထံ သွား၍ " အရှင့်သားသည်၊ သားမယား၊ မိဘကိုမျှအားမနာ ဝမ်းစာရှာအံ့သောငှာ၊ အိမ်တကာ ရွှေ့၍ ရပ်၍ ရပ်၍သာ စားစရာကို တောင်းသည်၊ ကောင်းပါသလော "ဟု လျှောက်၏။ ခမည်းတော် မင်းကြီး

ကုဋေ (ခြောက်သန်းကျော်အကွာ- ဝေဿန္တရာမင်းကြီး ဘဝ ဖြစ်စဉ်ကလည်း အံ့ဘွယ်ဘနန်း ပေါက္ခရဝဿမိုးသည်း ရွာသွန်း ဘူးကြောင်းကို ကဆုန် လပြည့်ကျော်တရက် အင်္ဂါနေ့ညချမ်း တွင် ဂါထာတထောင်ကျော်ဖြင့် ဟောကြားတော်မူ၏။)

## (၁၃) အိမ်စဉ်အကျ ဆွမ်းခံကြွခြင်း။

တရားဒေသနာကို နာကြားပြီးသော်- မဟာဆွေတော် အပေါင်းတို့သည် ဦးခေါင်းသွတ်ကိုး ရှိခိုးပြီးလျှင် အသီးသီး ပြန်ကြကုန်၏၊ တယောက်သော သူကမျှ ဆွမ်းအလှူခံတော် မူပါဟု မပင့်မိကြကုန် ဘခင်မင်းတြားကြီးသည်လည်း ငါ့သား ဘုရားသည် ငါ၏နန်းတော်သို့ ဆွမ်းစားလာလတ္တံ့ ဟု နှစ်လုံး ချင်း၍ မပင့်ဘဲပြန်လေ၏၊ ဘုရားကိုယ်တော်မြတ်လည်း ထိုညဉ့် ကုန်လျက် နံနက်သောအခါ များစွာသော နောင်တော်ဘုရား တို့သည် ဘွားတော်မူသောပြည်သို့ ကြွသောအခါ ဘခင်အိမ်၌ သာ ဆွမ်းခံ၍ ဘုန်းပေးကြကုန်သလော- သို့မဟုတ် အိမ်စဉ် လည်ပတ်၍ ဆွမ်းရပ်ကုန်သလောဟု ဆင်ခြင်တော်မူလျှင် အိမ်စဉ် လည်ပတ်၍ ဆွမ်းရပ်ခံတော်မူကြသော အဖြစ်ကိုမြင်၍- ငါဘုရား လည်း နောင်တော်များ၏ ပဋိပတ် (ကျင့်ဝတ်)ကို ချီးမြှောက် အပ်ပေသည် ဟု နှလုံးပြုတော်မူ၍ သံဃာတော် နှစ်သောင်းနှင့် တကွ မြို့တွင်းသို့ဝင်၍ အိမ်စဉ်တိုင်း ဆွမ်းခံတော်မူ၏။

---

## (၁၄) ယသော်ဓရာ ချီးကျူးသံနှင့် ကြည်ကွဲဟန်။

ထိုအခါ သာကီဝင် မင်းအပေါင်းနှင့်တကွ ကပိလဝတ်ပြည်အလုံးလည်း ရုန်းရင်းတက်မျှ အုတ်အုတ်ကျက်ကျက် လက်အုပ်ချီ၍ကိုယ်စီကိုယ်ငှ ပြောကြအံ့ဩကုန်သည်၊ထိုအသံကိုယသော်ဓရာမင်းသမီး ကြားလတ်သော် မောင်တော် မင်းသားသည် သိကြားမင်း၏ အသရေးကဲ့သို့ ရွှေရွှေဝန်းရံလျက် ဆဒ္ဒန်ပြောင်သွင်ရွှေထမ်းစင်နှင့် အစဉ်သွားမြဲဖြစ်ပါလျက် ယခု ခွက်လက်ဆွဲ၍ ဆွမ်းခံ၏ ဟူသည်မှာ တင့်တယ်ပါ၏လောဟု နန်းပြူတင်းကို ဖွင့်၍ မျှော်လင့်လေသော် ရောင်ခြည်တော် ခြောက်စိုင်သည် တပြိုင်တည်း ထွန်းလင်းလျက် သင်းကျစ်တော်ဖျားမှ ဘဝါးတော်အပြင်တိုင်အောင် မအံ့ဩနိုင်သော ဘုရား၏ အသရေကိုမြင်၍ "နရသီဟ" မည်သော ဂါထာတို့ဖြင့် လွန်စွာချီးမွမ်းလျက် လွမ်းမောဆွတ်လွတ် ကြည်ညွတ် မြတ်နိုးလှသဖြင့် ပရိဒေဝသဘော ဖြစ်၏။

## (၁၅) သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားချက်။

ထိုနောင်မှ သုဒ္ဓေါဒနမင်းကြီးထံ သွား၍ " အရှင့်သားသည်၊ သားမယား၊ မိဘကိုမျှအားမနာ ဝမ်းစာရှာအံ့သောငှာ၊ အိမ်တကာ ရှေ့၌ ရပ်၍ ရပ်၍သာ စားစရာကို တောင်းသည်၊ ကောင်းပါသလော"ဟု လျှောက်၏။ ခမည်းတော် မင်းကြီး

လည်း ထိုစကားကို ကြားလျှင် တုန်ရင် ထိတ်လန့်သော နှလုံး ဖြစ်ရကား ရုပ်ချည်းထ၍ ပုဆိုးစကို လက်ဖြင့် မလျက် နန်းတော်မှ အစောတလျင် သက်ပြီးသော် သားတော်ဘုရား အနီး၌ ရပ်၍ " အရှင်ဘုရား....အဘယ်ကြောင့် အကျွန်ုပ်အား အရှက်ခွဲပါသနည်း၊ အဘယ်အကျိုးကိုမျှော်၍ တအိမ် တလုပ် ဝမ်းစာ ရှာဘိသနည်း၊ ဤနှစ်သောင်းမျှသော သံဃာကို တကာတော် မကျွေးနိုင်ရာဟု ထင်ဘိသလော "ဟူ၍ လျှောက်၏။

## (၁၆) ဘုရားမိန့်ဟ မဟာဝံသ။

ဘုရားသခင်လည်း " ဘခင်မင်းကြီး....ဤဆွမ်းခံသော အရာသည်၊ ငါတို့အနွယ်အဆက်မှလာသဖြင့် သင့်တင့်လျှောက်ပတ် ချီးမွမ်းအပ်သော အကျင့်ပေတည်း "ဟု မိန့်တော်မူလျှင်- " အရှင်ဘုရား မဟာသမ္မတမင်းမှစ၍ ဘုရား ဘိုးတော်သီဟဟနု မင်းတိုင် သုံးသိန်း, သုံးသောင်း, လေးထောင်, ငါးရာ, ခြောက်ကျိပ်, ကိုးယောက်သော အနွယ်သည် အကျွန်ုပ်တို့၏ အနွယ် မဟုတ်လော၊ ထိုမင်းအနွယ် အပေါင်းတို့တွင် တယောက်ကောင်းမျှ ဆွမ်းတောင်း၍ စားသည်ကို အကျွန်ုပ်တို့ မကြားဘူးပါ" ဟု လျှောက်၏။ "ခမည်းတော် မင်းကြီး....ဤ မဟာသမ္မတမင်းမှလာသော ရာဇပဝေဏီသည်ကား မင်းတရားတို့၏ အနွယ်သာတည်း၊ တကာတော်သား ငါဘုရားမူ ရှေးဖျား လွန်လေ သင်္ချေမျှားစွာ ကမ္ဘာဘာက ဂင်္ဂါဝါလု သဲစုထပ်မျှ

ပွင့်ကြကုန်သော သမ္မာသမ္ဗုဒ္ဓရာဇာ စောမြတ်စွာတို့၏ "မဟာဝံသ" ဖြစ်ပေသည်။ ထိုဘုရားတို့သည် ဘိတ်ကြားအပ်သော ဒါယကာ မရှိမူ ဆွမ်းခံ၍သာ စားမြဲ ဓမ္မတာဖြစ်သတည်း"ဟု မိန့်တော်မူပြီးမှ ခရီးအလယ်၌ ရပ်တော်မူလျက်—

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊
ဓမ္မံ သုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ။

အသ္မိံ လောကေ ပရမှိစ....ဟူသော ဂါထာကိုဟောတော်မူ၏။ အဓိပ္ပါယ်ကား....ခမည်းတော် မင်းကြီးဘုရား စဉ်လာ ကျင့်ရာ မချွတ်ဆွမ်းခံဝတ်၌ မေ့လျော့ရာ ကောင်းစွာကျင့်အပ်သော ကုသိုလ်ဆယ်ပါး တရားမူရှိ ဗောဓိပက္ခိယ မြတ်ဓမ္မကို အမြဲမကွာ ကျင့်ပေရာ၏။ ထိုကုသိုလ်တရားကို အားထုတ်၍ ကျင့်လေ့ရှိသော သူသည် ဤပစ္စုပ္ပန် ဘဝ၌ရင်း၊ တမလွန် ဘဝ၌ရင်း ချမ်းသာစွာနေရ၏။

## (၁၇) ခမည်းတော် မိဒွေးတော်တို့၏ အရိယာစခန်း။

ထိုဂါထာ၏ အဆုံး၌ မင်းကြီးသောတာပန်တည်လေ၏။ ထိုသို့ သောတာပန်တည်ပြီးသော် မင်းကြီးလည်း သပိတ်တော်ကို လှမ်းယူ၍ ရွှေနန်းပြသာဒ်သို့ ပင့်လေ၏။ နန်းတော်သို့ တက်ပြီးလျှင် ခြသေ့ခံသော ရာဇာပလ္လင်ထက်၌ နေ၍ "ဓမ္မဥ္စ

သုစရိတ်၊ နံ့နံ့ဒုစ္စရိတ် စရေ ''အစရှိသော ဂါထာကို ဟောတော်မူရာတွင် မင်းကြီး သကဒါဂါမိ် တည်လေသည်။ မိထွေးတော်လည်း သောတာပန်တည်လေသည်။

## (၁၈) ယသော်ဓရာ၏ ပူသောက။

ယင်းသို့ ရွှေနန်းဥကင် ရာဇပလ္လင်ထက်၌ တက်စံတော်မူလျှင်၊ ဘခင်မင်းမြတ်သည်လည်း လျှောက်ပတ် ကောင်းမွန်သော ဘောဇဉ်ခဲဘွယ်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ အလုံးစုံသော မောင်းမ, မိတ်သ°, ခြွေရံ, ကိုယ်လုပ်တို့သည် အုတ်အုတ် ကျက်ကျက်မျှ လာကြကုန်၍ ဘုရားရှင်အား ညွတ်တွား ရိုကျိုး ရှစ်ခိုး ပူဇော်ကြကုန်၏။

ယသော်ဓရာ ဗိမ္ဗာဒေဝီသည် ပူဇော်ခြင်းငှာ မထွက်လာ၍ များစွာသော နန်းသူ, နန်းသားတို့က ''သခင်မထွက်ကြွတော်မူ၍ သုံးလူ့သခင်ကို ဦးတင်ပူဇော် ဖူးမျှော်ပါလော့'' ဟု လျှောက်ကြသော်၊ ''အကယ်၍ အကျွန်ုပ် ကျေးဇူးရှိသည်ကို ထောက်မြော်၍ သနားတော်မူပါလျှင် ကိုယ်တော်ဝင်၍ ကြွလာပါလိမ့်မည်။ ဤသို့ ကြွလာမှ ပူဇော်ပါတော့မည်'' ဟု ဆို၍သာ နေ၏။

ထိုအကြောင်းကို နန်းသူ, နန်းသားတို့က ဘုရားရှင်အား လျှောက်ကြားကြသော် ခမည်းတော် မင်းကြီးအား သပိတ်ကို ကမ်းတော်မူ၍ နှစ်ဦးသော အဂ္ဂသာဝကကို ခေါ်တော်မူလျက်၊ ယသော်ဓရာ မင်းသမီး၏ နေရာတိုက်ခွင်သို့ စင်တော်မူ၍ ''ယနေ့

ယသော်ဓရာ မင်းသမီးကို အလိုရှိတိုင်းရှစ်ခိုးစေမည် သူ့အား မျှတခွန်းစကားမတားဆိုကြလင့်’ဟု မိန့်တော်မူ၍ ခင်းအပ်သော နေရာ ရတနာ သလွန်ထက်၌ တက်စံတော်မူ၏။ ထိုအခါ ယသော်ဓရာ မင်းသမီးလည်း ပန်းကြီးခုန်မင်စွာလာ၍ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာ ဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နန်းကာ နန်းကာ ခြင်းရာစကား ဘယ်သူမျှားမှ မကြားနိုင်စွာ မျက်နှာ မျက်ရည် မဆည်နိုင်ပြီး ဖြိုင်ဖြိုင် စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်း ပြန်လန်လုမတတ် ဆံဖြင့်ပွတ်သပ်, ပါးဖြင့်အပ်၍ တထပ်ထပ် ရှိခိုးလေသတည်း။

## (၁၉) ခမည်းတော်က ယသော်ဓရာ၏ ဂုဏ်လျှောက်ထားပုံ။

ထိုအခါ ခမည်းတော်မင်းကြီးက “အကျွန်ုပ် သမီးသည် သားကြီးဘုရားကို အလွန်စုံမက် နှစ်သက် မြတ်နိုးလေသည်။ သားဘုရားသည် ထွက်သွားသော် မူတော်လည်း ရှိတော်မူစဉ်က ခယမဲ့ဖြစ်သောဝတ်ကို မချွတ်မယွင်းစေရ၊ ညတိုင်း နေ့တိုင်း ပြုလေသည်။ သားဘုရားသည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီဟု ကြားသည်မှစ၍ အလျင် အကျွန်ုပ်သမီးလည်း ဖန်ရည် စွန်းသောအဝတ်ကိုသာ ဝတ်ပေသည်။ သားဘုရားသည် တထပ်သာ စားသည်ဟု ကြားလျှင် တထပ်သာ စားပေသည်။ သား

ဘုရားသည် မြတ်သော အခင်းနေရာကို ပါယ်သည်ဟု ကြား သည်မှစ၍ နိမ့်သော ညောင်စောင်း၌သာ အိပ်ပေသည်။ သားဘုရားသည် ပန်းနံ့သာမျိုး အခိုးအထုံတို့၌ တတ်မက်ခြင်း မရှိသည်ဟု ကြားသည်မှစ၍ ပန်းနံ့သာတို့၌ တတ်မက်ခြင်း မပြုပေ။ အဆွေအမျိုးဖြစ်သော မင်းညီ မင်းသား သူတပါးတို့ ပြောက်စား မြတ်လေးစွာ မွေးမြူပါအံ့ဟု သတင်းစကား ကြားပါသော်လည်း တယောက်ကိုမျှ ပြန်၍မကြည့်ပေ။ ဤသို့ အကျွန်ုပ်သမီးသည် စောင့်ထိန်းပေသည်”ဟု ချေးမတော်၏ ဂုဏ်ကျေးဇူးကို ချီးကျူး လျှောက်ထားရာတွင် “ ယခုအခါ ဘကာတော်မင်းကြီးသည် စောင့်ရှောက် ထိမ်းသိမ်းအပ်သည် ဖြစ်၍ ဖြောင့်မတ် တည်ကြည်သည်ကား အံ့ဘွယ် မရှိသေး။ ရှေးသောအခါ၊ စန္ဒကိန္နရီဖြစ်သောအခါက ဆွေညာ မိ ဘ စောင့်သူမရှိဘဲလျက် မိမိကိုယ်ကို မိမိစောင့်သဖြင့် ကာလ ရှည်မြင့်စွာကြင်နာဘူးပြီ”ဟု စန္ဒကိန္နရီဇာတ်ကို ဟောတော် မူ၏။ ယင်းသို့တရားဟောတော်မူပြီးသော် နိဂြောဓါရုံကျောင်း တော်သို့ ပြန်တော်မူ၏။

## (၁၇) ညီတော်နန္ဒမင်းသားအား ရဟန်းပြုခန်း။

သုဒ္ဓေါဒန မင်းတရားလည်း ငါ့သားတော် အကြီးသည် ရွှေထီးရွှေနန်း တိုင်းခန်းပြည်ထောင်ကို စိုးဆောင် အုပ်ကွပ်၍ လေးမြတ်စမ္ပယ်ခြင်းတည်း ဟူသော လူမင်းတို့၏ စည်းစိမ်ချမ်း သာကို ငြီးငွေ့သည်မှန်ပေပြီ၊ နောင်သောအခါ ငါ့ရိုက်ရာကို

ချုပ်၍ မင်းလုပ်စိမ့်သောငှာ သားတော်နန္ဒမင်းသားကို နှမတော် ဇနပဒကလျာဏီနှင့်စုံဘက်၍ အိမ်ရှေ့နှင်းမည်ဟု ကြံ၍ စီမံပြီး ရှိသည်နှင့် ဘုရားသခင်ရောက်၍ သုံးရက်မြောက်သော နေ့၌ ညီတော် နန္ဒမင်းသား၏ အိမ်တက်မင်္ဂလာ၊ ဥသျှောင်ထုံး မင်္ဂလာ၊ သင်းကျစ်ဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့ ထီးဆောင်းမင်္ဂလာ ဤငါးဖြာသော မင်္ဂလာသဘင်သည်ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း ဆွမ်းခံ ဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်တော်၌ ထူးမြတ်သော မင်္ဂလာတရားကို ဟောကြား ပြီးသော် ညီတော်နန္ဒမင်းသားအား သပိတ်တော်ကို ကမ်း၏၊ နန္ဒမင်းသားလည်း ဘုရား၌ ရိုသေခြင်းပြင်းသဖြင့် သပိတ်တော် ကို သူတပါးအားလည်း မပေးဝံ့ ဘုရားရှင်အားလည်း မကပ် ဝံ့ဘဲ ပုခုံးထက်ထမ်းကာသာ နောက်တော်ကလိုက်၍ ရွှေနန်း ရင်ပြင်သို့ ရောက်လျှင် ယူတော်မူလိမ့်သတည်း ဟု ကြံ၏၊ ထိုသို့ ရောက်၍မျှ မယူပြန်လျှင် ဥကာစောင်းတန်းရင်းသို့ ရောက်သော် ယူလတ္တံ့ ဟု ကြံပြန်၏၊ ဤသို့ရောက်၍ မယူပြန်လျှင် မြင်တော် မမူဘိ၍ သတိမရသောကြောင့်သာ မယူသည်ဟု အောက်မေ့၍ နောက်တော်မှ လမ်းစောင်းတက်ခါ သံဃာတို့အား စကားပြော ဟောကာ ဤဌာနသို့ရောက်သော် ယူလတ္တံ့ စသည်ဖြင့်ကြံလျက် နောက်ရံတော်က သပိတ်ထမ်းပိုက်၍ တစိုက်စိုက် လိုက်ရ လေ၏။

## (၁) ဇနပဒကလျာဏီ၏ မှာတော်ပုံ။

မင်းသမီးအား မောင်းမများ တို့က "သခင်မဖျား မောင်တော်ကို သူ့နောင်တော်ရဟန်းက သပိတ်ထမ်း ခေါ်ချေသည်" ဟု လျှောက်ကြားကြလျှင် ဇနပဒကလျာဏီသည် လျှင်မြန်စွာထတော်မူ၍ မောင်တော်၏ အမူအရာကို မြင်လျှင် ရင်အုံထဲ၌ ရေဝဲလိုက်သကဲ့သို့ ရှိုက်ရှိုက်ကာမျှ ဆွတ်မောလှ၍ စီးကျသောမျက်ရည်၊ ဖြည်အပ်သော ဆံတို့ဖြင့် ငယ်သံငယ်မူကိုဖြစ်စေလျက် "အရှင့်သား.... ရှည်လျားစွာ မနေပါလင့် လျင်စွာ ပြန်ခဲ့ပါလော့" ဟု လျှောက်လိုက်၏။

ထိုစကားသည် နန္ဒမင်းသား၏ သည်းချာဝမ်းပြင်၌ တံကျင်လျှိုသကဲ့သို့ ပါလေ၏၊ မြတ်စွာဘုရားလည်း ကျောင်းတော်သို့ရောက်လျှင် "ညီတော်နန္ဒ.... ရဟန်းပြုနိုင်ပါမည်လော" ဟု မေး၏၊ နန္ဒမင်းသားလည်း ဘုရားရှင်၌ ရိုသေကြောက်ရွံ့ခြင်းကြောင့် "မပြုလိုပါ" ဟု မဆိုဝံ့ရကား "ပြုပါမည်" ဟု လျှောက်၏၊ ဘုရားရှင်လည်း ရှင်သာရိပုတြာကို ခေါ်တော်မူ၍ ညီတော်ကို ရဟန်းပြုစေ၏။

မင်းသားလည်း ထိုနေ့မှစ၍ သာဝတ္ထိပြည်သို့ရောက်သည်တိုင်အောင်၊ ထိုင်တိုင်း၊ နေတိုင်း၊ စင်္ကြံတိုင်းပင် နှမတော်မှာလိုက်သော အသံကိုသာကြား၍ စားမဖြောင့် စက်မပျော်ရှိ၏၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေသောအခါ ငါသည် သာသနာ၌ ချမ်းသာမရနိုင်ပြီ လူထွက်၍ ထီးဆက်

---

ကဝိရတနာစာပေ

နန်းရာကို ခံစံတော်မူမည်ဟု သီတင်းသုံးဘော်တို့အား ပြောကြားလေသော်- သံဃာတော်တို့လည်း ဘုရားသခင်အား နားတော်လျှောက်ကြ၏၊ ကိုယ်တော်မြတ်လည်း ညီမင်းနန်ကို ခေါ်တော်မူလျက် "လူထွက်လိုသည်ဟု ငါကြားတော်မူသည် မှန်သလော" ဟု မေးတော်မူ၍ မှန်ကြောင်းကိုလျှောက်လေလျှင် "ငါ့ညီခင်.... သင်အဘယ်အကြောင်းအရာကြောင့် သာသနာ၌ မမွေ့လျော်ဘိသနည်း" ဟုမေးတော်မူပြန်၏၊ နန္ဒမင်းသားလည်း "နှမတော် ဇနပဒကလျာနှင့် အမြန်ပြန်လာပါဟု မှာလိုက်သော စကားသည် အသည်းကြား၌ ချပ်လျက် ပါသကဲ့သို့ရှိ၍ နှမ်းရိညှိုးချုံး နှလုံးမရွှင်နိုင်ပါသောကြောင့် လူထွက်လိုပါသည်" ဟု လျှောက်လျှင် ဘုရားသခင်လည်း "သင်ငြိုးငွေ့လျှင် ဒေသစာရီ ချီတော်မူရာ ငါနှင့်လိုက်လှည့်" ဟု မိန့်တော်မူလျက် ညီတော်၏ လက်ရုံးကို ကိုင်ပြီးလျှင်- မြိုင်စခန်းသို့ခေါ်၍ ကြွတော်မူ၏။

## (၂) ညီတော်၏ ဇနီးသည်အား မျောက်မနှင့် နှိုင်းပြခြင်း။

တောခရီး၌ မီးလောင်ပြင်စုတခုသော သစ်ငုတ်တိုယ် အိုမင်းဆိုးရွား မေးပါးရှုံ့တွန့်၊ နှာလွန့်ဖြိုးဖြိုး၊ အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် လူတိုင်း စက်ဆုတ်ဘွယ်ရှိသော မျောက်မ တကောင်ကိုမြင်လျှင် ထိုတွင်ရပ်လျက် လက်ညှိုးညွှန်တော်မူပြီးသော် "၎င်းသူကားအဘယ်သူနည်း" ဟုမေးတော်မူ၍....မျောက်မ ဖြစ်ကြောင်းကို နားတော်လျှောက်လျှင် "ထိုမျောက်မနှင့် ငါ့ညီ

နှမဇနပဒကလျာဏီ ဤနှစ်ဖြာသည် ဘယ်သူက သာသနည်း” ဟု မေးတော်မူ၏၊ ညီတော်လည်း အလွန်ဝမ်းနည်းရကား သည်းစွာ ငိုကြွေးမြည်တမ်းလျက် “ရဟန်းမင်းသည် ကိုယ်ချင်း မစာ မညှာ မရှု ပြုတော်မူဘိသည်” ဟုလျှောက်သော် ကိုယ်တော် မြတ်က “ငါ့ညီသဘောကိုသိလို၍သာ ငါကြည့်စမ်းသည် စိတ်မ ငယ်နှင့်” ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ တက်ကြွတော်မူ၏။

## (၃) တာဝတိံသာသို့တက်၍ နတ်တကာတို့ဖြင့် နှိုင်းပြပုံ။

နတ်လမ်းမသို့ရောက်သောအခါ ဝေဇယန္တာနန်းရင်ပြင်၌ အရှင်သိကြားမင်းအား ခစားအံ့သောငှာ တင့်တယ်စွာ တန်ဆာ ဆင်လျက် လာကုန်သော ခိုခြေအသွင် နီလွင်တောက်ပ အလွန် လှသော အဆင်းရောင်ရှိကုန်သော ငါးရာမျှလောက် ကုန်သော နတ်သမီးတို့ကို ခရီးရင်ဆိုင် တွေ့ကြသဖြင့် ပြတော်မူပြီးသော် “ညီတော်နန္ဒ.... ငါးရာမျှသော ဒေဝစ္ဆရာ နတ်ကညာတို့သည် မူရာသွင်ပြင် ကြန်အင်လက္ခဏာဖြင့် ရှုချင်စဘွယ် တင့်တယ်ပါ ပေ၏လော” ဟု မေးတော်မူ၏၊ “အလွန်တင့်တယ် ချစ်စဘွယ် ရှိကြောင်း” ကို လျှောက်လျှင် “ယခုမြင်သော ဤနတ်ကညာ တို့နှင့် သာကီဝင်မင်းစစ် ညီချစ်နှမ ဇနပဒကလျာဏီသည် ဘယ်သူသာ၍ ဆင်းဝါကွန်ကြူး အထူး တင့်တယ်ဘိသနည်း” ဟု မေးတော်မူပြန်၏။

ညီတော်မြတ်လည်း "ရွှေဘုန်းတော်ရှင် သခင်ဘုရား.... ငါးရာမျှလောက်သော ဤနတ်သမီးတို့နှင့်စာနာမူ သာကီဝင်မ "ဇနပဒကလျာဏီ" သည် မီးလောင်ရာမြေအပြင်တွင် ယခင်ပြတော်ခဲ့သော မျောက်အိုမနှင့်သာ တူပါတော့သည်ဘုရား" ဟု လျှောက်ထား၏၊ ဘုရားသခင်လည်း "ညီတော်နန္ဒ.... ငါ့သာသနာ၌ ကောင်းစွာ ကျင့်ဘိလော့၊ ဤနတ်သမီးများသည် သင့်ထံပါးသို့ ခစားလာစေတတ်သော အတတ်ပညာကို ငါပေးတော်မူအံ့" ဟုဆို၍ ထိုနတ်ပြည်မှပြန်လည်တော်မူ၍ ကျောင်းသို့ ရောက်သောအခါ လက္ခဏာရေးသုံးပါးနှင့် စပ်သော တရားဒေသနာကို ဂါထာဖွဲ့သီ၍ ပေးတော်မူသဖြင့် နေ့ညမခြား ထိုင်လျက်သာလျှင် နတ်ကညာတို့လာအောင် ရည်မှန်း၍ စီးဖြန်းသရဇ္ဈာယ်၏။

## (၄) နန္ဒမင်းသား ရဟန္တာဖြစ်ပုံ။

ထိုအခါ များစွာသော ရဟန်းတို့က ညီတော်မြတ်ဖြစ်၍ နတ်သမီးလာစေတတ်သော ဂါထာကို မြတ်စွာဘုရား သနားတော်မူပေသည်။ မင်းနန္ဒလည်း နတ်သမီးကို ရစိမ့်သောငှာ သာသနာတော်၌ ရဟန်းပြုလေသည်။ ဤအကျင့်ဖြင့် နတ်သမီးကို ဝယ်မည်ဟု ကြံသည်။ အံ့ဘွယ်ရှိစွ၊ ဤသို့စသဖြင့် ပျက်ရယ်ပြု၍ ကျီစယ်ကြသော် ညီတော်ရဟန်းလည်း အဆွေခင်ပွန်းတို့ကို ရှက်ရာကား ကွယ်ဝှက်ရာ၌နေ၍ စီးဖြန်း၏။ ထိုသို့

စီးဖြန်းဖန်များသဖြင့် တရားတော်၏ အနက် အဓိပ္ပါယ်သည် မျက်စေ့ဝယ် မြင်သကဲ့သို့ ထင်ရှားမျှမကြာမြင့်မှီပင် အရဟတ္တဖိုလ်သို့ရောက်၏။

## (၅) မြတ်စွာဘုရား၏ ဥဒါန်းတော်။

ထိုအခါ တဦးသော နတ်သည် ဘုရားအထံသို့ ကပ်၍ "အရှင်မြတ်၏ ညီတော်ဖြစ်သော နန္ဒမင်းသားသည် အာသဝေါ တရားလေးပါး (ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာ-သဝ)မှ လွတ်ပေပြီ၊ ဤလောက၏ အဆုံးကို မြင်လေပြီ" ဟု နားတော်လျှောက်၏။

နန္ဒမင်းသားလည်း ထိုညဉ့်လွန်လျှင် ဘုရားသခင်ထံသို့ ကပ်၍ "နတ်သမီးများကို အကျွန်ုပ်မလိုပါပြီ၊ ဤမျှလောက်သော ကာလပတ်လုံး အဆုံးမရှိသော ဒုက္ခကို ရခြင်း၏ အကြောင်းဥဿာလျှင် ပျော်ရွှင်နေမှားဘိ၍၊ ယခု မှသာ ဒေသနာဖြင့် ဖြောင့်စွာသော လမ်းကိုမြင်ပေသည်။ သံသရာ၏ အဆုံးသို့ ရောက်ပေသည်။ မှောက်အပ်သော ဝတ္ထုကို လှန်ဘိ သကဲ့သို့ ရှိပေသည်" ဟု သဗ္ဗညု၏ ကျေးဇူးတော်ကို ချီးမွမ်း၍ လျှောက်၏။

ဘုရားသခင်လည်း "သင်သည် နတ်သမီးတို့ကို အလိုမရှိပါမူ ငါ၏ မန်ခံခြင်း ငြိမ်းတော့သည်" ဟု မိန့်တော်မူ၍... "ယဿ ကာမပင်္ကော တိဏ္ဏော" ဟု ဥဒါန်းကို ကြူးရင့်တော်

မူ၏။ အဓိပ္ပါယ်ကား........အကြင်ရဟန္တာသည်၊ ကာမဂုဏ် တည်းဟူသော ညွန့်ပျောင်းကို ကူးမြောက်ပြီး၊ ကာမဂုဏ် အာရုံတည်းဟူသော ဆူးငြောင့်ကို ချိုးနှိမ်အပ်ပြီ၊ မောဟ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ အစဉ်ရောက်ပြီး၊ ထိုရဟန္တာသည် ချမ်းသာဆင်းရဲ၌ မတုန်မလှုပ်။

## ၁၈။ သားတော် ရာဟုလာ အမွေတောင်းသဖြင့် ရှင်ပြုပေးခန်း။

ထိုနောင်မှ ခုနစ်ရက် မြောက်သောအခါ၊ ရာဟုလာ မယ်တော် ယသော်ဓရာ မိဖုရားသည် သားတော်ကို တန်ဆာဆင်ယင်ပြီးသော် ဘုရားသခင် အထံတော်သို့ အမွေတောင်းစေလို၍ " ချစ်သား သုံးပါးသော လောကဝယ် အတုမရ အသဒိသ စစ်ဖြစ်တော်မူ၍၊ နတ်,လူ အလုံးတို့ ညွတ်ရိုး ဦးခိုက်ကြကာ၊ ရဟန္တာနှစ်သောင်း ခြံရံလျက် စမ္ပာယ်တော်မူသော ဤပုဂ္ဂိုလ် မြတ်သည်ကား အခြားမဟုတ် သင်၏ ဘခင်ကျေးဇူးရှင်တည်း မွေးမိခင်နှင့် ရွှေနန်းပြင်ဝယ် စံရှင်တော်မူသော ကာလက တယူဇနာ သုံးဂါဝုတ်မျှ ကြီးကျယ်လှသော ရွှေအိုးလေးလုံး

တို့သည် ရှိကုန်၏။ ထိုရွှေအိုးတို့သည် သားတော်ဘခင် တောဝင်သည်မှစ၍ မိခင်တို့ မမြင်ရကုန်၊ ဘယ်ရပ်၊ ဘယ်ကွက်၊ ဘယ်သူ့လက်၌ လျှို့ဝှက်ခဲ့သည်ဟု မသိရကာ၊ ငါ့သားမှာမူ အောင်ချာပြည်ကြီး ရွှေထီး၊ ရွှေနန်း၊ ဤတိုင်းခန်းကို သိမ်းမြန်း စိုးချုပ်၊ ရှစ်ဖြူအုပ်၍ မင်းလုပ်ရမည့်သူ ဖြစ်ချေသည်။ ဘိုးတော် ဘွားတော်၊ မယ်တော်တို့အား နှစ်လရှည်လျား သင်ချစ်သားပင် စောင့်စား ကြွေးမွေးရလိမ့်မည်။ သားဟူသမျှသည် အဘ အမွေကိုခံရ၊ စံရမြဲဖြစ်သည် သို့သောကြောင့် မောင့် ဘ ဘုရား သခင်မှာ သွား၍ အမွေတောင်းချေလော့”ဟု စေလွှတ်လိုက်၏။

## (၁) လောကုတ္တရာ ဓမ္မအမွေပေးခြင်း။

ရာဟုလာမင်းသားလည်း၊ ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူရာ အနီးသို့ကပ်၍ ဘခင်၏ ချစ်ချင်းဖြင့် ရဲတင်း ရွှင်လန်းစွာ၊ မိမိနှင့်လျော်ရာ၊ များစွာသော စကားတို့ကိုဆိုလျက် ရပ်၏။ ဘုရားသခင်လည်း ဆွမ်းဘုဉ်းပေးပြီး၍ ကြွတော်မူလေသော် နောက်တော်က ကပ်၍ သင်္ကန်းစကိုင်လျက် ‘ဘခင် ရဟန်းမြတ် အကျွန်ုပ်အား အမွေသနားတော်မူပါ။ အဘဥစ္စာဟူက သား ရမြဲဓမ္မတာဖြစ်ပါသည် ”ဟု တောင်းကာ-တောင်းကာ လိုက်၏။ ကိုယ်တော်မြတ်လည်း သားတော်ကို ပြန်လေတော့ ဟုလည်း အမိန့်တော်မရှိ၊ မိမိအခြွေအရံများကလည်း ပြန်ပါဟုမဆိုဝံ့ကြ၍ ကျောင်းတော်သို့ တိုင်အောင် လိုက်ပါလာလေ၏။

ထိုအခါ မြတ်စွာဘုရားလည်း " ငါ့သား ရာဟုလာသည် ဥစ္စာအမွေကိုအလိုရှိ၏။ ထိုဥစ္စာကား....ဝဋ်တရား၌ ရှည်လျားစွာ ကျင်လည်ရကြောင်း မကောင်းသော အဆောက် အဦသာ ဖြစ်သည်။ မောင့် ဘ, မြတ်စွာဘုရားသည်၊ ကြိုးစားကုတ်ကပ်၍ ရှာသဖြင့် မဟာဗောဓိပင် ပလ္လင်ရွှေဘုံ၌ အလုံးစုံ ရအပ်သော လောကုတ္တရာ ဓမ္မအမွေကိုသာ ငါပေးတော်မူမည်"ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတြာကိုခေါ်တော်မူ၍ ဤ "ရာဟုလာမင်းသားကို ငါ့အမွေသနားတော်မူလိုသည်၊ ရှင်ပြုဘိလော့"ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည်၊ ဆံရိတ်၍ သင်္ကန်းဝတ်ပေးရ၏။ အရှင်သာရိပုတြာသည်၊ သရဏဂုံကို ပေးရ၏။ အရှင်မဟာကဿပသည် ဩဝါဒ ဆရာဖြစ်၏။

## (၂) သုဒ္ဓေါဒနမင်းကြီး နှစ်လုံးမသာဘဲ လျှောက်ထားခြင်း။

ထိုသို့ သားတော်က မြေးတော်ကို ရဟန်းပြုလေလျှင်၊ သုဒ္ဓေါဒနမင်းတရားသည် နှလုံးမသာကြည်စွာသော ဆင်းရဲခြင်းဖြစ်၍၊ ဘုရားသခင်အထံသို့ လာပြီးလျှင် ဤသို့ နားတော်လျှောက်၏"သားတော်ဘုရားသည်၊ ငယ်စဉ်ကပင် လေးဝသော နိမိတ်ကိုမြင်၍ လူ့ခွင်၌ မပျော်မြန်းဘဲ ရဟန်းပြုလိမ့်မည်ဟု ပုဏ္ဏားတို့ ဖတ်သော နိမိတ်စကားကို ကြားရသည်မှစ၍ ဘခင် နှလုံးမသာလို့ လကြီးစွာဖြင့်မခွာမူထွက်နိုင်အောင်ဗိုလ်တထောင့် ဖွင့်မှ ပွင့်နိုင်သော တံခါးတို့ကိုထား၍၊ သုံးပါးသော ဥတုနှင့်

လျှောက်ပတ်သော ရွှေနန်းပြသာဒ်ဝယ်၊ ဝန်းပတ်ခညောင်း လေးသောင်းမျှလောက်သော မောင်းမ, မိဿံ အလွန်အကြူး ထူးမြတ်သော မင်း၏ စည်းစိမ် ချမ်းသာတို့ဖြင့် မြှောက်စား၍ အားထုတ်ထားပါသော်လည်း၊ သားဘုရားသည် အကျွန်ုပ်အား မငဲ့ကွက် တောထွက်၍ ရဟန်းပြုခြင်းကြောင့် ကြီးမားသော ဒုက္ခဝန်ကို အကျွန်ုပ် သည်းမခံနိုင်အောင် ရှိရပါပြီ၊ သည့်နှင့် မနေ နန်းလျှာထားသော သားမင်းနန်ကို တဖန် ဆောင်ယူ၍ ရဟန်းပြုပြန်သောကြောင့်လည်း၊ ကြီးစွာသော စိတ်ဒုက္ခဖြစ်ရပါသည်။သားကြီး,သားငယ်ပင် ရဟန်းဖြစ်စေကာမူ၊ မြေးတော် ရာဟုလာ နန်းမှာ ကျန်ရစ်၍ ဧကရာဇ်မင်းကောင်း၊ ဘေး လောင်းတော်တို့၏ အနွယ်မပျက်၊ ထီးနန်းကနက်ကို စိုးဆက် စံမြန်းကာ စကြာမင်း၏ အသရေကို ရှုမြင်ရပါမူ စိတ်ကပြေနိုင်ပါ၏။သို့ပါလျက် မြေးတော်ရာဟုလာကိုလည်း ဆောင်ယူ၍သာ ရဟန်းပြုခဲ့၏။ ခမည်းတော်မှာ အရိုက်အရာ ခံမည့်သူလည်းမရှိ၊ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို အုပ်ဆောင်း စောင့်မနိုင်သူလည်းမရှိပြီ၊ ရာဇပဝေဏီ အစီအလျဉ်ယုတ်၍ လူ့ သစ်ငုတ်ကဲ့သို့ ဖြစ်ချေပြီ။ အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာကို လွန်စွာ လေးမြတ်သော သူဖြစ်လျက် အတိုင်းထက် အလွန် ပူပန်ဆင်းရဲ ကြေကွဲသော နှလုံးရှိပါသည်။ သူတထူး တို့မှာ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း အရှင်ဘုရား၊ မိဘတို့၏ သား,မြေးတို့၌ ချစ်ချင်းသည် ရိုးတွင်းချင်ဆီကို ထိလျက် တည်ပါသည်။

ထိုသို့ လျှောက်လေလျှင် ဘုရားသခင်လည်း မင်းကြီးအား တရားစကား ဟောကြားညွှန်ပြတော်မူ၍၊ "ပဗ္ဗဇိတသုတ်ဒေသနာ" ကို ဟောကြားတော်မူ၍၊ ထိုနောက်မှ ဘခင်မင်းကြီးလည်း ဤသို့လျှောက်ပြန်၏၊ "အရှင်ဘုရား ကြီးမားသောအကျိုးပင်ရှိသော်လည်း မသိမမြင်သော မိဘတို့သည် စိတ်ကိုမသိမ်းနိုင်ရာ၊ အကျွန်ုပ်တောင်းပန်ပါမည်၊ ယနေ့မှစ၍ မိဘတို့ အနှုးအညွှတ်ခွင့်မလွှတ်သော သားသမီးကို အရှင်ဘုရားယူ၍ ရဟန်းမပြုပါလင့်" ဟု လျှောက်၏၊ ဘုရားသခင်လည်း ဝန်ခံတော်မူ၍ ရဟန်းတို့ကိုခေါ်ပြီးသော်။

## (၃) သိက္ခာပုဒ်တော်ကို ပညတ်ခြင်း။

န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊အာပတ္တိ ဒုက္ကဋဿ။ ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူ၍၊ (အဓိပ္ပါယ်ကား–မိဘက ခွင့်မပြုသောသားကို သာသနာ့ဘောင်သို့ မသွတ်သွင်းရ)။

## (၄) သုဒ္ဓေါဒနမင်းကြီး အနာဂါမ် ဖြစ်ခြင်း။

တနေ့သ၌ ဘုရားသခင်သည် နန်းတော်တွင် ဆွမ်းဘုန်းပေး၍အပြီးတွင် ဘခင်မင်းကြီးက "အရှင်ဘုရား ဒုက္ကရစရိယကျင့်စဉ်က မထင်ရှားသော နတ်သားတယောက်သည် လာ၍ အရှင်မင်းကြီးသား ဘုရားမဖြစ်နိုင်ပြီ စင်္ကြန်ဦးတွင် ကမ္ဘဋ္ဌာန်းစီးဖြန်းစဉ်လဲ၍ အသည်းကွဲသဖြင့် သေရှာပြီဟု သုံးကြိမ်လေးကြိမ်

ပြောဆိုလာသည်၊ ထိုစကားကိုအကျွန်ုပ်မယုံပါ၊ ငါ၏သားသည် ဘုရားမဖြစ်ဘဲကိုမသေနိုင်ပါဟု ဆိုလိုက်ပါ၏။ဆိုသည့်အတိုင်းပင် ယခုမှန်ပေသည်၊ ထိုအကြောင်းကို အောက်မေ့၍ အလွန်ဝမ်းမြောက်ပါသည်" ဟု နားတော်လျှောက်၏။

ဘုရားသခင်လည်း.... "ခမည်းတော်မင်းကြီး.... ယခုဘဝ၌ပါရမီရင့်လှပြီကို အဘယ်မှာယုံပေအံ့နည်း ပါရမီနုစဉ်သာဖြစ်သေးသော ရှေးလွန်လေပြီးသော ဘဝက မဟာဓမ္မပါလသူငယ်ဖြစ်သောအခါ ဒိသာပါမောက္ခဆရာသည် တူရာအရိုးကိုယူဆောင်၍ ပြသကာ အသင့်သားသေပြီဟု အလီလီပြောသော်လည်းမယုံကြည်ဘူးလေပြီ" ဟု အတ္ထုပ္ပတ္တိကိုပြ၍.... "မဟာဓမ္မပါလဇာတ်" ကို ဟောတော်မူလေ၏၊ ထိုအခါ ခမည်းတော်မင်းကြီး အနာဂါမ်တည်လေ၏၊ ယင်းသို့ ခမည်းတော်မင်းကြီးအား သုံးပါးသောဖိုလ်၌ တည်စေပြီးမှ ဝါဆိုလတွင် ရာဇဂြိုလ်ပြည်သို့ပြန်တော်မူ၏။

# ၁၉။ မြတ်စွာဘုရားအား တိတ္ထိတို့က တန်ခိုး ပြိုင်လာသည်ကို နှိမ်နင်းခြင်းငှာ တန်ခိုး ပြာဋိဟာပြခါ အောင်မြင်တော်မူခန်း

## (အကျဉ်းပြချက်)

၁။ ဘုရားသခင်သည် ဇေတဝန် ကျောင်းတော်ကို အလှူခံပြီးနောက်၊ မဟာသက္ကရာဇ် ၁၀၀ ပြည့်၊ ဝါဆိုလဝယ်၊ တိတ္ထိဂိုဏ်းဝင်များသည် မြတ်စွာဘုရားအား တန်ခိုးပြိုင်ရန် စိမ်နေကြောင်းဖြင့် ပသေနဒီကောသလမင်းကြီး၏ လျှောက်ထားချက်အရ၊ ဘုရားသခင် တန်ခိုးပြတော်မူနိုင်ရန် အလို့ငှာ၊ မဏ္ဍပ် ဆောက်လုပ်စေမည်ကို လက်မခံဘဲ၊ သိကြားမင်း ဆောက်လုပ်လတ္တံ့သော၊ မဏ္ဍပ်၊ ကဏ္ဍကမည်သော သရက်ပင်ရင်း၌ ဝါဆို

လပြည့်နေ့တွင် ယမိုက်ပြာဋိဟာကို ပြတော်မူအံ့”ဟု မိန့်တော်မူသည့်အတိုင်းနံနက် ဆွမ်းဘုဉ်းပေးစဉ်က၊ကဏ္ဍကအမည်ရှိသော ဥယျာဉ်မှူးလှူသော သရက်ဖြူသီး၏ အစေ့ကို ဥယျာဉ်မှူးအား ညွှန်ပြသော နေရာ၌ အပင်စိုက်စေ၍ ကိုယ်တော်မြတ်၏ လက်ဆေးရေ သွန်းလောင်းသောအခါ၊ မီးပုံမှတက်သော မီးအခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံး ထွန်တုံးမျှလောက်သော အညောင့်အကိုင်းအခက်တို့သည် အဖြာဖြာထွက်၍ ပွားတက်လတ်သဖြင့် တခဏချင်းတွင်ပင် အစောက်အားဖြင့် သံတောင်ငါဆယ် အကျယ်အပြန့်အားဖြင့် သံတောင်တရာရှိသော ငါးဖြာသော ခက်မ၊ တရာ့ငါးဆယ်သော ခက်သေး၊ မွေးလှစွာသောအရွက်၊ အပွင့်၊ အသီးတို့နှင့် ပြည့်စုံသော သရက်ပင် ကြီးဖြစ်လာလေ၏။

၂။ သိကြားမင်း၏ စေထားချက်အရ၊ လေနတ်သားလည်း၊ တိတ္ထိတို့၏ မဏ္ဍပ်များကို ပြိုပျက်စီးအောင် လေပြင်း စ, တိုက်ခပ်စေ၏။ မိုးနတ်သားလည်း တိတ္ထိအပေါင်း ခိုကိုးရာမဲ့ဖြစ်အောင် မိုးသီးမိုးပေါက်များ ဖြစ်စေ၏။

၃။ ဘုရား ကိုယ်တော်မြတ်လည်း၊ သုံးဆယ့်ခြောက်ယူဇနာရှိသော မြေအရပ်၌ ခြေရာ စပ်မျှ ပရိသတ်တို့ စည်းဝေးရောက်လာသည်ကို မြင်လျှင် ထက်ဝန်းကျင်သော စကြာဝဠာတိုက်အလုံးကို ဖုံးကွယ်ခြင်း မရှိ၊ ပကတိ မြင်စေတော်သော လောကဝိဝရဏ တန်ခိုးကို ဖွင့်တော်မူ၍ ယူဇနာဝက်ပမာဏ မြင့်သောကောင်းကင်ပြင်၌ အရှေ့ စကြာဝဠာမှ

အနောက် စကြာဝဠာခိုက်အောင် ရတနာစကြဲန်ကို ဘန်ဆင်းတော်မူ၍ ထိုနေ့မွန်းယိမ်းသော အခါဝယ်၊ ရတနာဂူမှထွက်သော ရွှေခြင်္သေ့ မင်းကဲ့သို့ ဂန္ဓကုဋိတိုက်တော်မှထွက်၍ ရတနာ စကြဲန် ဦး၌ ရပ်တော်မူလျှင်၊ ဃရဏီအမည်ရှိသော ဥပါသိကာမသည် မြတ်စွာဘုရား၏ ခြေရင်းတော်၌ ဝပ်လျက် "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤမျှလောက် အပင်ပမ်း မခံသင့်ပါ၊ အကျွန်ုပ်သည် စကြာဝဠာတိုက်အပြင်ကို ရေအယဉ်ဖြင့် ပြည့်စေ၍ အကျွန်ုပ်ကြက်မငယ် သဏ္ဌာန်ဘန်ဆင်းပြီးလျှင် အနောက် စကြာဝဠာနားမှ ငုတ်၍ အရှေ့စကြာဝဠာနား၌ ပေါ်ပါမည်။ တောင်စကြာဝဠာနားမှ ငုပ်၍ မြောက်စကြာဝဠာနား၌ရင်း။ မြောက်စကြာဝဠာနားမှ ငုပ်၍ တောင်စကြာဝဠာနား၌ ပေါ်၍ ပြပါအံ့" ဟု လျှောက်ကြားသော်လည်း မြတ်စွာဘုရားက ခွင့်မပြုပေ။

ထို့နောက် စူဠအနာထပိဏ်အမည်ရှိသော အနာဂါမ် တည်သော သူဌေးသည်၊ အရှင်ဘုရား အကျွန်ုပ်သည် တဆယ့်နှစ်ယူဇနာရှိသော ပြဟ္မာမင်း၏ ကိုယ်သဏ္ဌာန်ကို ဖန်ဆင်း၍ လေပြင်း မိုးသံကြိုး၏ အသံနှင့်တူသော လောကဓာတ်ကို လွှမ်းမိုးအောင် လက်ပန်းပေါက်တီးပါအံ့၊ ထိုအသံကို ပရိသတ်တို့ ကြားလျှင် များစွာသော ထိတ်လန့်ခြင်း ဖြစ်ပေအံ့" ဟု လျှောက်သော်လည်း ခွင့်မပြုပေ။

ထိုနောက် ပဋိသမ္ဘိဒါပတ္တဖြစ်သော ခုနစ်နှစ်အရွယ် သာရှိသော "စီရ" အမည်ရှိသော သာမဏေသည် ဘုရား ခြေတော်ရင်း၌ ဝပ်၍ "အကျွန်ုပ်သည် မြင့်မိုရ် စကြာဝဠာ

သီတာ သတ္တရဘန် တောင်ရံ သမုဒ္ဒရာတို့ကို ဤအရပ်သို့ ဆောင်၍ အစဉ်အတိုင်းထားပြီးလျှင် အကျွန်ုပ်သည် ဟသ်ာမင်း သဏ္ဍာန် ဖန်ဆင်း၍ ထိုထိုအရပ်မှ ထွက်လျက် မငြိမယှက် ပျံပါအံ့'' ဟု လျှောက်သော်လည်း ခွင့်မပြုပေ။

ထို့နောက် ပဋိသမ္ဘိဒါပတ္တဒိဏ်ာသဝဖြစ်သော ခုနစ်နှစ် အရွယ်သာရှိသော "စုန္ဒ" သာမဏေသည် ခြေတော်ရင်း၌ ဝပ် လျက် အထပ်ထပ်ရှိခိုးကာ "အကျွန်ုပ်သည် ဤဇမ္ဗူဒိပ်ကျွန်းဦး၌ ပေါက်ရောက်သော အစောက် ယူဇနာ တရာရှိသော ဇမ္ဗူ့ သဥပြေပင်ကြီးကို အသီးအပွင့်နှင့်တကွ နှုတ်ထမ်း၍ လာပြီးလျှင် များစွာသော လူပရိသတ်တို့အား ကြီးမား ကောင်းမြတ်လှ သော ဇမ္ဗူ့သပြေသီးကို စားစေပါအံ့၊ တာဝတိံသာနတ်ပြည် ဝယ် ပင်လယ်ကသစ်ပင်ကြီးကိုလည်း ဤနည်းတူ ထမ်းခဲ့၍ ကသစ်ပွန်းကို လူအများတို့အား ဝေပါအံ့'' ဟု လျှောက်ကြား သော်လည်း ခွင့်မပြုပေ။

ထို့နောက် ဥပ္ပလဝဏ် အမည်ရှိသော အဂ္ဂသာဝိကာ ဘိက္ခုနီမသည် ခြေတော်ရင်း၌ဝပ်လျက် နားတော် လျှောက် သည်မှာ "အကျွန်ုပ်သည် စကြာဝတေးမင်း၏ အဟန် ဖန်ဆင်း ၍ တဆယ့်ခြောက်ယူဇနာ ပြည့်လောက်သော ပရိသတ်အခြံ အရံနှင့်တကွ ကောင်းကင်ခရီးဖြင့် လာ၍ မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ပါမည်'' ဟု လျှောက်သော်လည်း ခွင့်မပြု ပေ။

---

ကဝိရတနာစာပေ

ထို့နောက်မှ လက်ဝဲရံ အဂ္ဂသာဝက ဖြစ်သော ရှင်မောဂ္ဂလာန်ထေရ်သည် ရှေ့တော်၌ဝပ်၍ "အရှင်ဘုရား ဤလောက၌ မိဘတို့၏ အရေးအရာသည် သားကြီးဝန်သာ ဖြစ်သကဲ့သို့ ဆရာတို့၏ အရေးအရာသည်လည်း တပည့်ကြီး တို့၏ ဝန်သာ ဖြစ်ပါသည်၊ ကိုယ်တော်မြတ်၏ အရေးအရာ ကိုလည်း တပည့်ကြီးဖြစ်သော အကျွန်ုပ်၏ ဝန်သာ ဖြစ်ပါ သောကြောင့် အကျွန်ုပ်သည် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်းကို ခံတွင်း သွားကြား ထား၍ သခွား ဖရုံကဲ့သို့ ညက်ညက်ကြေအောင် ဝါးပါအံ့၊ ထိုမှတပါးလည်း ဤစကြာဝဠာသား သတ္တဝါများကို လက်ဝါး တဘက်၌ နေစေလျက် ဤမြေကြီးကို နှီးဖျာသင်ဖြူးကဲ့သို့ လိပ်လျက် လက်ချောင်း၏အကြား၌ ထားပါအံ့၊ ဤမှတပါး လည်း ရထားလှည်းဘီးစက်ကဲ့သို့ သွက်သွက်ခါမျှ မဟာပထဝီ ကို လည်စေပြီးလျှင် မြေကြီးအောက်၌ တည်နေသော မြေလွှာ ဩဇာကို ယူ၍ ဗိုလ်လူအများ သုံးစားစေပါအံ့၊ ထိုမှတပါး ဤစကြာဝဠာ၌ နေကုန်သော သတ္တဝါများကို လက်ဝါး တဘက်၌ နေစေ၍ ရွှေစိုင်အတိပြီးသော မြင့်မိုရ်တောင်ကို ထီးရိုးပြုလျက် ဤစကြာဝဠာမြေကြီးကို ထီးရွက်တပ်ပြီးလျှင် ထီးလက်စွဲသော ရဟန်းတို့ကဲ့သို့ လက်တဘက်ဖြင့်သာ ကိုင်၍ လူမြင်လောက်သော ကောင်းကင်ယံ၌ စင်္ကြန်သွား၍ ပြပါအံ့" ဟု လျှောက်သော်လည်း ခွင့်မပြုပေ။

"ဤ သုံးဆယ့်ခြောက်ယူဇနာ ရှိသော ပရိသတ်ကား ငါဘုရားကို ရည်မှတ်၍သာ ဖုဝေးလာချေသည်၊ ထို့ကြောင့်

ငါဘုရားသည် နောင်တော် ဘုရားတို့ကဲ့သို့ ကိုယ်တိုင် တန်ခိုး ပြာဋိဟာ ပြုတော်မူမည်" ဟု မိန့်မြွက်တော် မူလေ၏။

၄။ ထို့နောက် မြတ်စွာဘုရားလည်း စတုတ္တစျာန်ကို ဝင်စား၍ ကိုယ်တော်မှ မီးအလျှံ ဖြစ်စိမ့်သောငှာ တေဇော ကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာဇော သုံးကြိမ် လေးကြိမ် ရေအယဉ် ဖြစ်စိမ့်သောငှာ အာပေါကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာ ဇော သုံးကြိမ် လေးကြိမ် အရှိန် အလျှံနှင့်တကွသော ရောင်ခြည်တော် ခြောက်သွယ် ဖြစ်စိမ့် သောငှာ နီလာဒိ ကသိုဏ်းကို အာရုံပြု၍ ပစ္စဝေက္ခဏာ ဇော သုံးကြိမ် လေးကြိမ် အားဖြင့် များစွာသော ဝီထိစိတ်တို့ကို ဖြစ်စေတော်မူလျှင် ယခင် ပစ္စဝေက္ခဏာ သမာပတ်၏ အာနု ဘော်ကြောင့် အထက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးဟုန်သည် တောက်လတ်၍ လောကဓာတ်တသိန်း ထစ်ခြိမ်းပဲ့တင် သံရှင် ကျည်းဟီး မြေကြီးခုန်လိုက် အစုံကြိုက်သော ယမိုက်တော်သံကို ဖြစ်စေလျက် ဘဝဂ်တိုင်အောင် တပြောင်ပြောင် တက်လေ၏။

အောက်အဘို့ဖြစ်သော ကိုယ်တော်မှလည်း ရေအယဉ် သည် သွင်သွင်စီးစီး ယိုစီးထွက်ဖြာလျက် စကြာဝဠာနှရန်း ရစ်သန်း ဖြိုးနက် မိုဃ်းကြိုးစက်ကဲ့သို့ အောက်တက် အုံလျှမ်း တင်းကြမ်း နှစ်မြုပ် သဲသဲယုတ်မျှသော ရေအယဉ်သည် ဖြစ်၏။

ထို့နောက်တဖန် အောက်ကိုယ်တော်မှ မီးလျှံသည် ထွက်ပြန့်လတ်သော် အထက်ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏၊ ရှေ့အဘို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံ တောက်ပြန့်လတ်

သော်၊ နောက်အဘိုဖြစ်သော ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏၊ နောက်ကိုယ်တော်မှ တဖန် မီးအလျှံ တောက်လတ်သော် ရှေ့ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏။

လကျ်ာ မျက်လုံးတော်မှ မီးအလျှံ ထွက်လတ်သော်၊ လက်ဝဲ မျက်လုံးတော်မှ ရေအယဉ်သည် ဖြစ်၏၊ လက်ဝဲ မျက်လုံးတော်မှ မီးအလျှံထွက်လတ်သော် လကျ်ာမျက်လုံးတော်မှ ရေအယဉ်သည် စီး၏။

လကျ်ာ နားတွင်းတော်မှ မီးအလျှံ ထွက်လတ်သော် လက်ဝဲ နားတွင်းတော်မှ ရေအယဉ်သည် စီး၏၊ လက်ဝဲနားတွင်းတော်မှ မီးအလျှံ ထွက်လတ်သော် လကျ်ာ နားတွင်းတော်မှ ရေအယဉ်သည် စီး၏။

ဤအတူ လကျ်ာ နှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲ နှာခေါင်းတော်မှ ရေအယဉ်၊ လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ လကျ်ာ နှာခေါင်းတော်မှ ရေအယဉ်၊ လကျ်ာ ပခုံးတော်မှ မီးအလျှံ၊ လက်ဝဲ ပခုံးတော်မှ ရေအယဉ်၊ လက်ဝဲပခုံးတော်မှ မီးအလျှံ၊ လကျ်ာပခုံးတော်မှ ရေအယဉ်၊ လကျ်ာလက်ရုံးတော်မှ မီးအလျှံ၊ လက်ဝဲ လက်ရုံးတော်မှ ရေအယဉ်၊ လကျ်ာနံပါးတော်မှ မီးအလျှံ။ လက်ဝဲနံပါးတော်မှ ရေအယဉ်၊ လကျ်ာခြေတော်မှ မီးအလျှံ၊ လက်ဝဲခြေတော်မှ ရေအယဉ်၊ လက်ဝဲခြေတော်မှမီးအလျှံ၊ လကျ်ာခြေတော်မှ ရေအယဉ်၊ အစဉ်သော ခြေချောင်း လက်ချောင်းတို့မှ မီးအလျှံထွက်လတ်သော်၊ ခြေချောင်း လက်ချောင်းတော်ကြားတို့မှ ရေအယဉ်သည် ဖြစ်၏။

---

**ကဝိရတနာ၁စာ၁ပေ**

အကြား အကြားတို့မှ မီးအလျှံ ဖြစ်သည်ရှိသော် ခြေချောင်း လက်ချောင်းတော်တို့မှ ရေအယဉ်သည် ဖြစ်၏၊ အချို့အချို့သော မွေးတွင်းတော်တို့မှ မီးအလျှံ ဖြစ်သည်ရှိသော်၊ အချို့ချို့သော မွေးတွင်းတော်တို့မှ ရေအယဉ်သည် ဖြစ်၏။

အလုံးစုံသော ကိုယ်မှလည်း ညိုသော ရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော် ၊မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက် ရှိုးရှိုးရဲ တင်နက်သော ရောင်ခြည်တော်တို့သည် နေခြည်ပျက်ယွန်းသော ညချမ်း ဆည်းဆာဝယ်လွန်စွာ တောက်လောင်သော ရွှေတန်ဆောင်းကြီးမှ ဆီမီးအလျှံကဲ့သို့ ပံ့ကာပံ့ကာထွက်၍ အထက်ပြဟ္မာပြည် တိုင်အောင်တက်လေ၏။

ထိုအခါ မြတ်စွာဘုရားလည်း ကိုယ်တော်ပွား နိမ္မိတဗုဒ္ဓတဆူကို ကိုယ်တော်နှင့်အသွင်တူ ဖန်ဆင်း၍ ကိုယ်တော်စင်္ကြံကြွလတ်သော် နိမ္မိတဘုရားသည် လျောင်း၏၊ ကိုယ်တော်ရပ်သည်ရှိသော် နိမ္မိတဘုရားလည်း စင်္ကြံကြွပေ၏၊ ကိုယ်တော်ထိုင်လတ်သော် နိမ္မိတဘုရားသည် ရပ်သော်လည်း ရပ်၏၊ လျောင်းသော်လည်း လျောင်း၏၊ နိမ္မိတဘုရားသည် ထူးပြားနက်နဲသော ပြဿနာတို့ကိုမေး၍ ကိုယ်တော်မြတ် ဖြေတော်မူ၏။ ဤသို့လျှင် ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မဆက်ဆံရာ အသာဓာရဏဖြစ်သော ယမကပါဋိဟာရိယဉာဏ်ဖြင့် ရတနာစင်္ကြံ ထက်မိုးယံဝယ် တပြောင်းပြန်ပြန် အဖန်ဖန်ကြံ၍ ပြတော်မူပေ၏။

ထိုအခါ ကိုယ်တော်မှထွက်သော မီးလျှံ ရေအယဉ်တို့သည် စပ်ယှဉ်ရောပြွမ်းခြင်းမရှိဘဲ တကွဲတခြားစီသာ ထွက်လေ၍ အထက်အသို့အားဖြင့် နေဝသညာနာ သညာယတနဘုံ တိုင်အောင်၊ ဖီလာအားဖြင့် ယုဇနာ တသန်း နှစ်သိန်း သုံးထောင့် လေးရာ့ငါးဆယ် ကျယ်သောစကြာဝဠာအနားရေး တိုင်အောင် တပြိုင်တည်းထွက်၍ တလက်လက် တထိန်ထိန် တည်လေကုန်၏၊ ဘုရားသခင်လည်း တန်ခိုး ပြာဋိဟာကို ပြတော်မူလျက်ပင် အကြားအကြား၌ လူအပေါင်းတို့အား တရားဟောတော်မူ၏၊ ထိုသို့ဟောကြားသော တရားတော်ကို နာရသဖြင့် အကုဋေမကသောသတ္တဝါတို့သည် ဓမ္မာဘိသမယကို ရကြလေကုန်သတည်း။ (အကျယ်သိလိုပါက ဇိနတ္ထ ပကာသနီ ဆဋ္ဌမတွဲတွင် ရှုပါ)။

---

## ၂၀။ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝါဆိုစဉ်ကို အကျဉ်းပြခန်း။

ဗာရာဏသီပြည်အနီး ဖြစ်သော မိဂဒါဝုန် တော်တွင်း ပဌမဝါဆိုသည်၊ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယ-တတိယနှင့် စတုတ္ထသုံးဝါမျှ ကပ်တော်မူသည်၊ ထိုနောက် လူနတ် ပြဟ္မာ သတ္တဝါအပေါင်းတို့ကို မဂ်ပိုလ်တရား၌ တည်စေတော်မူလျက် ဝေသာလီပြည် မဟာဝုန်တောဝယ် ပဉ္စမဝါဆိုတော်မူသည်၊ ထိုနောက် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်

ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖြာ အထက်၌ သတ္တမဝါဆိုတော်မူခါ အဘိဓမ္မာ တရားတော်များကို ဟော ကြားတော်မူသည်၊ ထို့နောက် ဘဂ္ဂတိုင်း သံသုမာရဂိရိပြည် အင်္ဂါသယ ဇနပုဒ်၏ အနီးဖြစ်သော ဘေသကလမိဂဒါဝုန် တော၌ အဋ္ဌမဝါဆိုတော်မူသည်၊ ထို့နောက် ဥတေနမင်း၏ နေရာကောသမ္ဗီပြည်၌ ကောသမ္ဗကသူဌေး ဆောက်လုပ်အပ်သော ဃောသိတာရုံ- ကုက္ကုဋာရုံ- ပါဝါရိကာရုံ ကျောင်းသုံးရပ်၌၊ နဝမဝါ ဆိုတော်မူသည်၊ ထိုနောက် ကောသမ္ဗီ ပြည်သား ရဟန်းတို့၏ ဝိဝါဒကို ဆုံးမခြင်းမှ ရှောင်တော်မူလျက် ပါလိ လေယျကတောအုပ်၌ ပလလည်း ဆင်မင်း၏ အလုပ်အကျွေးကို ခံ၍ ကိုယ်တော်တည်းပင်လျှင် အင်ကြင်းပင်ရိပ်၌ ဒသမဝါ ဆိုတော်မူသည်၊ ထို့နောက် နာဠမည်သော ပုဏ္ဏားရွာအနီး နာဠိကာရုံ ကျောင်းကြီး၌ ဧကဒသမဝါ ဆိုတော်မူသည်၊ ထို့နောက် ဝေရဉ္ဇပုဏ္ဏား ပင့်ဖိတ်သည်ဖြစ်၍၊ ဝေရဉ္ဇတိုင်း၏ အနီး ကြီးစွာပေါက်ရောက်အပ်သော နဠေရု အမည်ရှိသော ဘီလူးစောင့်ရှောက်အပ်သော တမာပင်ရင်း၌ ဒွာဒသမဝါ ဆို တော်မူသည်။

ထိုအခါ ဝသဝတ္တီမာရ်နတ်မင်းသည် ဘုရားသခင်ကို နှိမ်နင်းလိုသောဆန္ဒဖြင့် နေ့ညဉ့်ကြည့်ရှု၍ နေသဖြင့် အခွင့်ရလို ရကား ဝေရဉ္ဇပုဏ္ဏားနှင့်တကွ တိုင်းသူတိုင်းသားတို့ကို ဖိထား၍ မေ့လျော့စေသဖြင့် ဘုရားရှိသည်ကို သတိမရသောကြောင့်ရင်း၊ မိုးရေခေါင်းပါး၍ အစားအစာလွန်စွာ ရှားပါးသောကြောင့် ရင်း၊ ဘုရားနှင့်တကွသော သံဃာတော်ငါးရာတို့ လွန်စွာ

ဆွမ်းပန်း ခေါင်းပါးကြသတည်း။ ထို့နောက် နတ်ဘီလူး အပေါင်းတို့အား တရားဟောချတ်တော်မူ၍ စာလိယတောင်၌ တေရသမဝါ ဆိုတော်မူသည်၊ ထို့နောက် သာဝတ္ထိပြည် အနာတပိဏ်သူဌေးလှူတော်မူသော ဇေတဝန်ကျောင်းတော်၌ စုဒ္ဒသမဝါဆိုတော်မူသည်။

ထိုအခါ လူတို့ကောဇာသက္ကရာဇ် ၁၁၇– ခုနှယ်တာ (ဝါဆိုလ) လဆန်းလေးရက်နေ့– နေလွဲတာဘဝါးတွင် သံဃာတော်တို့အတိုင်းမသိသော ပညာတော်နှင့် ပြည့်စုံတော်မူသည်ကို ချီးမွမ်းကြသော စကားစပ်တွင် ဂါထာတထောင်ဖြင့် တန်ဆာဆင်အပ်သော "မဟာဥမင်္ဂဇာတ်" (မဟောသဓဇာတ်) ကို ဟောတော်မူသည်၊ ထိုနှစ် တန်ဆောင်မုန်းလဆန်း တရက် သောကြာနေ့ ညချမ်းအခါတွင် သံဃာတော်တို့ မဟာဘိနိက္ခမန (မြတ်သော တောထွက်တော်မူခြင်း) ကို ချီးမွမ်းကြသောစကားစပ်ဖြစ်၍ တရာ့နှစ်ဆယ့်လေး ဂါထာရှိသော မဟာဇနကဇာတ်ကို ဟောတော်မူသည်၊ တရာ့သုံးဂါထာရှိသော "တေမိဇာတ်ကို" ဟော တော်မူသည်၊ အကြားအကြား၌ ဟောတော်မူအပ်သော သုတ်နိပါတ်– ဇာတ်ဒေသနာတော်ကား အပရိမာဏပင်ဖြစ်သတည်း၊ ထို့နောက် ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ ပန္နရသမ တဆယ့်ငါးကြိမ်မြောက် ဝါဆိုတော်မူသည်၊ ထိုအခါ ဤကျောင်းရာတွင်ပင် ဈာန်ချမ်းသာဖြင့် ရှေးသောအခါကငါနေဘူးပြီ "မဟာကဏှ" ဇာတ်ကိုဟောတော်မူသည်။

ထို့နောက် အာဠာဝကဘီလူး အစရှိသော သတ္တဝါတို့ကို ကောင်းစွာ ချေချွတ်တော်မူလျက် အာဠဝီပြည် အနီး၊ မဟာ ဟုန်ကျောင်းကြီး၌ သောဠသမဝါ ဆိုတော်မူသည်၊ ထို့နောက် နတ်ဘီလူး အပေါင်းတို့အား တရားရသ တို့ကို ဝေငှတိုက်ကျွေး တော်မူလျက် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါ ဆိုတော်မူ၏၊ ထိုအခါ ယောက်ဖတော် ဒေဝဒတ်သည် အဇာ တသတ်မင်းကို ညီညွတ်အောင် ပြု၍ တောင်ပေါ်မှ ကျောက် တုံးကိုလှိမ့်ခြင်း၊ လေးဖြင့်ပစ်ခြင်း၊ နာဠာဂီရိဆင်ကို လွှတ်ခြင်း စသည်ကိုပြုသည်၊ အဇာတသတ် မင်းသားလည်း ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်စေသည်၊ ထို့နောက် ဗိမ္ဗိသာရ မင်းကြီးကား သားတော်၏ ဒါဏ်သင့်ကာ နတ်တော်လဆန်း လေးရက် ဗုဒ္ဓဟူးနေ့ ညဥ့်အခါ သက္ကရာဇ် ၁၂၀ ပြည့်နှစ်တွင် လွန်တော်မူသည်။

ထိုမင်းကား ဘုရားသခင်အောက် နှစ်နှစ်မျှ ငယ်သည်၊ ကိုဝါ၌ အဇာတသတ်၊ ဒေဝဒတ်တို့ကို အကြောင်းစပ်လျှဉ်း မိ၍ အသီတိနိပါတ်၌ "မဟာသုဝဇာတ်၊ ကပ္ပိရာဇဇာတ်၊ ဝါနရဇာတ်၊ သောမနဿဇာတ် အစရှိသော များစွာသော ဇာတ်တို့ကိုလည်း ဟောတော်မူသည်။ နယုန်လဆန်းလေးရက်၊ တနင်္ဂနွေနေ့ မွန်းလွဲအချိန်တွင် ဂါထာ ကိုးဆယ် ရှိသော "စန္ဒကုမ္မာရ" ဇာတ်ကို ဟောတော်မူသည်။

ထို့နောက် နတ်ဘီလူးတို့ကို ဆုံးမတော် မူလျက်၊ စာလိယတောင်၌ အဋ္ဌာရသမဝါနှင့် ကျေနုဝိသတိမ (တဆယ် ကိုးကြိမ်မြောက်) ဝါဆိုတော်မူသည်။ ထို့နောက် သတ္တဝါ

အပေါင်းတို့အား တရားမြိုက်ဆေးတိုက်ကြွေးတော်မူလျက်၊ ရာဇဂြိုလ်ပြည်ဝေဠုဝန်ကျောင်းတော်၌ဝိသတိမ ဝါဆိုတော်မူသည်။

ထိုအခါ အဇာတသတ် မင်းသည်၊ ဘခင်ကိုသတ်မိ၍ နှလုံးမသာ ချမ်းသာမရ ရှိလေသော် ဆရာဇီဝကကိုမှီ၍ ဘုရားအထံတော်သို့ လာသဖြင့် တရားတော်ကို နာရသော် ဘုရားသာသနာတော်၌ လွန်စွာစုံမက်၍ မစက်မရက် မြက်နိုးသဖြင့် ချီးမြှင့်ပူဇော်လေသည်။ များစွာသော သုတ်နိပါတ်, ဇာတ်တို့ကိုလည်း ဟောတော်မူသည်။

ထိုနောက် ဝေနေယျများကို တရားရသ ဝေငှတော်မ၍ သာဝတ္ထိပြည်၏ တောင်မျက်နှာ ရှစ်ပယ်စားခန့်တွင် ဆောက်လုပ်အပ်သော ဇေတဝန် ကျောင်းတော်မြတ်၌ ဧကဝိသတိမဝါမှစ၍ တဆယ့်ကိုးဝါတိုင်တိုင် ဝါဆိုတော်မူသည်။ အဆုံးစွန်သော ကာလ၌ကား ဝေဠုဝန်ရွာ၌ ဝါကပ်တော်မူသည်။

" တနည်းမှတ်စု "

၁။ ပဌမဝါဆိုကိုဣသိပတနမည်သော မိဂဒါဝုန် တောရွာ၌ တဆယ့်ရှစ် ကုဋေသော နတ်ဗြဟ္မာတို့ကို ဓမ္မကြာ တရားတော်မြတ်များ ဟောကြားတော်မူလျက် ဝါဆိုတော်မူသည်။

၂။ ဒုတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းကြီး၌ ဝါဆိုတော်မူသည်။

---

ကဝိရတနာစာပေ

၃။-၄။ တတိယနှင့် စတုတ္ထဝါတို့ကို ထိုရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ပင်လျှင် ဝါဆိုတော်မူသည်၊

၅။ ပဉ္စမဝါကို ဝေသာလီပြည်အနီး၊ မဟာဝုန်တောကြီးတွင် စုလစ်မွန်းချွန်တတ်သော ဇရပ်၌ ဝါဆိုတော်မူသည်။

၆။ ဆဋ္ဌမဝါကို မကုဋ္ဌတောင် ချယားတော၌ ဝါဆိုတော်မူသည်။

၇။ သတ္တမဝါကို တာဝတိံသာ နတ်ပြည်၌ ဝါဆိုတော်မူသည်။

၈။ အဋ္ဌမဝါကို ဘဂ္ဂတိုင်း သံသုမာရဂိရိ (ဝေါဟာ) မြို့ပြည်အနည်း ဘေသကလာ မိဂဒါဝုန်တော၌ ဝါဆိုတော်မူသည်။

၉။ နဝမ ဝါကို ကောသမ္ဗီပြည်၌ဝါဆိုတော်မူသည်။

၁၀။ ဒသမဝါကို ပါလိလေယျကတောအုပ်၌ ဝါဆိုတော်မူသည်။

၁၁။ ဧကာဒသမ ဝါကို နာဠအမည်ရှိသောပုဏ္ဏားရွာ၌ ဝါဆိုတော်မူသည်။

၁၂။ ဒွါဒသမဝါကို ဝေရဉ္စာပြည်၌ ဝါဆိုတော်မူသည်။

၁၃။ တေရသမ ဝါကို စာလိယတောင်၌ ဝါဆိုတော်မူသည်။

၁၄။ စုဒ္ဒမ ဝါကို ဇေတာဝန်ကျောင်းကြီး၌ ဝါဆိုတော်မူသည်။

၁၅။ ပဉ္စမ ဒသမ ဝါကို ကပိလဝတ်ပြည်၌ ဆိုတော်မူသည်။

၁၆။ သောဠသမ ဝါကို အာဠဝီပြည်၌ အာဠဝက ဘီလူးကို ဆုံးမတော်မူကာ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို တရားရေအေး တိုက်ကျွေးလျက် ဝါဆိုတော်မူသည်။

---

**ကဝိရတနာစာပေ**

၁၇။ သဗ္ဗဏ္ဍရသမဝါကို ရာဇဂြိုလ်ပြည်၌ ဆိုတော်မူသည်။
၁၈။ အဋ္ဌာရသမဝါကို စာလိယတောင်၌ ဆိုတော်မူသည်။
၁၉။ ဧကူနဝီသတိမဝါကို စာလိယတောင်၌ ဆိုတော်မူသည်။
၂၀။ ဝီသတိမဝါကို ရာဇဂြိုလ်ပြည်၌ ဆိုတော်မူသည်။
၂၁။ နှစ်ဆယ့်တစ်မှ လေးဆယ့် ငါးဝါတိုင် သာဝတ္ထိပြည်ကို အမှီပြုလျက် ဇေတဝန်ကျောင်းတော်၌ တဆယ့်ကိုးဝါမျှရင်း၊ ဝိသာခါ ဒါယိကာမ လှူသော ပုဗ္ဗာရုံကျောင်းတော်၌ ခြောက်ဝါတိုင်တိုင် နေတော်မူလျက်၊ ဝါဆိုတော်မူ၏။ အဆုံးစွန်သော ကာလ၌ မလ္လာတိုင်း ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။

---

ကဝိရတနာစာပေ

## ၂၁။ မြတ်စွာဘုရား ဝေသာလီပြည် စာပါလ စေတီ၌ (ပရိနိဗ္ဗာန် စံတော်မူရန်) အာယုသင်္ခါရ လွှတ်တော်မူခန်း။

(ဒီပဲရင်းမြို့- သီရိသဒ္ဓမ္မာဘိလင်္ကာရ- ထေရ်အရှင်မြတ် ရေးသားသော တထာဂတရုဒါန်- ဒီပနီစတုတ္ထနှင့် ပဥ္စမပိုင်း) မှ-

ဝေသာလီပြည်၌ ဆွမ်းခံကြွတော်မူ၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ ဖယ်တော်မူ၍ ရှည်သောအသက်တော်ရှိသောအာနန္ဒာကို "အာနန္ဒာ.... စမ္မခဏ်း (သားရေနှယ်အခင်း) ကိုယူခဲ့လော့၊ အကြင်အရပ်၌ စာပါလစေတီသည်ရှိသည်၊ ထိုအရပ်၌နေခြင်းငှာ ကပ်ကုန်အံ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည် စမ္မခဏ်းကို ယူပြီးလျှင် လျှင်မြန်စွာဘုရား၏နောက်မှ အစဉ်လိုက်၏၊ မြတ်စွာဘုရားသည် စာပါလစေတီအရပ်သို့ကပ်၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏၊ အရှင်အာနန္ဒာသည်လည်း မြတ်စွာဘုရားကို ရှိခိုး၍

သင့်တင့်သောအရပ်၌နေ၏၊ ထိုအခါ အာနန္ဒာကို ဤသို့မိန့်တော်မူ၏၊ "အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဘွယ် ရှိ၏၊ အရှေ့ ဥတေနစေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ မြို့တောင် ဂေါတမကစေတီသည်မွေ့လျော်ဘွယ်ရှိ၏၊ မြို့၏အနောက် သတ္တမ္ဗစေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ မြို့၏မြောက် ဗဟုပုတ္တိက စေတီသည် မွေ့လျော်ဘွယ်ရှိ၏၊ သာနန္ဒရစေတီသည် မွေ့လျော်ဘွယ် ရှိ၏၊ စာပါလစေတီသည် မွေ့လျော်ဘွယ်ရှိ၏။ အာနန္ဒာ.... အကြင် အမှတ်မရှိသောသူအား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွားစေအပ်၏၊ များစွာ အလေ့အလာပြုအပ်၏၊ ယဉ်သဘွယ် ပြုအပ်၏၊ ယာခင်းသဘွယ် ပြုအပ်၏၊ ဆောက်တည်အပ်၏၊ ပွားစည်းစေအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသူသည် အလိုရှိသည်ဖြစ်သော် အာယုကပ် (လူတို့၏ အသက်အပိုင်းခြား) ပတ်လုံးကိုရင်း၊ အာယုကပ်ထက်အလွန်ရင်းတည်ရာ၏"

"အာနန္ဒာ.... ငါဘုရားအားလည်း ထို- ဣဒ္ဓိပါဒ် လေးပါးတို့ကို ပွားစေအပ်ပြီး၊ များစွာသော အလေ့အလာ အစရှိသည်ပြုအပ်ပြီး အာနန္ဒာ.... ထိုငါဘုရားသည် အလိုရှိသည် ရှိသော် အာယုကပ်ပါတ်လုံးရင်း အာယုကပ်ထက် အလွန်ပင် သော်ရင်း တည်နိုင်ရာ၏" ဟုမိန့်တော်မူ၏၊ ဤသို့မြွက်စွာဘုရား သည်၊ နိမိတ်ကြီးဘာသ ပြတော်မူသော်လည်း အရှင်အာနန္ဒာ သည် သိုးထွင်း၍သိအပ်သောငှာ မတတ်နိုင်။

နှစ်ကြိမ်ရင်း၊ သုံးကြိမ်မြောက်ရင်း မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား နိမိတ်ကြီးဘာသ ကောင်းကိုပင် မိန့်တော်မူ၏၊ သို့သော်အရှင်အာနန္ဒာသည် မာရ်နတ်၏ အနှောက်အယှက်

အနှောင်အဖွဲ့ကြောင့် သတိသမ္ပစဉ်ကင်းနေသဖြင့် "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ရှင်ပင်ဘုရားသည် များစွာသော လူအပေါင်းတို့၏ အစည်းအပွားလို့ငှာ ချမ်းသာခြင်းငှာ နတ်လူတို့ကို အစဉ်သနားတော်မူသဖြင့် အာယုကပ်ပါတ်လုံး တည်တော်မူပါဟု" ဟူ၍မတောင်းပန်မိလေ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို "အာနန္ဒာ.... သင်သွားလေတော့ ဟု မိန့်တော်မူ၏၊ ထိုသို့သွားလေတော့ဟု မိန့်တော်မူသောအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကိုရှိခိုး၍ နေရာမှ ထပြီးလျှင် လက်ယာရစ် လှည့်ပတ်၍ ဖယ်လေပြီးနောက် မနီးမဝေးသော အရပ်ဝယ် တခုသောသစ်ပင်၏အနီး၌ နေလေ၏။

## (၁) မာရ်နတ်သား ဘုရားထံကပ်၍ အာယုသင်္ခါရ လွှတ်တော်မူရန် တောင်းပန်ခြင်း။

ထိုအခါ ကာမာဝစရ နတ်ပြည်ခြောက်ထပ်ကို အစိုးရသော မာရ်နတ်သည် အရှင်အာနန္ဒာဖယ်၍ မကြာမြင့်မီပင် မြတ်စွာဘုရားထံသို့ ကပ်လာ၍ တတိယအကြိမ်မြောက် အားဖြင့် လျှောက်ကြားသည်မှာ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ရှင်ပင်ဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ရှင်ဘုရား.... ယခုအခါ၌ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန် ပြုချိန်တန်ပါပြီ" ဤစကားကို ရှင်ပင်ဘုရားသည် ဆိုတော်မူဘူး၏၊ "ယုတ်မာသော အလိုဆိုးရှိသော မာရ်နတ်.... ငါ၏သာသနာ အဆုံးအမဖြစ်သော မြတ်သောအကျင့်သည် အကြင်မျှလောက်

သော ကာလပတ်လုံး ကောင်းစွာပြန့်ပြော စီပင်သာယာသည် မဖြစ်သေး ငါ၏တပည့်သား ဖြစ်ကုန်သော ရဟန်းယောကျ်ား တို့သည် တရား၌လိမ္မာကုန်ခြင်း ဆုံးဖြတ်နိုင်ခြင်း၊ ရဲရင့်ခြင်း များသောအကြားအမြင်ရှိခြင်း– သုတ်- အဘိဓမ္မာ၊ ဝိနည်းတို့ကို ဆောင်နိုင်ခြင်း မရှိသေး၊ ကောင်းသော တရားတို့ကို ကျင့်ကုန် သည်မဖြစ်သေး များစွာသောလူတို့ သိအပ်သည့် နတ်လူတို့သည် ကောင်းစွာ ပြုအပ်သည်မဖြစ်သေး ထိုမျှလောက်သော ကာလ ပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မမူသေး” ဟု သတည်း။

“ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ယခုအခါ၌ အရှင် ဘုရား၏ အဆုံးအမ သာသနာတော်ဟု ဆိုအပ်သော မြတ်သော အကျင့်သည် ကောင်းစွာ ပြန့်ပြောစည်ပင် သာယာသည် ဖြစ်ပါပြီ၊ အပြန့်ကျယ်သည် များစွာသော သူတို့သိအပ်သည်၊ နတ်လူတို့ သည်ကောင်းစွာ ပြုအပ်သည်ဖြစ်ပြီ၊ ယခုအခါ၌ ပရိနိဗ္ဗာန်ပြုပါလော့၊ ရှင်ပင်ဘုရားအား ယခုအခါ၌ ပရိနိဗ္ဗာန် ပြုချိန်တန်ပါပြီ”ဟူ၍ လျှောက်ထားသည်ရှိသော် မြတ်စွာဘုရား သခင်သည်လည်း အစ၌ ပွင့်လေကုန်သော နောင်တော်ဘုရား တို့၏ အာယုသင်္ခါရသည် အဘယ်မျှ တည်တံ့သနည်းဟု ရှုတော် မူသော်၊ ရှေးနောင်တော်ဘုရားတို့ ပွင့်သောကာလဘို့၏ အသက် တန်းကို ငါးဘို့ပြု၍ လေးစုမျှသာ တည်တော်မူသည်ကို မြင် သဖြင့် ဗုဒ္ဓဝင်ထုံးတမ်းကို ငါလည်း မလွန်ထိုက်ချေဟု နှလုံး ပြုတော်မူလျက်၊ မာရ်နတ်ကို ဤသို့မိန့်တော်မူ၏။ “ယုတ်မာ သော အလိုဆိုးရှိသော မာရ်နတ်...သင်သည် ကြောင့်ကြမဲ့

နေသည်ဖြစ်လော့၊ မကြာမြင့်မီပင်လျှင် လာခြင်းကောင်းသော ငါဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ ဤဘပို့တွဲ လပြည့်မှ သုံးလတို့ကိုလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန်ပြု လတ္တံ့ ”ဟု မိန့်တော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် စာပါလ စေတီ၌ သတိနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊အဆင်အခြင်နှင့်ပြည့်စုံ တော်မူသည်ဖြစ်၍ တပို့တွဲလပြည့်နေ့ အာယုသင်္ခါရ တရား (အသက် အပိုင်းအခြားကို အတည်ပြုခြင်း)ကို လွှတ်တော် မူသည်။

## (၂) အာယုသင်္ခါရ လွှတ်စဉ် မြေလှုပ်ခြင်းကြောင့် အရှင်နန္ဒာ မြတ်စွာဘုရားအား လျှောက်ထားခြင်း။

မြတ်စွာဘုရားသခင် အာယုသင်္ခါရ လွှတ်တော်မူသော ခဏ၌ တသောင်းသော စကြာဝဠာတိုက်အားလုံးပျောက်ခြင်းကို ဖြစ်စေတတ်သော ကြက်သီး, မွေးညှင်းထစေတတ်သော ပြင်းစွာ သောမြေကြီး၏ တုန်လှုပ်ခြင်းသည်ဖြစ်၏ မိုးဿ်းမရွာဘဲ အခြောက် ပင် မိုးဿ်းတိမ်မမြင် ကြည်ကြည်စင်လျက် ပြင်းစွာထစ်ချုန်း၏ အခါမဲ့ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက်ထွက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အကြောင်းကိုသိတော်မူ၍....

(ဤကား–အဋ္ဌမအကြိမ်မြောက် ပထဝီမြေကြီး တုန်လှုပ် ခြင်းပေတည်း)။

တုလ မတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရ၊ မဝဿဇိနိမုနိ။

အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ၊ ကဝစမိဝတ္တ-

သမ္ဘဝံ....ဟူ၍ ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူးတော်

မူ၏။

အဓိပ္ပာယ်ကား....မုနိ ငါးပါးတို့ အထွဋ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သတ်သေးတို့၏ အကြောင်း ဖြစ်ထသော ခန္ဓာငါးပါး တည်းဟူသော တဖန် ဘဝသစ်ကို ပြုတတ်သော ကာမဝစရ ကုသိုလ်ကံ၊ အကုသိုလ်ကံကိုရင်း၊ စတုလဉ္စရူပဝစရ၊ အာရုပါဝစရ ကုသိုလ်ကံကိုရင်း၊ စွန့်တော်မူလေပြီ၊ သူရဲကြီး သည် စစ်မြေအရပ်၌ ချပ်ကိုဖျက်ဆီးသကဲ့သို့ ဖလသမာပတ်၌ မွေ့လျော်တော်မူထသော ဥပစာရ သမာဓိဖြင့် တည်ကြည် သမာဓိရှိထသော မြတ်စွာဘုရားသည် ကိုယ်တော်၌ ဖြစ်သော ကိလေသာကို ဖျက်ဆီးတော်မူလေသည်။

မြတ်စွာဘုရားသည်၊ မကြောက်မရွံ့ အာယုသင်္ခါရ တရားကို လွှတ်တော်မူသော အဖြစ်ကို သိစေခြင်းငှာ ဤဥဒါန်း ကို ကျူးတော်မူသတည်း။

ထိုအခါ အရှင်အနန္ဒာသည်၊ မြတ်စွာဘုရားထံသို့ ကြွ၍ ရှိသေစွာ ရှစ်ခိုးကာ တင့်အပ်သော အရပ်၌နေပြီးသော် မြတ်စွာ ဘုရားကို ဤသို့လျှောက်၏ "ရှင်ပင်ဘုရား....အံ့ဘွယ်ရှိစွတကား၊ မဖြစ်ဘူးမြဲတကား၊ ဤမြေ လှုပ်ခြင်းသည် ကြီးစွတကား၊ ကြောက်ခြင်းကို ဖြစ်စေတတ်သော အမွေး၏ ရှင်ခြင်းကိုဖြစ်စေ

တတ်သော ဤမြေလှုပ်ခြင်းသည် အလွန်ကြီးစွတကား၊ မိုးယံး မရှာဘဲ ပြင်းစွာထိစ်ချုန်းမြည်ဘိ၏။ အခါမဲ့ လျှပ်စစ်တို့သည် ပြိုးပြိုးပြက်ထွက်ဘိ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ဤမြေကြီး လှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်းငှာ အကြောင်း အဘယ်သို့ဖြစ်လေသနည်း၊ အထောက်အပံ့ အဘယ်သို့ ဖြစ်လေ သနည်း ”ဟု သတည်း။

“ အနန္ဒာ....ကြီးစွာသော မြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်းငှာ ရှစ်ပါးကုန်သော ဤအကြောင်းတို့သည် ရှိကုန်၏။ ရှစ်ပါးတို့ဟူသည် အဘယ်နည်း....ဟူမူ....

၁။ အာနန္ဒာ....ဤယူဇနာ နှစ်သိန်းလေးသောင်း အထု ရှိသော မြေကြီးသည် ရေ၌တည်၏၊ ထိုရေသည် လေ၌ တည်၏။ ထိုလေသည်ကား ငြိ၍ တည်ရာမရှိဘဲ၊ ကောင်းကင်ပြင်၌ တည်သည်ဖြစ်၍၊ အာနန္ဒာ.... အကြင်အခါ၌ ဥက္ကာပကမည်သော ကြီးစွာသော လေ တို့သည် လာကုန်၏။ ထိုဥက္ကာပက လေတို့သည် လာကုန် သည်ရှိသော် ယူဇနာ ခြောက်သောင်း အလွန်ရှိသော ကိုးသိန်းအထုရှိသော ရေကိုခံသော လေကိုဖြတ်၊ ထို လေဖြတ်ရာ ကောင်းကင်၌ ရေသည် အောက်သို့ကျ၏။ ထိုရေကျရာ၌ မြေသည် အောက်သို့ကျ၏။ တဖန် လေ သည် မိမိအစွမ်းအားဖြင့် မဟာကရိုဏ်း(ရေစစ်) တွင်း၌ ရေကိုချုပ်သကဲ့သို့ ရေကိုဖွဲ့၍ယူ၏။ ထိုသို့ဖွဲ့ယူအပ်သော ကြောင့် ထိုရေသည် အထက်သို့ တက်ပြန်၏။ ထိုရေ

တက်သည်ရှိသော် မြေသည်တက်၏၊ ဤသို့ရေလှုပ်သည်ရှိသော် မြေကြီးတုန်လှုပ်၏။ ဤသို့ တုန်လှုပ်ခြင်းသည် ယခုထက်တိုင် အောင်ဖြစ်၏။ မြေအထုထုသည် အဖြစ်ကြောင့် သက်ခြင်း၊ တက်ခြင်း၊ မထင်သတည်း။ ဤသည်လျှင် ရှေးဦးစွာသော မြေလှုပ်ခြင်း၏ အကြောင်းတည်း။

၂။ တန်ခိုးနှင့်ပြည့်စုံသော ဝသီတော် ငါးပါး (၁) အဖန်ဖန် အပြန်ပြန် ဈာန်အင်္ဂါတို့ကို နှလုံးသွင်း စွမ်းနိုင်ခြင်း။ "အာဝဇ္ဇနဝသီ" (၂) ဈာန်ဝင်စားလိုသောအခါ၌ဝင်စား စွမ်းနိုင်ခြင်း" သမာပဇ္ဇနဝသီ"။ (၃) ပိုင်းခြားသတ်မှတ်ထားသော ကာလပတ်လုံး ဈာန်ကို ပင်စား၍ထားခြင်းငှာ စွမ်းနိုင်ခြင်း "အဓိဋ္ဌာနဝသီ"။ (၄) အပိုင်းအခြား ကာလကို မလွန်စေမူ၍ ဈာန်မှထခြင်းငှာ စွမ်းနိုင်ခြင်း" ဝုဋ္ဌာနဝသီ"။ (၅) မိမိဝင်စားသော ဈာန်တို့ကို ဆင်ခြင်ခြင်းငှာ စွမ်းနိုင်ခြင်း" ပစ္စဝေက္ခဏာဝသီ" သို့ရောက်သော ရဟန်းသည်၎င်း၊ ပုဏ္ဏားသည်၎င်း၊ မြေကိုအနည်းငယ်ဟူသော အမှတ်ကို ပွားစေ၍ ရေကို အတိုင်းမသိ ဟူသော အမှတ်ကိုပွားစေ၍၊ မြေကို အပြားအားဖြင့် တုန်လှုပ်စေ၏။ ထိုမှ၍မှပြင်းစွာ ပြင်းစွာအားဖြင့်တုန်လှုပ်စေ၏။ အထက်အောက် တုန်လှုပ်စေ၏၊ ဤသို့တုန်လှုပ်ခြင်းသည် နှစ်ခုမြောက်သော အကြောင်းတည်း။

၃။ အကြင်အခါ၌ မြတ်စွာဘုရားအလောင်းသည် မယ်တော်ဝမ်းသို့သက်၏၊ ထိုအခါ၌ မြေသည် တုန်လှုပ်၏။ ဤသည်လျှင် သုံးခုမြောက် အကြောင်းတည်း

၄။ အကြင်အခါ၌ မြတ်စွာဘုရားအလောင်းသည် မယ်တော်ဝမ်းမှ ဖွား၏ ထိုအခါ၌ မြေတုန်လှုပ်၏။ ဤသည် လေးခုမြောက်သော အကြောင်းတည်း။

၅။ အကြင်အခါ၌ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကိုသိ၏၊ ထိုအခါမှမြေကြီးသည်တုန်လှုပ်၏။ ဤသည် လျှင် ငါးခုမြောက်သော အကြောင်းတည်း။

၆။ အကြင်အခါ၌ မြတ်စွာဘုရားသည် ဓမ္မစကြာ တရားကို ဟော၏။ ထိုအခါ၌ မြေကြီးတုန်လှုပ်၏။ ဤသည်လျှင် ခြောက်ခုမြောက်သော အကြောင်းတည်း။

၇။ အကြင်အခါ၌ မြတ်စွာဘုရားသည် အာယုသင်္ခါရကို လွှတ်၏။ ထိုအခါ မြေကြီးတုန်လှုပ်၏။ ဤသည်လျှင် ခုနစ်ခုမြောက် အကြောင်းတည်း။

၈။ အကြင်အခါ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ထိုအခါ၌ မြေကြီးသည် တုန်လှုပ်၏။ ဤသည်လျှင် ရှစ်ခုမြောက်သော မြေတုန်လှုပ်ခြင်းအကြောင်းတည်း။

---

ကပိရတနာစာပေ

## (၃) အရှင်အာနန္ဒာ တောင်းပန်ခြင်း။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားတောင်းပန်၏။ " ဘုန်းတော်ကြီးသော ရှင်ပင် ဘုရား.... ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ လော့၊ လာခြင်းကောင်းသော ရှင်ပင်ဘုရားသည်များစွာသော လူအပေါင်း၏ အစီးအပွါးအလို့ငှာ ချမ်းသာခြင်းငှာလောကကို အစဉ်သနားတော်မူသဖြင့်နတ်လူအပေါင်းတို့အား အကျိုးစီးပွါး အလို့ငှာ အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟုသတည်း။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ- ယခုအခါ၌ ငါဘုရားကို မတောင်းပန်လင့်လော့၊ ယခုအခါ ငါဘုရားကို တောင်းပန်အံ့သောငှာအခါမဟုတ်ပြီ"ဟု မိန့်တော်မူ၏။နှစ်ကြိမ် မြောက်ရင်း၊ သုံးကြိမ်မြောက်ရင်း အရှင်အာနန္ဒာသည် တောင်း ပန်၏။ ထိုအခါ"အာနန္ဒာ သင်သည်လာခြင်း ကောင်းသော ငါဘုရား၏သစ္စာလေးပါးတရားကို သိခြင်းကိုယုံကြည်၏လော" ဟု မြတ်စွာဘုရားက မေးတော်မူ၏။

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ယုံကြည်ပါ၏"ဟု လျှောက်လေသည်။ "ထိုသို့လျှက် အာနန္ဒာ.... အဘယ်ကြောင့် သင်သည် ငါဘုရားမြစ်တားရှိမနိုင် သုံးကြိမ်စေ့အောင် နှိပ်စက် သတည်း"ဟု မိန့်တော်မူ၏။

"ရှင်ပင်ဘုရား၏ မျက်မှောက်တော်မှ ကျွန်ုပ်သည်ကြား ရပါ၏၊ နားဖြင့်ခံယူရပါ၏၊ အကြွင်းအမှတ်မဲ့သောသူအား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ပွားစေအပ်၏၊ အလေ့အလာ

များစွာပြုအပ်၏၊ ယာဉ်သဘွယ်၊ ယာသဘွယ်၊ ပြုအင်၏။ ကောင်းစွာအားထုတ်အပ်၏၊ ထိုသူသည် အလိုရှိသေါအာယုကပ်ပါဒ်လုံးရင်း၊ အာယုကပ်ထက် အလွန်သော်ရင်း တည်နိုင်ရာ၏ဟုရင်း.. ငါဘုရားသည် ဣဒ္ဓိပါဒ်တရား လေးပါးတို့ကိုပွားစေပြီး အလေ့အလာပြုအပ်ပြီ၊ ငါဘုရားအလိုရှိသော အာယုကပ်ပါဒ်လုံးရင်း အာယုကပ်ထက်အလွန်ရင်း တည်နိုင်ရာ၏ဟူ၍ ကြားဘူးပါ၏အရှင်ဘုရား”ဟု လျှောက်၏။

“အာနန္ဒာ....သင်သည် ဤကြားဘူးသော စကားကို ယုံကြည်၏လော”ဟု မိန့်တော်မူ၏။

“ ရှင်ပင်ဘုရား... အကျွန်ုပ်သည် ယုံကြည်ပါ၏ ” ဟု လျှောက်၏။

’‘အာနန္ဒာ....ငါဘုရားသည် ဤသို့ရှုန့်ရင်း ကြမ်းတမ်းသော **နိမိတ်ဩဘာသ** ကို ပြုလျက် သင်သည် ထိုးထွင်း၍မသိ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် အာယုကပ်ပါဒ်လုံး လောကကို သနားတော်မူသဖြင့် လောကသုံးပါးတို့၏ အကျိုးစီးပွားချမ်းသာ အလို့ငှာ တည်တော်မူပါဟု—— ငါဘုရားကို မတောင်းပန်၊ ဤသို့မတောင်းပန်ခြင်းသည် သင့်အားမလျှောက်ပတ် ချစ်သားအာနန္ဒာ ငါဘုရားကို သင်အကယ်၍တောင်းပန်ပါအံ့၊ သင်၏နှစ်ခွန်းသောစကားကို ငါဘုရားသည် ပယ်ရာ၏၊ ထို့နောက်မှသုံးခွန်းမြောက် တောင်းပန်သောစကားကိုငါဘုရားသည် သီးခံတော်မူရာ၏၊ ထို့ကြောင့်ရကား....အာနန္ဒာ....ဤသို့

အကြင်ကြောင့် မတောင်းပန်ခြင်းသည်၊ သင်၏ သာလျှင် မတောင်းပန်သဖြင့် ပြုခြင်းတည်း၊ သို့မတောင်းပန်ခြင်းသည် သင်၏သာလျှင် ချွတ်ယွင်းခြင်းတည်း"။

## (၄) ရဟန်းတို့အား ဆုံးမတော်မူ၍ ဝေသာလီပြည်ကို အဆုံးစွန်ကြည့်တော်မူခြင်း။

ထို့နောက်မြတ်စွာဘုရားသည် "အာနန္ဒာ အကြင်အရပ်၌ မဟာဝုန်တော ကူဋာဂါရသာလာသည်ရှိ၏၊ထိုအရပ်သို့ ငါတို့ သွားကုန်အံ့"ဟု ခေါ်တော်မူ၏။ အာနန္ဒာလည်း"ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံ၏။ ထိုရောအခါ မြတ်စွာဘုရားသည် အာနန္ဒာနှင့်တကွ မဟာဝုန်တော၌ စုလစ်မွန်ချွန်တတ်သော ဇရပ်သို့ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေပြီးသော် "ချစ်သားအာနန္ဒာ....သင်သည်သွားချေ၊ အကြင်မျှလောက်ကုန် သော ရဟန်းတို့သည် ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်၏၊ ထိုအလုံးစုံသော ရဟန်းတို့ကို ညီမူရာဇရပ်၌ စည်းဝေးစေလော့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကား ကို ဝန်ခံ၍ ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်သော အလုံးစုံ သော ရဟန်းတို့ကို ညီမူရာ ဇရပ်၌ စည်းဝေးစေပြီးမှ မြတ်စွာ ဘုရားသို့ကပ်လာ၍ ရှိသေစွာရှိခိုးလျက် "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ဝေသာလီပြည်ကိုမှီ၍ နေကုန်သောအလုံးစုံသော ရဟန်းတို့ကို စည်းဝေးစေပါပြီ၊ ထိုညီမူရာဇရပ်သို့ ရှင်ပင်ဘုရား သည် ကြွတော်မူအပ်သောအခါ သိတော်မူပါ"ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ညီမူရာဇရပ်သို့ ကပ်တော်မူ၍ ခင်းအပ်သော ဘုန်းနေရာ၌ နေတော်မူပြီးသော် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့.... အကြင် တရားတို့ကို ငါဘုရားသည် ကိုယ်တိုင်သိတော်မူ၍ ဟောအပ်ပြီ၊ ထိုတရားတို့ကို သင်တို့သည် ကောင်းစွာတတ်အောင် သင်ကုန်၍ အကြင်အခြင်းဖြင့် မှီဝဲသည်ရှိသော် ဤမြတ်သောအကျင့်တည်းဟူသော သာသနာတော်သည် မြင့်မြဲစွာတည်ရာ၏၊ ထိုအခြင်းဖြင့် အဘန်တလဲလဲမှီဝဲအပ်၏၊ ပွားစေအပ်၏၊ အလေ့အလာများစွာပြုအပ်၏၊ ထိုသို့မှီဝဲခြင်းသည် လူနတ်တို့အား စီးပွားချမ်းသာအလို့ငှာ ဖြစ်ရာ၏၊ **ထိုပိုင်းခြား၍ သိအပ်သောတရားတို့ဟူသည် အဘယ်နည်း ဟူမူကား....**

စတ္တာရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓါနာ၊
စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊
သတ္တဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ဤတရားတို့ကို ကောင်းစွာသင်၍ မှီဝဲအပ်ကုန်၏၊ ထိုသို့မှီဝဲခြင်းသည် သာသနာတော် အဓွန့်အမြင့်ရှည် တည်သည်ဖြစ်ရာ၏၊ လူနတ်တို့အား စီးပွားချမ်းသာဖြစ်၏"ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့ .... သင်တို့အား ငါမှာတော်မူခဲ့အံ့၊ သင်္ခါရတရားတို့သည် ပျက်တတ်သော သဘောရှိကုန်၏၊သင်တို့ မဒမေ့မလျော့ခြင်းနှင့် ပြည့်စုံကြစေကုန်လော့ မကြာမြင့်မီ

ငါဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုလေအံ့” ဟု မိန့်တော်မူ၏။

ဤသို့ ဥပဋ္ဌာနသာလာ၌ စည်းဝေးကုန်သော ရဟန်းတို့အား မိန့်တော်မူပြီးသော် ဝေသာလီပြည် မဟာဝုန်တောကူဋာဂါရသာလာ၌ မွေ့လျော်သောအတိုင်းနေ၍ ဝေသာလီမှ ကြွတော်မူသောနေ့၌ နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်၍ဒုကုဋ်ကိုယ်ဝတ်ကို အမျှဝတ်ပြီးမှ ရုံတော်မူ၍- သပိတ်တော်ကိုပိုက်၍ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းစားပြီးသော် ဝေသာလီပြည်မှထွက်တော်မူခါ မြို့တံခါး၌ရပ်၍ ဝေသာလီပြည်ကို ကြည့်အံ့ဟု-စိတ်ဖြစ်တော်မူကာမျှ၌ “ဘုန်းတော်ကြီးသော အရှင်ဘုရား....အကုဋ္ဌေအထောင်မက များစွာသော ကမ္ဘာတို့ပတ်လုံး ရှင်ပင်ဘုရားတို့သည် ပါရမီကို ဖြည့်တော်မူအပ်သည်ရှိသော်-လည်တော်ကိုလှည့်၍ ကြည့်အပ်သောကံကိုမပြုအပ်”ဟူသကဲ့သို့ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လှည့်ခါ ဝေသာလီပြည်သည် မြတ်စွာဘုရား၏ မျက်မှောက်သို့ ရှေ့ရှုပြုပေ၏။

ဤနည်းဖြင့်-ဝေသာလီပြည်မှာသာမဟုတ် သာဝတ္ထိပြည် ရာဇဂြိုလ်ပြည်၊ နာလန္ဒပြည်၊ ပါဋလိရွာ၊ကောဋိရွာ၊ နာတိကရွာတို့၌လည်း ထိုပြည်ထိုရွာတို့မှ ထွက်တော်မူသော အခါ၌လည်း ထိုပြည်ထိုရွာတို့ကို အဆုံးစွန်ရှုခြင်းသည်ဖြစ်၏၊ ထိုသို့လျက် အဘယ်ကြောင့်ထိုပြည်ထိုရွာတို့၌ **နာဂါပလောကိတ** ရှုနည်း မဖြစ်လေသနည်းဟူမူ....အံ့ဘွယ်သူရဲ၏ မရှိသောကြောင့် မရှုသ

ကဝိရတနာ၁၀၁၈ပ

တည်း၊ ဝေသာလီမင်းတို့မှုကား နိုးသောပျက်စီးခြင်း ရှိကုန်၏။ သုံးနှစ်တို့၏အထက်၌ အာဇာတသတ်ကြောင့် ထိုမင်းတို့သည်ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့၊ ထိုလိစ္ဆဝီမင်းတို့သည် ဤနေရာ၌ နာဂါပလောကိတမည်သော စေတီတည်၍- ပန်းနံ့သာ အစရှိသည်ဖြင့် ပူဇော်ကုန်လတ္တံ့၊ ထိုသို့ပူဇော်ခြင်းသည်ထိုမင်းတို့အား စီးပွားချမ်းသာများစွာ ဖြစ်လတ္တံ့....ထိုမင်းတို့ကိုသနားတော်မူသောကြောင့်ဝေသာလီပြည်မြို့တံခါး၌သာ 'နာဂါပလောကိတ' ကို ပြုတော်မူသတည်း။

ထို့နောက် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "အာနန္ဒာ ဝေသာလီပြည်ကို ဤယခုကြည့်ခြင်းသည်၊ငါဘုရားအား အဆုံးစွန်သောကြည့်ခြင်းဖြစ်လတ္တံ့" ဟု မိန့်တော်မူပြီးမှ၊ "အာနန္ဒာ အကြင်အရပ်၌ ဘဏ္ဍုရွာရှိ၏၊ ထိုအရပ် ငါတို့သွားကုန်အံ့" ဟု မြတ်စွာဘုရားအမိန့်ရှိတော်မူပြီး အာနန္ဒာကိုခေါ်၍ ဘဏ္ဍုရွာသို့ ကြွတော်မူ၏။

## ၂၂။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူခန်း။

ထိုရောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့ဖြင့် ခြံရံလျက် ဘဏ္ဍုရွာသို့ ကြွတော်မူ၍ မွေ့လျော်တော်မူသလောက်နေစဉ် "ဣတိသီလံ၊ဣတိသမာဓိ၊ဣတိပညာ၊ သီလပရိဘာဝိတော သမာဓိ" အစရှိသော တရားဒေသနာကိုရဟန်းတို့အား များစွာ အလေ့အလာပြု၍ ဟောကြားတော်မူ၏။ ထို့နောက် ဘောဂမြို့သို့ တပည့် သံဃာတော်အပေါင်းနှင့် ကြွတော်မူ၍ သာနန္ဒရစေတီ၌ နေတော်မူလျက်" ဣတိသီလ၊ ဣတိသမာဓိ၊ ဣတိပညာ" အစရှိသော တရားကိုသာလျှင် အလေ့အလာများစွာပြု၍ ရဟန်းတို့အား ဟောကြားတော်မူ၏။

မြတ်စွာဘုရားသည် ဘောဂမြို့၌ မွေ့လျော်တော်မူသော အတိုင်းနေတော်မူပြီး–အရှင်အာနန္ဒာကိုခေါ်တော်မူ၍၊ "အကြင်အရပ်၌ ပါဝါပြည်သည်ရှိ၏ ထိုအရပ်သို့ ငါတို့သွားကုန်အံ့"ဟု မိန့်တော်မူ၍ များစွာသော ရဟန်းအပေါင်းတို့နှင့်တကွ ပါဝါပြည်သို့ ကြွတော်မူ၍ စုန္ဒ ရွှေပန်းတိမ်သည်၏ သရက်ဥယျာဉ်၌ နေတော်မူလေ၏။ (ထိုညွှသည်ကား ကဆုန်လပြည့်အဘိတ်နေ့ ညဥ့်လျှင်တည်း)။

## (၁) စုန္ဒ၏သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။

ရွှေပန်းတိမ်သည် စုန္ဒသည် မြတ်စွာဘုရားနှင့် တပည့်သံဃာအပေါင်းမှာ ၎င်း၏ဥယျာဉ်၌ နေတော်မူ၏– ဟု ကြားသဖြင့် မြတ်စွာဘုရားထံသွား၍ ရှိသေစွာရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏။ မြတ်စွာဘုရားသည် တရားစကားဖြင့် နှစ်သိမ့်စေ၏၊ ကောင်းစွာပြပေ၏၊ ထိုအခါ၌ ပန်းတိမ်သည် စုန္ဒ၏သားသည် မြတ်စွာဘုရားက တရားနှင့်လျော်သော စကားဖြင့် နှစ်သိမ့်စေတတ်သည်ထက် ရွှင်စေအပ်သည်ဖြစ်၍ မြတ်စွာဘုရားကို ဤသို့ လျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ရှင်ပင်ဘုရားသည် ရဟန်းသံဃာတော်နှင့်တကွ နက်ဖန်အလို့ငှာ ကျွန်ုပ်၏ ဆွမ်းကိုခံတော်မူပါစေသတည်း" ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်

နေသောအဖြစ်ဖြင့် ဝန်ခံတော်မူ၏၊ စုန္ဒသည် မြတ်စွာဘုရား ဝန်ခံသော အခြင်းအရာကိုသိ၍ နေရာမှထပြီး လျင်မြန်စွာ ဘုရားကို ရှိခိုး၍ လကျာ်ရစ်လှည့်သည်ကို ပြုပြီးမှ အိမ်သို့ပြန်လေ၏။

စုန္ဒမည်သော ရွှေပန်းတိမ်၏သားသည် ထိုညဥ့်၌မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကိုရင်း စီရင်၍ နူးညံ့သိမ်မွေ့သော အသားရှိသော အလိုကိုဖြစ်သော (ပန့်သကူ) ဝက်ပျို၏ အသား၌ ဆန်နှင့်ရောစ၍ချက်အပ်သော များစွာသော သားပြွမ်းဆွမ်းကိုရင်းစီရင်စေ၍ မြတ်စွာဘုရားအား "ဆွမ်းပြင်၍ပြီးပါပြီ၊ ဆွမ်းစားအပ်သော အချိန်တန်ပါပြီ" ဟု လျှောက်စေ၏ ထို ဝက်သားပြွမ်းဆွမ်း၌ကား.... "ကျွန်ုပ်ငယ် နှစ်တောင်နှင့် တကွ ကျွန်းကြီးလေးကျွန်း၌ ရှိသော ဩဇာအရသာ ဟူသမျှကို နတ်တို့သည် ဆောင်ယူခဲ့၍ ထည့်ကုန်၏၊ ထိုအခါ မြတ်စွာဘုရား သည်နံက်အခါ၌ တပည့်ရဟန်းသံဃာနှင့်တကွ စုန္ဒပန်းတိမ်သည် အိမ်သို့ကြွတော်မူ၍ ခင်းအပ်သောနေရာ၌နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် စုန္ဒကိုခေါ်၍ မိန့်တော်မူ၏ "စုန္ဒအကြင် ဝက်သားပြွမ်းဆွမ်းကို သင်သည် စီရင်အပ်၏၊ ထိုဝက်သားပြွမ်း ဆွမ်းဖြင့် ငါ့ကိုသာလုပ်ကျွေးလော့၊ ရဟန်းသံဃာတို့ကို ဝက် သားပြွမ်းဆွမ်းမှအပ ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး လော့" ဟု မိန့်တော်မူ၏။

ထိုအခါ စုန္ဒသည် မြတ်စွာဘုရားကို ဝက်သားပြွမ်းဆွမ်း ဖြင့်လုပ်ကျွေး၏၊ ထိုဝက်သားပြွမ်းဆွမ်းမှ တပါးသောအကြင် ခဲဘွယ်ဘောဇဉ်သည်ရှိ၏၊ ထိုခဲဘွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာ

တို့ကိုလုပ်ကြွေး၏၊ မြတ်စွာဘုရားသည် ဘုဉ်းပေးပြီးလျှင် စုန္ဒကို ခေါ်၍မိန့်၏၊ "စုန္ဒ.... အကြင်ဝက်သားပြွမ်း ဆွမ်းသည် သင့်အားကြွင်း၏၊ ထိုကြွင်းသော ဝက်သားပြွမ်းဆွမ်းကို တွင်း၌မြှုပ်လော့ နတ်နှင့်တကွသော လူ၌ ဤဝက်သားပြွမ်း ဆွမ်းကို စား၍ ငါဘုရားမှတပါး ထိုအစာကြေအံ့သောသူကို ငါမမြင်" ဟု မိန့်တော်မူ၏၊ အဘယ်ကြောင့် ဤစကားကို မြတ်စွာဘုရား မိန့်တော်မူသနည်းဟူအံ့၊ မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူခြင်းကို၊ ရဟန်းတို့အားရင်း၊ လူတို့အားရင်း၊ မပေးစေ။

တွင်း၌မြှုပ်စေသည်– ဟု အပစ်တင်ကဲ့ရဲ့စကား ဆိုလိုသောသူတို့အား ဆိုခွင့်မရစိမ့်သောငှာ မိန့်တော်မူသတည်း။

## (၂) ဘုရားရှင် ဝမ်းတော်လားခြင်း။

ထိုရောအခါ စုန္ဒမည်သော ရွှေပန်းတိမ်သည်၏ ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောမြတ်စွာဘုရားအား ကြမ်းတမ်းသော ဝမ်းကျသော အနာသည်ဖြစ်၏၊ ထိုးကျင့်သော သေခြင်းအနီးရှိသောဝေဒနာသည် ဖြစ်၏၊ မြတ်စွာဘုရားသည် သတိရှိတော်မူသည်ဖြစ်၍ အဆင်အခြင်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို သည်းခံတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ.... အကြင်အရပ်၌ ကုသိနာရုံပြည်သည်ရှိ၏၊ ထိုအရပ်သို့သွားကုန်အံ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ" ဟုဝန်ခံ၏ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကုသိနာရုံပြည်သို့ ရှေးရှုကြွတော်မူ၏။

---

ကဝိရတနာစာပေ

ထိုအခါ မြတ်စွာဘုရားသည် ခရီးမှ သက်တော်မူ၍ အမှတ်မဲ့သော သစ်ပင်ရင်းသို့ ကပ်ပြီး ဤအရှင် အာနန္ဒာကို "အာနန္ဒာ....ငါတိုက်တွန်း၏၊ ငါ၏ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့အာနန္ဒာ၊ ငါသည် ပင်ပမ်းသည်ဖြစ်၏၊ ထိုင်နေပါဦးအံ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည် ကောင်းပါပြီဟု ဝန်ခံ၍ ဒုကုဋ်တော်ကို လေးထပ်ခေါက်၍ ခင်းပေး၏၊ မြတ်စွာဘုရား ထိုင်နေတော်မူလျက် အာနန္ဒာကိုခေါ်၍ "ချစ်သား အာနန္ဒာ.... သင့်ကို ငါတိုက်တွန်းပါ၏၊ သောက်ရေ ဆောင်ပါချေ၊ ငါရေမွတ်သည်ဖြစ်၏၊ ငါရေသောက်ပါအံ့" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ယခုအခါ ငါးရာသောလှည်းတို့သည် ဤမြစ်ကို ကူး၍ သွားလေကုန်၏၊ လှည်းဘီးဖြတ်၍ သွားသဖြင့် အနည်းငယ်သော ရေသည် ခြောက်ချားလျက် နောက်လျက်စီး၏၊ ရှေ့မနီးမဝေးသောအရပ်၌ ကကုဓချောင်းမြစ်သည်ရှိ၏၊ ဤကကုဓ ချောင်းမြစ်သည် ကြည်သောရေရှိ၏၊ မြိန်သောရေရှိ၏၊ ချမ်းသောရေရှိ၏၊ ဖြူသောရေရှိ၏၊ နှလုံးမွေ့လျော်ဘွယ်သော၊ ကောင်းသော ဆိပ်ရှိ၏၊ ထိုကကုဓချောင်းမြစ်၌ မြတ်စွာဘုရားသည် ရေသောက်တော်မူပါရလတ္တံ့၊ ကိုယ်တော်ကိုလည်း ချမ်းအေးသည်ကို ပြုတော်မူပါလတ္တံ့" ဟု လျှောက်၏၊ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည်အာနန္ဒာကို "အာနန္ဒာ.... ငါတိုက်တွန်း၏၊ ဤသို့ အာစရှိသဖြင့် စေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အာနန္ဒာသည် မြတ်စွာဘုရားကို "ရှင်ပင်ဘုရား ယခုအခါ ငါးရာသောလှည်းတို့သည် ဤမြစ်ကို ကူးလေကုန်၏၊ ဤသို့ အစရှိသော စကားဖြင့် လျှောက်၏၊ သုံးကြိမ်မြောက် မြတ်စွာဘုရားသည် ရှေးနည်း စေတော်မူပြန်၏။ ထိုအခါ အာဏာတော်ကို မဆန်ပါပြီအရှင်ဘုရား" ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၍၊ မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ ထိုလှည်းငါးရာ အညာက ကူးသွားလေသော မြစ်ငယ်သို့ကပ်၍ ရေခပ်ဆင်းလေ၏၊ လှည်းဘီးဖြတ်၍ သွားသဖြင့် အနည်းငယ်သော ရေရှိသော ခြောက်ချားလျက် နောက်လျက်စီးသော ထိုမြစ်ငယ်သည် အရှင်အာနန္ဒာ ရေခပ်လာသောခဏ၌ သန့်ရှင်းကြည်စွာ၊- မနောက်ကျုသည် ဖြစ်၍ စီး၏၊ ထိုအခါ အာနန္ဒာအား ဤသို့ အကြံသည်ဖြစ်၏။

"အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုးကြီးသော အဖြစ်သည် အံ့ဩဘွယ်ရှိစွတကား၊ မဖြစ်ဘူးမြဲတကား၊ ငါးရာသော လှည်းတို့၏ ဘီးတို့သည် ဖြတ်၍ကူးအပ်သဖြင့် အနည်းငယ်သော ရေရှိသည်ဖြစ်၍၊ လှုပ်ခြောက်ချား၍ နောက်ကျုလျက် စီးသော် ဤမြစ်ငယ်သည် ငါကပ်လာသည်ရှိသော်လျှင် သန့်ရှင်း ကြည်လင်စွာ မနောက်ကျုသည်ဖြစ်၏ စီးဘိ၏" ဟု အံ့ဩခြင်း ရှိသည်ဖြစ်၍ သပိတ်တော်ဖြင့် သောက်ရေကိုယူ၍ မြတ်စွာဘုရား ရှိတော်မူရာသို့ ကပ်လာ၍ မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား... ရှင်ပင်ဘုရား၏ တန်ခိုးအာနုဘော် ကြီးသောအဖြစ်သည် အံ့ဘွယ်ရှိစွ၊ မဖြစ်ဘူး မြဲတကား၊ လှည်းဘီးဖြင့် ဖြတ်ကူးအပ်သည် ဖြစ်သောကြောင့်

အနည်းငယ်ဖြစ်၍ လှုပ်ခြောက်ချားသဖြင့် နောက်ကျ စွာ စီးသော ရေသည် အကျွန်ုပ် မြစ်နားသို့ ရောက်လာခါမျှ၌ သာလျှင် သန့်ရှင်းကြည်လင် စင်ကြယ်စွာ မနောက်ကျသည် ဖြစ်၍ စီးပေ၏။ ဘုန်းတော်ကြီးသော ရှင်ဘုရားသည် သောက် ရေကို သောက်တော် မူပါလော့"ဟူ၍ အရှင်အာနန္ဒာသည် ဆက်ကပ်၏ မြတ်စွာဘုရား သောက်တော်မူ၏။

## (၃) သားပြွမ်းဆွမ်း၌ သက်ာကင်းရန် ဟောတော်မူခြင်း။

ထိုရောအခါ မြတ်စွာရားသည်၊ များစွာသော ရဟန်း သံဃာနှင့်တကွ ကကုဓမြစ်သို့ကပ်ပြီးလျှင် ကကုဓမြစ်သို့ ဆင်း သက်တော်မူ၍ ရေသုံးသပ်ခြင်း၊ သုံးဆောင်ခြင်းကို ပြုတော် မူပြီးမှ တက်တော်မူ၍ အကြင်အရပ်၌ သရက်တောသည်ရှိ၏၊ ထိုသရက်တောသို့ ကပ်တော်မူ၍ ရှည်သော အသက်တော်ရှိသော အရှင်စုန္ဒကိုခေါ်၍ "တိုက်တွန်းပါ၏။ စုန္ဒ....သင်သည် ငါ၏ ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့၊ ငါသည်ပင်ပမ်း လှုပြီဖြစ်၍၊ ကျိန်းပါအံ့"ဟု မိန့်တော်မူ၏။

ရှင်စုန္ဒသည် "ကောင်းပါပြီ အရှင်ဘုရား"ဟု မြတ်စွာ ဘုရားအား ဝန်ခံ၍ ဒုကုဋ်တော်ကို လေးထပ်ခေါက်၍ ခင်း၏၊ ထိုအခါ မြတ်စွာဘုရားသည် လကျ်ာနံပါးဖြင့် ခြသေ့်မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းဖြင့် သတိရှိသည်ဖြစ်၍၊ အဆင်ခြင် နှင့် ပြည့်စုံသော ကျိန်းခြင်းကို ပြုတော်မူ၏။

(ထိုအခါ အရှင်အာနန္ဒာသည်၊ မြတ်စွာဘုရား၏ ရေသနုတ်တော်ကို ညစ်၍ကျန်ရစ်၏၊ စုန္ဒမထေရ်သည် မြတ်စွာဘုရား၏ အနီး၌ရှိသောကြောင့် မြတ်စွာဘုရားခေါ်တော်မူ၏)။

အရှင်အာနန္ဒာ ရောက်တော်မူလာလျှင်၊ မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်တော်မူ၍“အာနန္ဒာ....ရွှေပန်းတိမ်သည်၏ သားဖြစ်သော စုန္ဒအား အကြင်အမှတ်ရှိသောသူသည် နှလုံးမသာခြင်းကို ဖြစ်စေရာ၏။ ထိုနှလုံးမသာခြင်းကို ချစ်သား အာနန္ဒာသည် ဖျောက်အပ်၏”။

“ဒါယကာ စုန္ဒ....အကြင်သင်၏ ဆွမ်းကို လာခြင်းကောင်းသော မြတ်စွာဘုရားသည် နောက်ဆုံး ဆွမ်းဘုဉ်းပေးတော်မူ၏၊ သင့်အား အရတော်စွ၊ ထိုသင့်အား ကောင်းသောရခြင်းတည်း၊ ဒါယကာ စုန္ဒ....ငါသည် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်မှ ဤသုတ်ကိုကြားလိုက်ရ၏၊ငါသည် မြတ်စွာဘုရားသခင် မျက်မှောက်တော်မှ နာခံခိုက်ရ၏။ နှစ်ပါးသော ဆွမ်းတို့သည်တူမျှသော အကျိုးရှိကုန်၏။ မျှသော အကျိုးရင်းရှိကုန်၏။ အခြားတပါးသော ဆွမ်းတို့ထက် အလွန်လျှင် ကြီးမြတ်သော အကျိုးရှိကုန်၏။ ကြီးမြတ်သော အကျိုးဆက်ရှိကုန်၏။

ဆွမ်းနှစ်ပါးတို့ဟူသည် အဘယ်နည်းဟူမူကား....အကြင်သနာ့ခ်ိ ဆွမ်းကို ဘုဉ်းပေး၍ လာခြင်းကောင်းသော ငါဘုရားသည် အတုမရှိသော၊ မြတ်သော သစ္စာလေးပါးကို သိတော်မူ၏၊ အကြင်ဝက်သားပြွမ်းဆွမ်းကို စား၍လာခြင်းကောင်းသော ငါဘုရားသည် ကမ္မဇရုပ်အကြွင်းမရှိသောနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်

ပြုတော်မူ၏။ ဤဆွမ်းနှစ်ပါးတို့သည် မျှသော အကျိုးပြီးခြင်း ရှိကုန်၏။ မျှသောအကျိုး၏ ရင့်ခြင်းရှိကုန်၏။ တပါးသော ဆွမ်းတို့ထက် အလွန်လျှင် အကျိုးကြီးမြတ်ကုန်၏၊ ကြီးမြတ်သော အကျိုးဆက်ရှိကုန်၏။ အသက်ရှည်သော ရွှေပန်းတိမ်သည်၏ သားဖြစ်သော စုန္ဒသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကို ဆည်းပူးအပ်၏။ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ ပညာကြီးခြင်း၊ နတ်ရွာသို့လားခြင်း၊ အစိုးရခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုကို ရွှေပန်းတိမ်သည်၏ သား စုန္ဒသည် ဆည်းပူးအပ်၏၊ ဤသို့လျှင် အရှင်အာနန္ဒာသည် ရွှေပန်းတိမ်သည်၏သား စုန္ဒအား နှလုံးမသာခြင်းကို ဖျောက်အပ်၏ ”ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

(သုဇာတာ လှူအပ်သော ဃနာနို့ဆွမ်းကို စား၍ ဘုရားသည် သစ္စာလေးပါးကိုသိ၏။ ထိုဃနာနို့ဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ ဖြစ်သောအခါ၌ စား၏၊ စုန္ဒ၏ လှူအပ်သော ဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟ ကင်းစင်သော အခါ၌စား၏ အဘယ်ကြောင့် ထိုဆွမ်းနှစ်ပါး အကျိုးတူမျှလေနည်းဟူမူကား၊ ပရိနိဗ္ဗာန် မျှသောကြောင့်၎င်း၊ သမာပတ်မျှသောကြောင့်၎င်း၊ အောက်မေ့ခြင်း မျှသောကြောင့်၎င်း အကျိုးတူမျှသတည်း)။

## (၄) ပရိနိဗ္ဗာန်ပြုတော်မူရာဌာန အာဓိသ—ဓမ္မ ပူဇာနှစ်ပါးကို ပြတော်မူခြင်း။

ထိုအခါ မြတ်စွာဘုရားသည်၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ....အကြင်အရပ်၌ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်းသည်ရှိ၏။ အကြင်အရပ်၌ ကုသိနာရုံပြည်မှ ဉပဝတ္တနဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတောသည်ရှိ၏၊ ထိုအရပ်သို့ ငါတို့သွားကုန်အံ့"ဟု မိန့်တော်မူ၍ များစွာသော ရဟန်းသံဃာအပေါင်းနှင့်တကွ ကြွတော်မူလေ၏။

ထိုများစွာသော ရဟန်းအပေါင်းနှင့် တကွ ကြွတော်မူ၍ အကြင်အရပ်၌ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်းသည်ရှိ၏၊ အကြင်အရပ်၌ ကုသိနာရုံပြည်မှ ဉပဝတ္တနဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတောသည်ရှိ၏၊ ထိုအရပ်သို့ ရောက်တော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။

"အာနန္ဒာ....ငါတိုက်တွန်းပါ၏၊ သင်သည် ငါ့အား အဆုံးသော အင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ မလ္လာမင်းတို့သည် သုံးဆောင်အပ်သော ညောင်စောင်းကို ခင်းပါလော့၊ ငါသည် ပင်ပမ်းလှသည်ဖြစ်၍ လျောင်းပါအံ့"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည်လည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု စကားတော်ကို ဝန်ခံ၍ အစုံသော အင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ မလ္လာမင်းတို့၏ ညောင်စောင်းကို ခင်းပေ၏။

အရှင်အာနန္ဒာ ညောင်စောင်း ခင်းပြီးသောအခါ၌ မြတ်စွာဘုရားသည် မြောက်သို့ ဦးခေါင်းပြုတော်မူ၍ လကျ်ာ နံပါးဖြင့် စောင်းလျက်၊ လကျ်ာခြေတော်၌ လက်ဝဲခြေတော်ကို ဖမျက်ရိုးခြင်း၊ ပုဆစ်ရိုးခြင်း မထိစေဘဲ စဉ်းငယ်လွန်သဖြင့် တင်၍ ကာမဘောဂီသေယျကို သတိသမ္ပဇဉ်နှင့် ပြည့်စုံတော် မူသည်ဖြစ်၍ ပြုတော်မူ၏။

## (၅) အရှင်အာနန္ဒာကိုစေ၍ မလ္လာမင်းတို့အား အကြောင်းကြားစေတော်မူခြင်း။

မဟာသုဒဿနသုတ်ကို ဟောတော်မူပြီးအဆုံး၌ အရှင် အာနန္ဒာကိုခေါ်တော်မူ၍ ကုသိနာရုံမြို့သို့ဝင်၍ ကုသိနာရုံ ပြည်၌နေကုန်သော မလ္လာမင်းတို့အား....ယနေ့ည မိုးသောက် ယံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းဖြစ်လတ္တံ့၊ ဝါသိဋ္ဌ အမျိုး၌ဖြစ်သော မင်းမြတ်တို့ မြတ်စွာဘုရားသို့ရှေးရှု၍ ထွက် ကြကုန်လော့၊ အဆုံးစွန်ဖြစ်သော ကာလ၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ မရလိုက်ပါကုန်ဟူ၍ နောက်မှ နှလုံးမသာခြင်း သည် သင်တို့အား မဖြစ်စေကုန်လင့်ဟူ၍ ပြောစေတော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား၏စကားကို ဝန်ခံ၍ သင်းပိုင်ကိုယ်ဝတ်ကိုဝတ်ခါ သပိတ်သင်္ကန်းကိုယူ၍ အဖော်မပါ ဘဲ ကုသိနာရုံပြည်တွင်းသို့ဝင်လေ၏။ ထိုရောအခါ မလ္လာမင်း တို့သည် တစုံတခုသော ပြုဘွယ်အမှုကြောင့် မင်းကွန်းဇရပ်၌ စည်းဝေးနေစဉ် အရှင်အာနန္ဒာသည် မလ္လာမင်းတို့ ရှိရာသွား၍

“ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့.... ယနေ့ည မိုးသောက်ယံ၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ ဘုရားသို့ရှေ့ရှုလျှင်စွာ ထွက်ကုန်လော့၊ အဆုံးစွန်သော ကာလ၌.... ငါတို့သည် ဘုရားကိုဖူးမြင်ခြင်းငှာ မရလိုက်ပါကုန်–ဟု နောင်အခါ၌ နှလုံးမသာမယာမဖြစ်စေလင့်”ဟု ကြား၏။

ထိုအခါ မလ္လာမင်းတို့သည်၎င်း၊ မလ္လာမင်း၏ သားတို့သည်၎င်း၊ မလ္လာမင်း၏ ချွေးမတို့သည်၎င်း၊ မလ္လာမင်း၏မယားတို့သည်၎င်း၊ နှလုံးမသာယာကုန်သည်ဖြစ်၍ စိတ်၏ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ ကမ္ဘာပျက်တမျှ ပူဆွေးတမ်းတကြခါ–မြတ်စွာဘုရား သီတင်းသုံးနေသော ဥပဝတ္တနအင်ကြင်းတောရှိရာသို့သွား၍ အရှင်အာနန္ဒာထံပါး ကပ်လာကြကုန်၏။

ထိုရောအခါ ရှင်အာနန္ဒာအား ဤသို့အကြံဖြစ်၏။ “ငါသည်အကယ်၍ မလ္လာမင်းတို့အား တယောက်စီတယောက်စီ မြတ်စွာဘုရားကို ရှိခိုးစေသည်ဖြစ်အံ့၊ အလုံးစုံသော မလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးမိသည်သာလျှင် ဖြစ်လတ္တံ့၊ သို့ဖြစ်၍ မလ္လာမင်းတို့ကို တမျိုးတစု– တမျိုးတစု– အလှည့်ထား၍ မြတ်စွာဘုရားကို ရှိခိုးစေအံ့ဟုကြံပြီးလျှင် အရှင်အာနန္ဒာသည် မလ္လာမင်းတို့ကို တမျိုးတစု၊ တမျိုးတစုစီနေစေ၍ အလှည့်အားဖြင့် မြတ်စွာဘုရားကို ဖူးမျှော်စေ၏။ ဤသို့သောနည်းဖြင့် မလ္လာမင်းတို့ ဖူးမျှော်ရှိခိုးခြင်းမှာ ပဌမယံဖြင့်သာလျှင်ပြီးလေ၏။

## (၆) သုဘဒ္ဒပုရိဗိုဇ် (တိတ္ထိဂိုဏ်းဝင်)ဘုရားရှင်ထံ ဆည်းကပ်လာခြင်း။

ကုသိနာရုံပြည်၌ နေ-နေသော ဥဒိစ္စပုဏ္ဏားမျိုးမှ အဝတ်ဖြူဝတ်လျက် ပုရိဗိုဇ်ရဟန်းပြုသော **သုဘဒ္ဒ** သည် ယနေ့ညမိုးသောက်ယံ၌ ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတံ့ဟု ကြားသဖြင့် ဤသို့အကြံဖြစ်၏။ "လောက၌ပစ္စည်းလေးပါးဖြင့် ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါးကိုသိကုန်သော မြတ်စွာဘုရားတို့သည် တရံတခါသာ ဖြစ်ကုန်သည်ဟူ၍....အသက်အရွယ်ကြီးကုန်သော ဆရာအဆက်ဆက် ဖြစ်ကုန်သော ပုရိဗိုဇ်တို့၏အထံမှ ကြားဘူး၏၊ မိုးသောက်ယံ၌ပင်ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့၊ ငါလည်းဤယုံမှားခြင်းသည်ရှိ၏၊ ငါသည်လည်း ထိုရဟန်းဂေါတမ၌ယုံကြည်ခြင်းသည်ရှိ၏၊အကြင်အခြင်းဖြင့် တရားဟောသည်ရှိသော်ငါ၏ယုံမှားခြင်းသည် ပျောက်ရာ၏၊ ရဟန်းဂေါတမသည် ငါ့အား ဟောခြင်းငှာစွမ်းနိုင်ရာ၏ဟု ယုံကြည်ခါ သုဘဒ္ဒပုရိဗိုဇ်သည် ဥပဝတ္တနအင်ကြင်းတောတွင်းမြတ်စွာဘုရားသီတင်းသုံးရာသို့သွား၍ အရှင်အာနန္ဒာကို ဤသို့စကားဆို၏။

အို–အရှင်အာနန္ဒာ.... သစ္စာလေးပါး တရားကို သိကုန်သော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါ၌သာတစ်ခုသောအရပ်၌ဖြစ်ကုန်၏ဟူ၍ အသက်ကြီးကုန်သောဆရာအဆက်ဆက်ဖြစ်ကုန်သော ပုရိဗိုဇ်တို့၏ထံမှ ကြားဘူး၏၊ ယနေ့ည၌၏မိုးသောက်ယံ၌သာလျှင် ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်း

သည်ဖြစ်လတ္တံ့၊ ငါ့အားလည်း ယုံမှားခြင်း သဘောသည်ရှိ၏၊ အကြင်အခြင်းဖြင့် ငါသည်ယုံမှားသက်ာကို စွန့်နိုင်အောင်ရဟန်း ဂေါတမသည် တရားဟောခြင်းငှာ စွမ်းနိုင်အံ့၊ ဤသို့စွမ်းနိုင်သည်ရှိသော် ငါသည် ရဟန်းဂေါတမ၌ ကြည်ညိုပါအံ့၊ အို.... အရှင်အာနန္ဒာ အကျွန်ုပ်သည် ရဟန်းဂေါတမကိုဖူးမြင်လိုပါ၏” ဟုဆို၏။

ဤသို့ ဆိုသည်ရှိသော် “ငါ့ရှင် သုဘဒ္ဒ–မသင့်မြတ်စွာဘုရားကို သင်မညဦးဆဲပါလင့်၊ မြတ်စွာဘုရားသည်ပင်ပမ်းတော်မူလှ၏ဟူ၍ အရှင်အာနန္ဒာဆို၏(မပင်ပမ်းပါစေလင့်ဟု အရှင်အာနန္ဒာ ဘယ်ကြောင့်ဆိုဘိသနည်းဟူမူကား တိတ္ထိတို့မည်သည် မိမိတို့၏ အယူကိုသာမြဲစွာယူကုန်၏၊ ထိုအယူကိုစွန့်စေခြင်းငှာ များစွာသော ပြောဆိုတော်မူသော မြတ်စွာဘုရားအား ပင်ပမ်းခြင်းငှာဖြစ်လတ္တံ့၊ပကတိအားဖြင့်ပင်လည်း မြတ်စွာဘုရားသည် ပင်ပမ်း၏ဟု မှတ်၍ဆိုသတည်း)”။

သုဘဒ္ဒပုရိဗိုဇ်သည် ဤအာနန္ဒာကား ငါ့အား ခွင့်မပြုအလိုရှိသောသူသည်ကား သူ့အလိုကိုလိုက်၍ ကျင့်အပ်၏ဟု အကြံရှိ၍၊ နှစ်ကြိမ်မြောက်ငင်း။ သုံးကြိမ်မြောက်ငင်း....

“အရှင်အာနန္ဒာအား.... အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမျှော်ခွင့်ရလိုပါ၏ဟု တောင်းဆိုလေ၏”။

“အရှင်အာနန္ဒာလည်း သုံးကြိမ်မြောက်ပင် ငြင်းဆိုနေသည့်အခါ ကာရံထားသော တင်းတိမ်အတွင်း၌ လျောင်းတော်မူနေသော မြတ်စွာဘုရားသခင်သည် သုဘဒ္ဒပုရိဗိုဇ်နှင့်တကွပြောသော အရှင်အာနန္ဒာတို့၏စကားများကို ကြားသိတော်မူသဖြင့်၊

"အာနန္ဒာ....သုဘဒ္ဒကို မြစ်ခြင်းသည်မသင့်၊ မမြစ်ပါလင့် သုဘဒ္ဒသည် ငါဘုရားကို ဖူးမြင်ခြင်းငှာရပါစေ၊ သုဘဒ္ဒသည် ငါ့ကို အကြင်ပြဿနာကိုမေးလတ္တံ့၊ ညှဉ်းဆဲလိုသည်ဖြစ်၍မမေး လတ္တံ့၊ ဤသုဘဒ္ဒအား အကြင်အဖြေကို ငါသည်ဖြေလတ္တံ့၊ သုဘဒ္ဒကိုဝင်ပါစေ၊ မမြစ်ပါလင့်" ဟု မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် သုဘဒ္ဒကို....

"ငါ့ရှင် သုဘဒ္ဒ....မြတ်စွာဘုရား ခွင့်ပြုတော်မူ၏၊ သင် သည် တင်းတိမ်တွင်းသို့ ဝင်လော့" ဟု ဆို၏။

## (၇) ဘုရားရှင်ကို ပြဿနာမေးခြင်း။

ထိုအခါ သုဘဒ္ဒပုရိဗိုဇ်သည် မြတ်စွာဘုရားရှိရာသို့ ကပ် လေ၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားကိုပြော၏။ ထို့နောက် တင့်အပ်သောအရပ်၌နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"ဘုန်းတော် ကြီးလှသော ရှင်ဂေါတမ ...အပေါင်း အဖေါ်ကို ဆောင်ကုန်သော ဂိုဏ်းကို ဆောင်ကုန်သောဂိုဏ်း၊ ဆရာဖြစ်ကုန်သော၊ ထင်ရှားကုန်သော၊ အခြံအရံများကုန်သော အယူအဆကို ပြုတတ်ကုန်သော များစွာသော သူအပေါင်း တို့သည် သူတော်ကောင်းဟူ၍ သမုတ်အပ်သော အကြင်ရဟန်း ပုဏ္ဏားတို့သည် ရှိကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့သည် အဘယ် နည်းဟူမူကား။ ကဿပအမျိုးဖြစ်သော ပုရဏ၊ ဂေါသာလ အမျိုးဖြစ်သော မက္ခလိဆံ အမွေး ကမ္ဗလာကို ဆောင်သော အာဇိတကစ္စာယန အမျိုးဖြစ်သော ပကုမ-ဝတ်ပြုဝတ် ပုရိဗိဇ်၊ ဗေလဋ္ဌ၏သား ဖြစ်သော သဉ္စယ၊ နာဋ္ဌ၏သားဖြစ်သော နိဂဏ္ဌ၊ ဤသူတို့တည်း၊ ဤအလုံးစုံသောသူတို့သည် မိမိတို့၏ဝန်ခံတိုင်းဖြင့် သိကုန်သလော၊ ဤအလုံးစုံသော သူတို့သည် မိမိဝန်ခံတိုင်းဖြင့် မသိကုန်သလော၊ ထိုသို့မဟုတ်မူ၍ အချို့သော သူတို့သည်သာ ဝန်ခံတိုင်းသိ၍ အချို့သောသူတို့ကား၊ မသိကုန်သလော"ဟု လျှောက်ကြား၏။

ထိုအခါမြတ်စွာဘုရားသည် ဤသို့မိန့်တော်မူသည်—

"သုဘဒ္ဒ....ဤသို မေးခြင်းသည် မသင့် အလုံးစုံသော ထိုသူတို့သည် မိမိတို့ဝန်ခံတိုင်း သိကုန်သလော၊ ဤသို့အစရှိသော ပြဿနာကို ထားဘိဦး သုဘဒ္ဒ၊ သင့်အား ငါသည် တရားကို ဟောအံ့၊ ထိုတရားကို သင်သည် နာလော့၊ ကောင်းစွာ နှလုံး ပြုလော့၊ ငါသည် ဟောအံ့"ဟု မိန့်တော်မူသော်....

---

ကဝိရတနာစာပေ

"ကောင်းပြီ အရှင်ဘုရား"ဟု သုဘဒ္ဒသည် မြတ်စွာဘုရား၏ စကားကို ဝန်ခံတော်မူ၏၊ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"သုဘဒ္ဒ....အကြင် တရားဝိနည်း၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်ဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးကို မရအပ်၊ ထိုတရားဝိနည်း၌ ပဌမရဟန်းကိုလည်း မရအပ်၊ ဒုတိယမြောက်ဖြစ်သောရဟန်းကိုလည်းမရအပ်၊တတိယမြောက်ဖြစ်သော ရဟန်းကိုလည်းမရအပ်၊ စတုတ္ထမြောက်ဖြစ်သော ရဟန်းကိုလည်း မရအပ်"။

"သုဘဒ္ဒ....အကြင်သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂင်ရှစ်ပါးကိုရအပ်၏။ ထိုသုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ ပဌမဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ ဒုတိယဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ တတိယဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ စတုတ္ထဖြစ်သော ရဟန်းကိုလည်း ရအပ်၏"။

"သုဘဒ္ဒ....ဤ ငါဟောတော်မူသော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၌ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကို ရအပ်၏"။

"သုဘဒ္ဒ....ဤ ငါဟောတော် မူအပ်သော သုတ်၊ အဘိဓမ္မာ၊ဝိနည်း၌သာလျှင် ပထမသောတာပန်ဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ ဒုတိယ သကဒါဂါမ်ဖြစ်သော ရဟန်းကိုရင်း၊ တတိယ အနာဂါမ်ဖြစ်သော ရဟန်းကိုရင်း၊ စတုတ္ထ ရဟန္တာဖြစ်သော ရဟန်းကိုရင်းရအပ်၏"။

---

ကဝိရတနာ စာပေ

" သုဘဒ္ဒ....တပါးသော ဆရာ ခြောက်ယောက်တို့၏ အယူသည် ထိုရဟန်းလေးပါးတို့မှ ဆိတ်ကုန်၏"။

" သုဘဒ္ဒ....ရဟန်းအပေါင်းသည်၊ ကောင်းစွာ အကျင့် ဖြင့် နေကုန်အံ့၊ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သည်သာ ဖြစ်ရ၏"။

"သုဘဒ္ဒ....ငါသည် အရွယ်အားဖြင့် နှစ်ဆယ့် ကိုးနှစ် အရွယ်ရှိသည်ဖြစ်၍ ရဟန်းပြုခြင်းဖြစ်၏၊ ထိုရဟန်းပြုသော အခါမှစ၍ သဗ္ဗညုတဉာဏ်တည်းဟူသော အကြောင်းကုသိုလ်သည် ရှိ၏၊ ထိုကုသိုလ်ကို အစဉ်ရှာလျက် အလွန်နှင့်တကွ အနှစ်ငါး ဆယ်တိုင်ဖြစ်၏။ ထိုအခါပတ်လုံး အရိယမဂ်တရား၏ အကြောင်း ဝိပဿနာအစဉ်ကို ကျင့်၏၊ ဤငါ၏ သာသနာမှ အပ၌ အရိယ မဂ်တရား၏ အကြောင်းဖြစ်သော ဝိပဿနာအစဉ်ကို ကျင့်သော ရဟန်းသည်မျှလည်းမရှိ၊ ပဌမ သောတာပန် ရဟန်းသည်မရှိ၊ ဒုတိယ သကဒါဂါမိ ရဟန်းသည်မရှိ၊ တတိယ အနာဂါမိရဟန်း သည်မရှိ၊ စတုတ္ထ ရဟန္တာ ရဟန်းသည်မရှိ"။

"သုဘဒ္ဒ....တိတ္ထိဆရာ ခြောက်ယောက်တို့၏ အယူ၌ မဂ် လေးပါးတို့၏ အလိုငှာ ကျင့်သော အားထုတ်အပ်သော ဝိပဿနာရှိသော အာရဒ္ဓဝိပဿက ရဟန်းလေးယောက်၊ မဂ္ဂဋ္ဌာန် ရဟန်းလေးယောက်၊ ဖလဋ္ဌာန် ရဟန်းလေးယောက် အားဖြင့် ဤတကျိပ်နှစ်ယောက်သော ရဟန်းတို့မှ ဆိတ်၏။

"သုဘဒ္ဒ....ဤ တကျိပ်နှစ်ယောက်သော ရဟန်းမျိုး တို့သည်၊ ကောင်းစွာကျင့်၍ နေကုန်အံ့၊ လောကသည် ကျူ

တောကဲ့သို့ ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏”ဟု ဟောတော်မူသည်။

## (ဂ) ရဟန်းပြုပေးရန် တောင်းပန်ခြင်း။

ဤသို့ ဟောတော်မူသည်ရှိသော်၊ သုဘဒ္ဒပရိဗိုဇ်သည်၊ မြတ်စွာဘုရားကို ဤသို့ လျှောက်၏။

“ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား....နှစ်လိုဘွယ်ရှိစွ၊ ဥပမာကား-မှောက်၍ထားသော ဝတ္ထုကိုလှန်သကဲ့သို့ ပိတ်၍ထားသော ဝတ္ထုကိုဖွင့်သကဲ့သို့ ခရီးမှားသောသူအား ခရီးကိုကြားသကဲ့သို့ မိုက်လှစွာသော အခန်းတိုက်၌ ဆီမီးကိုထွန်းသကဲ့သို့ မျက်စေ့အမြင်ရှိသော သူတို့သည်၊ အရုပ်တို့ကိုမြင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားကိုထင်ရှားပေး၏”။

“ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား....အကျွန်ုပ်သည်၊ မြတ်စွာဘုရားကို ကိုးကွယ်ပါ၏၊ တရားတော်ကို ကိုးကွယ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ပါ၏”

“ရှင်ပင်ဘုရား၏ အထံတော်၌ အကျွန်ုပ်သည် သာမဏေရဟန်းအဖြစ်ကို ရလိုပါ၏ ပဉ္စင်းရဟန်းအဖြစ်ကို ရလိုပါ၏” ဟူ၍လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏-

“သုဘဒ္ဒ....တိတ္ထိဖြစ်ဘူးသော အကြင်သူသည်၊ ဤသုတ်၊ အဘိဓမ္မာဝိနည်း၌ ရဟန်းအဖြစ်ကို အလိုရှိအံ့၊ ထိုသူသည်

လေးလပတ်လုံး ပရိဝါသ် (ဗုဒ္ဓသာသနာသို့ ဝင်ခွင့်ရရန် နှလုံးသွင်းခြင်း)နေရ၏။ လေးလလွန်သဖြင့် နှစ်သက်သော စိတ်ရှိကုန်သော ရဟန်းတို့သည်၊ ထိုတိတ္ထိကို ရဟန်းဖြစ်စေခြင်းငှာ သာမဏေရဟန်းပြုပေးကုန်၏၊ ပဉ္စင်းခံပေးကုန်၏၊ စင်စစ်သော်ကား....သင်၏ ပုဂ္ဂိုလ်ထူးအဖြစ်ကို ငါသိတော်မူ၏”

ထိုအခါ သုဘဒ္ဒသည် ဤသို့လျှောက်၏-

“ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား-တိတ္ထိဖြစ်ဘူးသောသူသည်၊ ဘုရား သာသနာတော်၌ ရဟန်း,ပဉ္စင်းအဖြစ်ကို အလိုရှိ၍ လေးလပရိဝါသ်နေရသော်ကား အကျွန်ုပ်သည် လေးနှစ်မျှပရိဝါသ်နေပါအံ့။ လေးနှစ်လွန်သဖြင့် အကျွန်ုပ်အား နှစ်သက်စေအပ်သော စိတ်ရှိကုန်သော ရဟန်းတို့သည် အကျွန်ုပ်ကို ရဟန်းဖြစ်စေခြင်းငှာ၊ သာမနေ့ပြုပါစေကုန်၊ ပဉ္စင်းခံပါစေကုန်သတည်း”ဟူ၏။

ထိုအခါမြတ်စွာရာရားသည်၊ ရှင်အာနန္ဒာကို ခေါ်တော်မူ၍-

“အာနန္ဒာ....သုဘဒ္ဒ ရဟန်းပြုပါလိုသည် ဟူရကား....သင်တို့သည် သုဘဒ္ဒကို ရဟန်းပြုကုန်”ဟု မိန့်တော်မူ၏”။

အရှင်အာနန္ဒာသည်လည်း “ကောင်းပါပြီ အရှင်ဘုရား” ဟု မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ သုဘဒ္ဒ ပုရိဗိုဇ်သည် အရှင်အာနန္ဒာကို ဤသို့ဆို၏။

“ငါ့ရှင်အာနန္ဒာ၊ အကြင်အရှင်တို့သည် ဤသာသနာတော်၌ မြတ်စွာဘုရား မျက်မှောက်တော်မှ အန္တေဝါသိက

အဘိသိက်ဖြင့် အဘိသိက်သွင်းခြင်းကို ရအပ်ကုန်၏။ ထိုအရှင်တို့သည် အရတော်စွ သင်တို့အားကောင်းသော ရခြင်းတည်း" ဟူ၏။

ထိုရောအခါ အရှင်အနန္ဒာသည် မိမိခရားမှ ရေဖြင့် သုဘဒ္ဒ၏ဦးခေါင်းကိုဆွတ်၍ တစပဉ္စက ကမ္မဋ္ဌာန်းကို ကြား၍ ဆံ မုဆိတ်တို့ကို ပါယ်ကာ ဖန်ရေဆိုးသော သင်္ကန်းတို့ကို ဝတ်စေ၍၊ သရဏဂုံပေး၍ မြတ်စွာဘုရား၏ အထံတော်သို့ ဆောင်ခဲ့၏၊ မြတ်စွာဘုရားသည် သုဘဒ္ဒကို ရဟန်းပြုစေတော်မူ၍ ကမ္မဋ္ဌာန်းကို ကြားတော်မူ၏။

သုဘဒ္ဒ ပုရိဗိုဇ်သည် မြတ်စွာဘုရားအထံ၌ သာမဏေ ရဟန်းအဖြစ် ပဉ္စင်းအဖြစ်ကို ရလေပြီ ပဉ္စင်းအဖြစ်သို့ ရောက်၍ မကြာမြင့်မီ အရှင်သုဘဒ်သည် အင်ကြင်းဥယျာဉ်၏ တခုသော အစွန်း၌ဆိပ်ငြိမ်ရာသို့ကပ်၍စင်္ကြံသွားလျက်စေ့ဆော်လျက်လုံးလပြုလျက် မမေ့မလျော့၊ ခြိုးခြံသောလုံးလရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ် ရှိသည်ဖြစ်၍ ဝိပဿနာကို ပွားလေရာ ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် မြတ်စွာဘုရားအထံသို့ လာ၍ ရှိသေစွာရှိခိုးလျက် နေ၏၊ဤအရှင်သုဘဒ္ဒသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ အဆုံးအစွန်သော မျက်မှောက်ဖြစ်သော ရဟန္တာတည်း- မြတ်စွာဘုရားသည် ညဉ့်ဦးယံ၌မလ္လာမင်းတို့အား တရားဟောတော်မူ၍ သန်းခေါင်ယံ၌ သုဘဒ္ဒပုရိဗိုဇ်ကို ဆုံးမတော်မူ၍ တရားဟောရွတ် ကယ်ချွတ်တော်မူသတည်း။

## (၈) မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မမူမီ နောက်ဆုံး ဩဝါဒပေးခြင်း။

အရှင်သုဘဒ္ဒ အကျွတ်တရား ရပြီးသောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ ဤသို့ဆို၏။

"ချစ်သားအာနန္ဒာ သင်တို့အား မြတ်စွာဘုရား၏စကားတော်သည်လွန်ပြီ ငါတို့အားဆရာသည် မရှိပြီဟု စိတ်သည် ဖြစ်ရာ၏၊ စင်စစ်သော်ကား။ အာနန္ဒာ.... ဤသို့ မမှတ်အပ်၊ ချစ်သားအာနန္ဒာ ... သင်တို့အား အကြင်သုတ် အဘိဓမ္မာကို ငါဟောအပ်ပြီး အကြင်ဝိနည်းတရားကို ငါပညတ်အပ်ပြီ၊ ထိုသုတ် အဘိဓမ္မာဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ ဆရာတည်း"

ချစ်သားအာနန္ဒာ။

"သစ္စာလေးပါးတရားကို သိသည်မှစ၍ ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် လေးဆယ့်ငါးဝါ တို့ပတ်လုံး ငါဟောပြောအပ်သော တရားတော်သည် ပိဋကတ်အားဖြင့် သုတ်တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ် ဟူ၍သုံးပါးနိကာယ်အားဖြင့်၊ ဒီဃနိကာယ်- မဇ္ဈိမနိကာယ်- သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူ၍ ငါးပါးအင်္ဂါအားဖြင့် သုတ္တ၊ ဂေယျ၊ ဂါထာ၊ဝေယျာကရဏ၊ဥဒါန်၊ ဣတိဝုတ္တက၊ ဇာတကအဗ္ဘုတဓမ္မ၊ ဝေဒလ္လဟူ၍ ကိုးပါး ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်တို့သည် ရှိကုန်၏၊ ငါတယောက်တည်း သာလျှင် ပရိနိဗ္ဗာန်

ပြုလေအံ့၊ ယခုအခါ ငါတယောက်တည်းသာလျှင် သင်တို့ကို ဆုံးမ၏၊ ငါပရိနိဗ္ဗာန် ပြုသည်ရှိသော် ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ဟူ ဆိုအပ်သော ... ဘုရား ရှစ်သောင်းလေးထောင် တို့သည်၊ သင်တို့ကို ဆုံးမရစ်လတ္တံ့ ”

ဟု မိန့်တော်မူပြီး– ချစ်သားအာနန္ဒာ။

“ယခုအခါ ရဟန်းတို့သည် တယောက်မှ တယောက်ကို ငါ့အရှင်ဟု ခေါ်ဝေါ်ပြောဆိုကုန်သကဲ့သို့ ငါလွန်ပြီးနောက် သင်တို့သည် မပြောဆိုအပ်၊ သတင်းကြီးဖြစ်သော ရဟန်းသည် သတင်းငယ်သော ရဟန်းကို တိဿ၊ ဒတ္တ၊ စသောအမည်ဖြင့် သော်၎င်း၊ ကဿ-ပကစ္စာရန စသော အနွယ်ဖြင့်သော်၎င်း၊ ငါ့အရှင်ဟူသော အာဝုသောဝါဒ ဖြင့်သော်၎င်း ပြောဆို ခေါ်ဝေါ်အပ်၏၊ သတင်းငယ်ရဟန်းသည် သဘင်းကြီးရဟန်း ကို ဘန္တေဟူ၍၎င်း၊ အာယသ္မာ ဟူ၍၎င်း ခေါ်ဝေါ်ပြောဆို အပ်၏”

အာနန္ဒာ....

“ငါလွန်သဖြင့် သံဃာသည် အလိုရှိသည် ဖြစ်သော် ငယ်သောသိက္ခာပုဒ်တို့ကို နှုတ်စေရာ၏၊ ငါလွန်သဖြင့် သံဃာ သည် ဆန္နအမည်ရှိသော (ဆိုနိုင်ခက်လှသော) ရဟန်းအား ဗြဟ္မဒဏ် ပေးအပ်၏”

ဟု မိန့်တော်မူ၏ထိုအခါအရှင်အနန္ဒာက။

“ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ဗြဟ္မဒဏ်ဟူသည် အဘယ်သို့နည်း”

ဟု လျှောက်ကြားလေသော်။

---

ကဝိရတနာစာပေ

"အာနန္ဒာ....ဆန္ဒရဟန်းသည်အကြင်စကားကို ဆိုခြင်းငှာ အလိုရှိ၏၊ ထိုစကားကိုဆိုစေရာ၏၊ ထိုဆိုနိုင်ခက်လှသော ရဟန်းကို ရဟန်းတို့သည် မဆိုအပ်၊ မဆုံးမအပ်၊ အဖန်တလဲလဲ မဆုံးမအပ်" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူပြီးသော အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်ကာ။

"ချစ်သားရဟန်းတို့.... ဘုရား၌၎င်း၊ တရား၌၎င်း၊ သံဃာ၌၎င်း၊ မဂ်၌၎င်း၊ မဂ်ရကြောင်းအကျင့်၌၎င်း၊ တယောက်သော ရဟန်းအားမျှလည်း ယုံမှားခြင်းသည်ဖြစ်အံ့၊ သင်တို့သည် ယခုမေးလိုက်ကြကုန်၊ နောင်အခါ၌ နှလုံးမသာမယာ မဖြစ်ပါစေလင့်၊ မြတ်စွာဘုရားသည် ငါတို့၏မျက်မှောက် ဖြစ်လေပြီ ငါတို့မမေးလိုက်ရဟု နောင်နှလုံးမသာမယာ မဖြစ်ပါစေကုန်လင့်" ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသော် ရဟန်းတို့သည် ဆိတ်ဆိတ်နေကုန်၏။

"နှစ်ကြိမ်မြောက်၎င်း၊ သုံးကြိမ်မြောက်၎င်း၊ မြတ်စွာဘုရားသည် ရဟန်းတို့အား မေးတော်မူရာ ရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင် နေကြကုန်သော် မြတ်စွာဘုရားသည်... ချစ်သားရဟန်းတို့.... ငါ့အားရိုသေသဖြင့် မမေးကုန်သည် ဖြစ်စေအံ့၊ ချစ်သားရဟန်းတို့....အဆွေခင်ပွန်းရဟန်းတယောက်သည် အဆွေခင်ပွန်းရဟန်းတယောက်အားကြားလော့၊ ငါသည်ထိုရဟန်းအားကြားအံ့၊ ထိုရဟန်း၏စကားကိုကြားလျှင် အလုံးစုံသော ရဟန်းတို့သည် ယုံမှားမရှိကုန်သည်ဖြစ်လတ္တံ့."

ဟု မိန့်တော်မူ၏၊ ထိုသို့မိန့်တော်မူသော်လည်း ရဟန်း

တို့သည် ဆိတ်ဆိတ်သာနေကုန်၏၊ ထိုရောအခါ အရှင်အာနန္ဒာသည့် မြတ်စွာဘုရားကို ဤသို့လျှောက်ကြား၏။

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... အံ့ဘွယ်ရှိစွ မဖြစ်ဘူးမြဲတကား.... ဤရဟန်းသံဃာ၌ အကျွန်ုပ်သည် ဤသို့ ကြည်ညို၏၊ ဤရဟန်းသံဃာ၌ တယောက်သော ရဟန်းအားမျှလည်း ဘုရား၌၊ တရား၌၊ သံဃာ၌၊ မဂ်၌၊ အကျင့်တို့၌ ယုံမှားခြင်းသည် မရှိပေ၊ ကြည်ညို၏" ဟုတည်း။

ထိုရောအခါ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။

"ချစ်သား အာနန္ဒာ.... သင်သည် ယုံမှားကင်းသော မျက်မှောက်ပြုတတ်သော ဉာဏ်ရှိ၍သာလျှင် ကြည်ညို၏၊ ဤသို့ ကြည်ညိုခြင်း၌ငါဘုရားအားယုံကြည်ကာမျှသာမဟုတ် အာနန္ဒာ ဤရဟန်းသံဃာ၌ တယောက်သော ရဟန်းအားမျှလည်း ဘုရား၊ တရား၊ သံဃာ၊ မဂ်အကျင့်တို့၌၊ ဘုရားဟုတ်သလော၊ မဟုတ်သလော၊ တရားဟုတ်သလော၊ မဟုတ်သလော၊ သံဃာဟုတ်သလော၊ မဟုတ်သလော၊ မဂ်ဟုတ်သလော၊ မဟုတ်သလော၊ အကျင့်ဟုတ်သလော၊ မဟုတ်သလောဟု၊ယုံမှားခြင်းလည်း မရှိ၊ ချစ်သားအာနန္ဒာ.... ဤတင်းတိမ်တွင်း၌ ရှိကုန်သော ရဟန်းတို့တွင် အကြင်ရဟန်းသည်ကျေးဇူးဂုဏ်အားဖြင့် အလုံးစုံအောက်ငယ်၏၊ ထိုရဟန်းသည် သောတာပန်လျှင်တည်း၊ မပျက်စီးသော သဘောရှိ၏၊ မြဲသောဂတိရှိ၏၊ သစ္စာလေးပါး တရားလျှင် လည်းလျှောင်းရာ၏" ဟု အရှင်အာနန္ဒာကို ရည်၍ မိန့်တော်မူ၏

နောက်ဆုံးဩဝါဒ။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်၍ မိန့်တော်မူ၏။

“ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ အဓိပ္ပါယ်ကား.... ရဟန်းတို့ ယခုအခါ၌ သင်တို့ကိုအကျွန်ုပ်သည်ကြားမှာတော်မူခဲ့၏၊ သင်္ခါရတရားတို့သည် ပျက်တတ်သောသဘော ရှိကုန်၏၊ သင်တို့သည် မမေ့မလျော့ခြင်းနှင့် ပြည့်စုံရစ်ကြကုန်လော့။

## (၁၀) ငါးပါးသောမိဋ္ဌာန်ပြုတော်မူခြင်း။

ဤသို့ရဟန်းတို့အား ကြားတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၍ နောင်သာသနာတော် တည်မည့်အရပ်ကို ဆင်ခြင်တော်မူသော် လာလတိုင်း သီဟပူရပြည်မှ သီဟဗာဟုမင်း၏သား ဗိဇယဗာဟုသည် အသည်ကျွန်ုံး ခုနစ်ရာတို့နှင့်တကွ ယခုည လင်္ကာဒီပကျွန်းသို့ ရောက်ပြီ၊ သီဟိုဠ်ကျွန်း၌လူနေတည်ထောင်ပြီ၊ ငါပရိနိဗ္ဗာန်လွန်သောနောက် နှစ်ရာ့သုံးဆယ်ခြောက်နှစ်ရှိသောအခါ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်း၏သား အရှင်မဟိန္ဒသည် သာသနာတော်ကို ပြုသောအခါ၌၊ ငါ့မဟာဗောဓိဒက္ခိဏသာခါနှင့် လကျ်ာမြပ်ရိုးတော်-တစရွတ်မျသော ဓါတ်

တော်တို့ကိုဆောင်၍ သီဟိုဠ်ကျွန်း၌ ဌာပနာလတ္တံ့.... ဟု မြင်တော်မူသဖြင့် ငါးပါးသော ဓိဋ္ဌာန်ခြင်းတို့ကို ဓိဋ္ဌာန်တော်မူ၏။

(၁) လင်္ကာဒီပကျွန်း၌ ငါ၏မဟာဗောဓိတည်စေခြင်းငှာ ဓမ္မာသောကမင်းကြီးသည် မဟာဗောဓိသို့ ဆောင်အံ့သောငှာ လာလတ္တံ့။ ထိုရောအခါ မဟာ ဗောဓိပင်၏ ဒက္ခိဏာသာခါသည် အလိုလို ကျ၍ ရွှေဖျဉ်း၌တည်စေသတည်း။

(၂) ထိုရွှေဖျဉ်း၌ တည်သောအခါ မဟာဗောဓိခက်သည် ရွှေဖျဉ်းနှင့်တကွ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ တည်စေသတည်း။

(၃) ဆီးနှင်းတိမ်တိုက်မှသက်၍ ရွှေဖျဉ်း၌တည်လျက် အရွက်တို့မှငင်း အရိုးတို့မှငင်း၊ ရောင်ခြည်တော် ခြောက်သွယ်လွှတ်စေသတည်း။

(၄) ထူပါရုံ၌ လကျ်ာမြပ်ရိုးတော်ကို ဌာပနာသော နေ့၌ ယမိုက်ပြာဋိဟာ ပြုစေသတည်း။

(၅) တစ္ဆတ်သော ဓါတ်တော်တို့ကို မဟာစေတီ၌ ဌာပနာသောနေ့၌ ဘုရား၏ အသွင်ကို ယူ၍ ကောင်းကင်သို့ ပျံတက်ခါ ယမိုက်ပြာဋိဟာ ပြုစေသတည်း....ဟု၊ ဤငါးပါးသော ဓိဋ္ဌာန်ခြင်းတို့ကိုဓိဋ္ဌာန်ပြီးနောက် ပဋ္ဌမစျာန်ကိုဝင်စားတော်မူ၏။

---

ကဝိရတနာစာပေ

## (၁၁) ပရိနိဗ္ဗာန်ပြုတော်မူခြင်း။

ပထမစျာန်မှထ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။ ဒုတိယစျာန်မှ ထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ တတိယစျာန်မှထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထစျာန်မှ ထ၍ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနစျာန်မှထ၍ ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏၊ဝိညာဏဉ္စာယတနစျာန်မှထ၍အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနစျာန်မှ ထ၍ နေဝသညာနာသညာယတန စျာန်ကို ဝင်စားတော်မူ၏၊ နေဝသညာ နာသညာယတနစျာန်မှထ၍ သညာဝေဒယိတ နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။

ထိုကိုးခုမြောက် သမာပတ်ကို ဝင်စားတော်မူသောအခါ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓာကို ဤသို့လျှောက်၏။

"အရှင်ဘုရား...၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုချေတော်မူပြီလော" ဟူ၏။

"ငါ့ရှင်အာနန္ဒာ.... မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူသေး၊ သညာဝေဒယိတ နိရောဓ သမာပတ်ကို ဝင်စားတော်မူသည်" ဟု မိန့်တော်မူ၏။

ထိုရောအခါ မြတ်စွာဘုရားသည် သညာဝေဒယိတ နိရောဓသမာပတ်မှထ၍ နေဝသညာ နာသညာယတန သမာ

ပတ်ကို ဝင်စားတော်မူ၏၊ နေဝသညာ နာသညာယတန သမာပတ်မှထ၍ အာကိဉ္စညာယတန သမာပတ်ကို ဝင်စားတော်မူ၏။

အာကိဉ္စညာယတန သမာပတ်မှထ၍ ဝိညာဏဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။

ဝိညာဏဉ္စာယတန သမာပတ်မှ ထ၍ အာကာသာနဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။

အာကာသာ နဉ္စာယတနသမာပတ်မှထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

စတုတ္ထစျာန်မှထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ တတိယစျာန်မှထ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။

ဒုတိယစျာန်မှထ၍ ပထမစျာန်ကို ဝင်စားတော်မူ၏၊ ပထမစျာန်မှထ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။

ဒုတိယစျာန်မှထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ တတိယစျာန်မှထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

စတုတ္ထစျာန်မှထ၍ စတုတ္ထစျာန်၌ရှိသော အင်္ဂါကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇော၏ အခြားမဲ့၌ မဟာဝိပါက်သောမနဿ သဟဂုတ်၊ ညာဏသမ္ပယုတ် ဘဝင်စိတ် ဟု ဆို

အပ်သော အဗျာကတ ဖြစ်သော ဒုက္ခသစ္စာဖြင့် စုတေခြင်းကို ပြုတော်မူပေ၏။

ဤသို့ စျာန်ဝင်စားတော်မူရာ၌ အသုဘ ဆယ်ပါး၊ ဒွတ္တိံသာကာရ အောက်ကသိုဏ်း ရှစ်ပါး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အာနာပါနဿတိ၊ ပရိစ္ဆေဒါကာသ ဤနှစ်ဆယ့်လေးပါးသော တရားတို့၌ ပထမစျာန်ကို ဝင်စားတော်မူ၏။

ဤနှစ်ဆယ့်လေးပါးတို့တွင် အသုဘဆယ်ပါး ဒွတ္တိံသာကာရကို ထား၍ ကြွင်းသော တဆယ့်သုံးပါးသော အရာတို့၌ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။

ထို့အတူ တတိယစျာန်ကို တဆယ့်သုံးပါးသော အရာတို့၌ပင် ဝင်စားတော်မူ၏။

ကသိုဏ်းရှစ်ပါး၊ ဥပေက္ခာ ဗြဟ္မဝိဟာရ အာနာပါန၊ ပရိစ္ဆေဒါကာသ၊ ဤတဆယ့်တပါးသော အရာတို့၌ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

ဤသို့ အစရှိသောအားဖြင့် တရား၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အရပ်တပါးသို့ သွားလိုသောသူသည် ဆွေမျိုးသားချင်းအပေါင်းကို လည်ဘက်၍ သွားလေသကဲ့သို့ ကုဋေတသိန်းနှင့် နှစ်လေးကုဋေ အရေအတွက်ရှိသော အလုံးစုံသော သမာပတ်တို့ကို ဝင်စားတော်မူ၏။

သမာပတ်ချမ်းသာကို အဖန်တလဲလဲ ခံစားပြီး ဘိုးတော်အဋ္ဌနမင်းနှင့် ဒေဝီလရှင်ရသေ့တို့ တိုင်ပင်၍ ပြုထားအပ်သော သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ညဉ့် မိုးသောက်ယံအခါ ရောင်ဖြူမလာမီတွင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ကဝိရတနာစာပေ

## ၂၃။ ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် ထူးခြားချက်များ

ပရိနိဗ္ဗာန်ပြုတော်မူသောအခါ စကြာဝဠာတသောင်းတိုက်အပေါင်း၌ ကြောက်မက်ဖွယ် ပြင်းစွာသော မြေကြီးတုန်လှုပ်ခြင်းဖြစ်၏။ (ဤကား နဝမအကြိမ် မြေတုန်လှုပ်ခြင်း) ကြက်သီးမွေးညင်းထခြင်းတို့သည် ဖြစ်ကုန်၏၊ မိုးသည်းမရွာဘဲ ကောင်းကင်တွင် တိမ် စင်ကြယ်လျက်နှင့် ပြင်းစွာ ထစ်ချုန်းမြည်၏၊ လျှပ်စစ်နွယ်တို့လည်း ပြိုးပြိုးပြက် ထွက်ကုန်၏၊ ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့် တပြိုင်နက်သဟံပတိ ဗြဟ္မာကြီးသည် ဤဂါထာကို ရွတ်၏။

---

ကဝိရတနာစာပေ

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယထာ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောတိ။

အဓိပ္ပါယ်ကား....လောက သုံးပါး၌ တုဘက်ကင်းသော ပုဂ္ဂိုလ် ဖြစ်ပေထသော၊ ကောင်းသော လာခြင်းရှိထသော၊ ဒသဗလဉာဏ်တည်းဟူသော အားနှင့် ပြည့်စုံတော် မူထသော၊ လူ နတ်တို့၏ ဆရာဖြစ်တော်မူထသော၊ သစ္စာလေးပါး တရားတို့ကိုသိတော်မူပြီးထသော၊ ပရိနိဗ္ဗာန် ပြုတော်မူရသော ဤသို့ ဆိုအပ်ပြီးသော ဂုဏ်တို့နှင့်ပြည့်စုံသော သဘောရှိသော ရှင်ဂေါတမ ဘုရားကဲ့သို့ လောက၌ အလုံးစုံသာလျှင် ဖြစ်ကုန်သော သတ္တဝါတို့သည် သုံးရာသော အရိုးတို့ဖြင့် ဆောက်အပ်သော ခန္ဓာကိုယ်ကို မြေ၌ ပစ်ချရကုန်လတ္တံ့။

သိကြားမင်းသည်လည်း-အနိစ္စာဝတသင်္ခါရာ၊ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ.... ဟူသော ဂါထာကို ရွတ်၏။

အဓိပ္ပါယ်ကား.... (ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးဖြာသော အပေါင်းတို့ဖြင့် ဖြစ်အပ်ကုန်သော ရုပ်, နာမ် သင်္ခါရတို့သည်၊ ဖြစ် ပေါ် ပြီး နောက် အပျက်သို့ ရောက်သဖြင့် စင်စစ်မမြဲသော တရားတို့သာတကား၊ ရုပ်,နာမ် တရားတို့၏၊ ဖြစ်ပျက် ကင်းဝေး ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန် တရားသည်သာချမ်းသာအစစ်အမှန်ဖြစ်ပေသတည်း)။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးသည် ရှိသော်၊ ထိုအရပ်၌ရှိသော အကြင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ ရဟန်းတို့သည် လက်မောင်းတို့ကိုမြှောက်ကုန်၍ "အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်လျင်စွာ မျက်စိ ငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်ခဲ့ပြီ"ဟု မြည်တမ်းဆို၍ ငိုကုန်၏။

ပြတ်သောခြေ ရှိကုန်သကဲ့သို့ လဲကုန်၏။ ထိုလဲရာ၌ လူးလဲကုန်၏၊ ထိုမှ ဤမှ ပြောင်းပြီး ပြောင်းပြန်လှန်၍ မှူးလဲကုန်၏၊ အနာဂါမိဖြစ်သော ရဟန်းတို့နှင့် ရဟန္တာတို့မှာ သတိရှိကုန်သည်ဖြစ်၍ အဆင်အခြင်နှင့် ပြည့်စုံစွာ သင်္ခါရ တရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်၊ ဤသင်္ခါရ တရားတို့၌ အမြဲတည်ခြင်းကို အဘယ်မှာရကုန်အံ့နည်းဟု နှလုံးသွင်း၍ သီးခံကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကိုခေါ်ဆိုတော်မူ၏။

" ငါ့အရှင်တို့.... မသင့်လျော်ကပတ် မစိုးရိမ်ကုန်လင့်၊

ငါ့အရှင်တို့...." အကြင် သင်္ခါရ တရားတို့သည် ဖြစ်မငိုကြွေးကုန်လင့် ဤသို့ သင်္ခါရ တရားတို့၏ အမြဲမရှိသော အကြောင်းကို မြတ်စွာဘုရားသည် ရှေးဦးစွာကပင် ကြားတော်မူအပ်ပြီး၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ချစ်အပ်ကုန်သော သူတို့နှင့် နှစ်လိုအပ်ကုန်သော သူတို့နှင့်အတူ ' ဖြစ်တတ်သော

သဘောရှိကုန်၏၊ ကွေကွင်းတတ်သော သဘောရှိကုန်၏။ တပါး အပြားဖြင့် ဖြစ်တတ်၏”။

“ငါ့ရှင်တို့....အကြင်သင်္ခါရတို့သည်ဖြစ်တတ်၏၊ ထင်ရှား ဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ ပျက်စီးတတ်သော သဘောရှိ၏၊ ဤသင်္ခါရ တရားတို့၌ မပျက်မစီး အမြဲတည်သော အဖြစ်ကို အဘယ်မှာ ရအံ့နည်း”။

“အကြင်အကြောင်းဖြင့် ထိုသင်္ခါရ တရားသည်၊ မြတ်စွာ ဘုရားအား မပျက်မစီး တည်ကုန်ရာ၏ဟု အကြောင်းသည်မရှိ”။

“ငါ့ရှင်တို့....နတ်တို့သည်ရင်း၊ အရှင်ကောင်း တို့သည် ရင်း၊ မြတ်စွာဘုရားလွန်ခြင်း၌ သည်းမခံနိုင်ကုန်ပါမူ၊ သူတပါး တို့ကို အဘယ်သို့ သက်သာ စေကုန်အံ့နည်းဟုကဲ့ရဲ့ကုန်၏”ဟုမိန့် တော်မူ၏။“ရှင်ပင်ဘုရား အနုရုဒ္ဓါ....မြတ်စွာဘုရား လွန်တော် မူသော် နတ်တို့သည် အဘယ်သို့ဖြစ်၍ နှလုံးသွင်းကုန်သနည်း”ဟု အရှင်အာနန္ဒာက လျှောက်သော်-

ငါ့ရှင်အနန္ဒာ....ကောင်းကင်၌ မြေအမှတ်ရှိသော နတ် တို့သည် ကောင်းကင်၌ပင် ဆံပင်တို့ကို ဖရိုဖရဲ ကြဲကုန်၏၊ လက် မောင်းကို မြှောက်ကုန်၏၊ မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသော မြတ်စွာဘုရားသည်၊ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ အလွန်လျင်စွာ ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လော ကာ၌ ကွယ်ခဲ့ပြီ”ဟု မြည်တမ်းဆို၍ ငိုကုန်၏။ ခြေပြတ်သကဲ့သို့ လူးလဲကုန်၏၊ ခြေကျောက်,လက် တွန့်လူးလဲကုန်၏၊ မြေပြင် ၌သာရှိသော နတ်တို့သည် မြေ၌ ဆံပင်တို့ကို ဖရိုဖရဲကြဲကုန်၏၊

လက်မောင်းတို့ကို မြှောက်၍ အလွန်လျင်မြန်စွာ မြတ်စွာဘုရား လွန်ခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန်စံခဲ့ပြီ၊ မျက်စိငါးပါးအမြင်ရှိတော်မူသော မြတ်စွာဘုရားကွယ်ခဲ့ပြီဟု မြည်တမ်းကုန်၏၊ ခြေပြတ်သကဲ့သို့ လူးလဲကုန်၏၊ ပက်လက်ပြောင်းပြန် လူးလဲကုန်၏၊ ထိုမှဤမှ လူး လဲကုန်၏၊ ရာဂကင်းကုန်ပြီးသော နတ်တို့သည်ကား ...

"ငါ့ရှင်အာနန္ဒာ....သတိရှိကုန်သည်ဖြစ်၍ အဆင်အခြင် နှင့် ပြည့်စုံသည်ဖြစ်၍ သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဤသင်္ခါရတရားတို့၌ အမြဲတည်သော သဘောကို အဘယ်မှာ လျှင် ရနိုင်အံ့နည်းဟု သည်းခံကုန်၏" ဟု မိန့်တော်မူ၏။

## ၂၄။ အလောင်းတော်ကို ခုနစ်ရက်တိုင်တိုင် ပူဇော်ရန် မီးသင်္ဂြိုလ်ရန် ဆောင်ရွက်ခန်း။

ထိုရောအခါ အရှင်အနုရုဒ္ဓါသည်၎င်း၊ အရှင်အာနန္ဒာသည်၎င်း၊ ရဟန်းတို့အား–

ငါ့အရှင်တို့–လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားအားလျှက်လည်း၊ ဤသေမင်းသည် မရှက်၊ ဘုရားမှ ကြွင်းသော ငါတို့ သူ့ငါ များစွာသော လူအပေါင်းအား အဘယ်မှာလျှင် ရှက်ပေလတ္တံ့နည်း”

ဤသို့ အစရှိသော သေခြင်းနှင့် စပ်သော တရားစကား

ဖြင့် ညဉ့်အကြွင်းကို လွန်စေကုန်၏။ တမုဟုတ် မျှဖြင့် အရုဏ်တက်၏၊ ထိုအရုဏ်ကိုမြင်၍ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ဤသို့ဆို၏။

"ငါ့ရှင်အာနန္ဒာ....သင်သွားချေ၊ ကုသိနာရုံမြို့တွင်းသို့ ဝင်၍ မလ္လာမင်းတို့အား ပြောပါချေ၊ ဝါသိဋ္ဌ အနွယ်ဖြစ်သော မလ္လာမင်းတို့ မြတ်စွာဘုရား ပရိဗ္ဗာန်လွန်တော်မူချေပြီ၊ မြတ်စွာဘုရားသို့ ရှေ့ရှုလာခြင်း၏ အခါကို သင်တို့သည်သိပါကုန်ဟု ကြားချေစေ၏"။

အရှင်အာနန္ဒာသည်၊ အရှင်အနုရုဒ္ဓါ၏ စကားကို "ကောင်းပါပြီ"ဟုဝန်ခံ၍ နံနက်အခါ သင်းပိုင်ကိုဝတ်၍ သပိတ်သင်္ကန်းကိုယူခါ ကိုယ်တော်တည်းသာ မြို့တွင်းသို့ ဝင်လေ၏။

ထိုအခါ မလ္လာမင်းတို့သည် ပရိနိဗ္ဗာန်ပြုရာ၌ အဘယ်ကဲ့သို့သော ပန်းနံ့သာ၊ အဘယ်ကဲ့သို့သော နေရာထိုင်ခင်း၊ အဘယ်ကဲ့သို့သော ဆွမ်းဘောဇဉ်ဖြစ်အံ့နည်းဟု တိုင်ပင်နေကြသည့် မင်းကွန်း၌ရှိစဉ် အရှင်အာနန္ဒာ ရောက်ရှိကာ၊ မလ္လာမင်းတို့အား ဤသို့ကြား၏။

"အို....ဝါသိဋ္ဌအမျိုးဖြစ်သော မင်းအများတို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချေပြီ၊ သင်မင်းများတို့သည် မြတ်စွာဘုရား ရှိရာ လာခြင်း၏ အခါကို သိပါကုန်လော့" ဟူ၍ ကြားတော်မူ၏။

ထိုရောအခါ ရှင်အာနန္ဒာ၏ စကားကို ကြားတော်မူ၍ မလ္လာမင်းတို့သည်ရင်း၊မလ္လာမင်း၏သားတို့သည်ရင်း၊မလ္လာမင်း၏ ချွေးမတို့သည်ရင်း၊မလ္လာမင်း၏ မယားတို့သည်ရင်း၊မလ္လာမင်း၏

သမီးတို့သည်ငှင်း မြတ်စွာဘုရားသို့ ရှေ့ရှု ပြေးလာကုန်လျက်၊ နှလုံးမသာကုန်သည်ဖြစ်၍ စိတ်၏ ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ အချို့သော သူတို့သည် ဆံပင်ကို ဖရိုဖရဲဖြန့်ကုန်၍ လက်မောင်းတို့ကို မြှောက်၍ ငိုကုန်၏၊ ပြတ်သောခြေရှိသကဲ့သို့ လဲကုန်၏၊ ခြေပစ်လက်ပစ် လူးလဲ ကုန်၏။

"လာခြင်းကောင်းသော မြတ်စွာဘုရားသည် လျင်စွာပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်တော်မူခဲ့ပြီ"

ဟု မြည်တမ်းကုန်၏၊ ထိုရောအခါ မလ္လာမင်းတို့သည် မှင်းချင်းယောကျ်ားတို့ကို စေကုန်၏။

"အချင်းတို့.... ထိုသို့တပြီးကား ကုသိနာရုံပြည်၌ နံ့သာပန်းတို့ကိုငှင်း၊ အလုံးစုံသော မောင်းကြေးနင်းတို့ကိုငှင်း ၊ပုဆိုးအစုံကိုငှင်း၊ စည်းဝေးစေကုန်"

ဟူ၍ စေကုန်၏၊ ထိုရောအခါ မလ္လာမင်းတို့သည် ပန်းနံ့သာ တို့ကိုငှင်း၊ အလုံးစုံသော မောင်းကြေးနင်း တို့ကိုငှင်း၊ ငါးရာသောပုဆိုးအစုံတို့ကိုငှင်း၊ ယူ၍ မြတ်စွာရာရား ကိုယ်တော်တည်ရှိရာသို့ လာရောက်ပြီး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက် ပုဆိုးဗိတာန်တို့ကို ကြက်ကုန်ပြီး၊ ရဟန်းတို့မှိုခိုရာ ပုဆိုး မဏ္ဍပ်ကန္နားဖျင်းကို မိုးကာစီရင်ကုန်လျက် ရဟန်းသံဃာတို့အား ဒေဘုယ်ဘောစဉ် စီရင်လှူဒန်းကုန်လျက် တနေ့ပတ်လုံး လှန်စေကုန်၏၊ထို့နောက်မလ္လာမင်းတို့အား ဤသို့သော အကြံသည်ဖြစ်၏။

---

"ယနေ့၌ပင်လျှင်ခြင်းမြတ်စွာဘုရား၏ ကိုယ်ခတော်ကို မီးဖုတ်အံ့သော ငှာ အခါမဟုတ်သေး"

ဤသို့ဖြင့်မလ္လာမင်းတို့သည် မြတ်စွာရာရား၏ အလောင်းတော်ကို ပူဆိုးဗိတာန်မိုးကာကုန်လျက် နံ့သာ၊ ပန်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ တို့ဖြင့်အရိုအသေ ပြု၍ပူဇော်ကုန်လျက် သံသာတို့မှိုရာ ပူဆိုး မဏ္ဍပ်ကန္နားဖျင်း မိုးကာစီရင်ကုန်လျက် ဆွမ်းခဲဘွယ်ဘောဇဉ် ကပ်လှူစီရင်ကုန်ကာ နှစ်ရက်မြောက်သော နေ့ကိုငှင်း၊ သုံးရက်မြောက်သောနေ့ကိုငှင်း၊ လေးရက်၊ ငါးရက် ခြောက်ရက်မြောက်သောနေ့ကို လွန်စေကုန်၏။

(၁) ထင်းပုံပေါ်၌ ခုနစ်ရက်ထား၍ ပူဇော်ခြင်း။

ခုနစ်ရက်မြောက်သော နေ့၌ကား မလ္လာမင်းတို့အား ဤသို့ အကြံသည်ဖြစ်၏။

"ငါတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပန်းဖြင့်ငှင်း၊ နံ့သာဖြင့်ငှင်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်ငှင်း၊ အရိုအသေပြုကြကုန်လျက် မြို့၏တောင်မျက်နှာ အဘို့သို့ မြို့ကိုမဝင်မူ၍ မြို့၏အပမှ ဆောင်၍ အနုရာဓပြည်၏ တောင်တံခါးအရပ်နှင့် တူသောအရပ်၌ ထား၍ အလောင်းတော်ကို ပူဇော်သက္ကာရပြုကုန်လျက် သာဝတ္ထိပြည်၌ ဇေတဝန်အရပ်နှင့် တူသောအရပ်၌ သဂြိုဟ်ဖုတ်ကြဉ်းကုန်အံ့"

ဟူသတည်း။ ထိုရောအခါ ဦးခေါင်း လျှော်ကုန်ပြီးသော ခွန်အားနှင့်ပြည့်စုံသော အလတ်သော အရွယ်၌ တည်ကုန်သော

မလ္လာမင်းအကြီး ရှစ်ယောက်တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို ထမ်းကုန်အံ့ဟု အားထုတ်ကုန်သော်— ကြွစိမ့်သောငှာ မတတ်နိုင်ကုန်။

(၂) နတ်များ၏ အလိုသို့ လိုက်လျောကာ သင်္ဂြိုဟ်ရန်စီစဉ်ခြင်း။

ထိုရောအခါ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါ ကား နတ်မျက်စိကိုရ၏၊ ငါတို့အားအကြောင်းကိုထင်စွာကြားလတ္တံ့ဟု ကြံကုန်၍ အရှင်အနုရုဒ္ဓါကို လျှောက်ကုန်၏။

"အရှင်အနုရုဒ္ဓါဘုရား.... ဦးခေါင်း လျှော်ပြီးကုန်သော အစာမချေသော ပုဆိုးကိုဝတ်ကုန်သော ခွန်အားနှင့် ပြည့်စုံကုန်သော မလ္လာမင်းအကြီး ရှစ်ယောက်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ထမ်းပါကုန်သော်လည်း အကြင်အကြောင်းကြောင့် ထိုအလောင်းတော်ကို ကြွစေခြင်းငှာ မတတ်နိုင်ကြကုန်၊ ထိုအကြောင်းသည် အဘယ်နည်း၊ ထိုအထောက် အပံ့သည် အဘယ်နည်း" ဟုသတည်း။

"ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့.... သင်တို့၏ အလိုသည် တပါး အပြားဖြင့် ဖြင်၏၊ နတ်တို့၏ အလိုသည်လည်း တပါးအပြားဖြင့်ဖြစ်၏၊ ထို့ကြောင့် ထမ်းမရနိုင်ကုန်"

ဟု အရှင်အနုရုဒ္ဓါ မိန့်၍

"အရှင်အနုရုဒ္ဓါဘုရား .. နတ်တို့၏ အလိုသည် အဘယ်သို့ ဖြစ်ပါသနည်း"

ဟု မေးလျှောက်ပြန်ကုန်သော်။

အို.... ဝါသိဋ္ဌအမျိုးဖြစ်သောမင်းအများတို့....နတ်တို့၏ အလိုကား— ငါတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့်၎င်း၊ နတ်၌ဖြစ်သော၊ ကခြင်း သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ အရိုအသေ အလေးအမြတ် ပူဇော်ကုန်လျက်မြို့၏မြောက်မျက်နှာအဘို့ဖြင့် မြောက်မျက်နှာ အဘို့ကိုဆောင်လျက်၊ မြို့၏မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်၍ မြို့၏အလယ်ခရီးဖြင့် ဆောင်ကာ မြို့၏အရှေ့တံခါးဖြင့် ထုတ်၍ မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့ မကိုဋ္ဌဗန္ဓရာ... ဥသျှောင်ထုံး မင်္ဂလာပြုရာ အဆန်းအကျယ် ပြုအပ်သော အရပ်သည်ရှိ၏၊ ထိုအရပ်၌ သင်္ဂြိုဟ်ဖုတ်ကြဉ်းကုန်အံ့— ဟု နတ်တို့၏အလိုသည် ဖြစ်၏”

ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူ၏၊ ထိုရောအခါ—

“အရှင်ဘုရား.... နတ်တို့၏ အလိုအတိုင်းပင် ဖြစ်ပါစေတော့”

ဟု မလ္လာမင်းတို့သည် အကြင်မျှလောက်သော အိမ်ခြံစပ်မစင်စု ထုတ်ရာပြွန်ဝ— တံမြက်ချေးစွန့်ရာ အရပ်တို့သည် ရှိကုန်၏၊ ထိုမျှလောက်သော အရပ်တို့၌ ပုဆစ်ဒူးနစ်အောင် ထင်ရှား ပန်းအတိ ခင်းကုန်၏၊ ထိုရောအခါ နတ်တို့သည် ၎င်း၊မလ္လာမင်းတို့သည်၎င်း၊မြတ်စွာဘုရား ၏အလောင်းတော်ကို နတ်၌ဖြစ်ကုန်သော၊ လူ၌ဖြစ်ကုန်သော၊ ကခြင်း၊သီခြင်း၊တီးမှုတ် ခြင်းတို့ဖြင့်၎င်း၊ ပန်း၊ နံ့၊ သာပျောင်း အခိုး၊ အထုံ၊ အမှုံ တို့ဖြင့်၎င်း၊ အရိုအသေပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်

ကုန်လျက် မြို့၏မြောက်အဘို့သို့ ဆောင်လျက် မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်ကာ မြို့၏အလယ်ခရီးဖြင့် ဆောင်လေ၏။

ထိုရောအခါ ဗန္ဓုလ စစ်သူကြီး၏ဇနီး၊ မလ္လိကာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူလေပြီဟု ကြား၍ မိမိ၏ ခင်ပွန်း ဗန္ဓုလစစ်သူကြီး လွန်သည်မှစ၍ မသုံးမဲ့ဆောင်ဘဲ ထားအပ်သော ဝိသာခါဒါယိကာမ၏ တန်ဆာနှင့် တူသော မဟာလ္လတာ တန်ဆာကို မြတ်စွာဘုရားအား ပူဇော်အံ့ဟု ရေနံ့သာဖြင့် ဆေးပြီးလျှင် ရပ်စောင့်နှင့်လေ၏၊ မြတ်စွာဘုရား၏ အလောင်းတော်ကိုဆောင်ကုန်ခဲ့ရာ မိမိ၏အိမ်ဝင်းတံခါး အနီးသို့ ရောက်သောအခါ—

"အမောင်တို့ အရှင်တို့ မြတ်စွာဘုရား၏ အလောင်းတော်ကို ချပါဦး"

ဟု ဆို၍ ထိုတန်ဆာကို မြတ်စွာဘုရား၏ ကိုယ်တော်၌ စွပ်၍ ဦးခေါင်းတော်မှစ၍ စွပ်အပ်သော ထိုတန်ဆာသည် ခြေဖဝါးတိုင်အောင်ရောက်၏။

နတ်တို့၏ သိဂ်ိဝ္ဝေ့အဆင်းနှင့် တူသော အဆင်းရှိသော မြတ်စွာဘုရား၏ ကိုယ်တော်သည် ရတနာ ခုနစ်ပါးတို့ဖြင့်ပြီးသော မဟာလ္လတာ တန်ဆာဖြင့် ဆင်သည်ရှိသော် အတိုင်းထက်အလွန် တင့်တယ်ခြင်းသို့ ရောက်၏၊ ထိုသို့ဆင်ပြီးသောအခါ မြတ်စွာဘုရား၏ အလောင်းတော်ကို မြို့၏ အရှေ့တံခါးဖြင့် ထွက်၍ အရှေ့အရပ်၌ မလ္လာမင်းတို့၏ ဦးရစ်မကိုဋ္ဌာဘွဲ့ရာ အဆန်းအကြွယ် ပြုရာအရပ်၌ မြတ်စွာဘုရား၏ ကိုယ်တော်ကို ချ၍ ထားကုန်၏။

---

## (၃) စကြာဝတေးမင်း၏ အလောင်း၌ ပြုကျင့်သလို ဆောင်ရွက်ရန် စီစဉ်ခြင်း။

ထို့နောက် မလ္လာမင်းတို့သည် အရှင် အာနန္ဒာ ကို လျှောက်လေကုန်၏။

'ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ကိုယ်တော်၌ အဘယ်သို့ ကျင့်ရကုန်အံ့နည်း' ဟု လျှောက်ကုန်၏။

'ဝါသိဋ္ဌမျိုး၌ ဖြစ်သော မလ္လာမင်းတို့....စကြာဝတေးမင်း၏ အလောင်း၌ ကျင့်သကဲ့သို့ မြတ်စွာဘုရား၏ အလောင်းတော်၌ သင်မင်းများတို့သည် ကျင့်အပ်၏' ဟု အရှင်အာနန္ဒာ မိန့်၏။

'ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ....စကြာဝတေးမင်း၏ အလောင်း၌ အဘယ်သို့ ကျင့်လေကုန်သနည်း' ဟု လျှောက်ကုန်သော်...

'စကြာဝတေးမင်း၏ ကိုယ်တော်ကို အစာမချေသော ပုဆိုးဖြင့် ရစ်ကုန်၏၊ ရစ်ပြီးသော် ကောင်းစွာ ဖပ်အပ်သော ဝါဂွမ်းအပြားဖြင့် ရစ်ကုန်၏၊ ရစ်ကုန်ပြီးသော် အစာမချေသော ပုဆိုးဖြင့် ထပ်မံရစ်ပြန်၏၊ နောက် ဝါဂွမ်းအပြားဖြင့် ရစ်ပြန်၏။

ဤကဲ့သို့နည်းဖြင့် အစုံငါးရာသော ပုဆိုးဝါဂွမ်းတို့ဖြင့် ရစ်ကုန်၍ ရွှေဖြင့်ပြီးသော တလား၌ ထည့်၍ ရွှေဖြင့်ပြီးသော တလားအဖုံးဖြင့် အုပ်၏၊ အလုံးစုံသော နံ့သာဖြင့်ပြီးသော

ထင်းပုံကိုပြု၍ စကြာဝတေးမင်း၏အလောင်းကို မီးဖုတ်ကုန်၏၊ ခရီးလေးစုံ၌စကြာဝတေးမင်း၏ ဓာတ်ကိုစေတီတည်အပ်ကုန်၏။

ဤသို့ စကြာဝတေးမင်း၏ အလောင်း၌ ကျင့်ကုန်သကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်တော်၌လည်း ကျင့်အပ်၏၊ ခရီးလေးဆုံ၌ ဓာတ်တို့ကို စေတီ တည်အပ်ကုန်၏၊ အကြင်သူတို့သည် ထိုစေတီ၌ ပန်းနံ့သာ အခိုးအထုံ အမှုန့်တို့ကို တင်ကုန်လတ္တံ့၊ ရှိခိုးကုန်လတ္တံ့၊ ထိုပန်းနံ့သာဖြင့် ပူဇော်ခြင်း ရှိခိုးခြင်းသည် ထိုသူတို့အား ရှည်စွာသော နေ့ညဉ့်ပတ်လုံး စီးပွားချမ်းသာခြင်းငှာ ဖြစ်လတ္တံ့’ ဟု အရှင်အာနန္ဒာ မိန့်တော်၏။

ထိုအခါ မလ္လာမင်းတို့သည် မင်းချင်းတို့ကို စေကုန်၍ အစာမချေသော ပုဆိုးတို့ကိုငင်း၊ ညက်စွာ ဖပ်အပ်ပြီးသော ဝါဂွမ်းတို့ကိုငင်း၊ ရုံးစုစေ၏၊ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို အစာမချေသော ပုဆိုးဖြင့် ရစ်ပြီး၊ ဝါဂွမ်းဖတ်များဖြင့် ရစ်ကုန်၏၊ ဤသို့သောနည်းဖြင့် ငါးရာသော အစုံတို့ဖြင့် ပုဆိုးတထပ်၊ ဝါဂွမ်းတထပ် ချပ်ကာ ချပ်ကာ ရစ်၏၊ ထိုသို့ ရစ်ပြီးသော် ဆီပြည့်သော ရွှေတလား၌ ထည့်၍ ရွှေတလားအဖုံးဖြင့် အုပ်ခါ အလုံးစုံနံ့သာဖြင့်ပြီးသော ထင်းဖြင့် ထင်းပုံကိုပြု၍ မြတ်စွာဘုရား၏ အလောင်းတော်ကို ထင်းပုံထက်သို့ တင်ကုန်၏။

## (၄) နတ်တို့ အလိုမကျ၍ အလောင်းတော်ကို မီးမစွဲမလောင်ခြင်း။

ထိုသို့ မြတ်စွာဘုရား၏ ကိုယ်တော်ကို ကုသိနာရုံပြည်၏

အရှေ့အရပ်၌ မလ္လာမင်းတို့၏ မကုဋဗန္ဓနစေတီရှိရာ အဆန်းတကြယ် ပြုလုပ်အပ်သော အရပ်အနီး၊ အတောင် တရာ့နှစ်ဆယ်ဖြင့်သော နံ့သာထင်းပုံထက်သို့ တင်ပြီးလျှင် ကဆုန်လပြည့်ကျော် ခြောက်ရက်နေ့ညအခါ မလ္လာမင်း အကြီးလေးယောက်တို့သည် ဦးခေါင်းလျှော်ကုန်ပြီးသော် အစာမချေသော ပုဆိုးကို ဝတ်ကုန်၍—

'ငါတို့သည် မြတ်စွာဘုရား၏ ထင်းပုံကို မီးတိုက်ကုန်အံ့' ဟု လေးမျက်နှာ ဆိုင်၍ တိုက်သော် မီးသည် မစွဲနိုင်ကုန်သည်နှင့် အရှင်အနုရုဒ္ဓာကို မေးလျှောက်ကုန်၏။

'အနုရုဒ္ဓာ အရှင်ဘုရား.... အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ ထင်းပုံကို မီးတိုက်ကုန်ပါ၏၊ အကြင်အကြောင်းကြောင့် မြတ်စွာဘုရား၏ ထင်းပုံကို မီးလောင်စေခြင်းငှာ မတတ်နိုင်ကုန်၊ ထိုအကြောင်းသည် အဘယ်နည်း' ဟု မေးလျှောက်၏။

'ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့.... နတ်တို့၏ အလိုသည်တပါး အပြားဖြင့် ရှိသည်ဖြစ်၍ မီးမလောင်နိုင်သတည်း' ဟု မိန့်တော်မူ၏။

ထိုအခါ မလ္လာမင်းတို့သည် 'အရှင်ဘုရား အကြင်အခြင်းဖြင့် နတ်တို့၏ အလိုသည် ဖြစ်၏၊ ထိုအခြင်း ဖြစ်ပါစေလော့' ဟု ဆိုကုန်၍ ထင်းပုံထက်၌ ခုနစ်ရက်မျှ ကြာပြန်လေသတည်း။

နတ်တို့၏တပါး အပြားဖြင့် အလိုသည် အဘယ်သို့ ဖြစ်သနည်း ဟူမူကား.... တပည့်သားတော် မဟာသာဝက ရှင်ကျိပ်

တို့၌ စိတ်ကို ကြည်ညိုစေ၍ ထိုရှစ်ကျိပ်တို့၏ အလုပ်အကြွေး ဖြစ်ကုန်သော ရှစ်သောင်းသော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။

ထိုနတ်ရှစ်သောင်းတို့တွင် ရှင်မဟာကဿပ၏ အလုပ် အကြွေး နတ်တထောင်တို့သည် ထိုအစည်းအဝေး၌ အရှင် မဟာကဿပ မထေရ်ကို မမြင်ကုန်သောကြောင့်—

'ငါတို့ ကုလပက ဖြစ်သော (လှည့်ပတ်သွားရောက် တတ်သော်) အရှင်မဟာကဿပသည် အဘယ်မှာ ရှိလေသ နည်း' ဟု နတ်မျက်စိဖြင့် ကြည့်ကုန်သော် ဒေသစာရီ လှည့် ခြင်းဖြင့် အဝန်နှံ့ရှည်သော ခရီးသို့ ကြွတော်မူသည်ကိုမြင်၍....

'ငါတို့ ကုလပကဖြစ်သော အရှင် မဟာ ကဿပသည် မြတ်စွာဘုရားခြေတော်ကို ရှိခိုးအံ့သောငှာ အဝေးမှ တပည့် သံဃာတော်တို့နှင့်တကွ လာတော်မူသေး၏၊ ငါတို့အရှင် ရှိမခိုး ဘဲ၊ ထင်းပုံသည် မီးမလောင်ပါစေသတည်း' ဟု နတ်တထောင် တို့သည် အဓိဋ္ဌာန်လေ၏။

သို့နှင့် မလ္လာမင်း လေးယောက်တို့သည်ငင်း၊ ရှစ်ယောက် တို့သည်ငင်း၊ တကျိပ်ခြောက်ယောက်တို့သည်ငင်း၊ သုံးကျိပ် နှစ်ယောက်တို့သည်ငင်း၊ ထင်းပုံ မီးစွဲလောင်စိမ့်သောငှာ အစုံ သော မီး ဖိုကျင့်တို့ဖြင့် ထိုးကုန်သော်ငင်း၊ ပြောင်းတို့ဖြင့် မှုတ်ကုန်သလျက် ထန်းရွက်ယပ်တို့ဖြင့် ယပ်ကုန်လျက် ထိုသို့သော အကြောင်းကို ပြုကုန်သော်လည်း၊ ထင်းပုံကို မီးစွဲတောက် ခြင်းငှာ မတတ်နိုင်ကုန်မူ၍ ထင်းပုံထက်၌ ခုနစ်ရက်ကြာသ တည်း။

---

ဤသို့ အရှင်မဟာကဿပ မရောက်သေးသောကြောင့် နတ်တို့ ခွင့်ပြုသဖြင့် မီးမတောက်နိုင်သည်၏ မိန့်သော အရှင် အနုရုဒ္ဓါ၏စကားကို ကြားကြကုန်၍ 'အချင်းတို့ အရှင်မဟာ ကဿပမည်သော ရဟန်းသည် မြတ်စွာဘုရား၏ ခြေတော်ကို တပည့်သံဃာနှင့် တကွ ရှိခိုးအံ့ဟု လာသေး၏။ ထိုရဟန်း မရောက်သမျှ ထင်းပုံသည် မီးမတောက်လတ္တံ့တည်း'

'အရှင်အနုရုဒ္ဓါဘုရား၊ ဤအရှင်ကောင်းသည် အဘယ် အရပ်မှ လာလတ္တံ့နည်း' ဟု မေးကုန်၍ ပါဝါမြို့မှ လာ လတ္တံ့ဟူသောစကားကို ကြားကုန်သဖြင့် အချို့သောသူတို့ သည် ပန်းနံ့သာ လက်စွဲလျက် ကြိုကြကုန်၏၊ အချို့သော သူတို့သည် ခရီးကို ဆန်းကြယ်စွာ တန်ဆာဆင်၍ မျှော်လျက် နေကုန်၏။

## (၅) အရှင်မဟာကဿပရောက်မှ အလောင်းတော်ကို တေဇောဓာတ်လောင်ခြင်း။

ထိုရောအခါ အရှင်မဟာကဿပမထေရ်သည် အခြံအရံ ရဟန်းငါးရာတို့နှင့်တကွ ပါဝါပြည်၌ ဆွမ်းခံ၍ ဆွမ်းစားပြီး သော် ကုသိနာရုံပြည်သို့ သွားအံ့ဟု အခွန့်ရှည်စွာ သုံးဂါဝုတ် မျှသော ခရီးကို သွား၏၊ မထေရ်၏ အခြံအရံ ဖြစ်ကုန်သော ရဟန်းတို့သည် ချမ်းသာသဖြင့် ကြီးကုန်၏၊ ကြီးသောဘုန်း ရှိကုန်၏၊ ထိုအလုံးစုံသော ရဟန်းတို့သည် မွန်းတည့်အခါ၌

ပူသော ကျောက်ဖျာနှင့်တူသော မြေခြေဖြင့် သွားကုန်သည် ဖြစ်၍ ပင်ပန်းကုန်၏။

မထေရ်သည် ထိုရဟန်းတို့ကိုမြင်၍ ရဟန်းတို့ ပင်ပန်းနေကြောင်းသိ၏၊ သွားအပ်သောအရပ်သည်လည်း ဝေးလှန်းသည်ဖြစ်၍ အတန်ငယ်နားလျက် အပူကို ငြိမ်းစေ၍ ညချမ်းသောအခါမှ ကုသိနာရုံသို့ သွားပြီးလျှင် မြတ်စွာဘုရားကို ဖူးမြင်အံ့ဟု ကြံတော်မူကာ ခရီးမှသက်၍ တခုသော သစ်ပင်ရင်း၌ ဒုကုဋ်တော်ကို လေးခေါက်ခင်း၍ ခရားမှရေဖြင့် လက်ခြေတို့ကို အအေးယူစေ၍ ထိုင်နေတော်မူ၏။

အခြံအရံ ဖြစ်ကုန်သော ရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ ထိုင်နေကုန်၍ အသင့်အားဖြင့် နှလုံးသွင်းကုန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဆိုကုန်လျက် နေကုန်၏။ ထိုရောအခါ မထင်ရှားသော အာဇီဝက တက္ကထွန်းသည် ကုသိနာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာမှ ထင်ရှားပန်းကိုယူ၍ အရိုးတပါးတတ်လျက် ထီးကဲ့သို့ပြု၍ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ သွားအံ့ဟု အခွန့်ရှည်သော ခရီးကို လာ၏၊ အရှင်မဟာကဿပသည် ထိုအာဇီဝကကို အဝေးမှ လာနေစဉ်မြင်တော်မူလျှင် ထိုအာဇီဝက၏ လက်၌ ထင်ရှားပန်းသည် ထင်၏။

(ဤထင်ရှားပန်းသည် လူ့ပြည်၌ အခါခပ်သိမ်းမရှိ၊ အကြင်အခါ၌ တစုံတယောက်သော တန်ခိုးနှင့် ပြည့်စုံသော သူသည် တန်ခိုး ဖန်ဆင်း၏၊ ထိုအခါ ၎င်းဘုရားအလောင်း၏

မယ်တော်ဝမ်း၌ ပဋိသန္ဓေ စွဲယူလာသောအခါ စသည်တို့၌ ရှင်း ထင်ရှားဖြစ်၏)။

အရှင်မဟာကဿပလည်းအသက်တော်ကြီးပြီ ဖြစ်သော ငါ၏ဆရာ မြတ်စွာဘုရားသည် မချွတ်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသည် ဖြစ်လတ္တံ့၊ ဤအာဇီဝကသည် သိခဲ့ပေရာ၏၊ ထို့ကြောင့် သူ့ကိုမေးအံ့ဟု ကြံတော်မူ၍၊ အကယ်၍ ငါသည် ထိုင်လျက်မေးချေအံ့၊ မြတ်စွာဘုရားကို ရိုသေခြင်း မရှိသည် ဖြစ်လတ္တံ့ဟု ကြံ၍ ထတော်မူလျက် နေရာမှ ဖဲ၍ ဆဒ္ဒန် ဆင်မင်းသည် ပတ္တမြားညိုအရေကို ရုံသကဲ့သို့ မြတ်စွာဘုရား ပေးထားတော်မူသော မိုးတိမ်အဆင်းနှင့် တူသော ပံ့သကူ သင်္ကန်းကို ရုံတော်မူ၍ လက်အုပ်ကို ထိပ်၌တင်၍ မြတ်စွာ ဘုရား၌ ပြုအပ်သော ရိုသေခြင်းဖြင့် အာဇီဝကသို့ ရှေ့ရှု ရပ်တော်မူလျက်–

'ငါ့အရှင် ငါတို့၏ဆရာ မြတ်စွာဘုရားကို သိခဲ့ပါ၏လော' ဟု မေးလေ၏။

ဤသို့ မေးတော်မူသောအခါ၌....

'ဩော် ငါ့ရှင်ကဿပ ငါ သိခဲ့ပါ၏၊ ယနေ့သည် ရဟန်းဂေါတမလွန်၍ ခုနစ်ရက်ရှိပြီ၊ ထိုရဟန်းဂေါတမ လွန် တော်မူရာကပင် ဤထင်ရှားပန်းကို ယူဆောင်ခဲ့ပေသည်' ဟု အာဇီဝကဆို၏။

ထိုအခါ အရှင်မဟာကဿပ၏ အခြွေအရံ ရဟန်း အပေါင်း၌ ပုထုဇဉ် သောတာပန်၊ သကဒါဂါမ် ရဟန်းတို့ သည် အာဇီဝက၏ စကားကို ကြားသောအခါ၌ အချို့သော

ရဟန်းတို့သည် လက်ကိုမြှောက်၍ ငိုကုန်၏၊ ခြေပြတ်သကဲ့သို့ လှဲ၍ ငိုကုန်၏၊ ထိုလဲရာ၌ပင် လူးလဲကုန်၏၊ ခြေကျောက် လက်ကန် လူးလဲကုန်၏။

"ဆရာဘုရား အလွန်လျင်စွာ ပရိနိဗ္ဗာန်စံခဲ့ပြီ"ဟု မြည်တမ်းဟစ်ကြွေး၍ ငိုကြကုန်၏။

အနာဂါမ်နှင့် ရဟန္တာတို့သည်ကား သင်္ခါရ တရားတို့ မည်သည် အမြဲမရှိကုန်၊ ဤသင်္ခါရတရား၌ မြဲသော သဘောကို အဘယ်မှာလျှင် ရကုန်အံ့နည်းဟု သတိရှိကုန်သည်ဖြစ်၍ အဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သီးခံကုန်၏။

ထိုရောအခါ၊ အရှင်မဟာကဿပသည် ဤသို့ဆို၏—

"ငါ့ရှင်တို့....မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်၊ ဤသင်္ခါရတရားတို့၏ အမြဲမတည်သော အဖြစ်ကို မြတ်စွာဘုရားသည် ရှေးဦးစွာကပင် ကြားအပ်ပြီး၊ ချစ်သားရဟန်းတို့ အလုံးစုံသော ချစ်နှစ်လိုအပ်ကုန်သော သူတို့နှင့် အတူတူဖြစ်ခြင်း၊ ကွေကွင်းရခြင်၊ တပါးပါးဖြင့်ဖြစ်ခြင်းကို ရှေးဦးစွာကပင် ကြားအပ်ပြီ- အကြင် သင်္ခါရ တရားသည် ဖြစ်တတ်၏၊ ထင်ရှားဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ ပျက်တတ်သော သဘောရှိ၏၊ အကြင် သင်္ခါရ တရားတို့၌ ထိုမပျက်မစီး အမြဲတည်နေခြင်းကို အဘယ်မှာရအံ့နည်း၊ အကြင်အကြောင်းဖြင့် ပျက်စီးတတ်သော သင်္ခါရတရားဟုဆိုအပ်သောမြတ်စွာဘုရား၏ ကိုယ်တော်သည် မပျက်မစီး တည်ရာ၏ဟု အကြောင်း မရှိသည်သာလျှင်တည်း၊ ထို့ကြောင့် အရှင်တို့ မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်ဟု သက်သာစေ၏"

---

**ကဝိရတနာစာပေ**

ထို့နောက်အရှင်မဟာကဿပသည်တပည့်ရဟန်း,သံဃာတို့နှင့်တကွ ပါဝါမြို့ခရီးမှလာလတ်၍ အကြင်အရပ်၌ ကုသိနာရုံပြည်သည် ရှိ၏၊ မကုဋဗန္ဓနစေတီသည် ရှိ၏၊ မြတ်စွာဘုရား၏ အလောင်းတော်တင်ရာ ထင်းပုံသည်ရှိ၏၊ ထိုအရပ်သို့ ကပ်လာ၍ ပခုံးတဘက်၌ ကိုယ်ဝတ် စံပယ်တင်သည်ကိုပြု၍ မြတ်စွာဘုရား ထင်းပုံ၌ တပည့်သံဃာနှင့်တကွ လက်ျာရစ် သုံးပတ်လှည့်၍-

"ဤအရပ်၌ ဦးခေါင်းတော်၊ ဤအရပ်၌ ခြေတော်ဟု မှတ်ပြီးသော် ခြေရင်း၌ရပ်၍ အဘိဉာဏ်၏ အခြေဖြစ်သော ရူပဝါစရကြိယာ စတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှတခါ အကန့်တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တရာ့ရှစ်ပါးသော စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ဝါဂွမ်းအထပ် အလွှာတို့နှင့်တကွ၊ ပုဆိုးအစုံ ငါးရာ အထပ်ကိုရင်း၊ ရွှေတလားကိုရင်း။ နံ့သာထင်းတို့ကိုရင်း နှစ်ဖြာခွဲ၍ ငါ၏ ဦးခေါင်းဟုဆိုအပ်သော အင်္ဂါ၌ တည်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူသည်။

ဓိဋ္ဌာန်တော်မူသောစိတ်နှင့်တကွ၊ ထင်းပုံ၊ ရွှေတလား၊ ငါးရာသော ပုဆိုးအစုံတို့ကို နှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှ လပြည့်ဝန်းကဲ့သို့ ခြေတော်တို့သည် ထွက်လာကုန်၏။

အရှင်မဟာကဿပ မထေရ်သည် ပွင့်သစ်သောပဒုမာကြာနီနှင့်တူသော လက်တော်တို့ကို ဆန့်၍ ရွှေအဆင်းနှင့် တူသော မြတ်စွာဘုရား၏ခြေတော်တို့ကို ဖမျက်တိုင်အောင် ကြပ်ကြပ်ကိုင်တော်မူ၍ မိမိ၏ မြတ်သော ဦးခေါင်း၌ တည်စေ၍ ရှိခိုး၏။

ထိုအံ့ဘွယ်သရဲကို လူအများ အပေါင်းမြင်၏ တပြိုင်နက် တည်းလျှင် သည်းစွာသော အသံဖြင့် ကောင်းချီးဟစ်ကုန်၏။ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၍လူအများအပေါင်းတို့သည် လည်း ရှိခိုး၏၊ ငါးရာသော သံဃာတို့သည်လည်း ရှိခိုး၏။

ဤသို့လျှင် အရှင်မဟာကဿပ စသော အလုံးစုံသော သူတို့သည် ရှိခိုးအပ်ပြီးသည်ရှိသော် တဖန် ခိဋ္ဌာန်ရခြင်း ကိစ္စ မည်သည် မရှိပြီ၊ ရှေးခိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့်ပင် အရှင်မဟာကဿပ၏ လက်တော်မှ လွတ်ခါမျှ၌ပင်လျှင် ချိပ်ရည် ကဲ့သို့သော အဆင်းရှိသော မြတ်စွာဘုရား၏ ခြေတော်သည် စန္ဒကူးထင်း အစရှိသည်တို့၌ တစုံတခုကို မလှုပ်ရှားစေမူ၍ တည်မြဲတိုင်း၌ တည်လေကုန်၏။

မြတ်စွာဘုရား သခင်၏ ခြေတော်တို့သည် ထွက်ကုန် သော်ရှင်း၊ ဝင်ကုန်သော်ရှင်း၊ ဝါဂွမ်းမွေးသည်ရှင်း၊ ပိုးချည်မျှင် စသည်တို့သည်ရှင်း၊ ဆီပေါက်သည်ရှင်း၊ ထင်းစုသည်ရှင်း၊ အရာမျှရွေ့သော မည်သည်မရှိ အလုံးစုံတည်မြဲတိုင်းပင် တည် လေ၏၊ မြတ်စွာဘုရား၏ ခြေတော်တို့သည် နေ့လ ထွက် သကဲ့သို့ ထွက်လာကုန်၍ ဝင်ပြန်သည်ရှိသော်လူအများအပေါင်း သည် ပြင်းစွာသော ငိုမြည်တမ်းခြင်းကို ပြုကြကုန်၏၊ ပရိနိဗ္ဗာန် လွန်တော်မူသော အခါထက် လွန်မြတ်သော သနားဘွယ်သည် ဖြစ်၏။

ထိုနောက် မြတ်စွာဘုရား၏ အလောင်းတော်တည်ရာ ထင်းပုံကို တစုံတယောက်သော သူသည်၊ မီးတိုက်ညှိရသည်မရှိ၊ နတ်တို့၏ အာနုဘော်ဖြင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်းပင်

မီးတောက်၏၊ ဤထင်းပုံကို မီးလောင်ရာ၌ ဝန်းရံ၍ တည်ကုန်သော အင်ကြင်းပင်တို့သည် အခါမဟုတ်ဘဲ ဖူးပွင့်ကြကုန်၏၊ အခွကြား၊ အခက်ကြား၊ အရွက်ကြားတို့မှ မီးလျှံသည်ထွက်၏၊ အခက်၊ အရွက်၊ အသီး၊ အပွင့်တို့ကို မီးစွဲလောင်ခြင်းသည် မရှိ၊ ခြ၊ ပိုး၊ ရွ၊ ပင်းကူတို့သည် မီးလျှံတို့၏ အကြား အကြားဖြင့် သွားလာကုန်၏၊ ဘိုးတော် အဥ္စနမင်း ထားသော သက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်ကျော် (၁၂) ရက်၊ တနင်္ဂနွေနေ့ ညချမ်းအခါ ထင်းပုံသည် လုံးဝမီးလောင်၏။

## ၂၅။ ဘုရားရှင်ကိုယ်မှ ကျွင်းသော ဓာတ်တော်များ။

မီးလောင်ပြီးသော မြတ်စွာဘုရားကိုယ်တော်၏ အပေါ်ရေသည်ရင်း၊ အတွင်းရေသည်ရင်း၊ အသားရေသည်ရင်း၊ အကြောသည်ရင်း။ အစေးသည်ရင်း ရှိ၏၊ ထိုအရေ၊ အသား၊ အကြော၊ အစေးတို့၏ ပြာတို့သည်ရင်း၊ မထင်ကုန် မှင်တို့သည် ရင်း၊ မသင့်မမြင်ကုန်သကဲ့သို့ ထိုအတူ အရေ၊ အသား၊ အကြော၊ အစေးတို့၏ပြာမင်တို့သည် မထင်ကုန်၊ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊ မြတ်လေးပါး ငုံအဆင်းနှင့်တူသော ဓာတ်တော်၊ ပွင့်သစ်သော ပုလဲအဆင်းနှင့်တူသော ဓာတ်တော်၊ ရွှေအဆင်းနှင့်တူသော ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊ ပုဆိုးအစုံ ငါးရာအားဖြင့် အသပ် ငါးရာတို့တွင် အလုံးစုံ၏
5 အတွင်းဖြစ်သော အသပ်၏ နှစ်သပ်တို့ကိုသာ မီးလောင်ကုန်၏၊

ထိုမှ ကြွင်းသော အလုံးစုံသော အထပ်တို့ကို မီးမလောင်ကုန်၊ ပဥ္စမဝါဂွမ်းထပ်၌ ဓာတ်တော်တို့သည် တည်ကုန်၏။

(မြတ်စွာဘုရားများ၏ ဓာတ်တော် တို့သည်ကား.... အစိတ်စိတ်ကွဲပြား၍ တည်သော သမ္ဘိန္နဓာတ်၊ မကွဲမပြား တည်သော အသမ္ဘိန္နဓာတ်ဟူ၍ နှစ်ပါးရှိကုန်၏)။

အသက်ရှည်ကြသော ဘုရားရှင်တို့၏ ဓာတ်တော်ကား၊ မကွဲမပြား ရွှေထုံးကဲ့သို့ တခဲနက်သာတည်၏၊ ငါတို့ မြတ်စွာဘုရားသည်ကား....။

"ငါသည် မြင့်စွာမတည်မူ၍ ပရိနိဗ္ဗာန်လွန်ရ၏၊ ငါ၏ သာသနာတော်သည် များစွာမပြန့်သေး၊ ပရိနိဗ္ဗာန် ပြုပြီးသော ငါ၏ မုန်ညင်းစေ့မျှလောက်သော ဓါတ်တော်တို့ကိုယူ၍ မိမိ နေရာ၌ စေတီပြုကာကိုးကွယ်သော ခပ်သိမ်းသော သူအပေါင်း တို့သည် နတ်ရွာလားရမည်ဖြစ်စေသတည်း" ဟု ဓါတ်တော်၏ ဖရိုဖရဲ ကွဲပြားသဖြင့် တည်ခြင်းကို ဓိဋ္ဌာန်တော်မူသတည်း။

"ငယ်တော်လေးချောင်း ညှပ်ရိုးတော် နှစ်ချောင်း.... နဖူးသင်္ကျစ် ဤခုနစ်ပါးသော ဓါတ်တော်တို့သည် မကွဲမပြား တည်ကုန်သောကြောင့် အသမ္ဘိန္န ဓါတ်မည်ကုန်၏၊ ဤမှ ကြွင်းသော ဓါတ်တို့သည် ကွဲပြား၍ တည်ကုန်သောကြောင့် သမ္ဘိန္နဓါတ် မည်ကုန်၏။

ထိုကွဲပြားသော ဓါတ်တို့တွင် အလုံးစုံအောက်ငယ်သော ဓါတ်တော်ပမာဏသည် မုန်ညင်းစေ့ပမာဏ ရှိကုန်၏၊ ရွှေအဆင်းနှင့် တူကုန်သော အလတ်ဖြစ်သော ဓါတ်တော်တို့သည် ဆန်ကျိုး ပမာဏရှိကုန်၏၊ ပုလဲအဆင်းနှင့်တူကုန်၏၊ ကြီးသောဓါတ်တော်

တို့သည် အလယ်၌ကွဲသော ပဲနောက်ချမ်းပမာဏရှိ၍ မြတ်လေးငုံ အဆင်းရှိကုန်၏၊ ဤဓါတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊ မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးလောင်ကျွမ်းပြီးသော် လက်မောင်းမျှ မြင်းခေါင်းမျှ- ထွန်တုံးမျှ- ထန်းလုံးမျှ ရေအယဉ်တို့သည် ကောင်းကင်မှ ကျစီးလာ၍ မြတ်စွာဘုရား၏ ထင်းပုံကို ငြိမ်းစေကုန်၏။

ထင်းပုံကိုရံ၍ တည်ကုန်သော အင်ကြင်းပင်တို့၏ အခွကြား၊ အခက်ကြား၊ အရွက်ဖျားတို့မှလည်း ရေအယဉ်တို့သည် ကျလာ၍ ငြိမ်းစေကုန်၏၊ မြတ်စွာဘုရား၏ ကြီးစွာသော ထင်းပုံပတ်လည်ထက်ဝန်းကျင်မှ မြေကိုခွဲ၍ ထွန်တုံးမျှ ရေအယဉ်အလုံးတို့သည် ဖလ်ဖြင့်ပြီးသော ဦးဆောက်ပန်းကဲ့သို့ ထင်းပုံကို ရေ့ရှုကိုင်းညွှတ်လျက် သက်ကုန်၍ ထင်းပုံကိုငြိမ်းစေကုန်၏၊ မလ္လာမင်းတို့သည် ရွှေအိုး၊ ငွေအိုးတို့ကို ပြည့်စေ၍ ဆောင်ခဲ့အပ်သော အထူးထူးသော နံ့သာရေတို့ဖြင့် ထင်းပုံကို ငြိမ်းစေကုန်၏၊ ရွှေငွေတို့ဖြင့် ပြီးကုန်သော ရှစ်ချောင်းသော တံချူးဝါးတို့ဖြင့် ပြန့်ခါ၍ ငြိမ်းစေကုန်၏။

## ၂၆။ ခေတ်တော် အတွက် ခုနစ် ပြည်ထောင် မင်းတို့ စစ်ဘက်ခြင်းနှင့် ဒေါဏ ပုဏ္ဏားက ခေတ်တော်ဝေခန်း။

ထိုသို့ မီးကိုငြိမ်းစေပြီးသော အခါ၌ မလ္လာမင်းတို့သည် မီးမလောင်ကြွင်းသော မြတ်စွာဘုရား၏ ကိုယ်တော်ကို ထုတ်ရစ်အပ်သော လေးရာ့ကိုးဆယ့် ရှစ်စုံသော ပုဆိုးအထပ်တို့ကို ဖြေ၍ ပဉ္စမ ဝါဂွမ်းလွှာအထပ်၌ တည်သော ဓာတ်တော်တို့ကို ရွေးကောက်၍ ရွှေဖြင့်ပြီးသော အင်ခွက်၌ ထည့်၍ ရွှေဖြင့်ပြီးသော အင်ခွက်တခုနှင့် အုပ်ထား၍ မြို့တွင်း မင်းကွန်းဇရပ်၌ လေးပါးသော အမျိုးရှိသော နံ့သာတို့ဖြင့် အပြေအပြစ်ထုံသည်ကို ပြု၍ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းနံ့သာတို့ကို ကျဲ၍

အထက်၌ ပုဆိုးဖြင့် ဗိတာန်မိုးကြက်ကာ၍ ရွှေကြယ်– ငွေကြယ် အစရှိသည်တို့ဖြင့် စီ၍ နံ့သာဆိုင်း– ပန်းဆိုင်း– ရတနာဆိုင်း တို့ကိုဆွဲ၍ မင်းကွန်းဇရပ်မှ သည်မကိုဋ္ဌာရွဲရာဟု ဆိုအပ်သော ဦးခေါင်းတန်ဆာဆင်ရာ ဆန်းကျယ်စွာ ပြုအပ်သော စရပ် တိုင်အောင် ခရီးနံပါး နှစ်ဘက်တို့၌ ဖျာတင်းတိမ်တို့ဖြင့် ကာရံ သည်ကိုပြု၍ အထက်၌ ပုဆိုးဗိတာန်ဘွဲ့ကြက်စေ၍ ရွှေကြယ်– ငွေကြယ် အစရှိသည်တို့ဖြင့်စီ၍ နံ့သာဆိုင်း၊ ပန်းဆိုင်း၊ရတနာ ဆိုင်းတို့ကိုဆွဲ၍ ပတ္တမြားရိုးနှင့်တူကုန်သော ဝါးရိုးတို့ဖြင့် ငါးပါး သော အဆင်းရှိသော တံခွန်တို့ကို အစဉ်အားဖြင့်စိုက်၍ ယက် ဝန်းကျင်မှ ရတနာဖြင့်ပြီးသော ကုဋ္ဌားတို့ကိုရံစေ၍ ကောင်းစွာ ညီညွတ်သော အပြင်ရှိသော ခရီး၌တို့ ငှက်ပျောပင် အစဉ်တို့ကို ၎င်း၊ ရေပြည့်သော ကြာသွတ်မြူတောတို့ကို၎င်း၊ စိုက်ထား စေ၍ အရိုးတတ်သောဆီမီးတိုင်တို့ကိုညီထွန်းစေပြီးလျှင် တန်ဆာ ဆင်သော ဆင်၏ကျောက်ကုန်းအထက်၌ ခတ်တော်နှင့်တကွ ဖြစ်သော ရွှေဖျဉ်းကိုတင်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက် ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့နှင့်တကွ မြို့တွင်းသို့ ကဆုန် လပြည့်ကျော် (၁၂)ရက်နေ့ ညဥ့်အခါ၌သွင်း၍ မင်းကွန်းဇရပ် ရတနာပလ္လင်ထက်၌ ထားပြီးမှ အသက်၌ ရတနာဖြင့်ပြီးသော သီးဖြူကိုဆောင်း၍ ထားကုန်၏။

ထိုရောအခါ မလ္လာမင်းဘို့အား ဤသို့သော အကြံသည် ဖြစ်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ပရိနိဗ္ဗာနသုတ္တာဟဥ္စ၎င်း၊ မဟာဥ္ဌဒနန္ဒန– ထင်းပုံထက်၌ တင်ပြီးသော် စိတကသုတ္တာဟဥ္စ၎င်း၊ ငါတို့သည် ရဟန်းသံဃာတော်တို့၏ နေရာဆိုင်ခင်း ဘို့ကို၎င်း၊

ခဲဘွယ်ဘောဇဉ်တို့ကိုရင်း၊ လုပ်ဆောင်စီရင်ရကုန်သည် ဖြစ်၍ ကောင်းချီးပေးသဖြင့် ကစားခြင်းကို မပြုရကုန်သေး၊ ဤမင်းကွန်းစရပ်၌ မြတ်စွာဘုရား၏ ခါတ်တော်တို့ကို ပူဇော်သက္ကာရပြုကုန်လျက် ခုနစ်ရက်ပတ်လုံး ကောင်းချီးပေးသော ကစားခြင်းကို ကစားကုန်အံ့ ဟု ကြံကုန်ပြီး၍ ဤသို့င ါတို့ ကစားသောအခါ၌ င ါတို့၏မေ့လျော့ပျော်လွန်သော အဖြစ်ကိုသိ၍ တစုံတယောက်သောသူသည် အကြင်ကြောင့် ခါတ်တော်တို့ကို ယူရာ၏၊ ထို့ကြောင့် အစောင့်အရှောက်တို့ကို လုံခြုံစွာ ထားကုန်အံ့ဟု ကြံကုန်ပြီးလျှင် ခါတ်တော် ကိန်းဝပ်သော မင်းကွန်းစရပ်ကို ရှေးဦးစွာ ဆင်များကို ဦးကင်းခြင်းထိစေလျက် ရံစေကုန်၏။

ထိုနောက် မြင်းတို့ကို လည်ဖြင့် လည်ကိုခတ်မိစေလျက် ရံစေကုန်၏၊ ထိုနောင်မှ သူရဲတို့ (လက်နက်ကိုင်ဆောင်)ကို လက်မောင်းဖြင့် လက်မောင်းထိစေလျက် ရံစေကုန်၏၊ ထိုသူရဲတို့အဆုံး၌ လေးတခုအစွန်းဖြင့် လေးတခုအစွန်းကို ခတ်မိစေလျက် လေးသမားများကို ရံစေကုန်၏၊ ဤသို့လျှင် ထက်ဝန်းကျင်မှ တယူဇနာရှိသောအရပ်ကို ခုနစ်ရက်ပတ်လုံး အစောင့်အရှောက်များကို လုံခြုံစွာပြု၍ မလ္လာမင်းတို့သည်သာ ဧကီဠနှ ဟုဆိုအပ်သော ကောင်းချီးပေးသော ကစားခြင်းကို ကစားကုန်၏။

## (၁) အဇာတသတ်မင်း ယူးကြုံမရ ကြေကွဲတသခြင်း။

ထိုရောအခါ ရာဇဂြိုလ်ပြည်၌ အဇာတသတ်မင်း၏ အမတ်တို့သည် မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်

မူအပ်ပြီဟု ကြားသောအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တဘာန့်ဆောင်ပြန်အံ့သောငှာ မတတ်နိုင်ပြီ၊ ပုထုဇဉ်၌ဖြစ်သော သဒ္ဓါခြင်းဖြင့်ကား ငါတို့မင်းနှင့်တူသောသူ မည်သည်မရှိ၊ အကယ်၍ ငါတို့သခင်မင်းကြီးသည် ဤသို့သော အမှတ်ဖြင့်ကြားငြားအံ့၊ ထိုမင်းကြီး၏ နှလုံးသည်ကွဲလတ္တံ့၊ ငါတို့မင်းကိုငါတို့သည် စောင့်အပ်၏ ဟုကြံလျက်– ထိုအမတ်တို့သည် သုံးခုကုန်သော ရွှေဖြစ်ပြီးသော ကျင်းတို့ကို ဆောင်စေ၍၊ နို့ရည်၊ ထောပတ်၊ ပျား၊ သကာဟူသော စတုမဓုဖြင့် ပြည့်စေပြီးမှ မင်းကြီး၏ အထံသို့သွား၍ ဇရိယာယ်ဖြင့် ဤသို့ လျှောက်ကုန်၏။

“အရှင်မင်းကြီး....အကျွန်ုပ်တို့သည် အိပ်မက်ငယ် တခုကို မြင်မက်၏၊ ထိုအိပ်မက်ကို ဖျောက်ပယ်ခြင်းငှာ အရှင်မင်းကြီးသည် ဘွဲ့ပြုပုဆိုးနှစ်ထည်ကို ရစ်ပတ်ကုန်လျက် နှာခေါင်းမျှပေါ်ရုံ ဦးခေါင်းကို ဖေါ်၍ စတုမဓုကျင်း၌ အိပ်အံ့သောငှာ အပ်၏” ဟုသတည်း။

အဇာတသတ်မင်းသည် အကျိုးစီးပွားကို ပြုလေ့ရှိကုန်သောအမတ်တို့၏ စကားကိုကြား၍–

“သင်တို့ဆိုတိုင်း ဖြစ်စေတော့” ဟု ဝန်ခံလျှင်ဆိုတိုင်းပြု၏။

ထိုရောအခါ တယောက်သောအမတ်သည် ဆင်သောတန်ဆာကိုချွတ်ပြီးမှ ဆံပင်တို့ကို ဖရိုဖရဲကြဲ၍ အကြွင်းအရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုအရပ်သို့ ရှေ့ရှု လက်အုပ်ချီလျက် မင်းကြီးကို ဤသို့လျှောက်၏။

"အရှင်မင်းကြီး....ခပ်သိမ်းသော သတ္တဝါတို့ မည်သည် သေခြင်းမှ လွတ်နိုင်သော မည်သည်မရှိ၊ လောကသုံးပါးတို့၏ ဆရာဖြစ်တော်မူသော အရှင်မင်းကြီးတို့၏ အသက်တော်ကို ပွားစေတတ်သော ကိုးကွယ်အပ်သော ဆရာဖြစ်သော ကောင်းမှု ဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်း သဘွယ်ဖြစ် သော အမြိုက်နိဗ္ဗာန်တည်းဟူသော အဘိသိက်ဖြင့် သွန်းတတ် သော သႀကိဝင်မင်းမျိုးဖြစ်တော်မူသော၊ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူချေပြီ"ဟူသတည်း

ထိုစကားကိုကြားလျှင် မင်းကြီးသည် စတုမဓုကျင်း၌ ပူသော အငွေ့ကိုလွတ်လျှင် စိတ်မရှိသကဲ့သို့ဖြစ်၍ သေငယ်သေ ၏၊ ထိုအခါမင်းကြီးကိုပွေ့၍ နှစ်ခုမြောက်သော ကျင်း၌ အိပ်စေ ကုန်၏၊ မင်းကြီးသည် သတိပြန်ရ၍–

"ချစ်သားတို့....အဘယ်သို့ဆိုကုန်သနည်း"ဟု မေး၏။

"မြတ်သော မင်းကြီး၏ ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူချေပြီ"ဟု လျှောက်လျှင် တဖန် မင်းကြီးသည် စိတ်မရှိသကဲ့သို့ဖြစ်၍ စတုမဓုကျင်း၌ အငွေ့ကိုလွှတ်၏။

ထိုအခါ မင်းကြီးကို အမတ်တို့သည် ပွေ့ချီ၍ သုံးခု မြောက်သော စတုမဓုကျင်း၌ အိပ်စေကုန်၏။

မင်းကြီးသည် တဖန် သတိရလာပြန်၍ "အမတ်တို့.... သင်တို့ အဘယ်သို့ဆိုကုန်သနည်း"ဟု မေးပြန်၏။

"မြတ်သောမင်းကြီး ဆရာဘုရားသည် ပရိဗိုဗ္ဗာန်စံယူ တော်မူချေပြီ"ဟု လျှောက်၏။

အဇာတသတ်မင်းကြီးသည်၊ ထပ်မံ၍သတိလစ်ခါ သေ

ငယ်သေး၍ စတုမဓုကျင်း၌ အငွေ့ လွှတ်၏၊ ထိုရောအခါ၊ ထို ကျင်းမှ မင်းကြီးကို ပွေ့ချီ၍ ရေချိုးကုန်၏၊ ထိပ်ထက်၌ အိုး တို့ဖြင့် ရေသွန်းကုန်၍ မင်းကြီးသည်သတိရ၍ နေရာမှ ထပြီးလျှင် နှင်းဆီ၊ နံ့သာ၊ ကရမက် အကျော်တို့ဖြင့် ထုံအပ်သော ပတ္တမြား ညိုအဆင်းနှင့်တူသော ဆံတို့ကို ရွှေဖျဉ်းနှင့်တူသော ကျော၌ ဖရိုဖရဲကြဲ၍ လက်တို့ဖြင့် ရင်ကိုခတ်ခါ သန္တာညွန့်နှင့် တူသော အဆင်းရှိကုန်သော ကောင်းစွာလုံးသော လက်ချောင်းတို့ဖြင့် ရင်ကို ကောင်းစွာချုပ်သကဲ့သို့ ကိုင်၍ ပြင်းစွာ ငိုမြည်တမ်းလျက် သူရူး၏ အသွင်ဖြင့် ခရီးမသိုသက်၍ တန်ဆာဆင်အပ်သော ကချေသည် အပေါင်းတို့ဖြင့် ခြံရံလျက် မြို့ထွက်၍ ဇီဝက သရက်ဥယျာဉ်တော်သို့ သွားပြီးလျှင် အကြွင်း အရပ်၌ ထိုင်၍ မြတ်စွာဘုရားသည် တရားဟောတော်မူခဲ့၏။

ထိုအရပ်ကိုကြည့်၍ "ခပ်သိမ်းသော တရားတို့ကို သိတော် မူသော ရှင်ပင်ဘုရား....ရှင်ပင်ဘုရားတို့သည် ဤအရပ်၌ ထိုင် နေတော်မူ၍ အကျွန်ုပ်အား တရားဟောတော်မူကုန်သည် မဟုတ် တုံလော၊ အကျွန်ုပ်အား စိုးရိမ်ခြင်းဟူသော ငြောင့်ကို ခွာ ဖျောက်တော်မူသည် မဟုတ်တုံလော၊ ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်အား စိုးရိမ်သောက ဟူသော ငြောင့်ကို နုတ် တော်မူကုန်သည် မဟုတ်တုံလော၊ အကျွန်ုပ်သည် ရှင်ပင်ဘုရား တို့အား ကိုးကွယ်ခြင်းသို့ ရောက်ပါပြီ၊ ယခုအခါ၊ မြတ်စွာ ဘုရားသည် စကားတို့ကိုမျှ အကျွန်ုပ်အား မပေးပါကုန်"ဟု အန်တလဲလဲ ငိုကြွေး၍—။

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား... ဘပါးသော

အခါ၌ ဤသို့ သဘောရှိသော ကာလ၌ ရှင်ပင်ဘုရားတို့သည် များစွာသောသံဃာအပေါင်းတို့ဖြင့် ခြံရံလျက် ဇမ္ဗူဒီပါကျွန်း အပြင်၌ ဒေသစာရီကြွတော်မူကုန်၏ဟု ကြားပါသည်၊ ယခု အခါ၌မူကား၊ ရှင်ပင်ဘုရားတို့အား မလျှောက် ပတ်သော သတင်းစကားကို အကျွန်ုပ်ကြားဘိ၏”။

ဤသို့သော စကားတို့ကိုဆို၍ ခြောက်ဆယ်မျှလောက် ကုန်သော ဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးတို့ကို အောက်မေ့ တမ်းတ ငိုကြွေး၍ ဤသို့ တဖန်ကြဲပြန်၏။

## (၂) ခတ်တော်ယူရန် စစ်ချီတက်ကြခြင်း။

ငါအား....ဘုရားမြတ်ကိုတ၍ မြည်တမ်း ငိုကြွေးကာဖြင့် အမှုသည်မပြီးသေး၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဆောင် စေဦးအံ့ဟု ကြံပြီး၍ အဇာတသတ်မင်းသည် ကုသိနာရုံပြည်၌ နေကုန်သော မင်းတို့အား မှာလိုက်သည်ကား—။

“အို.... မလ္လာမင်းတို့.... မြတ်စွာဘုရားသည် သာကီဝင် မင်းတည်း၊ ငါသည်လည်း မင်းတည်း၊ ငါသည်လည်း မြတ်စွာ ဘုရား၏ဓာတ်တော်တို့ကို အဘို့ရထိုက်၏၊ ငါသည်လည်း မြတ်စွာ ဘုရား၏ ဓာတ်တော်ကို စေတီတည်ခြင်းကိုပြုအံ့၊ ပူဇော်ခြင်းကို ပြုအံ့” ဟူ၍ကမ္ပည်းမှာ စာကိုလည်းပေးလိုက်၏။တမန်လည်း စေ လိုက်၍ တမန်စေပြီး၍လည်း တဖန်အကယ်၍အဘို့ကို ငါတို့အား ပေးကုန်မူကောင်း၏၊ မပေးကုန်မူကား လုယူဆောင်အံ့သော အကြောင်းဖြင့် ဆောင်ယူအံ့ဟု ကြံ၍ စစ်အင်္ဂါလေးပါး စီစဉ် လျက် မင်းကြီးသည် ကိုယ်တိုင်ပင်လည်း စစ်ထွက်သွား၏။

ထိုအခါ အဇာတသတ် မင်းကဲ့သို့ရင်း၊ ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူလေပြီဟု ကြားကုန်၍-။

"မလ္လာမင်းတို့...မြတ်စွာဘုရား သည်လည်း မင်းတည်း၊ ငါတို့သည်လည်း မင်းတည်း၊ မြတ်စွာဘုရား၏ ဓာတ်တော် အဘို့ကို ငါတို့သည်လည်း ထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့၊ ပူဇော်ကုန်အံ့ဟု မှာစာကမ္ပည်း ပေးလိုက်၏၊ တမန်စေလိုက်၏၊ ထိုသို့ တမန် မှာစာစေ၍ ပေးသော်ကောင်း၏၊ မပေးသော်ရအောင် ယူကုန်အံ့"ဟု လိစ္ဆဝီမင်းတို့ကိုယ်တိုင်ပင် စစ်အင်္ဂါ လေးပါးဆင်၍ ထွက်၏။

ကပိလဝတ်ပြည်၌ နေသော သကျဝင်မင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုလေပြီဟု ကြားလေကုန်၍

"မလ္လာမင်းတို့....မြတ်စွာဘုရားသည် ငါတို့၏ အဆွေမြတ်တည်း၊ ငါတို့လည်း ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့၊ ပူဇော်ကုန်အံ့"ဟု မှာစာပေးလိုက်၏။

တမန်စေလိုက်၏၊ မှာစာ တမန် စေသည်နှင့် ရသော် ကောင်း၏၊ မရသော် ရအောင်ယူအံ့ဟု မိမိကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးဆင်၍ ထွက်၏။

ဤကဲ့သို့ အလ္လကပ္ပတိုင်း၊ ဗုလော မင်းတို့သည်ရင်း၊ ရာမဂ္ဂါ၌ နေကုန်သော ကောဠိယမင်းတို့သည်ရင်း၊ ဝေဌဒီပက တိုင်းမှ ပုဏ္ဏားတို့သည်ရင်း၊ ပါဝါပြည်၌ နေသော မလ္လာမင်း

တို့သည်ရင်း၊ ကုသိနာရုံပြည်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် လွန်တော်မူလေပြီ ကြားကုန်၍ အဇာတသတ်စသော မင်းတို့ သည် စေကုန်သကဲ့သို့ စေကုန်၍ မိမိတို့ကိုယ်တိုင်ပင်လည်း စစ် အင်္ဂါလေးပါးစီရင်၍ ချီလာကုန်၏။ ကုသိနာရုံပြည်ကို ဝန်းရံ တပ်ချ၍ နေကြကုန်၏။

ဤသို့ ထိုခုနစ်ပြည်ထောင်သော မင်းတို့သည် ကုသိနာရုံပြည်ကို ဝန်းရံကုန်လျက်–

"ဓာတ်တော်တို့ကိုမူလည်း ငါတို့အားပေးကုန်အံ့လော၊ စစ်မူလည်း ထိုးကုန်အံ့လော" ဟု သံစေကုန်သော် ကုသိနာရုံမြို့နေ မလ္လာမင်းတို့သည်၊ ဤသို့ တုန့်ပြန်ကုန်၏။

"ငါတို့သည် ပရိနိဗ္ဗာန်စံတော်မူခါနီးဖြစ်သော မြတ်စွာ ဘုရားအား အကျွန်ုပ်တို့မြို့သို့ ကြွတော်မူပါဟူ၍ သတင်းစကား မစေကုန်၊ ငါတို့ကိုယ်တိုင်သွား၍ မကျန်းမမာသော မြတ်စွာ ဘုရားကို မဆောင်ကုန်၊ မြတ်စွာဘုရား ကိုယ်တော်သည်ပင် အလိုလို ကြွတော်မူလာပြီးလျှင် အရှင်အာနန္ဒာကို စေတော်မူ၍ ငါတို့ကို ခေါ်တော်မူစေသည်၊ စင်စစ်အားဖြင့် သင်တို့၏ မြို့ရွာ ခေတ်၌ အကြွင်း ရတနာသည် ဖြစ်၏၊ ထိုရတနာကို ငါတို့အား သင်တို့သည် မပေးကုန်ရာ၊ နတ်နှင့်တကွသော လောက၌ ဘုရား ရတနာနှင့်တူသော ရတနာ မည်သည်လည်းမရှိ ထိုသို့သဘော ရှိသော မြတ်သော ရတနာကို ရကုန်၍ ငါတို့သည် သင်တို့အား မပေးကုန်အံ့။

စင်စစ်သော်ကား သင်တို့သည်သာလျှင် အမိသားမြတ်မှ

နို့ရည်ကို သောက်ရသည်မဟုတ်၊ ငါတို့သည်လည်း အမိ သားမြတ်မှ နို့ရည်ကို သောက်ရကုန်၏။

သင်တို့သည်သာလျှင် ယောကျ်ားမဟုတ်ကုန်၊ ငါတို့ သည်လည်း ယောကျ်ားဖြစ်ကုန်၏၊ အမိနို့ရည်ကို သောက် သော ယောကျ်ားခြင်းကို ဖြစ်လိုရာဖြစ်စေတော့” ဟု အချင်း ချင်း “ငါ ငါ” ဟူသော စကားကိုဆို၍ သတင်းစကား အလှည့်လှည့် အတုံ့ပေး၍ မာန်ဖြင့် ကြိမ်းဝါးကုန်၏။

(စစ်ထိုးကြသည် ဖြစ်မူကား ဓာတ်တော်ကို အစောင့် အရှောက်အဖြစ် ရောက်ရှိနေကြသော နတ်တို့သည် ကုသိနာရုံ မင်းတို့၏ အသင်းအပင်း ဖြစ်နေပြီဖြစ်၏ နတ်တို့သည်လျှင်ပင် ထွက်၍ ထိုခုနစ်ပြည်ထောင် စစ်သည်တို့ကို တိုက်ဖျက်အံ့၍၊ ကုသိနာရုံမင်းတို့အားသာလျှင် အောင်မြင်ခြင်းသည် ဖြစ်ပေ ရာ၏။)

## (၃) ဒေါဏပုဏ္ဏား ဓာတ်တော် ဝေခြင်း။

ဤခုနစ်ပြည်ထောင်မင်းတို့သည် စစ်ပြု၍ လုယူအံ့ကြံ ကုန်၍ ကုသိနာရုံ မင်းတို့နှင့် ပေးရမည် မပေးဘူး ဆိုဖန်များ သဖြင့် စကားအငြင်းအခုံကြီး၍ စစ်ဖြစ်ကြခါနီး ကာလ၌ သာကီဝင်စစ်သည်တို့၏ အတွင်း၌ပါသော ကပိလဝတ်ပြည်၏ အနောက် မဝေးလွန်းသော အရပ်၌ရှိသော ဒုဏ္ဏဝတ္ထု ပုဏ္ဏား ရွာ၌ ဒိသာပါမောက္ခဖြစ်သော ဒေါဏပုဏ္ဏားသည် ထိုခုနစ်ပြည်

ထောင်မင်းတို့၏ ငြင်းခုံခြင်းကို ကြား၍ ဤမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ၌ ငြင်းခုံခြင်းကို ပြုကုန်၏။

ဤသို့ပြုခြင်းသည် မလျောက်ပတ်ကုန်၊ ထိုမင်းတို့၏ ငြင်းခုံခြင်းခိုက်ရန်ကို ငါသည် ငြိမ်းစေအံ့ဟုကြံ၍ တခုသော ကုန်းမြင့်ရာအထက်၌ရပ်၍ နှစ်ဘာဏဝါရ(ဂါထာပုဒ်ရေ ၂၀၀) အတိုင်းရှည်သော "ဒေါဏဂဇ္ဇိတ" အမည်ရှိသော ဂါထာ အပေါင်းတို့ဖြင့် ဟစ်၍ ဆို၏။

ထိုဂါထာအပေါင်းတို့တွင် ပထမဘာဏဝါရ ဂါထာ အပေါင်း၌ တပုဒ်တပါဒမျှကို ထိုသူအလုံးစုံတို့သည် မကြားမသိ ကုန်သေး၊ ဒုတိယဘာဏဝါရအဆုံး၌ အသံကိုမျှ ကြားကုန်၍ "အချင်းတို့... ဆရာ၏ အသံ ကဲ့သို့တကား" ဟု ဆိုကုန်၍ အလုံးစုံသော သူတို့သည် အသံဆိတ်သည် ဖြစ်ကုန်၏။

(ဇမ္ဗူဒီပါကျွန်း၌ အမျိုး၏ အိမ်၌ဖြစ်သော သူသည် များသောအားဖြင့် ထိုဒေါဏပုဏ္ဏား၏ တပည့်များသာ ဖြစ်သတည်း)။

မိမိအသံကို ကြားကုန်၍ ထိုအလုံးစုံသော သူတို့သည် ဆိတ်ဆိတ်နေသောအဖြစ်ကို ဒေါဏပုဏ္ဏား သိသဖြင့် "သုဏန္တု ဘောန္တော" အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပါယ်ကား... "အို... ရှစ်ပြည်ထောင်သော မင်းများအပေါင်းတို့... ငါ၏စကားကို သင်တို့သည် နာကုန်လော့၊ ငါတို့၏ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ မရောက်မီ ပါရမီ သုံးဆယ်တို့ကို ဖြည့်တော်မူသည် ရှိသော်၊ ခန္တီဝါဒီရသေ့၊ ဓမ္မပါလ မင်းသား၊ ဆဒ္ဒန်ဆင်မင်း၊ ဘူရိဒတ် နဂါးမင်း၊

စမ္ပေယျနဂါးမင်း၊ သင်္ခပါလ နဂါးမင်း၊ ကပိရာဇာမျောက်မင်း ဖြစ်တော်မူသော အခါတို့၌ရင်း၊ ထိုမှတပါးသော ဇာတ်တို့၌ရင်း၊ သူတပါးတို့၌ အမျက်ထွက်ခြင်းကို မပြုမူ၍ သီးခံခြင်းကိုသာ ပြုတော်မူပြီး၊ သည်းခံခြင်းကိုသာ ချီးမွမ်းတော်မူပြီး၊ ယခုအခါ ကောင်းသောအာရုံ မကောင်းသောအာရုံ၌ သည်းခံခြင်းသို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ခပ်သိမ်းသောအရာတို့၌လည်း ငါတို့အား သီးခံခြင်းကိုသာ ဆိုတော်မူသည်ဖြစ်၏။

မြတ်သောပုဂ္ဂိုလ်၏ ဓာတ်တော်ကို ခွဲဝေလိုခြင်းဟူသော အကြောင်းကြောင့် ဓား လက်နက်တို့ဖြင့် ထိုးခုတ်၍ လုယက်ခြင်းသည် မကောင်းသော အပါယ်လားအံ့သော အကြောင်းတည်း။

အလုံးစုံသော အရှင်တို့သည် သီးခံပါကုန်လော့၊ မကွဲပြားကုန်လင့်၊ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ အညီအညွတ်သာ ဖြစ်ကြပါကုန်လော့၊ ငါ၏စကားတခွန်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာသည် ဖြစ်ပါကုန်၊ မျက်စိအမြင် ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်ကို အညီအမျှ ရှစ်စုရှစ်ပုံ ခွဲဝေ၍ သင်တို့အား ပေးပါအံ့။

စင်စစ်ကား မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို သင်တို့သာ ကြည်ညိုကုန်သည်မဟုတ်၊ အလုံးစုံသောသူ အပေါင်းတို့သည်ပင် ကြည်ညို၏။

ထိုအလုံးစုံသော သူတို့တွင် တယောက်သော သူသည်မျှ

မရသင့်သောသူ မည်သည် မရှိ၊ ဟု များစွာသော အကြောင်းတို့ကို ဆို၍ ထိုလူအပေါင်းကို မှတ်သိစေ၏။

ထိုအခါ ရှစ်ပြည်ထောင်သော မင်းတို့က ဒေါဏပုဏ္ဏား "ကောင်းပါပြီဆရာ.... ဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ ခွဲဝေပါတော့" ဟု စကားတုံ့ပြန်ပြီးသော် ဓာတ်တော် ထားသော ရွှေကျင်းကို ဖွင့်စေ၏။

ရှစ်ပြည်ထောင်မင်းတို့သည် လာကုန်၍ ရွှေကျင်းကို ရုံပြီးလျှင် နေကုန်ရာ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်တို့ကို မြင်ကုန်လျှင်....

'ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... အကျွန်ုပ်တို့သည် ရှေးအခါ၌ ရှင်ပင်ဘုရား၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် စီချယ်အပ်သော ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တောက်ပတင့်တယ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို မြင်ပါရကုန်၏၊ ယခုအခါမူကား ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်သည်သာလျှင် ကြွင်းခဲ့ပြီတကား.... ရှင်ပင်ဘုရား....၊ ဤသို့ဖြစ်ခြင်းသည် မသင့်ပါတကား" ဟု မြည်တမ်း၍ ငိုကြကုန်၏။

ဤသို့တပြီးကာထိုဒေါဏပုဏ္ဏားသည် ထိုရှစ်ပြည်ထောင်မင်းတို့၏ မေ့လျော့သော အဖြစ်ကိုသိ၍၊ လကျ်ာစွယ်တော်ကို ယူ၍ မိမိ၏ ဦးရစ်ကြား၌ ထား၏။ ထိုသို့ ထားပြီးနောက်မှ ရှစ်စုရှစ်ပုံခွဲဝေ၏၊ ထိုအလုံးစုံသော ဓာတ်တော်တို့သည် ပကတိ

ပြည်ဖြင့် တဆယ့်ခြောက်ပြည်တို့သည် ဖြစ်ကုန်၏။ တပြည် တပြည်၌ နေသောမင်းတို့သည် နှစ်ပြည်နှစ်ပြည်သော ဓာတ်တော်တို့ကိုရကုန်၏။ ထိုဒေါဏပုဏ္ဏားဓာတ်တော်တို့ကို ခွဲဝေစဉ်လျှင် သိကြားမင်းသည် နတ်နှင့်တကွသော လူ၏ ယုံမှား သင်္ကာကို ဖြတ်ခြင်းငှာ သစ္စာလေးပါးကို ဟောတော်မူခြင်း၏ အကြောင်း ဖြစ်သော လကျာ စွယ်တော်ကို အဘယ်သူသည် ယူလေသနည်းဟု ကြည့်သော် ဒေါဏပုဏ္ဏားသည် စွယ်တော်အား လျှောက်ပတ်သော ပူဇော်သက္ကာရကို ပြုခြင်းငှာ မတတ်နိုင်လတ္တံ့။ ထို စွယ်တော်ကို ငါယူအံ့ဟု ကြံ၍ ဦးရစ်ကြားမှ ယူပြီးလျှင် ရွှေပန်းတောင်း၌ ထား၍ နတ်ပြည်သို့ဆောင်ကာ စူဠာမဏိစေတီတော်၌ ဌာပနာလေ၏။

ဒေါဏပုဏ္ဏားသည် ဓာတ်တော်ခွဲဝေပြီး၍ ဦးရစ်ကြား၌ စွယ်တော်ကို မတွေ့သော် ခိုးသောအားဖြင့် ယူသောကြောင့် အဘယ်သူသည် ငါ၏ စွယ်တော်ကိုယူသနည်းဟု မေးအံ့သောငှာ မတတ်နိုင်၊ ငါ့အား အဘို့လိုသေး၏ ဆိုလျှင်လည်း သင်သည်ပင် ဓာတ်တော်တို့ကိုခွဲဝေအပ်သည်မဟုတ်တော့လော၊ အဘယ်ကြောင့် သင်သည် ရှေးဦးစွာ သင့်အား ဓာတ်တော်၏ အပ်နိုင်သော အဖြစ်ကို မြင်၍ ငါ့အားအဘို့ပေးပါကုန်ဦးဟူ၍လည်းဆိုခြင်းငှာ မတတ်နိုင်ပြီ ထိုနောင်မှ ဤဓာတ်တော်တို့ အကြင်ခွက်ဖြင့်ချင့်၏။

ဤရွှေအိုးသည်လည်း ဓာတ်တော်နှင့် အလားတူ၏၊ ဤဓာတ်တော်ချင့်သော တပြည်ဝင် ရွှေကုမ္ဘာအိုးကို စေတီတည်အံ့ဟု ကြံပြီး၍ -

”အို–မင်းများတို့….ဤခေတ်တော်ချင့်သော ရွှေမှုအိုးကို ငါ့အား ပေးကုန်လော့၊” ဟုဆို၏။

“ဆရာပုဏ္ဏားး….ဤ ခေတ်တော်ချင့်သော ရွှေမြူတာသည် သင့်အားဖြစ်စေတော့ဟု” ပေးလေကုန်၏။

ပိတ်ချင်းတောမှငင်း၊လက်ပံတောမှငင်း၊မောရိယမင်းတို့သည်လည်း ကုသိနာရုံပြည်၌မြတ်စွာဘုရားသရိနိဗ္ဗာန်ပြုပြီဟုကြား၍ အဇာတသတ်အစရှိသော မင်းတို့ကဲ့သို့တမန်စေပြီးလျှင် စစ်မင်ဆင်ကာလာကုန်၍ ခေတ်တော်အသို့ကို တောင်းကုန်သော်လည်း ခေတ်တော်ဝေပြီးမှ ရောက်ကုန်သောကြောင့် မြတ်စွာဘုရားကိုယ်တော်ကို ဖုတ်ကြဉ်းသော မီးသွေးကိုသာ ပေးရကုန်၏။

## (၄) မြတ်စွာဘုရား၏ သာရီရိက စေတီ ဆယ်ဆူ ပါရိဘောဂိကစေတီတို့ကိုပြခြင်း။

ထိုသို့ ခေတ်တော်တို့ကို ဝေပြီးသော် လိစ္ဆဝီမင်း အစရှိကုန်သော ကုသိနာရုံ မင်းတို့နှင့် တကွ နှစ်ပြည်ထောင်သော မင်းတို့သည် မိမိတို့အရပ်၌ မိမိတို့အားနှင့် လျော်စွာ ခေတ်တော်တို့ကို စေတီတည်၍ ကိုးကွယ်လေကုန်၏။

ဒေါဏပုဏ္ဏားသည်လည်း ဒုဏ္ဏဝတ္တုပုဏ္ဏား ရွာ၌ ခေတ်တော်ချင့်သော ရွှေမြူတာ အိုးကိုစေတီတည်၍ ကိုးကွယ်လေ၏။

မောရိယပြည်သားမင်းတို့သည်လည်း၊ မီးသွေးကို စေတီတည်၍ ကိုးကွယ်ကုန်၏။ အဇာတသတ်မင်းသည် ကုသိနာရုံမှ ရာဇဂြိုလ်ပြည်တိုင် နှစ်ဆယ့်ငါး ယူဇနာသော ခရီးအကြား၌

ရှစ်ဥသဘအပြန့်ရှိသော ညီညွတ်စွာသော ခရီးကိုပွဲစေ၍ မလ္လာမင်းတို့သည် မြတ်စွာဘုရားအား သင်္ဂြိုဟ်ရာ မကုဋဗန္ဓနစေတီမှ မြို့လယ်မင်းကွန်းတိုင်ရုံ ခရီးအကြားဌ် အကြင်သို့ သဘောရှိသော ပူဇော်ခြင်းကိုပြု၏။

ထိုသို့သဘောရှိသော ပူဇော်ခြင်းကို နှစ်ဆယ့်ငါးယူဇနာရှိသော ခရီး၌ အဇာတသတ်မင်းသည်ပြု၏။ လူအပေါင်းကို မဆန့်ကျင်စေခြင်းငှာ ခပ်သိမ်းသောအရပ်၌ အိမ်ဈေးတို့ကို ကျင်းပစေ၏၊ ရွှေကျင်း၌ ထားအပ်သော ဓာတ်တော်တို့ကို လှံချိုင့်ဖြင့် ရံစေ၍ ယူဇနာငါးရာ အဝန်းရှိသော မိမိနိုင်ငံ၌ လူတို့ကို စည်းဝေးစေ၏။

ထိုအဇာတသတ်မင်းစသော ရာဇဂြိုလ်ပြည်သားတို့သည် ဓာတ်တော်တို့ကိုယူ၍ကောင်းချီးပေးသဖြင့်ကစားခြင်းကို ကစားကုန်လျက် ကုသိနာရုံပြည်မှ ထွက်ကုန်၏။

အကြင် အရပ်၌ ရွှေအစင်းနှင့် တူသော ပန်းတို့ကို မြင်ကုန်၏၊ ထိုထိုသော အရပ်၌ ဓာတ်တော်တို့ကို လှံချိုင့်အတွင်း၌ ထား၍ ပူဇော်ကုန်၏။

ထိုပန်းတို့ ကုန်သောအခါ၌ သွားကုန်၏၊ လှည်းဦးချရာသို့ နောက် ညောင်းဖျားရောက်သောအခါ၌ လှည်းရထားကို ချွတ်၍ ခုနစ်ရက်ပတ်လုံး ကောင်းသော ကစားခြင်းကို ကစားကုန်၏။

ဤသို့ ဓာတ်တော်တို့ကို ယူ၍သွားကုန်သော ထိုပြည်သားတို့အား ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တို့သည် လွန်ကုန်သောဟူ၏။

မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့သည် ရဟန်းဂေါတမ ပရိနိဗ္ဗာန် ပြုသောအခါမှစ၍ အနိုင့်အထက် လုယက်ကုန်လျက်၊ ကောင်းချီး ကစားခြင်းဖြင့် နှိပ်စက်အပ်ကုန်ပြီး လူအပေါင်းတို့သည်၊ အမှုအလုပ်အဆောင် ပျက်စီးကုန်၏ ဟု ကဲ့ရဲ့ကာ စိတ်က ပစ်မှားကုန်၍ ရှစ်သောင်းခြောက်ထောင်သော မိစ္ဆာဒိဋ္ဌိတို့သည် အပါယ်သို့လားလေကုန်၏။

ထိုရောအခါ ရဟန္တာတို့သည် ဆင်ခြင်ကုန်၍ စိတ်က ပြစ်မှားကုန်သော လူများအပေါင်းသည် အပါယ်၌ ဖြစ်ခဲ့ပြီဟု မြင်ကုန်၍ သိကြားမင်းအား ခါတ်တော်တို့ကို လျင်စွာဆောင်အံ့သောအကြောင်းကို ပြုစေအံ့ဟု သိကြားမင်း၏ အထံသို့သွားရ၍ ထိုအကြောင်း အလုံးစုံကိုကြားခါ။

"သိကြားမင်းကြီး .. ခါတ်တော်တို့ကို လျင်စွာ ဆောင်အံ့သောအကြောင်းကို သင်နတ်မင်း ပြုပါလော့ ဟူ၍ ဆိုကုန်၏။

သိကြားမင်းသည်။

"အရှင်ဘုရားတို့.... ပထုဇဉ်မည်သည်ကား အဇာတသတ်မင်းနှင့်တူသော သဒ္ဓါခြင်းရှိသော သူမည်သည်မရှိ၊ ထိုအဇာတသတ်မင်းသည် အကျွန်ုပ်၏ စကားကို မလိုက်နာလတ္တံ့၊ စင်စစ်သော်ကား- ကြောက်မက်ဘွယ်သောအရုပ်ကို ပြရလတ္တံ့၊ ကြောက်မက်ဘွယ်ရှိသော အသံကို ကြားစေရလတ္တံ့၊ ဘီလူးဘမ်းခြင်းကို၊ ချေဆတ်စေခြင်းကို၊ အောအန်စေခြင်းကို ပြုရလတ္တံ့"

"ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီး မြတ်သောမင်းကြီးသင်မင်းကြီးတို့သည်ခါတ်တော်တို့ကိုလျင်စွာဆောင်စေကုန်လော့

ဟူ၍ အရှင်ဘုရားတို့သည် မိန့်တော်မူလေ၏၊ ဤသို့ မိန့်တော်မူကုန်သော် ထိုမင်းသည် လျင်စွာဆောင်လတ္တံ့ ဟု မှာဆိုလိုက်၍ သိကြားမင်းသည် ထိုအလုံးစုံကို ပြု၏။

မထေရ်တို့သည် မင်းသို့ကပ်၍။

ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ ဓာတ်တော် တို့ကို လျင်စွာဆောင်စေလော့" ဟု ဆိုကုန်သော် မင်းကြီးသည် ဤသို့ ဆို၏။

"အရှင်ဘုရားတို့.... အကျွန်ုပ်၏စိတ်သည် မနှစ်သက်ပါ သေး သို့သော်ဘီလူးတို့ အမျက်ထွက်သော် ဆောင်စေကုန်တော့" ဟူ၍ ဆိုသဖြင့် ခုနစ်ရက်ဖြင့် ဓာတ်တော်တို့ကို ရာဇဂြိုလ်ပြည်သို့ အရောက် ဆောင်လေကုန်၏။

ဤသို့ ဆောင်၍လာခဲ့သော ဓာတ်တော်တို့ကို ရာဇဂြိုလ် ပြည်၌စေတီတည်၍ကိုးကွယ်ခြင်းကိုပြုလေ၏၊ ဤသို့လျှင် မြတ်စွာ ဘုရား၏ ဓာတ်တော်တို့ကို ခွဲဝေ၍ ရှစ်ပြည်ထောင် မင်းတို့သည် မိမိတို့နေရာပြည်၌ စေတီတည်၍ ကိုးကွယ် ပူဇော်ကုန်သဖြင့်....

၁။ ကုသိနာရုံပြည်၌ စေတီတည်။
၂။ ရာဇဂြိုလ်ပြည်၌ စေတီတည်။
၃။ ဝေသာလီပြည်၌ စေတီတည်။
၄။ ကပိလဝတ်ပြည်၌ စေတီတည်။
၅။ အလ္လကပ္ပတိုင်း၌ စေတီတည်။
၆။ ဝေဌဒီပကတိုင်း ပုဏ္ဏားရွာ၌ စေတီတည်။
၇။ ရာမရွာ၌ စေဘီတည်။

၈။ ပါဝါပြည်၌ စေတီတဆူ။

၉။ ဒုဏ္ဏဝတ္တု ပုဏ္ဏားရွာ၌ ခေတ်တော်ချင့်အိုး စေတီ တဆူ၊

၁၀။ ကပိလဝန် မောရိယပြည်၌ မီးသွေးတော် စေတီ တဆူ။

အားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မမြင့်ခင်ကာလ၌ ဆယ်ဆူသော စေတီတို့သည် ဖြစ်ကုန်၏၊ ဤ ဆယ်ဆူတွင် ခေတ်တော်စေတီကား ရှစ်ဆူသာတည်း။

# ၂၇။ ဓာတ်တော် စွယ်တော် ဆံတော် အမွေးတော်တို့ ကျိန်းဝပ်ရာဒေသ။

မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ကိုယ်တော် အလုံးမှဖြစ်သော ဓာတ်တော်တို့သည် ရှစ်စရွတ်ရှိ၏၊ ခုနစ်စရွတ် သောဓာတ်တော်တို့ကို ဇမ္ဗူဒီပါကျွန်း၌ ပူဇော်လေကုန်၏၊ ရာမ ရွာ၌ ဓာတ်တော်တစရွတ်ကို နဂါးတို့သည် စောင့်ရှောက်၍ ပူဇော်လေကုန်၏၊ အထက်လက်ျာစွယ်တော်ကို တာဝတိံသာ နတ်တို့ ပူဇော်ကုန်၏၊ ဂန္ဓာရရာဇ်တိုင်း၌ အောက်လက်ျာ စွယ်တော်ကို ပူဇော်ကုန်၏၊ ကလိင်္ဂတိုင်း၌ အထက်လက်ဝဲ စွယ်တော်ကို ပူဇော်ကုန်၏၊ နဂါးပြည်၌ အောက်လက်ဝဲ စွယ် တော်ကို ပူဇော်လေကုန်၏၊ လေးဆယ်ကုန်သော သွားတော်တို့

ကိုင်၍ ကိုးကုဋေသော အမွေးတော်တို့ကိုင်၍ သုံးကုဋေ ခြောက်သန်းသော ဆံတော်တို့ကိုင်၍ အလုံးစုံသော စကြာဝဠာ တိုက်တို့မှ နတ်တို့သည် စကြာဝဠာအဆင့်ဆင့် တချောင်းစီ ဆောင်ယူ၍ ကိုးကွယ်လေကုန်၏။

---

ကဝိရတနာဝတ္ထုပြီး

## ၂၈။ ပရိဘောဂ စေတီတော်များ။

မြတ်စွာဘုရား၏ အသုံးအဆောင် ပစ္စည်းများကို ဌာပနာလျက် စေတီတည်၍ ကိုးကွယ်ကြသည်ကား....

၁။ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့ လှူအပ်သောပဲနှောက်အဆင်းရှိသော ကျောက်ညို သပိတ်၊ တောင်ဝှေးတော်၊ သင်းပိုင်တော် တို့ကို ဌာပနာ၍ ကုရုတိုင်း၌ စေတီတည် ကိုးကွယ်ကြသည်။

၂။ ပဲခွပ်၊ အပ်၊ အပ်ကျည်၊ တို့ကိုဌာပနာ၍ကုရုပတ္တန ဂိုရ်ပြည်၌ စေတီတည်၍ ကိုးကွယ်ကြသည်။

---

ကဝိရတနာစာပေ

၃။ အပေါ်လွှမ်းခြင်း နှီးကို ကပိလဝတ် ပြည်၌ စေတီတည်၍ ကိုးကွယ်ကြသည်။

၄။ ဓမ္မကရိုဏ် ရေစစ်၊ ခါးပန်းတို့ကို ဌာပနာ၍ ပါဋလိပုတ်ပြည်၌ စေတီတည်၍ ကိုးကွယ်ကြသည်။

၅။ ရေသနုတ်တော်ကို ဌာပနာ၍ စမ္ပာပြည်၌ စေတီတည်၍ ကိုးကွယ်ကြသည်။

၆။ ဥဏ္ဏာလုံမွေးရှင်တော်ကို ဌာပနာ၍ ကောသလတိုင်း သာဝတ္ထိ၌ စေတီတည်၍ ကိုးကွယ်ကြသည်။

၇။ ကိုယ်ဝတ် ဒုကုဋ်တော်ကို ဌာပနာ၍ ဗြဟ္မာပြည်၌ စေတီတည်၍ ကိုးကွယ်ကြသည်။

၈။ တောထွက်တော်မူစ ပါသည့် အဝတ်တန်ဆာတို့ကိုလည်း ဗြဟ္မာ့ပြည်၌ ဒုဿစေတီ တည်၍ ကိုးကွယ်ကြသည်။

၉။ ဦးရစ်တော်ကို တာဝတိံသာ၌ စူဠာမဏိ စေတီတော်တွင် ဌာပနာ၍ ကိုးကွယ်ကြသည်။

၁၀။ ဆံတော်ကို ဌာပနာ၍ တာဝတိံသာ၌ စူဠာမဏိ ပုထိုးတော်တည်၍ ကိုးကွယ်ကြသည်။

၁၁။ နိသီဒိန်ကို ဌာပနာ၍ အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်၌ စေတီတည်လျက် ကိုးကွယ်ကြသည်၊

၁၂။ အာယောဂပတ်ကို ဌာပနာ၍ ဒေဝတိုင်း၌ စေတီတည်လျက် ကိုးကွယ်ကြသည်။

---

၁၃။ ပွတ်ခုံ၊ ပွတ်ကျေ၊ ရေစစ်တို့ကို ဌာပနာ၍ ဝိဒေဟ တိုင်း မိထိလာပြည်၌ စေတီတည်၍ ကိုးကွယ် ကြသည်။

၁၄။ ထိုမှကြွင်းသော ပရိက္ခရာတို့ကို ထိုထိုသို့သော ဇနပုဒ်တို့၌ ကိုးကွယ်ကြလေကုန်၏။

၁၅။ သင်္ကဿပြည်၌ကား နတ်ပြည်မှ သက်တော် မူသောအခါ ချသော လက်ျာ ခြေတော်ရာကို ကိုးကွယ်ကြရ၏။

၁၆။ သုနာပရန္တတိုင်း၌ကား စူဠပုဏ်ဆောက်သော နံ့သာကျောင်းသို့ သာဝတ္တိမှ ကောင်းကင် ခရီးဖြင့် ကြွတော်မူလာသောအခါ ကောင်း ကင်မှသက်ရာ နမ္မဒါမြစ်နား၌ နမ္မဒါနဂါး တောင်းပန်၍ ချသည့် လက်ဝဲ ခြေတော်ရာနှင့် သစ္စဗန္ဓမုဆိုး တောင်းပန်၍ မြစ်နားတောင်ထိပ် ၌ ချသည့် လက်ဝဲခြေတော်ရာတို့ကို ကိုးကွယ် ရကုန်၏။

## ၂၉။ အရှင်မဟာကဿပ မထေရ်နှင့် အဇာတသတ်မင်းတို့ ဓာတ်တော်တို့ကို စုံရုံး၍ ဌာပနာခန်း

ဓာတ်တော်တို့သည် အရပ်ရှစ်ပါးတို့၌ ကွဲပြား၍ တည်ကုန်ပြီးသည်ရှိသော် အရှင်မဟာကဿပမထေရ်သည် ဓာတ်တော်တို့အား အန္တရာယ်ဖြစ်လတ္တံ့သော အကြောင်းကို မြင်၍ အဇာတသတ်မင်းသို့ ကပ်၍....

'မြတ်သောမင်းကြီး....အရပ်ရှစ်ပါး၌ တည်ရှိကုန်သော ဓာတ်တော်တို့ကို ပင့်ယူ၍ တပေါင်းတည်း ဌာပနာအပ်သောငှာ သင့်၏' ဟုဆိုကုန်၏။

အဇာတသတ်မင်းက 'ကောင်းပါပြီ ရှင်ပင်ဘုရား....

ရှင်ပင်ဘုရားတို့သည် ဓာတ်တော်တို့ကို ဆောင်တော်မူပါကုန်၊ အကျွန်ုပ်သည် ဓာတ်တော်တို့ကို ဌာပနာနေရာ အရပ်ကို ပြုပါအံ့’ ဟု လျှောက်သဖြင့် အရှင်မဟာကဿပမထေရ်သည် ဝေသာလီ ပါဝါ၊ ကုသိနာရုံ၊ ကပိလဝတ်၊ အလ္လကပ္ပတိုင်း၊ ဝေဌဒီပကတိုင်းတို့၌ရှိသော ဓာတ်တော်တို့ကို ထိုထိုသို့သော မင်းတို့၏ အလုပ်အကြွေး ပူဇော်သက္ကာရကို ခံရုံမျှ ထားခဲ့၍ အလုံးစုံသော ဓာတ်တော်တို့ကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဆောင်ယူတော်မူ၏။

ရာမဂါမ၌ရှိသော ဓာတ်တော်တို့ကိုမူကား နဂါးတို့သည် သိမ်းဆည်း စောင့်ရှောက်လေကုန်၏၊ ထိုဓာတ်တော်တို့အား အန္တရာယ်မဖြစ်ရာ၊ ဘုရားပရိနိဗ္ဗာန် လွန်တော်မူသည်မှ အနှစ် ၂၁၆ နှစ် လွန်သော် လင်္ကာဒီပကျွန်း မဟာဝိဟာရကျောင်း၌ မဟာစေတီဝယ် ဌာပနာအံ့ ဟူ၍ မြင်တော်မူ၏။

ထို့ကြောင့် ထိုဓာတ်တော်တို့ကို မဆောင်ပြီ၊ကြွင်းသော ခုနစ်ပြည်ထောင်တို့မှ ဓာတ်တော်တို့ကို ဆောင်၍ မင်းကြီး အဇာတသတ်အား အပ်ပြီးသော် ရာဇဂြိုလ်ပြည်၏ အရှေ့တောင်ထောင့်အရပ်၌ ရပ်ပြီး၍ “ဤအရပ်၌ အကြင်ကျောက်ဖျာသည် ရှိ၏၊ ထိုကျောက်ဖျာသည် ကွယ်စေသတည်း။ မြေမှုန့်သည် ကောင်းစွာ သန့်ရှင်းစင်ကြယ်သည် ဖြစ်စေသတည်း၊ ရေသည် မထွက်စေသတည်း ”ဟုဓိဋ္ဌာန်တော်မူ၏။

အဇာတသတ်မင်းသည် ထိုအရပ်ကိုတူးစေ၍ ထွက်သော မြေမှုန့်ဖြင့် အုဋ်တို့ကို ပြုစေ၍ ရှစ်ကျိပ်သော မဟာသာဝက

တို့၏ စေတီကို ပြု၏၊ ဤအရပ်၌ မင်းကြီးသည် အဘယ်ပြု သနည်းဟု မေးကုန်သော သူတို့အား မဟာသာဝကရှစ်ကျိပ် တို့၏ စေတီကို ပြုသည်ဟု ပြောရ၏။ တစုံတယောက်သော သူသည်မျှ ဓာတ်တော်မြှုပ်ထားသည်ကို မသိ။

ထိုတွင်းသည် အတောင်ရှစ်ဆယ်နက်သောအခါ အောက် ဆုံး၌ သံပြားအခင်းကို ခင်းစေ၍ ထိုအခင်းပေါ်ဝယ် သီဟိုဠ် ကျွန်း ထူပါရာမစေတီ၌ စေတီအိမ်ပမာဏ အတိုင်း အရှည် ရှိသော ကြေးနီစင် အတိဖြင့်ပြီးသော စေတီအိမ်ကို ပြုစေ၍ ရှစ်ခုစီကုန်သော စန္ဒကူး နံ့သာဖြူ ကြုတ်၊ စန္ဒကူး နံ့သာဖြူ စေတီ၊ စန္ဒကူး နံ့သာနီကြုတ် စန္ဒကူးနံ့သာနီစေတီ၊ ဆင်စွယ်ကြုတ် ဆင်စွယ်စေတီ၊

အလုံးစုံ ရတနာဖြင့်ပြီးသော ကြုတ် စေတီ၊ ရွှေကြုတ်၊ ရွှေစေတီ၊ ငွေကြုတ် ငွေစေတီ၊ မြကြုတ် မြစေတီ၊ ပတ္တမြား နီကြုတ် ပတ္တမြားနီ စေတီ၊ ပတ္တမြားပြောက်ကြုတ် ပတ္တမြား ပြောက်စေတီ၊ ဖလ်ကြုတ် ဖလ်စေတီတို့ကို ရှစ်ခုစီ ပြုစေ၍ ခုနစ်စရွတ်သော ဓာတ်တော်တို့ကို နံ့သာဖြူကြုတ် တခု၌ ထည့်၍ ထိုဓာတ်တော်ထည့်သောကြုတ်ကို နံ့သာဖြူကြုတ် တခု၌ ထည့်ပြန်၍ ထိုကြုပ်ကိုလည်း တခုသောကြုတ်၌ထည့်၍ ဤသို့သောနည်းဖြင့် စန္ဒကူးနံ့သာဖြူကြုတ် ရှစ်လုံးတို့ကို တပေါင်းတည်း ပြုပြီးသော် စန္ဒကူး နံ့သာဖြူ စေတီ တခု၌ ထည့်၍ တဖန် ထိုစေတီကို နံ့သာဖြူစေတီတခု၌ထပ်ထည့်၏။

ဤသို့သောနည်းဖြင့် စန္ဒကူးနံ့သာဖြူစေတီ ရှစ်ဆူတို့ကို တဆူတည်း ပြုပြီးသော် စန္ဒကူးနံ့သာနီကြုတ်၌ထည့်၍ တဖန်

ထိုကြုတ်ကို နံ့သာနီကြုတ်တခု၌ ထည့်ပြန်၍ ဤသို့သော နည်းဖြင့် စန္ဒကူး နံ့သာနီကြုတ် ရှစ်ခုတို့ကို တခုတည်းပြုပြီးသော် စန္ဒကူး နံ့သာနီစေတီ၌ထည့်၍ တဖန် ထိုစေတီကို နံ့သာနီစေတီတဆူ၌ ထည့်ပြန်၍ စန္ဒကူးနံ့သာနီစေတီ ရှစ်ဆူကို တဆူတည်းပြု၍ ထိုစေတီကို ဆင်စွယ်ကြုတ်တခု၌ ထည့်ပြန်၍ တဖန်ထိုကြုတ်ကို ဆင်စွယ်ကြုတ်တခု၌ထည့်ပြန်၍–

ဤသို့နည်းဖြင့် အဆင့်ဆင့် ဆင်စွယ်ကြုတ် ရှစ်ခုတို့ကို ဆင်စွယ်စေတီ ရှစ်ဆူတို့၌ထည့်၍ ဆင်စွယ်စေတီ အဆင့်ဆင့် ရှစ်ဆူတို့ကို ရှစ်လုံးကုန်သော ရတနာ့ခုနစ်ပါးဖြင့် ပြီးသော ကြုတ်တို့၌ အဆင့်ဆင့်ထည့်၍ ထိုရှစ်လုံးသော ရတနာ့ခုနစ်ပါး ကြုတ် အဆင့်ဆင့်တို့ကို ရတနာ့ခုနစ်ပါးဖြင့် အတိပြီးသော စေတီရှစ်ဆူတို့၌ အဆင့်ဆင့်တည်၍ ထိုစေတီတို့ကို ရွှေကြုတ် ရှစ်လုံးတို့၌ အဆင့်ဆင့်တည်၍–

ထိုစေတီတို့ကို ငွေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍ ထိုငွေကြုတ် ရှစ်လုံးတို့ကို ငွေစေတီရှစ်ဆူတို့၌ ထည့်၍ ထိုငွေစေတီတို့ကို မြကြုတ် ရှစ်လုံးတို့၌ ထည့်၍၊ ထိုမြကြုတ်ရှစ်လုံးတို့ကို မြစေတီရှစ်ဆူတို့၌ ထည့်၍၊ မြစေတီကို ပတ္တမြားနီကြုတ် ရှစ်လုံးတို့၌ ထည့်ပြီး၊ ထိုပတ္တမြားနီကြုတ် ရှစ်လုံးတို့ကို ပတ္တမြားနီစေတီ ရှစ်ဆူတို့၌ ထည့်၍ ထိုပတ္တမြားနီ စေတီတို့ကို ပတ္တမြားပြောက်ကြုတ် ရှစ်လုံးတို့၌ ထည့်၍ ထိုကြုတ် ရှစ်လုံးတို့ကို ပတ္တမြားပြောက်စေတီရှစ်ဆူတို့၌ ထည့်၍ ထိုပတ္တမြားပြောက်စေတီ ရှစ်ဆူတို့ကို ဖလ်ကြုတ် ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍ ထိုဖလ်ကြုတ် ရှစ်လုံးတို့ကို ဖလ်စေတီ ရှစ်ဆူတို့၌ ထည့်၏။

အလုံးစုံတို့၏ အထက်ဖြစ်သော ဖလ်စေတီသည် သီဟိုဠ်ကျွန်း၌ ထူပါရာမစေတီနှင့်အမျှ ရှိ၏။ ထိုဖလ်စေတီအထက်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော စေတီအိမ်ကိုပြု၏၊ ထိုအိမ်၏ အထက်၌ ရွှေဖြင့်ပြီးသောအိမ်ကို ပြု၏၊ ထိုရွှေအိမ်အထက်၌ ငွေဖြင့်ပြီးသော အိမ်ကို ပြု၏။

ထိုငွေစေတီအိမ်၏ အထက်၌ကား ရှေးဦးစွာပြု၍ ထားနှင့်သော ကြေးနီအိမ်သည်ဖြစ်၏၊ ထိုကြေးနီအိမ် အတွင်း၌ အလုံးစုံသော ရတနာဖြင့်ပြီးသော သဲကိုကြဲ၍၊ ရေ၌ဖြစ်သော ပန်းပွင့်၊ ကြည်း၌ဖြစ်သော ပန်းပွင့်တို့ကို အထောင်မက များစွာ ကြဲ၍ ငါးရာငါးဆယ်သော ဇာတ်တော် အရုပ်တို့ကိုလည်း၊ ရှစ်ကျိပ်သော တေဒဂ်မထေရ်ကြီးတို့ကိုလည်း၊ သုဒ္ဓေါဒနမင်းကြီး၊ မဟာမာယာမယ်တော်၊ မိဖုရား၊ဖွားဘက်တော် ခုနစ်ပါး၊ ဤလုံးစုံသော အရုပ်တို့ကို ရွှေဖြင့်သွန်း၍ထား၏၊ ရေဖြင့်ပြည့်သော ရွှေဖြင့်ပြီးသော ကြာသွတ်မြူတာ ငါးရာ၊ ငွေဖြင့်ပြီးသော ကြာသွတ်မြူတာ ငါးရာတို့ကို ထားစေ၍ ရွှေတံခွန် ငါးရာစိုက်စေ၏။

ငွေတံခွန်ငါးရာစိုက်စေ၏၊ ရွှေဖြင့်ပြီးသော ဆီမီးခွက် ငါးရာ၊ ငွေဖြင့်ပြီးသော ဆီမီးခွက် ငါးရာတို့ကို ပြုစေ၍ ကောင်းသော နံ့သာမျိုးတို့ဖြင့် ထုံအပ်သော ဆီမီးဖြင့် ပြည့်စေ၍ ထိုဆီမီးခွက်တို့၌ ဘွဲ့ဖြူပုဆိုးဖြင့်ကျစ်သော ဆီမီးစာတို့ကို ထည့်၍ ညှိစေ၍ထား၏။

ထိုသို့ ထားပြီးသောအခါ၌ အရှင်မဟာကဿပ မထေရ်သည်-

"ဤပန်းတို့သည် မညှိုးစေကုန်သတည်း ဤနံ့သာတို့သည် အနံ့မပြယ် စေကုန်သတည်း၊ ဤဆီမီးတို့သည် မငြိမ်းစေကုန်သတည်း" ဟု ဓိဋ္ဌာန်တော်မူ၍ ရွှေပြား၌ အက္ခရာတို့ကို ရေးစေ၏။

"နောင်သောအခါ၌ ပိယဒါသအမည်ရှိသော မင်းသားသည်ထီးဖြူဆောင်း၍အာသောကဓမ္မရာဇာအမည်ရှိသောမင်းဖြစ်လတ္တံ့၊ ထိုမင်းသည် ခုနစ်စရွတ်သော ဓာတ်တော်တို့ကိုယူ၍၊ ဇမ္ဗူဒိပါကျွန်းတွင် ရှစ်သောင်း လေးထောင်သော မြို့တို့၌ စေတီရှစ်သောင်းလေးထောင်တို့၌ ဌာပနာသဖြင့် ပျံ့နှံ့သည်ကို ပြုလတ္တံ့" ဟု ကမ္ပည်းရေးထားပြီးသော် အဇာတသတ်မင်းကြီးသည် အလုံးစုံကိုယ်၌ ဆင်သော တန်ဆာတို့ကို ပူဇော်၍ ရတနာ ခုနစ်ပါးဖြင့်ပြီးသော အိမ်မှစ၍ တံခါးကို ပိတ်ခါ ထွက်၏။

ထိုမင်းကြီးသည် ကြေးနီအိမ်တံခါးကို ပိတ်ပြီးသော်တံခါးငင်သော ကြိုး၌ သံကောက်ကိုရင်း၊ မင်းတုံးကိုရင်း ဖွဲ့ခဲ့၍ ထိုတံခါးအပြင်၌ ကြီးစွာသော ပတ္တမြားတုံးကို ထားစေ၍ "နောင်အခါ၌ မင်းဆင်းရဲသည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့အား ပူဇော်သက္ကာရကို ပြုစေသတည်း" ဟု အက္ခရာ ရေးစေ၏။

သိကြားမင်းသည်၊ ဝိသကြုံနတ်သားကို ခေါ်၍—

"အမောင် ဝိသုကာနတ်သား အဇာတသတ် မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို မြှုပ်ထားရာ၌ အစောင့်ကို သင်နတ်သား ထားချေလော့" ဟုစေ၏။

ထိုဝိသကြုံ နတ်သားသည်၊ သားရဲ စက်ယန္တယားကို ပြု၏။ သစ်ဖြင့်ပြီးသော ဘီးလုံးနတ်ရုပ်တို့ကို ထိုခေတ်တော် တိုက်၌ ဖလ်အဆင်းနှင့်တူသော အဆင်းရှိသော သံလျက်တို့ကို ကိုင်စေ၍၊ လေ၏ လျင်ခြင်းနှင့်တူသော လျင်ခြင်းဖြင့် အစဉ် မပြတ်ပတ်ပတ်လည်သော စက်ယန္တယားကိုယှဉ်၍ တခုသော မယ်နုဖြင့်ဖွဲ့၍ ထက်ဝန်းကျင်မှ အုဋ်တိုက် အခြင်းအရာဖြင့် ကျောက်ဖျာတို့ကို ခြံရံစေ၍ အထက်၌ တခုသော ကျောက် ဖျာဖြင့် ပိတ်၍ မြေမှုန့်တို့ကိုဖို့၍ မြေကြီးအပြင်နှင့် ညီစွာပြု၍ ထိုမြေ၏ အထက်၌ ကျောက်စေတီကို တည်စေ၏။ ဤသို့ဆိုအပ် ပြီးသောနည်းဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို မြှုပ်ထား ဌာပနာ၏။

## ၃၀။ သီရိဓမ္မာသောကမင်း (အသောကမင်း) ကြီးက မြတ်စွာဘုရား၏ ဓာတ်တော် များကို ဖေါ်ထုတ်၍- စေတီ ရှစ်သောင်း လေးထောင် တွင် ဌာပနာကာ ပူဇော်ခန်း။

မနောင်သောအခါ ပါဋလိပုတ်ပြည်ဝယ် သာသနာ သက္ကရာဇ် (၂၁၄) ခုတွင် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံသဖြင့် သားတော် ဓမ္မာသောကမင်း (အသောက) မင်း နန်းဆက်ခံယူ၏၊ ရှေးကောင်းမှု အာနုဘော် အဘိသိက်၏ အာနုဘော်တို့ကြောင့် ဇမ္ဗူဒီပါ ကျွန်းပေါ်၌ တယောက်တည်းသော မင်းအဖြစ်သို့ ရောက်တော်မူ၏၊ အောက်မြေအထဲကိုလည်း တယူဇနာတွင်း၊ ဤကောင်းကင်ကိုလည်း တယူဇနာတက်၍ အာဏာစက်တော် နှံ့၏၊ အနောတတ်အိုင်မှ တနေ့ရှစ်ထမ်းသော ရေတို့ကိုနတ်ကိုသည်

နေ့တိုင်း ပို့ဆက်လာကုန်၏၊ ထိုမှတပါး ဟိမဝန္တာတောမှ နူးညံ့သိမ်မွေ့စွာသော အရသာဖြင့်ပြည့်စုံသော နာဂလတာမည်သော ကွမ်းရိုးဒန်ပူကိုင်၊ ဆေးဖြင့်ပြီးသော သျှိသျှားသီး သဖန်းခါးသီးတို့ကိုင်း၊ နတ်တို့သည် ပို့ဆက်လာကုန်၏။

ထိုမှတပါး အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကိုင်း၊ ဆဒ္ဒန်အိုင်၏အနီး၌ဖြစ်သော ပဒေသာပင်မှ အဆင်းငါးပါးရှိသော ဝတ်စရာ၊ ရှုံစေရာအထည်တို့ကိုင်း၊ လိမ်းကျံစရာ နံ့သာပျောင်း နံ့သာမှုန့်တို့ကိုင်း၊ ချည်ဖြင့်ရက်သော မလေးပွင့်ကဲ့သို့ နူးညံ့သိမ်မွေ့သော အပြောက်ရှိသော အပေါ်ရုံပုဆိုးတို့ကိုင်း၊ နတ်တို့သည် ပို့ဆက်လာကုန်၏၊ မြတ်သောသူတို့အား ထိုက်သောမျက်စဉ်းတို့ကိုလည်း နဂါးတို့ ဆက်လာကုန်၏၊ ဆဒ္ဒန်အိုင်၏အနီး၌ ဖြစ်သော သလေးစပါးတို့ကိုလည်း ကျေးသား၊ ငုံး၊ ခါ အစရှိသောငှက်တို့သည်ချီဆောင်၍ အလှည်းကိုးထောင်တိုင်တိုင် ဆက်လာကုန်၏။

(အလှည်းကိုးထောင်ဟူသည်ကား လေးဆုပ် ကိုတကဈိုး၊ လေးကဈိုးကို တကွမ်းစား၊ လေးကွမ်းစားကိုတပြည်၊ လေးပြည်ကို တစိတ်၊ လေးစိတ်ကို တတင်း၊ အတင်းနှစ်ဆယ် တဝါဟ (တလှည်း) ဤလှည်းပေါင်း ကိုးထောင်တည်း)။

ထိုမှတပါးလည်း ပျားကြီးပျားငယ်တို့သည် နိုးရာနိုးရာ အရပ်၌ အသက်မရှိဘဲ လသို့သာစွဲလာကုန်၏၊ တော၌နေသောဝံ၊ မျောက်စသော သတ္တဝါတို့သည်လည်း ပန်းဘဲဖိုသို့ဝင်၍ နေ့ည၌

မပြတ် တူပေကိုင်၍ပုတ်ခတ်ရကုန်၏၊ ကရဝိက် ငှက်တို့သည်လည်း နန်းတော် ထက်ဝန်းကျင်မှ သာယာသောအသံဖြင့် ကျူးရင့် လာကုန်၏။

## (၁)။ ရေအောက်နေ ကာလ နဂါးအားခေါ်၍ မြတ်စွာဘုရား သဏ္ဍာန်ကို ဖန်ဆင်းခိုင်းခြင်း။

ဤသို့ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော တက်သစ် သော နေမင်းသဘွယ် ဖြစ်တော်မူသော သီရိဓမ္မာသောကမင်း ကြီးသည် အစဉ်အဆက်မိုးကုန်သော မူးမတ်တို့စကားဖြင့် ဘုရား သခင်၏ အသွင်အပြင်ကို ဖူးမြင်လိုရကား ဘုရားလေးဆူကို မှီလိုက်သော အသက်တကမ္ဘာပတ်လုံး ရှည်သော ကာလနဂါးကို ခေါ်လို၍ ရွှေခြေကျင်းအဖွဲ့ကို သမုဒ္ဒရာထဲသို့ ချလိုက်၏၊ ထိုခြေ ကျင်းသည် ကာလနဂါးမင်းနေရာသို့ ရောက်လေသော် ထိုနဂါး နေရာလည်း မြေအောက် တယူဇနာတွင်း၌သာဖြစ်၍ မင်း၏ နိုင်ငံတော် ဖြစ်သောကြောင့် မနေဝံ့ရကား လျင်လျှားစွာ လာရ၏၊ ဓမ္မာသောကမင်းကြီးလည်း ကာလနဂါးရောက်သော အခါ ထီးဖြူမိုးကာသော ရတနာပလ္လင်ထက်၌ နေစေ၍ ကြက် သရေရှိလှသော ရေပန်း၊ ကြည်းပန်းတို့ဖြင့်ရင်း၊ ရွှေပန်း၊ ငွေပန်း ပေါက်ပေါက်ပန်းတို့ဖြင့်ရင်း၊ ပူဇော်၍ ရှုမျှော်ဘွယ်သော ကချေ သည်အပေါင်း တသောင်း ခြောက်ထောင်တို့ကို ခြံရံစေလျက် နဂါးမင်းအား ဤသို့ဆို၏။

"အဆုံးမရှိသော အားတော် ဆယ်တန် ဉာဏ်တော် ဆယ်ပါးနှင့်ပြည့်စုံတော်မူသော စကြာဝတေးမင်း၏ ရတနာ ခုနစ်ပါးနှင့်တူသော ဗောဇ္ဈင် ခုနစ်ပါး၊ တရားရတနာနှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကို သင်၏ကိုယ်တိုင်ဖူးမြင်ရသည်၊ ငါမူကား မဖူးမြင်ရပါ၍ ထိုဘုရားသဏ္ဍာန်ကိုဖန်ဆင်း၍ ငါ့အား ပြပါလော့" ဟု ဆို၍။

နဂါးမင်းလည်း—

"အရှင်မင်းကြီး.... အစိန္တေယျလေးပါးနှင့် ပြည့်စုံတော် မူသော ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား သခင်၏ သဏ္ဍာန်ကို အကျွန်ုပ်တို့ဖန်ဆင်း၍ အဘယ်မှာ တူနိုင်အံ့နည်း၊ မပြစွမ်းနိုင်ပါ" ဟုဆို၏၊

မင်းကြီးကလည်း—

ပြီပြင်စွာ မပြနိုင်သော်လည်း တစိတ်တဒေသ မျှပင် ပြပါလော့"ဟုဆိုလျှင်။

ကာလနဂါးလည်း သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ခြည်ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော လူ နတ် သိကြားပြဟ္မာတို့၏ မျက်စိအရသာ တည်ရာဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားလေးဆူတို့၏ အသွင်တော်ကို ပြတော်မူ၏။

မင်းကြီးလည်း ထိုသို့သော အဆင်းတော်ကို ရှုလျက် ခုနစ်ရက်ပတ်လုံး မျက်စိဖြင့် ပူဇော်ခြင်းကို ပြုတော်မူ၏၊ သိမိရမှာသောက၊ မင်းကြီးကား အဘိသိက်ခံပြီးမှ လေးနှစ်

တိုင်တိုင် သာသနာတော်မှအပ ဖြစ်သော လောကီစည်းစိမ်ကိုသာ များစွာဆည်းပူးတော်မူ၏၊ လေးနှစ်လွန်သော အခါမှ သံသရာကြောင်းကို တိုင်းထွာ၍ ဆရာကောင်း ဆရာမြတ်တို့ကို ရှာ၏။

## (၂) လျှပ်ပေါ်သောဉာဏ်ဖြင့် နေကြသော တိတ္ထိတို့ကိုပါယ်၍ မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရှာဖွေခြင်း။

တရံသောအခါ ငါသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော မင်းစကြာဇ်၏စည်းစိမ်ကို ရတော်မူသည်၊ ထိုသို့ဖြစ်လတံ့သော အကြောင်းကို ပဋိသန္ဓေနေစဉ်က တစုံတခုသော တိတ်နိမိတ်ထင်ဘူးသလော ဟု မယ်တော်ဖြစ်သော ဓမ္မာ မိဖုရားအား မေးတော်မူ၏၊ မယ်တော်လည်း ရွှေပေ၌ရေးထားသော အက္ခရာကို ပြပေ၏။

မင်းကြီးမြင်လျှင် ယခင်နိမိတ်ဖတ်ဘူးသော ဆရာ စရဏဗိဝကကို ပူဇော်သက္ကာရပြုလို၍ ရတနာအတိပြီးသော ထမ်းစင်ဖြင့် တင်ဆောင်လာစေ၏၊ ဆရာလည်း ပူဇော်ခံခြင်းငှာ လိုက်လာ၍ ခရီးအကြား၌ အဿဂုတ္တရဟန္တာကိုတွေ့၍ တရားတော်ကို နာရလျှင် ရဟန္တာအဖြစ်သို့ရောက်၍ ပူဇော်မခံလိုဘဲ ထိုအရှင် ထံ၌ပင် နေလေ၏။

ထိုဓမ္မာသောကမင်း၏ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားတို့အားရင်း၊ ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍ အယူရှိသော သက်န်းရောင်ပုဆိုးဝတ်သော ပဏ္ဍရင်္ဂတိတ္ထိ တို့အားရင်း၊

ဒုစရိုက်ဆယ်ပါးကိုသာ ရှောင်လျက် ရဟန်းရောင် ပြုနေသော ပရိဗ္ဗာဇလတိတ္ထိ တို့အားရင်း၊ အဝတ်မဆည်း အချီးစီးနေသော အစေလကတိတ္ထိ တို့အားရင်း၊ ငါတို့အား ကိလေသာတည်း ဟူသော အနှောင်အဖွဲ့မရှိ၊ ရဟန္တာဖြစ်ပြီဟု ဝန်ခံလျက် သူတပါးထံ အလှူခံ၍ များစွာသောပရိက္ခရာတို့ကို ဆောင်ယူတတ်သော နိဂဏ္ဌာတိတ္ထိ၊ ငါတို့ဆရာကား ထာဝရဘုရားတည်း ထိုဘုရားကို ကိုးကွယ်မှု လူတို့၏မကောင်းသော အကျင့်ဟူသမျှကို ထာဝရဘုရားသာ ကိုယ်စားခံသည်ဖြစ်၍ မကောင်းမှု မရှိဟု ယူသောနတ္တိကတိတ္ထိ တို့အားရင်း ဤသို့စသည်ဖြင့် ပြောသော ခြောက်သောင်း မျှလောက်သော တိတ္ထိတို့အား ဝတ်ထား၍ လုပ်ကျွေး ပြုစု၏။

သီရိမ္မာသောကမင်းလည်း ခမည်းတော် ကျွေးမြဲသော ဝတ်ကိုမချွတ်စေဘဲ အိမ်တော်၌ အမြဲလုပ်ကျွေး၏၊ တနေ့သ၌ ခြင်္သေ့ခံသော လေသာ နန်းတံခါးကို လှပ်၍ ကြည့်တော်မူသော် လျှပ်ပေါ်သော ဣန္ဒြေဖြင့် နေထိုင် စားသောက်ကြသော ထိုတိတ္ထိပုရိဗိုဇ်တို့ကို မြင်၍ ဤသူတို့၌ မြတ်သော တရားသည်မရှိရာ၊ သွားလာ နေထိုင်ခြင်းကိစ္စ၌ ငြိမ်သက်မြတ်မွေ့ခြင်း မရှိ၊ ပကတိသော လူတို့ကဲ့သို့ပင်တကားဟု ကြံမိလေ၏။

ထိုသို့ကြံပြီးသော် အမတ်တို့ကိုခေါ်၍ အမောင်တို့သည် သူတော်ကောင်းဟု မှတ်အပ်သော အလှူခံမြတ်တို့ကို ရှာကြံ၍ ပင့်ခဲ့ကုန်၊ ငါအလှူပေးလိုသည်ဟုဆို၏၊ ထိုအမတ်တို့လည်း တိတ္ထိပုဂ္ဂိုလ်တို့ကို ပင့်ဆောင်၍ အရှင်မင်းကြီး၊ ဤပုဂ္ဂိုလ်တို့ကား၊ အကျွန်ုပ်တို့၏ ဆရာရဟန္တာတို့ပါတည်းဟု လျှောက်ကုန်၏။

---

မင်းကြီးလည်း သူမြတ်မဟုတ်မှန်းသိ၍ ထိုတက္ကထွန်းတို့နှင့် သင့်လျော်ကုန်သော ပူဇော်သက္ကာရတို့ကိုသာပြု၍ သွားစေကုန်၏၊ ဤသို့အလှူခံမြတ်ကို ဖွေရှာ၍ နေစဉ် တနေ့သ၌ နိဂြောဓ သာမဏေသည် နံနက်အခါ ဆရာတို့၌ ပြုထိုက်သော ဝတ်ကိုပြုခဲ့ပြီး၍ သပိတ်သင်္ကန်းပြင်လျက် မယ်တော့် အိမ်သို့ ဆွမ်းခံသောငှာ မြို့၏ တောင်မျက်နှာမှဝင်လာ၍ အရှေ့မျက်နှာသို့ ရှေ့ရှုသွားသတည်း။

ထိုအခါ သီရိဓမ္မာသောက မင်းလည်း။ လေသာနန်းတံခါးဝမှရပ်၍ အရှေ့သို့ မျှော်စဉ် မင်းယင်ပြင်သို့ သန်း၍ လာသော နိဂြောဓ သာမဏေငယ်ကို မြင်လျှင် ဤသို့ဆင်ခြင်၏၊ မြင်မြင်သမျှသော လူအပေါင်းကား မတည်ကြည်သော နှလုံးရှိ၏၊ တုန်လှုပ်လျှပ်ပေါ်သော ဣန္ဒြေရှိ၏၊ ကျော့ကွင်း၌မိသော သမင်ကဲ့သို့ငှင်း၊ကျ ီး၏ မျက်နှာကဲ့သို့ငှင်း ရှိ၏၊ဤနန်းယင်ပြင်၌ သွားသော သူငယ်မူကား အလွန်တည်ကြည်သော ဣန္ဒြေ ရှိ၏၊ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လက်ခြေတို့၏ ကွေးခြင်း,ဆန့်ခြင်းစသော အမူအရာတို့သည် တင့်တယ်သိမ်မွေ့စွာ ရှိ၏တကား၊ဤသူငယ်၏ ကိုယ်တွင်း၌ မြတ်သော တရားသည်ရှိပေရာ၏ဟု ကြံပြီးလျှင်၊ အလွန်ချစ်ခင်ကြည်ညိုသော စိတ်သည်ဖြစ်၏။

အဘယ်ကြောင့် ဖြစ်သနည်းဟု မူကား....ရှေးဘဝက ကောင်းမှုပြုကြသောအခါ၊ နိဂြောဓ သာမဏေသည် အကိုကြီး ဒေဝ ါနံပိယတိဿ မင်းသည်၊ ညီအလတ် သီရိဓမ္မာသောက

မင်းသည် ညီအထွေး ဖြစ်ဘူးသောကြောင့် မြင်တော်မူလျှင် လွန်စွာသော ကြင်နာခံစုံမက်ခြင်းသည် ဖြစ်သတည်း၊ ထိုသို့ ရှေး ဘဝ၌ တကွ ကောင်းမှု ပြုဘူးသောကြောင့်၎င်း၊ မျက်မှောက် သောအဖြစ်ဝယ် နှစ်သက်ဖွယ်သော စီးပွားချမ်းသာကို ဆောင် စေသောကြောင့်၎င်း၊ ဤအကြောင်း နှစ်ပါးဖြင့် ချစ်ခင်တရား သည် ဖြစ်သတည်း။

မင်းကြီးလည်း သာမဏေအား၊ထိုအကြောင်းနှစ်ပါးဖြင့် အားကြီးသော မြတ်နိုးခြင်းရှိသည်ဖြစ်၍ သာမဏေကို မြန်စွာ လိုက်၍ ပင့်ချေဟု အမတ်တို့ကို စေလိုက်၏။ အမတ်တို့လိုက်၍ ပင့်စဉ် မင်းကြီးလည်း ကြာသည်ဟူ၍ တဖန်ထပ်၍ အမတ်တို့ကို စေပြန်၏၊ ထိုသို့ အကြိမ်ကြိမ်ထပ်၍ အမတ်တို့ကို ပင့်စေသော် လည်း သာမဏေသည် လျင်စွာမကြွမူ၍ ပြကတေ့သောလာခြင်း ဖြင့် လာလာ၍ မင်းအိမ်သို့တက်မိသော် သင်နှင့်သင့်လျော်သော နေရာ၌ နေလော့ဟု မိန့်တော်မူ၏။

သာမဏေလည်း၊ထိုမှဤမှကြည့်ရှုသော်ယခုအခါ၌ထက် သိက္ခာ ဝါကြီးသော ရဟန်းသည် ဤမင်း အိမ်ထက်၌ မရှိပြီဟု ကြံပြီးလျှင် ထီးဖြူအုပ်သော ရာဇာပလ္လင်ထက်သို့ တက်အံ့သော အချင်းအရာကိုပြုလျက် မင်းကြီးလက်သို့ သပိတ်ကို ကမ်း၏၊ မင်းကြီးလည်း ထိုအချင်းအရာကို မြင်လျှင် ဤအရှင်သာမဏေ ငယ်သည် ယနေ့ ငါ၏ အိမ်တော်အလုံး၌ အရှင်ဖြစ်လတ္တံ့ဟု ကြံ၍ သပိတ်တော်ကို လှမ်းယူ၏။

သာမဏေလည်းရာဇာပလ္လင်ထက်သို့တက်၍ထိုင်လေလျှင် မင်းကြီးလည်း အထူးထူးသော ခဲဘွယ်ဘောဇဉ်တို့ကို သပိတ်တော်၌ လောင်း၍ ကပ်၏၊ သာမဏေလည်း ဘုဉ်းပေး သုံးဆောင်၏၊ ပြီးစီးသောအခါ မင်းကြီးက ဤသို့မိန့်တော်မူ၏

"သာမဏေ သင်၏ အမျိုးအနွယ်ကား။ ဘယ်သူ၏ အမျိုးအနွယ်တည်း၊ အဘယ်သူ၏ အဆုံးအမကို ခံသနည်း၊ သင်၏အယူကား အဘယ်သို့ အယူနည်း"ဟုသတည်း။

သာမဏေက "ငါ၏အမျိုးအနွယ်ကား ဥဿျခံ တရားငါးပါးကို အကုန်သိမြင်သော သဗ္ဗညုဘုရား၏ အနွယ်တည်း၊ ထိုဘုရားရှင်၏ အဆုံးအမ၌သာ ငါတည်သတည်း၊ ငါ၏ အယူအဆလည်း အဆူဆူသော ဘုရားသခင်တို့ ရောက်ဝင် ပျော်စံရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုသတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း "သင်တို့၏ ဆရာ မြတ်စွာဘုရား၏ အဆုံးအမကို သိလျှင် ငါ့အား ကြားပါ"ဟု ဆို၏။

သာမဏေလည်း " မင်းကြီး ငါအတန်ငယ်မျှသာ သိပါသေးသည် နာလိုမူကား ဟောအံ့"ဟုဆို၍၊

(ဓမ္မပဒ၌ အပ္ပမာဒဝဂ်ကို ဟော၏)။

"အပ္ပမာဒေါ အမတံ၊ ပမာဒေါ မစ္စုနော ပဒံ" အစ ရှိသော တဂါထာကို ကြားရလျှင်ပင်-

"မောင်ရှင် သာမဏေ....ငါသိပြီ စုံလင်စွာဟောပါဦး" ဟူ၍ တောင်းပန်လေ၏။

သာမဏေကလည်း အပ္ပမာဒဝဂ် ဆုံးအောင် တရားကို ဟောပေ၏၊ ယင်းသို့တရားကို နာရပြီးသော် မင်းကြီးလည်း-။

---

ကဝိရတနာစာပေ

"သင်သာမဏော ရှစ်ဝတ်သော ဆွမ်းတို့ကို အကျွန်ုပ်နေ့တိုင်း မပြတ် သင့်အားလှူ၏"ဟု မိန့်တော်မူ၏။

သာမဏောကလည်း "တကာတော်မင်းကြီး လှူသောဆွမ်းရှစ်ဝတ်ကို ငါ၏ ဥပဇ္ဈာယ်ဆရာအား လှူအံ့"ဟု ဆိုပေ၏။

မင်းကြီးလည်း "ဥပဇ္ဈာယ်ဟူသည် အဘယ်သို့သော သူနည်း"ဟုမေးပြန်၏။

"မင်းကြီး အပြစ်ကြီးငယ်တို့ကို ကဲ့ရဲ့ဆုံးမ၍ ဤသို့ကျင့်အပ်ပါ၏၊ ဤသို့ဆိုအပ်၏ဟု သွန်သင်ပြသော သူတည်း"ဟု ပြောပေ၏။

မင်းကြီးကလည်း "ချစ်သား....သင်၏ ဥပဇ္ဈာယ် အားလည်း၊ ဆွမ်းရှစ်ဝတ်၊ ချစ်သားအားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု မိန့်တော်မူပြန်၏။

သာမဏောလည်း "မင်းကြီး ငါတို့အဘို့ကို ငါ့ဆရာအား လှူအံ့"ဟု ဆိုပြန်၏။

"ချစ်သား... ဆရာဟူသည် အသို့သောသူနည်း"ဟု မေးပြန်သော်–

"မင်းကြီး .. ဆရာဟူသည်ကား၊ ပိဋကတ်သုံးပုံကို သင်ပေးသော သူတည်း"ဟု ပြောပေ၏။

မင်းကြီးလည်း "ချစ်သား....သင်၏ ဆရာအားလည်း၊ ဆွမ်းရှစ်ဝတ်၊ သင့်အားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု မိန့်တော်မူပြန်သည်။

သာမဏေကလည်း "ငါ့အဘို့ သီတင်းသုံးဖော် သံဃာတော်တို့အား လှူအံ့"ဟု ဆိုပြန်၏။

"ချစ်သား....သီတင်းသုံးဖော် သံဃာသည် အဘယ်သို့သော သူနည်း"ဟု မေးပြန်သော်—

"မင်းကြီး သံဃာဟူသည်ကား ငါ့အား ရှင်ရဟန်းပြုပေးသောသူ၊ အတူတကွ သီလဆောက်တည်ဘက် ဖြစ်သော သူတည်း"ဟု ပြောပေ၏။

"ချစ်သား....သံဃာတော်တို့အား ဆွမ်းရှစ်ဝတ်၊ ချစ်သားအား ဆွမ်းရှစ်ဝတ် လှူ၏"ဟု ဆိုပြန်၏။

မင်းကြီးလည်း အတိုင်းထက်အလွန် ကြည်ညိုသော စိတ်ရှိတော်မူ၏။

နိဂြောဓသာမဏေကလည်း- "ကောင်းပြီ"ဟု ဝန်ခံ၍ ကြွတော်မူ၏။

မိုးသောက်သောနေ့၌ ရှစ်ဝတ် လေးလီ သုံးဆယ့်နှစ်ဝတ်သော ဆွမ်းတို့ကို သုံးကျိပ်နှစ်ပါးသော ရဟန္တာတို့အား ပင့်ခေါ်၍ ဆွမ်းဘုဉ်းပေးတော်မူကြ၏၊ ဆွမ်းဘုဉ်းပေးပြီးသော် မင်းကြီးက နိဂြောဓ သာမဏေကို ခေါ်တော်မူ၍—။

'ချစ်သား.... ယနေ့ကြွလာသော ရဟန္တာ သုံးကျိပ်နှစ်ပါးကိုရင်း၊ ထိုမှတပါး သုံးကျိပ်နှစ်ပါးတို့ကိုရင်း ပင့်ခေါ်၍ နက်ဖြန် ဆွမ်းဘုဉ်းပေးတော်မူပါ' ဟု လျှောက်ပြန်၏။

ဤသို့သောနည်းအားဖြင့် နေ့တိုင်းနေ့တိုင်း ပွားစေ၍ တိတ္ထိခြောက်သောင်းတို့အား လှူသောဆွမ်းကို ဝတ်ဖြတ်လျက် ခြောက်သောင်းသော ရဟန္တာတို့အား နန်းတော်တွင်း၌ အမြဲလုပ်ကြွေးတော်မူ၏။

---

ကဝိရတနာစာပေ

သီရိမ္မာ သောက မင်းကြီးလည်း နိဂြောဓ သာမဏေအား ပုထုဇဉ်တို့၏ ကြည်ညိုခြင်းထက် လွန်စွာသဒ္ဓာကြည်ညိုတော်မူ၏။ သာမဏေလည်း ပရိသတ်နှင့်တကွ မင်းကြီးအား သုံးပါးသော သရဏဂုံ၌ရှင်း၊ ငါးပါးသောသီလ ရှစ်ပါးသော သီလ၌ရှင်း တည်စေ၏၊ မင်းကြီးလည်း သံဃာတို့ နေစိမ့်သောငှာ အာသောကာရာမ ကျောင်းကို ဆောက်လုပ်စေ၍ ခြောက်သောင်းသော ရဟန္တာမြတ်တို့အား ဆွမ်းဝတ်နှင့်တကွ လှူတော်မူ၏။

မင်းကြီးအား အဘိသိက်ခံ၍ လေးနှစ် မြောက်သောအခါ နန်းလျာ အိမ်ရှေ့ထားသော မင်း၏ ညီတော် ဖြစ်သော တိဿမင်းသားသည် တောကစားအံ့သောငှာ သွားလေသော် တောအုပ်အတွင်း၌ အချင်းချင်း ပျော်ပါး မြူးတူး ကန်သော သမင်အပေါင်းတို့အားမြင်၍ ဤသို့ကြံ၏၊ မြက် သစ်ရွက်ကို စားရကုန်သော သမင်တို့တွင် အမှုကိစ္စမရှိ၊ မိမိတို့အလျောက် နေရသဖြင့် ပျော်ပါးမြူးတူးကြသေး၏၊ သိမ်မွေ့သောအစာကို သုံးခါ သိမ်မွေ့သောအိပ်ရာ၌ အိပ်ခါ နေကုန်သော ရဟန်းတို့မူကား အဘယ်မှာ မမြူးတူးရှိအံ့နည်းဟု ကြံမိ၏၊ ထိုသို့ကြံမိ၍ တောကစားရာမှ ပြန်လာသော် မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။

မင်းကြီးလည်း ညီတော်အိမ်ရှေ့မင်းသည် အရာမဟုတ်သည်ကို ကြံဘိ၏တကားဟု မသက်မသာ ရှိတော်မူ၍ ထိုအကြံကို ဥပါယ်တမည်ဖြင့် သိစေလို၍ တနေ့သ၌ တစုံတခုသော အကြောင်းဖြင့် အမျက်လိုသကဲ့သို့ပြု၍ အမောင်သည် ခုနစ်ရက်

မင်းပြုဘိလော့၊ ခုနစ်ရက်ကုန်လွန်လျှင် သင့်ကို ငါသတ်တော့အံ့ဟု ခြိမ်းခြောက်၍ အကြောင်းကို သိစေ၏။

အိမ်ရှေ့မင်းလည်း ခုနစ်ရက်လွန်သောနေ့၌ နောင်တော်သည် ငါ့ကို သတ်လတ္တံ့ ဟု မစား မသောက်ဘဲ တချောက်ချားချားနေသောကြောင့် ခေါင်းပါးကိုယ် ရှိသည် ဖြစ်၍ ခုနစ်ရက် စေ့သောနေ့၌ မင်းကြီးသည် အိမ်ရှေ့မင်းကို ခေါ်၍ မေးတော်မူ၏။

'ညီတော် သင့်အား အဘယ်ကြောင့် ခေါင်းပါး ညစ်ညူးသောကိုယ် ရှိသနည်း'

ညီတော်က–

'အရှင်မင်းကြီး သေဘေးကို ကြောက်သောကြောင့် ဖြစ်ပါသည်' ဟု လျှောက်သော်–

'ညီတော်.... သေအံ့သောနေ့ရက်ကို မြင်နိုင်သေးလျက် မမြူးတူးနိုင် ရှိသေး၏၊ အရှင်ဖြစ်သော ရဟန်းတော်တို့မှာမူကား အာနာပါနနှင့်စပ်သော သေခြင်းတရားကို နေ့ညဉ့် ရှုကုန်လျက် အဘယ်မှာ မြူးတူးကုန်နိုင်အံ့နည်း' ဟု မိန့်တော်မူ၏။

အိမ်ရှေ့မင်းလည်း ထိုနေ့မှစ၍ သာသနာတော်၌ အလွန်ကြည်ညို၏။

တနေ့သ၌ အိမ်ရှေ့မင်းသည် တောကစားရာမှ ပြန်လေသော် ဆင်ပြောင်တစီးသည် အင်ကြင်းခက်ကို ကိုင်၍ အရှင်ယောနက မဟာရက္ခိတထေရ်အား ရပ်ခပ်၍နေသည်ကို မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာရှိ၍ ငါသည်လည်း ဤမဟာထေရ်

ကဲ့သို့သောရဟန်းအဖြစ်ကို အဘယ်ခါမှ ရအံ့နည်းဟု တောင့်တ၏၊ မဟာထေရ်သည်လည်း အိမ်ရှေ့မင်း အကြံရှိသည်ကိုသိ၍ ထိုမင်းမြတ် မြင်စဉ်လျှင် ကောင်းကင်သို့ တက် လေ၍ အာသောကာရာမ ကျောင်းကြီး၏အနီး၌ လေးထောင့်အပြင်ရှိသောကန်၏ အနီးဝယ် ရပ်လျက် သင်္ကန်းကို ကောင်းကင်၌ ဆွဲ၍ ရေချိုးစိမ့်သောငှာ သက်၏။

ထိုမထေရ်၏ တန်ခိုးအာနုဘော်ကို မြင်၍ အတိုင်းထက်အလွန် ကြည်ညိုခြင်း ရှိသဖြင့် အိမ်ရှေ့မင်းလည်း ယနေ့ပင် ရဟန်းပြုအံ့ဟု ပြည်သို့ပြန်၍ မင်းကြီးထံ ခွင့်တောင်းလေ၏။ မင်းကြီးလည်း မြတ်နိုးတော်မူသော နှလုံးတော် ရှိသည်ဖြစ်၍ အထူးထူးသော တောင်းပန်ခြင်းဖြင့် တောင်းပန်တော်မူ၏။

ထိုသို့တောင်းပန်ငြားသော်လည်း မတတ်နိုင်သည်ဖြစ်၍ အာသောကာရာမ ကျောင်းသို့ သွားသော ခရီးကို တန်ဆာဆင်စေရန် အထူးထူးသော ချပ်တန်ဆာ မိန့်ညိုမောက်တို့ မောက်ရှည် ဆင်ယင်သော စစ်သည်အပေါင်း ခြံရံစေ၍ ကျောင်းသို့ ဆောင်လေ၏။

အိမ်ရှေ့မင်းလည်း အချွေအရံ တသိန်းနှင့်တကွ အရှင်မဟာရက္ခိတမထေရ်မြတ်၏အထံ၌ ရဟန်းပြုလေ၏။ အိမ်ရှေ့မင်းလည်း အခြံအရံ တသိန်းနှင့်တကွ ရဟန်း ပြုလေသည်ဟူ၍ ပြည်သူတို့ကြားလေလျှင်လိုက်၍ ရဟန်းပြုသော သူကား မရေတွက်နိုင် ဖြစ်သတည်း။

တနေ့သ၌ မင်းကြီးသည် အာသောကာရာမကျောင်းသို့ သွား၍ ခြောက်သောင်းမျှလောက်သော ရဟန်းတို့ကို စည်းဝေး စေပြီးလျှင် ကြီးစွာသောအလှူကို ပေး၍ ပစ္စည်းလေးပါးဖြင့် ဖိတ်၏။ ဤသို့လည်း မေးလျှောက်၏။

အရှင်ဘုရားတို့..... ဘုရားသခင်ဟောတော်မူသော တရား တော်ကား အတည်မျှ ရှိသနည်း။

ရဟန္တာမြတ်တို့လည်း ဓမ္မ၊ ဝိနယ အားဖြင့် နှစ်ပါး ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါ အားဖြင့် ကိုးပါး၊ ဓမ္မခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည်ဟု ပြောလေ၏။

မင်းကြီးလည်း တရားတော်၌ အလွန်ကြည်ညိုစွာ ရှိရ ကားတပါး တပါးသောဓမ္မခန္ဓာကို ရည်လျက် စေတီ တဆူတဆူ အဖြစ် တည်တော်မူလိုသော အကြံရှိသည်ဖြစ်၍ ဘုရားသခင်၏ သရီရဓာတ်တော်တို့ကို တောင့်တ၏၊ သံဃာတော်တို့လည်း ရာဇဂြိုလ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာ မြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓာတ်တော် ခုနစ်စုရှတ်တို့ကို မင်းကြီးရ၍ စေတီတည်နိုင်လတ္တံ့ဟု မိန့်တော်မူကုန်၏။

မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ ဓာတ်တော် ထားရာကို သိသောသူသည် အသပြာတတောင်ထုတ်ကို ယူလေ ဟူ၍ ဆင်တွင်တင်၍ မြို့ထက်ဝန်းကျင်ကို လည်ရ၏၊ မည်သူမျှ သိသည်ဟု မပေါ်ထွက်ကုန်၊ ရက်လည်သောနေ့၌ ရဟန်းမိန်းမ တယောက်သည် သိကြောင်းကို ဆိုလေ၏။

မင်းကြီးလည်း ထိုရဟန်းမိန်းမကို ပင့်၍ မေး၏

ရဟန်းမိန်းမကလည်း၊ ငါ ခုနစ်နှစ်အရွယ် သာမဏေဖြစ်သော အခါ ငါ့ဆရာနှင့် ဆီမီးပန်း နံ့သာကိုကိုင်၍ လိုက်ရဘူးသည် ဟုပြောပေ၏။ သီရိဓမ္မာသောက မင်းသည်လည်း ရဟန်းမိန်းမ ပြော၍ စေတီရှိရာကို သိလျှင် မိမိ၏ မှူးမတ် ပရိသတ်နှင့်တကွ သွားလေ၍ ဓာတ်တော်ရှိရာသို့ ရောက်သောအခါ များစွာသော ပူဇော်သက္ကာရကိုပြု၍ တူးဖေါ်စေသည် ရှိသော် ကျောက် အင်္ဂတေ အမိုးတို့ကိုမြင်၍ ထုတ်ငင်ရလေ၏။

ထို့နောက် အုဋ္ဌကြွတ်အမိုးတို့၊ ထို့နောက် သံအမိုး၊ ထို့နောက် ကြေးဖြူအမိုး၊ ထို့နောက် ကြေးနီအမိုး၊ ထို့နောက် သလဲဖြူအမိုး၊ ထို့နောက် သလဲမည်းအမိုးတို့ကိုလည်း အစဉ် အတိုင်း ထုတ်ယူစေ၍ အမိုးကုန်လျှင် အလုံးစုံ ရတနာအတိ ပြီးသော ပြဿဒ်၏တံတိုင်း ခုနစ်ထပ် အတွင်းဝယ် ဝင်းဝင်းညီး သော ဓား လှံ သံလျက်ကို စွဲငင်၍ အသက်ရှင်သောသူကဲ့သို့ ပြေးသွားခါ နေသော ယန္တရားစက်ရုပ်တို့ကို မင်းကြီးနှင့်တကွ လူအပေါင်းတို့မြင်လျှင် ရင်သဘ်လက်တီး ချီးမွမ်းအံ့သြကြကုန် လျက် တစိုက်မက်မက် ကြည့်မျှော်လျက်သာ နေကြရကုန်၏။

ထို့နောက် မင်းကြီးသည် ဤသို့အကြံရ၏၊ အထက်က စီရင်တတ်သောသူ မရှိဘဲ အဇာတသတ်မင်းသည် ဤယန္တရား တို့ကို မထားနိုင်လေရာ တတ်သောအဆက်အနွယ်ကိုသာ ရှာဦး အံ့ဟု အသပြာ တထောင်ထုပ်ကို ဆင်ကျောက်ကုန်းသို့ တင်၍ အကြင်သူသည် ယန္တရားစက်ကို ဖျက်နိုင်တုံ အံ့၊ ထိုသူသည် ဤအသပြာကို ယူလော့ဟု ကြွေးကျော်၍ ရာဇဂြိုလ်ပြည်သို့ လည်စေ၏။ ထိုအခါ အထက် ရောမတိုင်းကလာ၍ ဤစေတီ

ကို စီရင်ခဲ့သော ဆရာ၏ သားမြေးတို့ ကြားလေသော် ငွေ ထုပ်ကို သိမ်းယူပြီးလျှင် မင်းကြီးထံသို့ သွားလေ၏။

## (၃) ယန္တရားစက်ကို ဖျက်၍ သရီရဓာတ်တော်တို့ကို ထုတ်ယူခြင်း

မင်းကြီးလည်း ထိုသူတို့ကို တွေ့လေလျှင် ဝမ်းမြောက် ဝမ်းသာ အသပြာ တထောင်ထုပ်ပေး၍ ယန္တရားစက်ကို ဖျက် စေ၏၊ ထိုနောက်မှ မြေကိုတူး၍ တံတိုင်းခုနစ်ထပ်တို့ကို အစဉ် အတိုင်း ပယ်ရှားလျက် ရဟန်းသံဃာနှင့် ပါသမျှသော မှူးမတ် ပရိသတ်နှင့်တကွ ဓာတ်တော်ပြဿဒ်ကို လက်ျာရစ် သုံးကြိမ် လှည့်လျက် ဖူးမျှော်လေလျှင် ရှင်မဟာကဿပ ခိဋ္ဌာန်၍ ထွန်း ထားသော ဆီမီးလေးတိုင်၌ မီးမသေသည်ကို မြင်၍ အလွန် အံ့ဩလျက် ပြဿဒ်တွင်းသို့ဝင်၍ ရွှေစင်အဘိလုပ်သော မြင်း ရုပ်ကို ယန္တရားအကြည်ဖြင့် ဖွင့်သော် မြင်း၏ဝမ်းတွင်း၌ ထား သော ဝဇီရစိန်ကဲ့သို့ ထွန်းတောက်လျက် တည်သော ဓာတ် တော်အစုံကို မင်းကြီးမြင်လျှင် ရှင်ကြည်လှစွာသော စိတ်တော် ရှိသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး က,ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း တို့ဖြင့် ပူဇော် ချီးမြှောက်ပြီးမှ ပြဿဒ် မြင်းရုပ်တို့ကို ထုတ်၍ ကောင်းစွာ သုတ်သင် ဆင်ယင်ပြီးသော် တံခွန်ကုက္ကား မှုလေး ပွားတို့ဖြင့် စီစဉ်လျက် မြို့တွင်းသို့ဝင်၍ ပြဿဒ် ဦးကင်း၌ထား တော်မူ၏။

ယင်းသို့ လျှော်ပြီးမှ မိမိ၏ပြည်သို့ ပြန်ခဲ့ပြီးသော် သရီရ

ဓာတ်တော်တဘိုကို ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အမြဲ ကိုးကွယ်စေခြင်းငှာ ရှစ်သောင်းလေးထောင်သော မြို့နိုင်ငံတို့၌ တမြို့တမြို့လျှင် စေတီ တဆူတဆူ တည်လေဟူ၍ ကိုးဆယ့်ခြောက်ကုဋေသော ငွေအသပြာတို့ကို အမတ်တို့အားအပ်၍ စေတီတည်စေ၏၊ ကျောင်းလည်း တဆောင်စီ ဆောက်စေ၏။

မင်းကြီးလည်း ထိုကျောင်း စေတီတို့ကို လုပ်စေမည့်အခါ၊ ကြီးသော တန်ခိုးအာနုဘော်ရှိသော ဣန္ဒဂုတ္တအမည်ရှိသော ရဟန္တာမြတ်ကို တောင်းပန်၏၊ ထိုအရှင်လည်း မိမိ၏ တန်ခိုးစွမ်းအင်ဖြင့် စောင်မ၍ ခြောက်လရှိလျှင် အလုံးစုံသော ကျောင်း၊ စေတီတို့သည် ပြီးကုန်၏။ ထိုစေတီတည်သောအခါ လကိုရာဟုဖမ်းသည့်နေ့ တပြိုင်နက် တည်စေကုန်၏။လကိုရာဟုတဖန် ဘမ်းသည့်နေ့တွင် တပြိုင်တည်း ပြီးစေကုန်၍၊ ပြီးကြောင်းကို ရှစ်သောင်းလေးထောင်သောမင်းတို့သည် ကမ္ပည်းဆက်စာနှင့် တပြိုင်တည်း ရောက်လာကြကုန်၏။

(၄) စေတီပေါင်း ရှစ်သောင်း လေးထောင် အတွက် ခုနစ်လ ခုနစ်ရက်တိုင် ပူဇော်ပွဲကြီး ကျင်းပရန် စီစဉ်ခြင်း။

မင်းကြီးလည်း တဘိုသော ဓာတ်တော်တို့ကို ပါဠိလိပုတ်ပြည်၌ မြစ်နားဝယ် တကောသခွဲအရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေ၍ အထူးထူးသော ရတနာ တို့ဖြင့် တန်ဆာဆင်ယင်လျက် မဟာစေတီ တည်စေ၏။ တည်ပြီးသော် ခုနစ်လ ခုနစ်ရက်တိုင်တိုင် ကြီးစွာသော ပူဇော်ပွဲကို ပြုအံ့ဟုကြံ၏။

ထိုအခါ အနုမောဒနာပွဲ၏ အန္တရာယ်သည် စဉ်းငယ်မျှ မရှိစိမ့်သောငှာ အရိယာသံဃာတို့ကို တောင်းပန်အံ့ ဟု မျိုးမတ်တို့နှင့် တကွ အာသောကာရာမ ကျောင်းသို့ လာ၍ သံဃာတော်တို့အား ရှိသေစွာ ရှိခိုးကာ သံဃာတော်အား ဤသို့လျှောက်၏။

အရှင်ဘုရား အကျွန်ုပ်ကောင်းမှုအန္တရာယ်ကို တန်ခိုးဖြင့် တားမြစ်ခြင်းငှာ စွမ်းနိုင်သော ရဟန်းတဦးကို စေတော်မူပါဟု လျှောက်၏။ သံဃာသော်လည်း မင်းကြီး တန်ခိုးရှိသော ရဟန်းကို ရှာဦးအံ့ဟု မိန့်တော်မူ၏။

မင်းကြီးလည်း နန်းတော်သို့ ပြန်လေ၏၊ ရဟန်းသံဃာတို့လည်း စည်းဝေးတိုင်ပင်ကြသည်ရှိသော် မာရ်နတ်သားသည် ကောင်းမှု၏အန္တရာယ်ကို ပြုအံ့သည်မချွတ်ဖြစ်သည်၊ ထိုမာရ်နတ်သားကို တားမြစ်ခြင်းငှာ တန်ခိုးစွမ်းထက်သော ရဟန်းကိုစုံစမ်းကြလေသော် မဟာသမုဒ္ဒရာအတွင်း၌ ရေအစုကိုသွင်း၍ ရတနာပြဿာဒ်ကို ဘန်ဆင်းလျက် ထိုပြဿာဒ်ထက်၌ နေတော်မူသော တိဿနာဂအမည်ရှိသော ရှင်ဉပဂုတ်ထေရ်သည် ဈာန်သမာပတ်ဖြင့် များစွာသောနေ့ရက်တို့ကိုလွန်စေ၍ အစာမစားဘဲ နေတော်မူသည်ကို သိကြသဖြင့် ရဟန်းတော်နှစ်ဦးအား ရှင်ဉပဂုတ်ကို သွား၍ပင့်ချေဟု စေလိုက်၏။

ထိုရဟန်းနှစ်ဦးတို့လည်း မြေကိုငုတ်လျှိး၍ သွားသဖြင့် ရောက်လျှင် ရှင်ဉပဂုတ်လည်း သမာပတ်မှ ထ၍ အကြောင်းအသို့နည်းဟု စုံစမ်းလျှင် ရဟန်းတို့က သံဃာတော်တို့၏ အစည်းအဝေးသို့ ပင့်လိုသည်ဟုလျှောက်၍ ငါလာခဲ့အံ့ ငါ့ရှင်တို့ကြွနှင့်

လော့ဟုဆို၍ လွှတ်လိုက်ပြီးသော် မိမိသည် တန်ခိုးအဟုံဖြင့် လျှင်စွာလာ၍ သံဃာတို့ အစည်းအဝေး၌ မထေရ်ကြီးတို့ကို ရှိခိုးလျက် နေလေ၏၊ ရှေး လာနှင့်သော ရဟန်းနှစ်ပါးတို့သည် နောက်မှရောက်ခါ ရှင်ဥပဂုတ်ကိုမြင်လျှင် အရှင်ကား တန်ခိုး ကြီးပေစွဟု ငါတို့နောက်မှလာလျက် ဦးစွာ ရောက်နှင့်ပေပြီသည် ဟု အံ့ဩကြကုန်၏။

သံဃာတော်တို့ကလည်း–

"ငါ့သျှင်ဥပဂုတ်.... သင်သည် လဆန်းလဆုတ် ပက္ခတို့၌ ဥပုဒ်ပြုခြင်းကိုရင်း၊ သံဃာ၏ အစည်းအဝေးကိုရင်း မရောက် မလာ- မိမိ၏ချမ်းသာကိုသာ အလေးပြုဘိ၏၊ သံဃာအမှုကို အလေးမပြု၊ ဤကဲ့သို့နေရာ၌ မြတ်စွာဘုရားတည်း မဟာကပ္ပိန္န ထေရ်ကို ကဲ့ရဲ့တော်မူဘူး၏၊ထို့ကြောင့် သင့်ကို ဒဏ်ထားခြင်းငှာ ထိုက်၏" ဟု ဆိုကုန်၏။

အရှင်ဥပဂုတ်ကလည်း။

"ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် ကောကနဒ မည် သော ကြာပန်းကို တန်ဆာဆင်သကဲ့သို့ အရှင်သို့ထားသော ဒဏ်ကိုဦးဖြင့် ခံပါအံ့၊ အဘယ်ဒဏ်ကို ပေးလိုကြသနည်း" ဟု မေး၏။

သံဃာထေရ်လည်း–

"ငါ့သျှင် ဥပဂုတ်....။ သာသနာ့ဒါယကာ ဖြစ်သော အာသောကမင်းကြီးသည် ရဟန်းတို့၊ အလုပ်အကျွေးဖြစ်သည်၊ ယခုအခါ ခုနစ်လ ခုနစ်ရက်တိုင်အောင် စေတီကျောင်းပူဇော်ပွဲ

ပြုလိုသည်၊ ထိုအခါ မာရ်နတ်လာ၍ ကောင်းမှု၏အန္တရာယ်ကို ပြုလတ္တံ့၊ ထိုမာရ်နတ်ကို ငါရှင်ဆုံးမပါ” ဟု မိန့်၏။

ရှင်ဥပဂုတ်လည်း–

“ကောင်းပါပြီ” ဟု ဝန်ခံ၍ ဆွမ်းဘုဉ်းပေးရသေးကြောင်းကိုဆိုလျှင် ရဟန်းနှစ်ဦးက မိမိတို့၏ ရှေးကောင်းမှုတို့ကြောင့်ရရှိသော ဆွမ်းပို့များကို ဘုဉ်းပေးရန်လျှောက်ကြသော်။

“ငါ့အလိုအလျှောက် ဆွမ်းခံစားအံ့” ဟု ဆို၍နေ၏။

အာသောကမင်းလည်း ကျောင်းသို့လာ၍ သံဃာထေရ်၏ထံသို့ ကပ်ပြီးလျှင်–

“အရှင်ဘုရား … အကျွန်ုပ်ကောင်းမှု၏ အန္တရာယ်ကို ပြုလတ္တံ့သော မာရ်နတ်အား တားမြစ်နိုင်အံ့သော ရဟန်းကို ရပါပြီလော” ဟု လျှောက်၏။

သံဃာထေရ်ကလည်း–

“မင်းကြီး.... ရပြီ တယောက်ကို မဆိုထားဘိ တသောင်းသော မာရ်နတ်ကိုလည်း တားဆီးနိုင်သော တန်ခိုးအာနုဘော်ရှိသော ‘တိဿနာဂ ဥပဂုဘ်အမည်ရှိသော ဤသူပင်တည်း ” ဟု ပြောလေသော် မင်းကြီးလည်း ရှင်ဥပဂုတ်အနီးသို့ကပ်၍ ဖူးမျှော်လျှင် အလွန်ကြမ်းသော အဆင်းတော်ကိုမြင်သဖြင့် ဤအရှင် တတ်နိုင်ပါအံ့လော ဟု ကြံလျက် နန်းတော်သို့ ပြန်လေ၏၊ မိုးသောက်သောအခါ စူးစမ်းအံ့ဟု ကြံပြီးလျှင် နေလင့်၏။

## (၅) မာရ်နတ်မင်း၏ ရန်ကို နှိမ်နင်းရန် တာဝန်ပေးထားသော အရှင်ဥပဂုတ် ဆွမ်းခံကြွရာ မင်းကြီးက အမုန်ရစ်သော ဆင်ဖြင့် တန်ခိုးစမ်းခြင်း။

အရှင်ဥပဂုတ်လည်းနန်းတော်သို့ ဆွမ်းခံဝင်လေသော်မင်းကြီးလည်း ဆွမ်းလှူလိုက်၍ ပြန်ကြွသောကာလ အမုန်ရစ်သော ဆင်တစီးကို လွှတ်၏။ ထိုဆင်လိုက်၍ အနီးသို့ ရောက်သောအခါ အရှင်မြတ်လည်း မင်းကြီးက လွှတ်သောအဖြစ်ကိုသိ၍ ကြွစဉ်ပင် ဓိဋ္ဌာန်တော်မူလျှင် ထိုဆင်သည် ကျောက်တိုင်ကဲ့သို့ ဖြစ်၍ နှာမောင်းချီလျက် ရပ်လေ၏။ ရှင်ဥပဂုတ်ကလည်း မကြည့်ဘဲ ကြွတော်မူ၏၊ မင်းကြီးလည်း အမှုး အမတ်နှင့်တကွ ဆင်၏ အနီးသို့သွား၍ ကျောက်တိုင်ဖြစ်သည်ကို မြင်လျှင် ထိုအရှင်၏ တန်ခိုးအာနုဘော်ကို အံ့ဩကြကုန်လျက်၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ဆင်သည်ပင် ကျောက်တိုင်ဖြစ်ချေ၏၊ မာရ်နတ်ကိုအား မချွတ်ဆုံးမ နိုင်လတံ့ဟု ဝမ်းမြောက် ဝမ်းသာ ခြံရံကာလိုက်လေ၏။

"အရှင်ဥပဂုတ် အရှင့်ကို နှိပ်စက်လို၍ မပြုပါ၊ စူးစမ်းလို၍သာပြုပါသည်၊ အပြစ်ကိုသီးခံတော်မူပါ"ဟု ကန်တော့၏။

ရှင်ဥပဂုတ်လည်း" မင်းကြီး၊ ချမ်းသာသော ကိုယ်ရှိပါစေ၊ ဆင်လည်း ပြကတေ့အတိုင်း ဖြစ်စေ"ဟု မိန့်တော်မူလျှင်–

ဆင်သည် မိမိနေရာသို့သွားလေ၏၊ ထိုအခါ များစွာသော လူအပေါင်းတို့ ဝမ်းမြောက် ဝမ်းသာဖြစ်ကုန်၏။

---

သီရိခမ္မာသောကမင်းကလည်း၊ ရှစ်သောင်းလေးထောင်သော ကျောင်း၊ စေတီတို့ကို ပူဇော်ခြင်းငှာ မြို့အလုံးကိုစည်လည်စေ၏။ ဤနေ့မှစ၍ ခုနစ်ရက်လွန်သဖြင့် စေတီပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ပြည်တွင်း, ပြည်ပ နေသော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံနှင့်တကွ၊ ရှစ်ပါးသော သီလကိုဆောက်တည်၍ စေတီပူဇော်ကြကုန်ဟု နှိုးဆော်၏။

ခုနစ်ရက် လွန်သောနေ့၌ တန်ဆာ ဆင်အပ်သော အက္ခဘိဏီမျှလောက်သော စစ်အင်္ဂါအပေါင်း ခြံရံလျက်၊ သိကြားမင်း၏နေရာ၊ တာဝတိံသာ နတ်ပြည်ကဲ့သို့ ကြက်သရေရှိသော ပြည်ကို လကျ်ာရစ်သုံးပတ်လှည့်လည်ပြီးမှအာသောကာရာမကျောင်းသို့ သွား၍ ရဟန်းတို့၏ အလယ်၌ နေပြီးမှ မဟာစေတီ၏ ထက်ဝန်းကျင် ယူဇနာခွဲအရပ်ကို ဆိမ်းညိထွန်းစေ၏။ စေတီတော်ကို ရှိခိုးပူဇော်ခြင်းငှာ လာကုန်သော ရဟန်းသံဃာ လူအပေါင်းတို့သည်လည်း စည်းဝေးကုန်၏။

## (၆) ရှစ်သောင်းလေးထောင်သော ကျောင်း စေတီ ပူဇော်ပွဲကို မာရ်နတ်ဖျက်ဆီးခြင်း။

ထိုအခါ ရဟန်း သံဃာတို့လည်း၊ ကုဋေရှစ်ဆယ်တိုင်တိုင် စည်းဝေးမိ၏။ မိန်းမ၊ ယောကျ်ား၊ ရဟန္တာကို ရွေးကောက်သော် တသိန်း အရေအတွက်ရ၏။ ထိုသူတို့ အသီးသီး ဆိမ်းညိသောအခါ မီးသေစိမ့်သောငှာ မာရ်နတ်သားလည်း ပြင်းစွာသော လေကိုလာစေ၏။ ရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့်

ယူ၍ အဝေးသို့လွင့်ပေ၏၊ တဖန် မာရ်နတ်သားလည်း သဲမိုးယ်း၊ ကျောက်ဆစ်မိုးယ်း၊ ကျောက်ဖျာမိုးယ်း၊ မီးကျည်မိုးယ်း၊ ချေးမိုးယ်း တို့ကို အစဉ်အတိုင်း ရွာစေ၏။

ရှင်ဥပဂုတ်လည်း၊ အဓိဋ္ဌာန် တန်ခိုးဖြင့်ခံ၍ စကြာဝဠာ တတိုင်းအပဥ္စ စွန့်ပေ၏။ မာရ်နတ်သည်လည်း မိမိလွှတ်သော လက်နက်မရောက်သည်ကို မြင်လျှင် အမျက်ထွက်၍ နွားဥသဘာ အဟာန် ဖန်ဆင်း၍ မီးကို ငြိမ်းစေခြင်းငှာ ပြေးလာ၏၊ ရှင်ဥပဂုတ် လည်း ကျားရုပ် ဖန်ဆင်း၍ ကျောက်မက်ဘွယ် ကောင်းသော အသံကို မြည်လျက်လိုက်၏၊ လူအပေါင်းတို့လည်း ကြည့်ကြ ကုန်၏။ မာရ်နတ်မင်းလည်း နွားဥသဘာအသွင်ကို စွန့်၍ ဦးခေါင်း ခုနစ်လုံးရှိသော နဂါးအဟာန် ဖန်ဆင်း၍ ကျားကို ကိုက်အံ့သောငှာ လိုက်၏။

ရှင်ဥပဂုတ်လည်း ကျားအသွင်ကိုစွန့်၍ ဂဠုန်အဟာန် ဖန်ဆင်း၍ နဂါးကို ဖမ်းလေ၏၊ မာရ်နတ်သည်လည်း နဂါး အသွင်ကို စွန့်၍ ဘီလူးကြီးအဟာန် ဖန်ဆင်းကာ ပြောင်ပြောင် တောက်သော သံလှံတန်ကို ကိုင်လျက် ဦးခေါင်းကို ရိုက်နှက်အံ့ သောငှာလာ၏၊ ရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်၍ မာရ် နတ်သားထက် နှစ်ဆလောက်ကြီးသော ဘီလူးအဟာန် ဖန်ဆင်း၍ ဝင်းဝင်းငြိသော သံလှံတန် နှစ်ချောင်းကိုကိုင်လျက် မာရ်နတ်ကို ရိုက်နှက်ခြင်းငှာ လာ၏၊ မာရ်နတ်လည်း အလွန်ကြောက်လန့် သည်ဖြစ်၍ အရောင်အဆင်းနှင့် ပြည့်စုံသောလူ၏ အသွင်ကို ဖန်ဆင်း၍ ရှင်ဥပဂုတ်၏ ရှေ့မှ ရပ်လေ၏။

---

**ကဝိရတနာစာပေ**

## (၇) မာရ်နတ်၏ လည်တွင် ခွေးသေကောင်ပုတ်ဆွဲလျက် ဒါလကာခတ်ခြင်း။

ရှင်ဥပဂုတ်လည်း ပိုးလောက် အတိပြည့်သော စက်ဆုတ်ရွံရှာဘွယ်ရှိသော ခွေးသေကောင်ပုတ်ကို လည်၌ ဆွဲပေးကာ တစုံတယောက်သော နတ်, သိကြား, ဗြဟ္မာတို့သည် မချွတ်နိုင်အောင် ဓိဋ္ဌာန်၍ မာရ်နတ်ကို လွှတ်လိုက်၏။

မာရ်နတ်လည်း စတုလောကပါလ နတ်သားတို့ကို ချွတ်ပါဟုဆို၏။ ထိုနတ်တို့က အဘယ်သူ ဆွဲသနည်းဟုမေး၏။ ရှင်ဥပဂုတ်ဆွဲကြောင်းကိုဆိုသော် ထိုအရှင်ဆွဲသည်ကိုမူ ကျုပ်တို့မချွတ်နိုင်ပါဟုဆိုလျှင် မာရ်နတ်လည်း၊ သိကြား, သုယာမ, သန္တုဿိတ, သုနိမ္မိတ, ဝသဝတ္တိ နတ်မင်းတို့၏ အထံသို့သွား၍ ချွတ်ပါချွတ်ပါဟု တောင်းပန်၏။ နတ်မင်းတို့ကလည်း ထိုအရှင်တို့သည် တန်ခိုးကြီးလှ၏၊ ငါတို့ မချွတ်နိုင်ကုန်ဟု ဆိုလျှင် မာရ်နတ်သည်လည်း ဗြဟ္မာ့ဘုံသို့ကပ်၍ အကျွန်ုပ်အား သနားကြပါသဖြင့် ဤခွေးသေကောင်ပုတ်ကို ချွတ်ပေးပါဟု ဆို၏။

ထိုဗြဟ္မာတို့ကလည်း မြတ်စွာဘုရား၏ တပည့်တော်ကြီးဖြစ်သော ရဟန္တာမြတ်ဆွဲထားလတ်သည်ကို ငါတို့လည်း မချွတ်နိုင်ချေ။ သင်သွား၍ ထိုအရှင်အား တောင်းပန်ဦးလေ၊ အရှင်မြတ်ပင် ဖြေချွတ်လတ္တံ့ဟုဆို၏။

ထိုအခါ မာရ်နတ်လည်း ရှင်ဥပဂုတ်ထံသို့လာ၍—

"အရှင်ဘုရား....အကျွန်ုပ် ရှုံးပါပြီ၊ ဤခွေးသေကောင်ပုတ်ကို ချွတ်တော်မူပါဟု လျှောက်၏"

ရှင်ဥပဂုတ်လည်း မာရ်နတ်သားကိုခေါ်၍ တောင်ကြီး တလုံး၏ အပါးသို့ ကပ်ပြီးသော် မာရ်နတ်၏ လည်မှ ခွေးသေ ကောင်ပုတ်ကို ချွတ်ပြီးလျှင် ခါးပန်းတော်ကို ရှည်အောင် ဖန်ဆင်း၍ ခါးပန်းနှင့်ချည်ပြီးမှ တောင်၌ မြဲမြံစွာချည်၍ မာရ်နတ်သား-သင်တပါးသို့မသွားလေလင့် ဓမ္မာသောကမင်း၏ ပူဇော်ပွဲမပြီးမခြင်း ဤအရပ်၌သာနေရစ်ဟု မိန့်တော်မူလျှင် မာရ်နတ်လည်းဆိတ်ဆိတ်သာခံနေရ၏။

အရှင်ဥပဂုတ်လည်း အလိုရှိရာ၌ ချမ်းသာစွာ နေလေ၏။ ခုနစ်လ--ခုနစ်ရက်လွန်၍ စေတီပူဇော်ပွဲ ပြီးသောအခါ မာရ် နတ်ရှိရာသို့သွား၍ အသံကိုနားထောင်သော် မာရ်နတ်သားက ဘုရားကျေးဇူးတော်ကို အောက်မေ့မိသဖြင့် ဤသို့ဆို၍....

"ငါသည် ရှေးသောအခါ မြတ်စွာဘုရားအား များစွာ ဖေါက်ပြန်သောအမှုကိုပြုသည်။ မြတ်စွာဘုရားသည် ငါ့အား တစုံတခုသောအပြစ်ကိုမပြု၊ ယခုသာဝကသည် သနားခြင်းမရှိ ဖြစ်၍ ငါ့အားညှဥ်းဆဲနှိပ်စက်ဘိသည်" ဟု မြည်တမ်းလျက် တောင်ဝှမ်းကိုအစဥ်လှည့်၍နေ၏။

တဖန်အကြံဖြစ်ပြန်၏၊ ငါသည်ရှေးရှေးသော ဘဝက လည်း ဘုရားရဟန္တာဖြစ်ရအောင် ပုညအစုကောင်းမှု အထူးကို ဆည်းပူးခဲ့လျှပြီ၊ ဤကုသိုလ်တို့၏ အာနိသင်ကြောင့် နောင်သော အခါ ဘုရားဆုကိုသာရလိုပါ၏၊ သတ္တဝါတို့အား သနားခြင်း မရှိသော သာဝကမဖြစ်လိုပါဟု မြည်တမ်း၏၊ထိုသို့မြည်တမ်းစဥ် လျှင် အရှင်ဥပဂုတ်လည်း--အလျှင်တစောလာ၍ ခါးပမ်းတော် ကိုဖြေပြီးမှ မာရ်နတ်သား....

"ငါ့အား သည်းခံလော့၊ ငါသည်သင်၏အကျိုးကိုလည်း ပြီးစေပြီ၊ မင်းကြီး၏ကောင်းမှုသည့်လည်း အန္တရာယ်ကင်းစေပြီ၊ ယနေ့မှစ၍ သင်သည် ဘုရားဆုကိုယူပေသူ ဖြစ်သောကြောင့် သင့်ကိုပူဇော်ထိုက်ပေသည်"ဟု ဆို၏။

## (ဂ) ရှင်ဥပဂုတ်၏တောင်းဆိုချက်အရ၊ မာရ်နတ်က မြတ်စွာဘုရားဟန် ဖန်ဆင်းပြခြင်း။

ထိုအခါမာရ်နတ်ကလည်း.... " အရှင်ဥပဂုတ် သင်တို့ သာဝကသည် သနားခြင်းမရှိ ကွဲရှဲဘွယ်အတိသာများ၏၊ ထို့ ကြောင့် အကျွန်ုပ်သည် သာဝကအဖြစ်ကိုမဖြစ်လိုပြီ၊ သာဝကဟူ ကား သင်ကဲ့သို့ သနားခြင်းမရှိသည်သာတည်း"ဟုဆို၏။

အရှင်ဥပဂုတ်ကလည်း.... "မာရ်နတ် သင်သည် နှစ်လုံး မသာမရှိလင့်၊ ငါ၏အာနုဘော်ကြောင့်ပင် သင်သည် ဘုရား ဆုကိုတောင်း၏၊ တောင်းသည့်အတိုင်းလည်းမချွတ်ဖြစ်လတ္တံ့။

သက်တော်ထင်ရှားဘုရားဖြစ်စဉ် သင်မြင်ဘူးသည်၊ငါမ မြင်ရဘူးပါ၊ မြတ်စွာဘုရား၏ ကိုယ်တော်ဟန်ကိုသာ သာဝက အခြံအရံနှင့်တကွငါ့အား ဖန်ဆင်းပြပါဟု ရှင်ဥပဂုတ်ကဆို၏။ မာရ်နတ်သားလည်း အရှင်ဥပဂုတ် အကျွန်ုပ်ကို ရှိမခိုးမူကား ပြပါအံ့ဟုဆိုလျှင်၊ အရှင်ဥပဂုတ်ကလည်း "ကောင်းပြီ" ဟု ဝန်ခံ၍ မြန်စွာ သံဃာတော်တို့ကို စည်းဝေးစေ၏၊ဘုရားအသွင် ကို ဖူးမြင်လိုသမျှသော လူတို့လည်း ပန်းနံ့သာ လက်စွဲလျက် ရပဟန်းတို့ကိုခြံရံ၍ လိုက်ကြကုန်၏၊ မာရ်နတ်လည်း တခုသော

တောအုပ်သို့ဝင်ပြီးမှ ထွက်လာသောအခါ၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ သန်ဆာဆင်အပ်သော တလံမျှလောက်သော ရောင်ခြည်တော်အဝန်းဖြင့် တောက်ထွန်းသော ဘုရားသခင်အသွင်တော်ကို ဖန်ဆင်းလျက် လကျာ်ရံ-လက်ဝဲရံ အဂ္ဂသာဝကအစုံ ရှစ်ကျိပ်သော မဟာသာဝကတို့ ခယမ်းပုံနှင့်တကွ အလုံးစုံတောက်ပသော မြတ်စွာဘုရား၏ အသရေ အဆင်းကို ဖန်ဆင်း၍ပြလေ၏။

ရှင်ဥပဂုတ်လည်းမတုန်လှုပ်သော သက်ဝင်ကြည်ညိုခြင်း ရှိသည်ဖြစ်၍ မာရ်နတ်သားအား ပေးအပ်သော ပဋိညာဉ်ကို မအောက်မေ့နိုင် ငေးမှိုင် မိန်းမောကာ သဒ္ဓါအလွန်ပွားရကား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့်ရှိခိုး၏၊ ပါလာသမျှသော မင်း၊ မှူးမတ် ပရိသတ်အပေါင်းတို့လည်း အလွန်ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြစ်ကုန်၏၊ မာရ်နတ်သားလည်း အသွင်ကိုကွယ်စေ၍ "အရှင်ဥပဂုတ် အဘယ့်ကြောင့် အကျွန်ုပ်ကိုရှိခိုးသနည်း" ဟု မေး၏။

ရှင်ဥပဂုတ်ကလည်း "သင့်ကို ငါရှိမခိုး၊ မျက်မှောက်သော သာဝကရှစ်ကျိပ်နှင့်တကွသော ဘုရားသခင်ကိုသာ ရှိခိုးသည်" ဟု ဆို၏။

ထိုအခါမှစ၍ မာရ်နတ်သားလည်း သာသနာ၌ သဒ္ဓါနူးညံ့သောစိတ် ရှိသည်ဖြစ်ခါ မိမိ၏ နေရာသို့ပြန်လေ၏၊ ရှင်ဥပဂုတ်စသော ရဟန္တာအပေါင်းတို့သည်လည်း ဤသို့ကြံကြ၏။

မင်းကြီးသည် မိမိပြုသော ရှစ်သောင်းလေးထောင်သော

ကောင်းမှုအလုံးစုံတို့ကို အကုန်မြင်သည်ရှိသော် ဘုရားသာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်လတ္တံ့ဟု ကြံ၍ မိမိတို့စျာန်ကိုဝင်စားပြီးလျှင် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် အရပ်ထက်ဝန်းကျင် မင်းလွင်မြို့မွေး၊ ညစ်ကြေးကုန်ကင်း၍ အကြွင်းမဲ့ဖြစ်စေတတ်သော လောကဝိရဏမည်သော တန်ခိုးပြာဋိဟာကို ပြုပေ၏။

မင်းကြီးသည် အာသောကာရာမ ကျောင်းတော်ထက်၌ ရပ်၍လျက်ပင် ထက်ဝန်းကျင်သောအရပ်မျက်နှာတို့ကို ရှုမျှော်သော်သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူထိပ်ကျွန်းအလုံးကိုရင်း၊ ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော စေတီကျောင်းတော်တို့ကိုရင်း၊ လက်ဝါးပြင်တွင်တင်၍ ကြည့်သကဲ့သို့ မြင်တော်မူသော် တိုင်းထက်အလွန် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍၊ ဇမ္ဗူထိပ်တကျွန်းလုံး၌ ရအပ်သော မင်းစည်းစိမ်ဖြင့် ပူဇော်တော်မူ၏။

## (၉) သီရိဓမ္မာသောကမင်းကြီး မိမိကိုယ်ကို ဆီမီးအဖြစ်ပူဇော်ခြင်း။

ထို့နောက် သရီရဓာတ်စေတီမြတ်ကို ပရမတ္ထဒါနဖြင့် မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့်ရစ်၍ ဆီမီးထွန်းလျက် ပူဇော်ပေ၏။ ထိုဆီမီးလျှံသည် ခုနစ်ယူဇနာမျှလောက်သော ကောင်းကင်သို့ တက်လေ၏။ မင်းကြီးလည်း "ဣတိပိသော" အစရှိသော ဂုဏ်တော်ကို အစဉ်အောက်မေ့လျက် နှစ်သက်ခြင်း ပီတိအဟုန်ဖြင့်

မတုန်မလှုပ်နေတော်မူရကား မီးလျှံသည် ကိုယ်တော်၌ ဖေါက်ပြန်ခြင်းကို တစုံတခုမျှမဖြစ်စေဘဲ စန္ဒကူးဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့သည်သာဖြစ်၏။ ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရေဖြင့်ချိုး၍ တန်ဆာဆင်ယင်ပြီးသော် မျိုးမတ်အပေါင်းခြံရံလျက် လက်ျာရစ်သုံးပါတ်လှည့်၍ စေတီတော်ကို ပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာပြီးသော်မှ နန်းတော်သို့ ပြန်လာလေ၏။

အကျယ်ကိုသိလိုပါတ၊ ဇိနတ္ထပကာသနီကျမ်း ၊ဒသမတွဲကိုရှုပါ။

---

ကဝိရတနာစာပေ

# ဂေါတမဗုဒ္ဓနှင့်ပတ်သက်၍သိမှတ်စရာအဖြာဖြာ။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား— ဘိုးတော်အဉ္ဇနမင်းကြီးနှင့် ပဋိသန္ဓေယူသောနေ့။ ဆရာဒေဝိလ ရသေ့တို့က သက္ကရာဇ် ရှစ်ထောင့်ခြောက်ရာလေးဆယ့်ငါးခု တပေါင်းလကွယ် စနေနေ့တွင် နဝစန္ဒကိန်းဖြင့် ချေ၍၊ တန်ခူးလဆန်း တရက်၊ တနင်္ဂနွေနေ့မှ စရေတွက်သော မဟာသက္ကရာဇ် ၆၇ ခု ဝါဆို လပြည့် ကြာသပတေးနေ့။

ဘုရားအလောင်း ဖွားမြင်တော်မူသောနေ့— မဟာ သက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီး(ခရစ်မပေါ်မီ သက္ကရာဇ် ၆၂၃ ခု)

ဘုရားအလောင်း တောထွက်တော်မူသောနေ့ — မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်္လာနေ့ ညဉ့် သန်းခေါင်ယံ။

---

ဘုရားအလောင်း သဗ္ဗညုတရွှေဉာဏ်တော်– မဟာသက္ကရာဇ်
ရသောနေ့။ ( ၁၀၃ ) ခု၊
ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအာရုံတက်။

တရားဦးအဖြစ် ဓမ္မစကြာ ဟောသောနေ့ – မဟာ သက္ကရာဇ်
(၁၀၃) ခု၊ ဝါဆိုလပြည့် စနေနေ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောနေ့– မဟာ သက္ကရာဇ်
(၁၄၈) ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ညမိုးသောက်ယံ။

တေဇောဓာတ် လောင်သောနေ့ – မဟာသက္ကရာဇ် ၁၄၈ ခု၊
ကဆုန်လဆုပ် ၁၂ ရက်၊ တနင်္ဂနွေနေ့ ညချမ်း

# (က) နေ့မြတ်ခုနစ်နေ့ ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဘို့ ကိန်းပါကိုး။

၂။ သန္ဓေယူကာ ဆယ်လကြာသော်၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့် သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ ဘွားတော်မူသည် နတ်လူအောင်မျို့ လမ်းပါကိုး။

၃။ ဘွားမြင်မြောက်သော် ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌ သုံးသွယ်ရွှေနန်း သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင် ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်တပုံ သံဝေထုံက ကဆုန်လပြည့် ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံ့သည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကိုး။

---

ကဝိရတနာ၁၀၁မွ

၄။ တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့် ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး ဗိမာန်ထီးနှင့်၊ မငြိုးကြည်ဖြူ နေတော်မူလျက်၊ ရန်သူခပင်း အမိုက်သင်းကို အရှင်းပယ်ဖျောက် အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော် သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါထိုး။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာတသောင်း တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့် စနေနေ့ဝယ်၊ ကြေ့ကြေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်....တရားနတ်စည် ရွှမ်းတယ်ကိုး။

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံထိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်ကရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမဟုတ် ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်.... ဝမ်းဆူသောင်းလုံး ကျော်တယ်ကိုး။

၇။ နိဗ္ဗူစံပြီး ရှုမအိသာ၊ သိင်္ဂါရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန် လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဥာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်.... မွေ့တော်ရှစ်စိတ် ကြွင်းတယ်ကိုး....။

---

**ကဝိရတနာ၁၀၁၉**

## (ခ) ပရိနိဗ္ဗာန်စံတော်မူခြင်းလင်္ကာ။

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံထိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမဟုတ်ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှမ်းဆူသောင်းလုံး ကျော်တယ်ကိုး။

### ရှစ်လုံးဘွဲ့ကဗျာ

မလ္လာပင်မင်း၊ အင်ကြင်းမြိုင်ယံ၊
အားတော်ချွေလျှ၊ ကြွေကျပုံဟန်၊
နတ်လူမစဲ ငိုပွဲဆူညံ၊
နေ့ခြသေ့ ပြောင်းရွှေ့ပြည်နိဗ္ဗာန်။

---

ကဝိရတနာသာရပေ

# (ဂ) တေဇောခတ်လောင်တော်မူခြင်း

နိဗ္ဗူစံပြီ၊ ရှုမအိသာ၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ခတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေ့တော် ရှစ်စိတ် ကြွင်းတယ်ကိုး။

## ရှစ်လုံးဘွဲ့ကဗျာ

နတ်လူမစဲ ငိုပွဲဆူညံ၊
တေဇောရှိန်လင်း ထိန်ဝင်းတောက်ပြန်၊
မြတ်အလောင်းမှ ခတ်ပေါင်းထွေကျုံ၊
ဂဠုန်နေ့ ကြုံတွေ့ တေဇောသံ။

## (ဃ) ဗုဒ္ဓဝင်အခါတော် ခုနှစ်ပါး အကျဉ်း

မ။ သိ။ ကြ။ လျှင်။ ထွေး။ ဆ။ ဦး။

မ — ကြာသပတေးနေ့၊ ၆၇ ဝါဆိုလပြည့် သန္ဓေယူသည်။

သိ — သောကြာနေ့၊ ၆၈ ခု၊ ကဆုန်လပြည့် ဖွားမြင်သည်။

ကြ — တနင်္ဂနွေ ၉၇ ဝါဆိုလပြည့်၊ တောထွက်တော်မူသည်။

လျှင် — ဗုဒ္ဓဟူးနေ့ ၁၀၃ ခု ကဆုန်လပြည့် ဘုရားဖြစ်တော်မူသည်။

ထွေး — စနေနေ့ ၁၀၃ ခု ဝါဆိုလပြည့် တရားဦးဓမ္မစကြာ ဟောတော်မူသည်။

ဆ — အင်္ဂါနေ့ ၁၄၈ ခု ကဆုန်လပြည့် ပရိနိဗ္ဗာန်စံတော်မူသည်။

ဦး — တနင်္ဂနွေနေ့ ၁၄၈ ခု ကဆုန်လဆုတ် ၁၂ ရက် တေဇောဓာတ် လောင်သည်။

---

ကဝိရတနာစာပေ

## (၄) ထေရဝါဒ ပထမ သံဂါယနာ ပြုခြင်း

| | |
|---|---|
| ပထမ သံဂါယနာ | ။သတ္တပဏ္ဏိလိုဏ်ဂူ (ရာဇဂြိုလ်ပြည်) |
| သက္ကရာဇ် လ၊ ရက် | ။မဟာသက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်လပြည့်နေ့မှ တပေါင်းလပြည့်နေ့ထိ(၇)လ။ |
| ဌာန။ | ။ရာဇဂြိုလ်ပြည် ဝေဘာရတောင်ယံ၊ စရည်းပင်ရောက်ရာ သတ္တပဏ္ဏိမည်သော လိုဏ်ဂူ။ |
| အမှီပြုရသော မင်း | ။အဇာတသတ်မင်းကြီး။ |
| ကြီးမှူးသော ပုဂ္ဂိုလ် | ။အရှင် မဟာကဿပနှင့် အရှင် ဥပါလိ ထ အရှင်အာနန္ဒာ။ (ထေရ်ကြီးသုံးပါး)။ |
| တင်သော သံဃာဦးရေ | ။ရဟန္တာအပါး (၅၀၀)။ |
| တင်ပုံတင်နည်း | ။နှုတ်ဖြင့် ရွတ်ဆိုတော်မူကြသည်။ |
| ကြာမြင့်သည့် ကာလ | ။ခုနစ်လ။ |
| တင်ရသော အကြောင်း | ။မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုရ၍ ခုနစ်ရက်အလောင်းတော် အထင်အရှားရှိစဉ် အချို့သော ပုထုဇဉ် ရဟန်းတို့ငိုကြွေးကြသည်ကို သုဘမည် |

သော ရဟန်းကြီးက၊ ငါ့ရှင်တို့ မငိုကြနှင့် ရှင်ဂေါတမ ရှိလျှင်မည်သည်ကို ကျင့်ရမည်၊ မည်သည်ကို မကျင့်ရစသည်ဖြင့် ပညတ် နှိပ်ကွပ်လေသည်၊ အနေအစား အလွန်ကြပ်တည်းကျဉ်းမြောင်း၏၊ ယခုအခါ ရှင်ဂေါတမ မရှိပြီ၊ ငါတို့ ကျင့်ချင်တိုင်း ကျင့်ရတော့မည်၊ နေချင်တိုင်း နေကြကြရတော့မည် ဟု ရို့ရင်း ကြမ်းတမ်းစွာ မရိုမသေ ပြောဆိုလေ၏။ အရှင်မဟာကဿပကြီး ကြားရသော် ဤစကားတို့သည် သာသနာတော် ဆုတ်ယုတ် ပျက်စီးရာသော အကြောင်း အရိပ်နိမိတ်တို့ ဖြစ်တော့သည်၊ သခင်ကိုယ်တော်တိုင် မရှိသော်လည်းဟောကြားတော်မူသော တရားတော်၊ ပိဋကတ်တော်တို့သည်၊ ဘုရားသခင်ကဲ့သို့ ဆိုးမမည်ဖြစ်၍၊ ပိဋကတ်တော်တို့ကို မပျက်မစီးရအောင် ထိန်းသိမ်း စောင့်ရှောက်ရမည် ဟု သံဂါယနာတင်တော် မူကြခြင်းဖြစ်သည်။

(ယင်းသို့ သံဂါယနာတင်၍ ပြီးဆုံးသောအခါ၌ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသည့်ပမာ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ လှုပ်လေ၏။)

---

ကဝိရတနာစာပေ

အထူးမှတ်ရန်။ ။သံဂါယနာတင်ပွဲ ပြီးသော အခါ အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့် ညှိနှိုင်း၍ ဘုရားသာသနာတော်နှင့် ကောဇာ တညီတည်း ရှိစိမ့်သောငှာ တရာ့လေးဆယ့်ရှစ်ခု ကောဇာသက္ကရာဇ်ကို ချ၍ ကိန်းသစ် ထားလေ၏။

---

ကဝိရတနာစာပေ

## (စ) ဒုတိယ သံဂါယနာပြုခြင်း

| | |
|---|---|
| သက္ကရာဇ် ။ | ။သာသနာသက္ကရာဇ် အနှစ် ၁၀၀။ |
| ဌာန ။ | ။ဝေသာလီပြည် မဟာဝုန်တော၊ ဝါလိကာရုံ ကျောင်းတော်။ |
| အမှီပြုရသောမင်း။ | ။ကာလာသောကမင်း။ |
| ကြီးမှူးသော ပုဂ္ဂိုလ်။ | ။အရှင်မဟာယသနှင့် ရေဝတထေရ် (သက်တော် ၁၂၀ ရှိ)နှင့်ပေါင်း ထေရ်ကြီး ခြောက်ပါး။ |
| တင်သော သံဃာဦးရေ။ | ။၇၀၀ အရုံ သံဃာ တသန်းနှစ်သိန်း။ |
| တင်ပုံတင်နည်း။ | ။နှုတ်ဖြင့် ရွတ်ဆို တင်တော်မူကြသည်။ |
| ကြာမြင့်သည့် ကာလ။ | ။ရှစ်လ။ |

တင်ရသော အကြောင်း။

။ဝေသာလီပြည်၊ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်း တို့သည်၊ ဝိနည်းတရားတော်နှင့် မညီသော အဓမ္မဝါဒ ဆယ်ပါးတို့ကို ပြသကျင့်ဆောင်ကြ ကုန်၏၊ ထို့ကြောင့်သာသနာတော်၏ ညစ်နွမ်း ရာ အကြောင်းရင်းကြီး ဖြစ်ပေါ် လာသဖြင့် တင်ကြရသည်။

---

ကဗိရတနာစာပေ

## (ဆ) တတိယသံဂါယနာ

| | |
|---|---|
| သက္ကရာဇ် ။ | ။သာသနာသက္ကရာဇ် ၂၃၅ ခု နယုန်လမှ တပို့တွဲလထိ။ |
| ဌာန ။ | ။ပါတလိပုတ်ပြည်၊ အာသောကာ ရာမကျောင်းတော်။ |
| အမှီပြုရ သောမင်း။ | ။သီရိဓမ္မာသောကမင်းကြီး။ |
| ကြီးမှူးသော ပုဂ္ဂိုလ်။ | ။အရှင် မောဂ္ဂလိပုတ္တတိဿထေရ်။ |
| တင်သော သံဃာဦးရေ။ | ။ရဟန္တာ တထောင်။ |
| တင်ပုံ တင်နည်း။ | ။နှုတ်ဖြင့် ရွတ်ဆို တင်ကြသည်။ |
| ကြာမြင့်သည့် ကာလ။ | ။ကိုးလ။ |

---

ကဝိရတနာစာပေ

တင်ရသော အကြောင်းရင်း။

။ကမ္ဘာကျော် သီရိဓမ္မာသောကမင်းကြီး ကိုယ်တိုင်၊ ဗုဒ္ဓ သာသနာတော်အား၊ သက်ဝင်ကြည်ညိုသောစိတ် ထက်သန်စဉ် လာဘ်လာဘ များပြား သည်ကို အကြောင်း ပြုပြီးလျှင် ရဟန်းတု ရဟန်းယောင် အများအပြား ပေါ်ပေါက်၍ လာလေ၏၊ ပရိသတ် မစင်ကြယ်ကြောင်းကို သိတော်မူသော ရဟန်းကောင်းတို့သည်၊ ထိုရဟန်းတု ရဟန်းယောင် များနှင့် ရောနှောလျက် ဥပုသ်မပြုလိုကြသဖြင့် ခုနစ်နှစ်တိုင်တိုင်ကြာ၍ သွားလေ၏။ ထိုအကြောင်းကို သီရိဓမ္မာ သောက မင်းကြီး ကြား သိတော်မူသောကြောင့်အမတ်တဦးအား "အဓိကရုဏ်းကို ငြိမ်းချေ၊ ဥပုသ် ပြုပေစေ" ဟု တိုတိုကျဉ်းကျဉ်း အမိန့် ပေးတော် မူလိုက်လေ၏။ အမိန့်အတိုင်း ဆောင်ရွက်သည့် အမတ်ကား "ဥပုသ်မပြုသော ရဟန်းများအား သတ်စေ" ဟု မိန့်တော်မူသည် အထင်နှင့် ဥပုသ်မပြုသည့် ရဟန်းကောင်း တို့အား သတ် ဖြ တ် လေ ၏။ ထိုအခါ မင်းကြီးသည်၊ "ငါစေလိုက်ရင်း အာဘော် အမှိုပြု၍ သတ်သဖြင့် ငါ့အားအပြစ်များ ရှိလေရော့မည်လား" ဟု ယုံမှားရှိသောကြောင့် ဂင်္ဂါမြစ် အထက်ပိုင်းရှိ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအားပင့်၍ လျှောက်လေ၏၊

အရှင်မြတ်လည်း အပြစ်မရှိကြောင်း မိန့်တော်မူပြီးလျှင်အာသောကောကမင်းကြီးအားဘုရားရှင်၏အယူကို ခုနစ်ရက်တိုင်တိုင် သင်ကြား၍ ပေးတော်မူလေ၏။ ပြီးမှ ရဟန်းတု ရဟန်းယောင်(တိတ္ထိ)ခြောက်သောင်းတို့အားနှင်ထုတ်စေတော်မူပြီးလျှင် ရဟန်း ခြောက်သိန်းတို့နှင့်တကွ၊ ဥပုသ်ပြုတော် မူလေ၏၊ ဤသို့ကဲ့ပြား ခြင်း အဓိကရဏ်း ဖြစ်ခြင်းတို့ကို ငြိမ်းစေလို၍ ၎င်း၊ သာသနာတော်ကို ချီးမြှောက်လို၍၎င်း၊ တင်ခြင်း ဖြစ်သည်။

---

ကဝိရတနာစာပေ

# (၈) စတုတ္ထသံဂါယနာ

သက္ကရာဇ် ။သာသနာ ၄၅၀။

ဌာန။ ။ ။သီဟိုဠ်ကျွန်း မလယဇနပုဒ်၊အလေကလိုဏ်ဂူ။

အမှီပြုရသောမင်း။ ။ဝဋ္ဋဂါမဏိမင်းကြီး။

ကြီးမှူးသောပုဂ္ဂိုလ်။ ။အရှင်မဟာ ဓမ္မရက္ခိတ။

တင်သောသံဃာဦးရေ။ ။ရဟန္တာ ၇၆၀။

တင်ပုံတင်နည်း။ ။ပေထက်အက္ခရာတင်သည်။

ကြာမြင့်သည့်ကာလ။ ။တဆယ့်နှစ်နှစ်။

တင်ရသော အကြောင်းရင်း။

။သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿ ပုန်ကန်သော ဘေးကြီး ထကြွသည့်ပြင် မိုဃ်း ကလည်း ကောင်းစွာ မရွာသွန်းသောကြောင့် ငတ်မွတ် ခေါင်းပါးကြ ကုန်၏၊ ထိုအခါ ရဟန္တာ အများ တို့သည် ပထမ ဇမ္ဗူဒိပ် ကျွန်း (အိန္ဒိယပြည်) သို့ ကူးတော်မူကြရန် ကမ်းပါး သို့၊ ကြွတော်မူလာကုန်၏။ ဖောင်မဆန့်သဖြင့် ကျန်ရစ်ခဲ့သော ရဟန္တာကြီး ခြောက်ကျိပ်တို့ သည် သီဟိုဠ်ကျွန်း၌ပင် ပိဋကတ် တော် ကို ဆောင်ရွက် စောင့်ရှောက် ကြကုန်အံ့ဟု ကတိ ကဝတ် ပြုတော်မူကြပြီးလျှင် သီဟိုဠ်ကျွန်း၏ အစိတ်အပိုင်းဖြစ်သော မလယ ဇနပုဒ်သို့ ကြွ တော်မူကြကုန်၏။ သစ်ဥ၊ သစ်ဖု၊ သစ်ရွက် များကို သုံးဆောင်တော်မူကြလျက် အဋ္ဌကထာ နှင့် တကွ ပိဋကတ်တော်တို့ကို သရဇ္ဈာယ်တော် မူကုန်၏။ အလွန်ဆာလောင် သိပ်မွတ်လှသော ကြောင့် မသရဇ္ဈာယ်နိုင်ကြသောအခါ၌ကား၊ သဲကို ဝမ်းပိုက်အောက်က ထား၍ ခေါင်းချင်း ဆိုင်ကြပြီးလျှင် ပိဋကတ် စာပေကို စိတ်ဖြင့် သာလျှင် ဆင်ခြင်တော် မူနိုင်ကြ ကုန်၏။ ဤနည်းအတိုင်း ၁၂ နှစ်ကြာ တင်၍ သွား လေ၏။ တဆယ့်နှစ်နှစ် အကြာတွင် သူပုန် အေးငြိမ်းသဖြင့် ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယပြည်)

သို့ ကြွတော်မူ၍ ပိဋကတ်ကို စောင့်ရှောက်တော်မူကြသည်၊ ရဟန္တာခုနစ်ရာတို့သည် ကလျာရာမ ဇနပုဒ် မဏ္ဍာလာရာမကျောင်းသို့ ပြန်ကြွလာပြီး ကျန်နေသော ရဟန္တာ ခြောက်ဆယ်တို့နှင့်တကွ အဋ္ဌကထာနှင့်တကွသော ပိဋကတ်တော်ကို တိုက်ဆိုင် တည်းဖြတ်တော် မူကြကြောင်းကို အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ဆိုပြသတော်မူကြကုန်၏။ ရှေးအခါက ပိဋကတ်တော်များကိုနှုတ်ဖြင့်သာ ဆောင်လေ့ရှိတော်မူခဲ့ကြကုန်၏။ နောင်အခါ သတ္တဝါတို့ သတိပညာ သမာဓိယုတ်လျော့သဖြင့် ပိဋကတ်တော်ကို နှုတ်တက်မဆောင်နိုင်ကြမည်ကို မြင်တော်မူသောကြောင့် ပေထက်အက္ခရာဖြင့် သံဂါယနာတင်တော်မူခဲ့ကြကုန်၏။

## (၅) ပဉ္စမ သံဂါယနာ။

| | |
|---|---|
| သက္ကရာဇ် | ။သာသနာ—၂၄၁၂ နှင့် ၂၄၁၅ ခုထိ၊ မြန်မာ, ၁၂၃၀—ခုမှ ၁၂၃၃ ခုထိ။ |
| ဌာန | ။မြန်မာနိုင်ငံ မန္တလေး နေပြည်တော်။ |
| အမှီပြုရသော မင်း | ။မင်းတုန်းမင်းတြားကြီး။ |
| ကြီးမှူးသော ပုဂ္ဂိုလ် | ။(၁) တောင်နန်းဆောင် မိဖုရားကြီး၏ ဆရာတော် ဦးဇာဂရာဘိဝံသ ပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု။<br>(၂) မြတောင်မြို့စား သေနပ်ဝန်ကြီး၏ ဆရာတော် ဦးနရိန္ဒာဘိ သိရိမဟာသဒ္ဓမ္မ ဇောတိပါလ ဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု။ |

ကဝိရတနာ၁၀၁၈

(၃) စီးတော်မြင်းဝန်တိုက် ဆရာတော် ဦးသု
မင်္ဂလာသာမိ သီရိဝရမဏိဓဇ မဟာ
ဓမ္မရာဇာဓိရာဇဂုရု။

ဤဆရာတော်ကြီး (၃) ပါးတို့အား ပုဒ်ပါဠိ အက္ခရာ ကျောက် အရေးအသား မချွတ်မယွင်း စေရအောင် သန့်ရှင်းပြင်ဆင်ရန် လျှောက်ထား အပ်နှင်းတော်မူသည်။

(၁) အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီးမဟာ
သီရိဥဇနာ။

(၂) အတွင်းဝန် ယောမြို့စားမင်းကြီး မဟာ
မင်းလှစည်သူ။

(၃) ခင်မမင်းဝန် မိုင်းကိုင်မြို့စား မဟာသီရိ
ဇေယသူ။

(၄) သံတော်ဆင့်နေမျိုးရာဇစည်သူ။

(၅) အမိန့်တော်ရေး မင်းထင်ဇေယသူ။

(၆) အသုံးစာရေး နေမျိုးသီရိကျော်သူ တို့ အားဖြင့် ကြီးမှူးကြပ်မတ်ရေးထုစေသည်။

တင်သော ။၂၄၀၀။
သံဃာဦးရေ

---

ကဝိရတနာစာပေ

တင်ပုံတင်နည်း ။(က) ကျောက်ထက်အက္ခရာတင်သည်။
(ခ) နှုတ်ဖြင့်ရွတ်ဆိုဘင်သည်။

ကြာမြင့်သည့် ။(၁၂၃၃–ခု၊ တော်သီလင်း လပြည့်ကျော်
ကာလ (၁၄)ရက်နေ့တွင် ပြီး၏။

တင်ရသော ။သာသနာတော်ကို တည်တန့် ကြီးပွားအောင်
အကြောင်းရင်း ချီးမြှင့်လို၍ တင်ကြကုန်၏။

## (ည) ဆဌ—သံဂါယနာ။

| | |
|---|---|
| သက္ကရာဇ် | ။(သာသနာ) ၂၄၉၈ မှ ၂၅၀၀ ခုထိ၊ (မြန်မာ) ၁၃၁၆ ခု၊ ကဆုန်လပြည့်နေ့မှ ၁၃၁၈ ခု၊ ကဆုန်လပြည့်နေ့ထိ။ |
| ဌာန | ။မြန်မာနိုင်ငံ—ရန်ကုန်မြို့— ရေကူးရပ် သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော်အနီး "ဆဋ္ဌသင်္ဂီတိမဟာ ပါသာဏဂုဟာ" ခေါ် ကျောက်လိုဏ်ဂူ။ |
| အမှီပြုရသော မင်း | ။ဗုဒ္ဓဘာသာ နိုင်ငံတော်များ၏ ကိုယ်စား ဆဋ္ဌ သံဂါယနာ ဒါယကာအဖြစ် ခံယူရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မာ ဒေါက်တာဘဦး။ |
| ကြီးမှူးသော ပုဂ္ဂိုလ် | ။(၁) ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော် ဘုရားကြီး။ |

---

ဇာဝိရဏနာစဒမေပ

(၂) (ပုစ္ဆ) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်။

(၃) (ဝိသဇ္ဇက)တိပိဋကစရမဓမ္မဘဏ္ဍာဂါရိတ အသျှင် ဝိစိတ္တသာရာဘိဝံသ (မင်းကွန်း) ဆရာတော်။

တင်သော ။ ၂၅၀၀။
သံဃာဦးရေ

တင်ပုံတင်နည်း။(က) စာရွက်ပေါ်၌ အက္ခရာတင်သည်။
(ခ) နှုတ်ဖြင့်ရွတ်ဆိုသည်။

ကြာမြင့်သည့် ။(၂)နှစ်။
ကာလ

တင်ရသော ။သာသနာတော် အဓွန့်ရှည်စွာ တည်စေရန်
အကြောင်း သံဂါယနာတင်ရပါမူ ကောင်းလေစွ”ဟူ သော
ရင်း ပဌမ သင်္ဂါယနာတိပါမောက္ခ အရှင်မဟာ ကဿပ မထေရ်၏ စိတ်အကြံ ဆန္ဒတော်ထုံးကို နှလုံးပြု မိတော်မူကြသော၊ မြန်မာ-သီဟိုဠ်-ယိုးဒယား-ကမ္ဘောဒီးယားနှင့် လာဩပြည်ဟု ဆိုအပ်သော ထေရဝါဒ ငါးနိုင်ငံရှိ လဇ္ဇီပေသလနိကာယ

ပါဂု သံဃာတော် အရှင်မြတ်တို့သည် မြတ်စွာ
ဘုရား၏ သာသနာတော် အနှစ်ငါးထောင်
တည်ပါစေခြင်းငှာ တင်တော်မူကြသည်။
(ထေရဝါဒ)သံဂါယနာ အကျဉ်းချုပ်ပြီး၏။

ကဝိရတနာစာပေ

## (၄) ဗုဒ္ဓ၏သံဝေဇနီယ-ထူးမြတ်သော ဒေသများသို့ ခရီးလမ်းညွှန်။

ဘာသာကို ယုံကြည်လေးစားကြသော ပုဂ္ဂိုလ်များတို့သည် မိမိတို့ ကိုးကွယ်ကြသော ဘာသာ၏ အထွဋ်အထိပ် (ဘုရား)လောင်း မွေးဖွားရာဒေသ၊ တရားကျင့်ကြံ ကျိုးကုတ်ရာ ဒေသ၊ ခြေတော်ရာဒေသများသို့ ထူးကဲသော စေတနာသဒ္ဓါ များပွားလျက် သွားရောက် ဖူးမျှော်လေ့ရှိကြသည့်ပမာ၊ ခရစ်ယာန်များမှာ "ဂျေရုစလင်"သို့၎င်း၊ သာသနာထွန်းရာ ရောမမြို့သို့၎င်း၊ မူစလင်များမှာ "မက္ကာမြို့"သို့၎င်း၊ ခဲရာခဲဆစ်များကို ကျော်လွှားလျက် ကျိုးကျိုးကုတ်ကုတ် ကြံဆောင်သွားရောက်ကြလေ့ရှိသည့်နည်းတူ– ဗုဒ္ဓဘာသာဝင်များလည်း...

မိမိတို့ ကိုးကွယ်ရာ ဂေါတမ မြတ်စွာဘုရားအလောင်းတော် ဘွားမြင်ရာ "လုမ္ဗိနီဥယျာဉ်" ဒေသ၊ (အာသောကမင်းကြီး တည်ဆောက်ပူဇော်ထားသော ကျောက်တိုင်ရှိသည်)။

သဗ္ဗညုတ ရွှေဥဘက်တော်ရာ (ဖွားဘက်တော်) မဟာ ဗောဓိပင်ဒေသ။

တရားဦး "မေ့စကြာ" ဟောတော်မူသော မိဂဒါဝုန် တောဒေသ၊ (ဓမ္မစက္က စေတီတော်ကြီး တည်ရှိသည်။)

မြတ်စွာဘုရား နှစ်ဆယ့်ငါးဝါတိုင်တိုင် သတင်းသုံး တော်မူသော သာဝတ္ထိပြည်ရှိ ဇေတဝန် ကျောင်းတော်နှင့် ပုဗ္ဗာရုံကျောင်းတော်ရာဒေသနှင့် ဘုရားသခင် ပရိနိဗ္ဗာန်စံတော် မူရာဒေသ (ကုသိနာရုံ၊ မဟာပရိနိဗ္ဗာန စေတီ တည်ရှိသည်။) သို့ သွားရောက် ဖူးမျှော်နိုင်ကြစေရန်အတွက် ခရီးစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## (၁) မြတ်စွာဘုရား သဗ္ဗညုတ ရွှေဉာဏ်တော် ရရာ မဟာဗောဓိပင်သို့

ရန်ကုန်မြို့မှ အိန္ဒိယပြည် 'ကာလကတ္တား'(Calcutta) သို့၊ သင်္ဘောဖြင့် (သို့) လေယာဉ်ဖြင့်ရင်း-

တဖန် ကာလကတ္တား (Calcutta) မှ ၂၉၂ မိုင် ဝေးသော "ဂယာ" (Gaya) ဘူတာသို့ မီးရထားဖြင့်ရင်း-

တဖန် ဂယာ ဘူတာမှ (၇)မိုင်ခန့် ဝေးသော မဟာဗောဓိပင်သို့ မော်တော်ကား (သို့မဟုတ်) မြင်းရထားဖြင့် သွားနိုင်သည်။

## (၂) မြတ်စွာဘုရား တရားဦး "ဓမ္မစကြာ" ဟောတော်မူရာ မိဂဒါဝုန်တောဒေသသို့

"ဂယာမြို့ (Gaya) မှ (၁၃၇) မိုင် ဝေးသော "ဗာရာဏသီ ကန်တော်မင်" ဘူတာ (Benarese Cantonment) သို့ မီးရထားဖြင့်ရင်း-

ရင်းမှ တဖန် (၇) မိုင်ခန့်ဝေးသော "ဆာနပ်(သ်)" (Sarnath) ဘူတာသို့ မီးရထား (သို့မဟုတ်) မြင်းရထားဖြင့် သွားနိုင်သည်။

---

ကဝိရတနာဝေပ

## (၃) မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံသို့

"ဗာရာဏသီ" (Benarese) မြို့မှ (၁၁၈) မိုင်ဝေးသော "တစီဒိုရီယာ" (Tahsideoria) ဘူတာသို့ မီးရထားဖြင့်ရင်း-

၎င်းမှ တဖန် (၂၂) မိုင် ဝေးသော "ကာဆိယမတ္တာကူဝ" (Kasia Mattakua) သို့ ဘတ်(စ်)ကားဖြင့် သွားနိုင်သည်။

## (၄) မြတ်စွာဘုရားအလောင်း ဖွားမြင်တော်မူရာ လုမ္ဗဏီ ဥယျာဉ်သို့

"ကာဆိယမတ္တာကူဝ" (Kasia Mattakua) မှ (၂၂) မိုင် ဝေးသော "ဂေါရပ်ပူ(ရ်)" (Gorakhur) ဘူတာသို့ ဘတ်(စ်)ကားဖြင့်သွားပြီး-

၎င်းမှ တဖန် (၄၅) မိုင်ဝေးသော "နောက်ဂါး" (Nowgah) ဘူဘာသို့ မီးရထားဖြင့်ရင်း-

၎င်းမှတဖန် (၂၂) မိုင် ဝေးသော "ရူမင်ဒေး" (Rominady) သို့ မော်တော်ယာဉ်ဖြင့် သွားရသည်။

လေယာဉ်ဖြင့် သွားလိုပါက "နီပေါ" (Nepal) နိုင်ငံ "ကတ်(သ်)မန္ဒူ" (Kathmand) မြို့ လေဆိပ်သို့၊ ၎င်းမှ ဘယ်ရာဟာဝါ (Bhairahawa) လေဆိပ်သို့ ဆင်းလျက် မော်တော်ယာဉ်ဖြင့် သွားနိုင်သည်။

---

(၅) မြတ်စွာဘုရားသခင် (၂၅)ဝါတိုင် ဝါဆိုတော် မူခဲ့သော သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်နှင့် ပုဗ္ဗာရုံ ကျောင်းတော်ရာ ဒေသများသို့။

"နော့ဂါး" (Nawga) ဘူတာမှ (၅၇) မိုင် ဝေးသော "ဘာ(လ်)ရမ်ပူ" (Blarampur) ဘူတာသို့ မီးရထားဖြင့်၎င်း—

၎င်းမှ တဖန် (၁၀) မိုင်ဝေးသော "ဆဟာတ်မဟက်" (Sahat Maheth) သို့ မြင်းလှည်းဖြင့် သွားရသည်။

ဤသံဝေဇနိယ ဌာနများသို့ ဘုရားဖူး လှည့်လည်ကြကုန်သော ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ကြည်ညိုသဒ္ဓါခြင်း ရှိကြကုန်သည်ဖြစ်၍ ထိုသူတို့သည် သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိ နတ်ဘုံဘဝသို့ လားရောက်ကြကုန်လိမ့်မည်တည်း ဟု မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ခဲ့ပါကြောင်း။

---

# ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

## နိဂုံးချုပ် အမှာ

ဤကျမ်းပြုသူမှာ ကျမ်းဂန်များ တတ်ကျွမ်း၍ မဟုတ်ဘဲ၊ ဗုဒ္ဓ သာသနာတော် တည်တန့် ပြန့်ပွားစေလိုသော စေတနာဆန္ဒ သက်သက်ဖြင့် နိဒါန်းတွင် ဖော်ပြခဲ့သော ဆရာတော်ကြီးများ ပြုစုခဲ့သည့် ကျမ်းတော်များမှ အများ နားလွယ်စေရန် ကောက်နုတ်ချက်များကို ဖော်ပြခြင်း ဖြစ်ပါ၍ သတ်ပုံမှအစ အပိုဒ် အဖြတ်များ မှားယွင်းနေပါက စာရှုသူ ပညာရှိများက ပြုပြင် ဖတ်ရှုပါရန် အနူး အညွတ် တောင်းပန်ပါသည်။

ဤစာစောင် ဖြစ်မြောက်ရေး အတွက် ကူညီကြသော သူများနှင့် ထုတ်ဝေပေးသူ အပြင်၊ ပုံနှိပ်ခွင့်ပြုသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသံနာရေး ဝန်ကြီးဌာန၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဌာနခွဲမှ အရာထမ်း အမှုထမ်းများအား အထူး ကျေးဇူးတင်ရှိကာ မိမိ ပြုရသော ကုသိုလ်အဘို့ ဘာဂ များကို အမျှ ပေးဝေနေပါကြောင်း...။ ။

ဦးဘထွန်း။

---

# ကဝိရတနာစာပေတိုက်

၏

# စာအုပ်ကောင်းတစ်အုပ်

## (စိတ်ကိုစိတ်ဖြင့်ဟောမည်)

## ဦးမောင်မောင်ညွှန့်

ပြုစုသည့်

## စိပ်ပုတီးဖြင့်

# ရန်အန္တရာယ်အောင်မြင်နည်း

ဆင်းရဲငြိုငြင် စိတ်ပင်ပန်းခြင်း ဘေးဒုက္ခ အပေါင်းတို့မှ ကင်းဝေးစေမည့် လမ်းညွှန်များ— လောကဓံနှင့် ထိတွေ့ ဒုက္ခရောက်နေသူများအတွက် လွတ်မြောက်ရာနည်း အထွေထွေ ပါသော စာအုပ်ထူး—

တန်ဘိုး ၁၂—ကျပ်။

## မှာကြားနိုင်ပါသေးသည်။

ကဝိရတနာစာပေ၊ ၂၀၄၊ လမ်း ၃၀။